စိတ်ကူးချိုချိုအနုပညာ

သတင်းထောက်ဝင်းမြင့်ကြီး

မြန်မာပြည်မှုခင်းများ(၁)

# တရားခွင်မှ ကြိုးမိန့်များ



ဒုတိယအကြိမ်

တရားခွင်မှုကြီးမိန့်များ(မြန်မာပြည်မှုခင်းများ-၁)၊ သတင်းထောက်ဝင်းမြင့်ကြီး
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၂၀၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ ၁၉၆၉ ဇလပ်ပန်းစာပေ၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စာရေးဆရာ သတင်းထောက်ဝင်းမြင့်ကြီး၏
မြန်မာပြည်မှုခင်းများ (မူလ - ဗမာပြည်မှုခင်းများ) ကို
မှုခင်းသုတပွားများရေးနှင့်ရှောင်ရှားရေးရည်ရွယ်ချက်ဖြင့်
ဆက်တိုက်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။
ယခုထုတ်ဝေသော တရားခွင်မှုကြီးမိန့်များမှာ
မှုခင်းအမှတ် ၁ အဖြစ် ထုတ်ဝေခဲ့သည့်စာအုပ်ဖြစ်ပြီး
ယခု စတင်ထုတ်ဝေလိုက်ပါသည်။

# မာတိကာ


- စာရေးသူအမှာ ... က
၁။ ပြစ်ဒဏ်ဆိုင်းငံ့ခြင်းနှင့် လွတ်ငြိမ်းခွင့်ပြုခြင်း ... ၁
၂။ အကျဉ်းထောင်နှင့် ကြိုးစင် ... ၄
၃။ ကြိုးနှင့်လူသား ... ၇
၄။ နွားနှင့် ကျားနှင့်အတူတည်း ... ၁၂
၅။ မကုလစာရီနှင့် ရင်သွေး ... ၁၃
၆။ လယ်မြေ တစ်ကွက်အသက်သေကြရသူများ ... ၄၃
၇။ အချစ်ကြီးတော့ အမျက်ကြီး ... ၇၀
၈။ လသာသာ ညအခါ ... ၉၀
၉။ ထန်းရည်မူးတော့ ... ၁၁၈
၁၀။ ဝရမ်းပြေးဘိုးဆယ် ... ၁၃၂
၁၁။ ချစ်ဆင့်နှင့်မောင်မောင် ... ၁၅၃
၁၂။ မောင်လွန်းဖေနှင့်ဖြောင့်ချက် ... ၁၈၅


■

## စာရေးသူအမှာ

တရားခွင်မှ ကြိုးမိန့်များဟု အမည်ပေးထားသည့် ဤစာအုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင်း စီရင်ပိုင်ခွင့်အာဏာရ အထူးတရားသူကြီးများ စစ်ဆေး၍ ရာဇသတ်ကြီး ဥပဒေအရ သေဒဏ်မှတစ်ပါး အခြားအပြစ်ဒဏ်ပေးရန်အကြောင်းမရှိသောကြောင့် ကြိုးမိန့်ပေးခဲ့သော မှုခင်းများကို စုဆောင်းရေးသားထားသည့် စာအုပ်တစ်အုပ် ဖြစ်သည်။

တရားခွင်သို့ရောက်ရှိလာသော လူသတ်မှုများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိရသည်မှာ လူတစ်ယောက်၏အသက် သို့မဟုတ် လူအများ၏ အသက်ကို သေစေနိုင်သည့် လက်နက်များဖြင့် ကြံတင် ကြံစည်၍ ကျူးလွန်သော ရာဇသတ်ကြီး ပုဒ်မ ၃၀၀ အရ ပြဋ္ဌာန်းထားသည့်အချက်များနှင့် ပြည့်စုံ၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (စ) အရ ပြစ်ဒဏ်အစီရင်ခံရသည့် အမှုများ၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်ဒဏ်အစီရင်ခံရသည့်အမှုများ၊ ရာဇသတ်ကြီးပုဒ်မ ၃၉၆ အရ လူသတ်မှုပါသော ဓားပြမှုကျူးလွန်ခြင်းများ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ လူသတ်မှု မမြောက်သည့် ရာဇဝတ် ပြစ်ဒဏ်ထိုက်သော လူသေမှုများ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ပေါ့လျော့ခြင်းဖြင့် သေစေမှုများဖြစ်ပေသည်။

လူသတ်မှုများ တရားခွင်သို့ရောက်ရှိလာသည့်အခါ ထိုကျူး

လွန်မှုသည် မည်သည့်ပုဒ်မအရ အပြစ်ဒဏ်ထိုက်သင့်သည်ကို ဆုံးဖြတ်ရသည်မှာ ထိုအမှု၏အကြောင်းခြင်းရာ ပြဿနာဖြစ်ပေသည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၀၀ ၏ ပြဋ္ဌာန်းချက်ပါ မိမိကိုယ်ကို ခုခံပိုင်ခွင့်အရပြုမိခြင်း၊ လူသတ်မှု၊ လူသေမှု မမြောက်သည့်ဥပဒေ၏ ခြွင်းချက်များကို ခံစားခွင့်ပေးခြင်းစသော စီရင်ဆုံးဖြတ်ခြင်းများမှာလည်း စစ်ဆေးကြားနာပြီးမှသာလျှင်ဖြစ်ရပေသည်။

ထို့ကြောင့် တရားရုံးများမှအမှုကို စစ်ဆေးကြားနာသည့် အချိန်တွင် တရားလို စွပ်စွဲချက်များ၊ တရားခံ၏ချေပချက်များ၊ သက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံပစ္စည်းများ စစ်ဆေးနေစဉ် တရားလို တရားခံနှင့်သက်သေတို့၏ ကိုယ်အမူအရာ နှုတ်အမူအရာ စသည်တို့ကိုပါ ဂရုတစိုက်လေ့လာကြည့်ရှု၍ စစ်ဆေးရသည်။ သို့မှသာ ဥပဒေနှင့်စပ်ဟပ်သည့်အခါမှန်မှန်ကန်ကန်ရှုမြင်သုံးသပ်နိုင်မည်။

သေဒဏ်မှတစ်ပါး အခြားအပြစ်ဒဏ်ပေးရန် အကြောင်းမရှိသောပြစ်မှုများနှင့်စပ်လျဉ်း၍လည်း တရားရုံး၊ တရားရုံး၏ဆုံးဖြတ်ချက်ကို အဆုံးသတ်မထားဘဲ ထိုသေဒဏ်ပေးသည့် တရားရုံးမှ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၇၄ အရ၊ ၎င်း၏အမိန့်စီရင်ချက်ကို အတည်ပြုရန် တရားရုံးချုပ်သို့ တင်သွင်းရလေသည်။ အပြစ်ဒဏ်စီရင်ခံရမည့် တရားခံကလည်း အယူခံနိုင်ခွင့်ပေးထားလေသည်။

အယူခံအဆင့်ဆင့်၌ ရှုံးသည့်တိုင်အောင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ (၁) အရ အပြစ်ဒဏ်များကို ရပ်ဆိုင်းခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အပြစ်ဒဏ်ပြောင်းလဲခြင်းများပြုလုပ်နိုင်သည့် အခွင့်အာဏာများကို ယခင်ကိုလိုနီခေတ်က ဘုရင်ခံနှင့် နိုင်ငံတော် အစိုးရမင်းတို့ကလည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော် သမ္မတကလည်းကောင်း၊ ဤခေတ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကသော်လည်းကောင်း သုံးစွဲနိုင်သည်။ ထို့ကြောင့်လည်း အယူခံခုံရုံးများမှ ပလပ်ခံရသော ကြိုးမိန့်များကို တရားရေးရာဌာနသို့ပေးပို့ရသည်။ တရားရေးရာဌာနမှ အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုမီ မူလရုံးနှင့် အယူခံရုံးတို့၏အမိန့်စီရင်ချက်အတိုင်းဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရသည်။

ကြိုးမိန့်အပေးခံရသော အမှုများနှင့် စပ်လျဉ်း၍ တရားရုံး အဆင့်ဆင့်မှ နိုင်ငံတော်အစိုးရအဖွဲ့အထိ ကြိုးမိန့်အပေးခံရသူကို ဆောင်ရွက်နိုင်ခွင့်ပေးထားခြင်းသည် အမှုတစ်ခုပေါ်တွင် မည်မျှ အလေးထားဆောင်ရွက်သည်မှာ ထင်ရှားပေသည်။

ဤသို့ ဥပဒေက အခွင့်အရေးပေးထားလျက်နှင့် ထင်ရာစိုင်း၍ ပြုလုပ်ခြင်းမျိုးသည် အုပ်စိုးသူလူတန်းစားနှင့် အုပ်စိုးခံလူတန်းစားတို့၏ လူတန်းစားပဋိပက္ခပေါ်တွင်တည်သည်ဟု ဆိုရပေမည်။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ကြိုးစင်နှင့်ပတ်သက်သည့် ဗဟုသုတများ၊ ဥပဒေသဘောနှင့် အမှုပြစ်ချက် စသည့်အကြောင်းခြင်းရာ များသည် လူနေမှုစနစ်ကို ကွင်းကွင်းကွက်ကွက် သိရှိလာမည်။ ထို့ပြင် တကယ်ဖြစ်ပျက်ခဲ့သော မှုခင်းဇာတ်လမ်းများသည် လျှို့ဝှက်ချက်များ၊ သဲထိတ်ရင်ဖိုစရာများကို စိတ်ဝင်စားဖွယ်ရာ အာရုံခံစားမှုများရရှိနိုင်ပေမည်။

ထိုအချက်များကို တွေ့မြင်လာခြင်းဖြင့် ဥပဒေတာဝန်ယူထားရသူတို့၏ ပြုပြင်သင့်သောအချက်များ၊ ရာဇဝတ်မှုပပျောက်ရေးအတွက် ဆောင်ရွက်ရာ၌ ပကတိအခြေအနေနှင့် အဖြစ်မှန်များကို သိမြင်ရခြင်းဖြင့် မည်သို့ဆောင်ရွက်သင့်သည်ကို နည်းလမ်းများရှာဖွေတွေ့ရှိစေလိုသော စေတနာဖြင့် ရေးသားရခြင်းဖြစ်ပါသည်။

သတင်းထောက် ဝင်းမြင့်ကြီး

■

## ကျေးဇူးတင်ပါ၏

တရားခွင်မှ ကြိုးမိန့်များ စာအုပ်ရေးသားရာတွင် ရဲနှင့်ပတ်သက်သည့်ဗဟုသုတများ၊ ဥပဒေအချက်အလက်များကို ရင်းရင်းနှီးနှီး အချိန်ပေး၍ ဆွေးနွေးခွင့်ပေးသော အငြိမ်းစားရဲဝန်ထောက် ဦးလှမောင်နှင့် အကျဉ်းထောင် ဗဟုသုတများကို စိတ်ရှည်လက်ရှည် ပြောပြသည့် အငြိမ်းစား ထောင်မှူးကြီး ဦးပိန်းဆွေအား အထူးကျေးဇူးတင်ရှိကြောင်း ဤစာအုပ်မှ မှတ်တမ်းတင်အပ်ပါသည်။

သတင်းထောက် ဝင်းမြင့်ကြီး

## ပြစ်ဒဏ်ဆိုင်းငံ့ခြင်းနှင့် လွှတ်ငြိမ်းခွင့်ပြုခြင်း

**ပုဒ်မ ၄၀၁၊ ပြစ်ဒဏ်များကို ဆိုင်းငံ့ထားရန် သို့တည်းမဟုတ် လွှတ်ငြိမ်းခွင့်ပြုရန်အာဏာ။**

(၁) တစ်ဦးတစ်ယောက်ကို ပြစ်မှုတစ်ခုအတွက် ပြစ်ဒဏ်ချမှတ်ပြီးသောအခါ နိုင်ငံတော်သမ္မတသည် စည်းကမ်းချက်မထားဘဲသော်လည်းကောင်း၊ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ လက်ခံသောစည်းကမ်း ချက်များကိုထား၍သော်လည်းကောင်း၊ ထိုသူအပေါ်တွင် ချမှတ်သည့်ပြစ်ဒဏ်အတည်ပြုခြင်းကို အခါကာလမရွေးဆိုင်းငံ့ထားနိုင်သည်။ သို့တည်းမဟုတ် ထိုသူအား ချမှတ်သော ပြစ်ဒဏ်အားလုံးကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခါအားလျော်စွာ အချိန်ကာလမရွေး လွှတ်ငြိမ်းခွင့်ပြုနိုင်သည်။

(၂) ပြစ်ဒဏ်ဆိုင်းငံ့ထားရေးအတွက်ဖြစ်စေ၊ လွှတ်ငြိမ်းခွင့်အတွက်ဖြစ်စေ၊ နိုင်ငံတော် သမ္မတထံသို့လျှောက်ထားသောအခါ၊ နိုင်ငံတော်သမ္မတသည်၊ ထိုလျှောက်ထားချက်ကို ခွင့်ပြုသင့်သည်၊ သို့တည်းမဟုတ် ငြင်းပယ်သင့်သည်ဟူသောအချက်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်သော သို့တည်းမဟုတ်၊ ပြစ်မှုထင်ရှားစီရင်ချက်ကို အတည်ပြုသော တရားရုံး၏ အမှုစီရင်ဆဲ တရားသူကြီးက မိမိ၏ထင်မြင်ချက်ကို ထိုထင်မြင်ချက် အတွက် အကြောင်းပြချက်များနှင့် တကွပေးရန်လည်းကောင်း၊ မိမိ၏ထင်မြင်ချက်နှင့်တကွစစ်ဆေးစီရင်သည့်အမှုတွဲ၏ သို့တည်းမဟုတ်ရှိသမျှသော အဆိုပါအမှုတွဲ၏ တာဝန်ခံမိတ္တူကို တင်ပို့ရန်လည်းကောင်း ဆင့်ဆိုနိုင်သည်။

စိတ်ကူးချိုချိုစာအုပ်

# တရားခွင်မှုကြိုးမိန့်များ
# (မြန်မာပြည်မှုခင်းများ-၁)

## သတင်းထောက်ဝင်းမြင့်ကြီး

ဒုတိယအကြိမ်၊ ၂၀၁၆

(၃) ပြစ်ဒဏ်ကိုဆိုင်းငံ့ထားသည့်အကြောင်းဖြစ်စေသို့တည်းမဟုတ်၊ လွတ်ငြိမ်းခွင့်ပြုမည့်အကြောင်းဖြစ်သော စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဟု နိုင်ငံတော်သမ္မတက ထင်မြင်လျှင်၊ နိုင်ငံတော်သမ္မတသည် ထိုသို့ဆိုင်းငံ့ထားခြင်းကို၊ သို့တည်းမဟုတ် လွတ်ငြိမ်းခွင့်ပြုခြင်းကို ပယ်ဖျက်နိုင်သည်၊ ထိုသို့ပယ်ဖျက်သောအခါ ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်း သို့တည်းမဟုတ်၊ လွတ်ငြိမ်းခွင့်ပြုခြင်းခံရသူအား အကယ်၍ ထိုသူလွတ်လပ်စွာသွားလာနေလျှင် ရဲအရာရှိက ဝရမ်း မရှိဘဲ ဖမ်းနိုင်၍ မကုန်ဆုံးဘဲ ကျန်ရှိနေသေးသော ပြစ်ဒဏ်အစိတ်အပိုင်းကို ထိုသူကျခံရန် အချုပ်နှင့် ပြန်ထားနိုင်သည်။

(၄) ဤပုဒ်မအရ၊ ပြစ်ဒဏ်ဆိုင်းငံ့ထားသည့်အကြောင်းဖြစ်သော သို့တည်းမဟုတ်၊ လွတ်ငြိမ်းခွင့်ပြုထားသည့်အကြောင်းဖြစ် သော စည်းကမ်းချက်သည် ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်း သို့တည်းမဟုတ်၊ လွတ်ငြိမ်းခွင့်ပြုခြင်းခံရသူက လိုက်နာရမည့်စည်းကမ်းချက်သော်လည်းကောင်း၊ ထိုသူ၏အလိုဆန္ဒအတိုင်းမဟုတ်သော စည်းကမ်းချက်သော်လည်းကောင်း ဖြစ်နိုင်သည်။

(၄၊က) အထက်ပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်များသည်၊ ဤ ပေါင်းချုပ်ဥပဒေ၏၊ သို့တည်းမဟုတ် အခြား ဥပဒေတစ်ခုခု၏ ပုဒ်မတစ်ခုခုအရ၊ တစ်ယောက်၏လွတ်လပ်မှုကို ချုပ်ချယ်သည်လည်းဖြစ်သော သို့တည်းမဟုတ်၊ ထိုသူအပေါ်၌ဖြစ်စေ၊ ထိုသူ၏ပစ္စည်းအပေါ် ဖြစ်စေ၊ တာဝန်တင်ထားသည်လည်းဖြစ်သော အမိန့်များနှင့်လည်း သက်ဆိုင်စေရမည်။

(၅) ဤပေါင်းချုပ် ဥပဒေပါအချက် တစ်ခုခုကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကိုဖြစ်စေ၊ ပြစ်ဒဏ်ရပ်ဆိုင်းခွင့်ကို ဖြစ်စေ၊ ပြစ်ဒဏ်ရွှေ့ဆိုင်းခွင့်ကိုဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အခွင့်အရေးကို ဝင်ရောက်စွက်ဖက်သည်ဟု မမှတ်ယူရ။

(၅ က) နိုင်ငံတော်သမ္မတသည် စည်းကမ်းချက်နှင့် လွတ်ငြိမ်းချမ်းသာခွင့်ကို၊ ပေးသောကိစ္စရပ်ပင်ဖြစ်စေကာမူ၊ ထိုစည်းကမ်းချက်ကို ဤပေါင်းချုပ် ဥပဒေအရ၊ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံး၏ ပြစ်ဒဏ်ချမှတ်ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊ ထို့ပြင် ထိုသို့ချမှတ်ယူ သည့်အတိုင်းပင် ထိုစည်းကမ်းချက် အတည်ဖြစ်အောင် ဆောင်ရွက်နိုင်စေရမည်။

(၆) နိုင်ငံတော်သမ္မတသည် ယေဘုယျနည်းဥပဒေများ ဖြင့်ဖြစ်စေ၊ အထူးအမိန့်များဖြင့်ဖြစ်စေ၊ ပြစ်ဒဏ်ရပ်ဆိုင်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှောက်ထားလွှာများကို မည်သို့တင်သွင်း၍ မည်သို့ဆောင်ရွက်ရ မည်ဟူသောစည်းကမ်းချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားချက်များပေးနိုင်သည်။

■

## အကျဉ်းထောင်နှင့် ကြိုးစင်

ကြိုးမိန့်အပေးခံရသူအား ကြိုးစင်ပေါ်တင်၍ လည်ပင်းကြိုးကွင်း စွပ်ပြီး၊ ကြိုးစင်ပေါ်တင်၍ ဒေါက်ဖြုတ်ချလိုက်လျှင် ကိစ္စပြီးသည်ဟု ဤလိုပဲ နားလည်ခဲ့သည်၊ ကြိုးစင်ပေါ်တင်၍ ကြိုးပေးသည့်အခါ ကြိုးပေးခံရသူတို့၏ စိတ်လှုပ်ရှားမှုတို့ကြောင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာမည်သို့ဖြစ်လာကြရသည်ကို သိရှိရန်၊ နှစ်ပေါင်း ၃၀ ကျော် အကျဉ်းထောင် အရာထမ်းအဖြစ် ဆောင်ရွက်ခဲ့သော အငြိမ်းစားအကျဉ်းထောင်အရာရှိတစ်ဦးနှင့်တွေ့ဆုံ၍ မေးမြန်းကြည့်သည့်အခါ ကျွန်တော် ထင်သလိုမဟုတ်ဘဲ၊ လူတစ် ယောက် အသက်ကိုသတ်ရန် ကိုလိုနီအရှင်သခင်များသည် အဘယ်မျှနည်း စနစ်ကျစွာ စီစဉ်ဆောင်ရွက်ကြသည်ကို သိရှိလာသည်။

ကြိုးမိန့်ချမှတ်ခြင်းခံရ၍ ကြိုးတိုက်တွင်းသို့ရောက်ရှိလာသော ကြိုးအကျဉ်းသားအား ထောင်ဆရာဝန်သည် ထိုသူ၏ ကျန်းမာရေးကို နေ့စဉ်စစ်ဆေးရသည်၊ ကြိုးမိန့်အတည်ဖြစ်၍ ကြိုးပေးခံရမည့်အချိန် နေ့ရက်၊ သတ်မှတ်ပြီးသော်လည်း၊ ထိုသူ၏ကျန်းမာရေး အခြေအနေ မကောင်းသေးက ဆရာဝန်နှင့်လိုအပ်သည့် ကုသမှုများပြုလုပ်ရသည်၊ ထိုသူကျန်းမာလာသည့်အခါမှသတ်ရမည်ဟု အကျဉ်းထောင်နည်း ဥပဒေများက ပြဋ္ဌာန်းထားသည်။ သေတာတောင် ကျန်းကျန်းမာမာရှိပြီးမှ သေရပေမည်။

ကိုလိုနီခေတ်အကျဉ်းထောင် နည်းဥပဒေများတွင် လူတစ်ယောက် အသက်ကို စနစ်တကျ သတ်ရန်အတွက် လည်ပင်း၌ ကွင်းလျှောပြုလုပ်ရမည့် ကြိုးကိုပင် ဤသို့စနစ်တကျ စမ်းသပ်၍ သတ်မှတ်ထားသည်။

| ကိုယ်အလေးချိန် | | | ကြိုး |
|---|---|---|---|
| ပေါင် | ၁၀၀ | အောက် | ၁၀ ပေ ၆ လက်မ |
| ။ | ၁၂၀ | ။ | ၉ ပေ ၆ လက်မ |
| ။ | ၁၄၀ | ။ | ၉ ပေ ၀ လက်မ |
| ။ | ၁၆၀ | ။ | ၈ ပေ ၆ လက်မ |
| ။ | ၁၈၀ | ။ | ၈ ပေ ၀ လက်မ |

အထက်ပါအတိုင်း ကြိုးပေးအသတ်ခံရမည့်သူ၏ ကိုယ် အလေးချိန်နှင့် ကြိုးအရှည်အတိုထား၍ ဆောင်ရွက်ရသည်။ ကိုယ် အလေးချိန်ပေါင် ၁၀၀ အောက်ရှိသူအား ကြိုးကို ၉ ပေ၊ ၆လက်မ ထားသည်မှာ ကိုယ်အလေးချိန်ပေါ့၍ ကြိုးတိုနေလျှင် အောက်သို့ကျသွားမည့်အရှိန်အားနည်းပြီး ရုတ်တရက် မသေနိုင်ဘဲရှိတတ်သည်။ ထို့ကြောင့် ကြိုးကိုရှည်ရှည်ထား၍ အောက်သို့ကျရန် အရှိန်ပိုရန်အတွက် စီစဉ်ခြင်းဖြစ်သည်ဟုဆိုသည်။ ကိုယ်အလေးချိန်များသူအား ကြိုးတိုတိုထား၍ စီရင်ကြခြင်းမှာ ကိုယ်အလေးချိန်များ၍ ဒေါက်ဖြုတ်လိုက်သည့်အခါ အောက်သို့ကျသွားသည့် အရှိန်မှာ ပို၍အားကောင်းသဖြင့် ကြိုးတိုတိုနှင့်ပင် အသက်သေနိုင်သည်ဟု ဆိုသည်။ ထိုသတ်မှတ်ချက်များကို သုတေသနပြုပြီးမှ သတ်မှတ်ထားခြင်း ဖြစ်သည်။

အကျဉ်းထောင်နည်း ဥပဒေတွင် လူတစ်ယောက်အသက်ကို သတ်ရန်အတွက် ကြိုးကိုပင် မနီလာကြိုးကို ရွေးချယ်ထားသည်။ ထိုကြိုးမှာ တစ်လက်မလုံးပတ်ကျော်ကျော်ရှိ၍ ပေါင် ၁၄၀၀ အထိခံနိုင်စွမ်းရည်ရှိရသည်။ ကြိုးမပေးမီ တစ်ပတ်ခန့်ကပင် ထိုကြိုးကို ကိုယ်အလေးချိန်အရတိုင်းထားပြီး စမ်းသပ်ထားရသည်။ စမ်းသပ်ထားရသည်မှာ ထိုကြိုးကို လူ ၂၀–၅ ယောက်တို့သည် ပြုတ်ထွက်မသွားနိုင်သည့်နေရာတွင် ချည်နှောင်

၍ဆွဲဆန့်ရသည်။ ၎င်းနောက် အမဲဆီသုတ်၍ထားရသည်။ လူတစ်ယောက် ကြိုးပေးလျှင် အပိုတစ်ချောင်းကိုလည်း အဆင်သင့်ထားရသည်။ ပထမ အသုံးပြုသည့် ကြိုးသည် အကြောင်းတစ်စုံတစ်ရာကြောင့် ချို့ယွင်းချက်ဖြစ် သွားပါက အသင့်ဆောင်ထားသည့်ကြိုးကိုဆက်၍ အသုံးပြုရပေသည်။

မသေမချင်း သတ်ကြခြင်းနှင့် ပတ်သက်၍ အကျဉ်းထောင် များ၌ လုပ်တတ်သည်မှာ အချို့ကြိုးပေးခံရသူတို့သည် ဒေါက်ဖြုတ် ချပြီးနောက် သတ်မှတ်ထားသည့်မိနစ်ပိုင်းအတွင်း ငြိမ်ကျမသွားဘဲ ကြိုးခါနေလျှင် မသေသေးဟု နားလည်သည်။ ထိုအချိန်တွင် ဒေါက်ဖြုတ်သူသည် ကြိုးစင် ပေါ်တက်၍ ထိုသူ၏ လည်ပင်းတွင် တပ်ထားသော ကြိုးကိုကိုင်၍ လျောချ လိုက်ပြီး မသေသေးဘဲ ခါနေသူ၏ ပခုံးပေါ်သို့ အရှိန်ဖြင့် နင်းချလိုက်ခြင်း ဖြင့် ငြိမ်၍သွားရသည်။ သေသွားသည်ဟု နားလည်သည်ဟု အတွေ့အကြုံ ရှိသူက ပြောပြလေသည်။

ကြိုးပေးသတ်သည့်အခါ ကြိုးကိုကွင်းလျောဖြစ်အောင်ပြုလုပ်ရ သည်။ ကွင်းမှာ အလိုက်သင့် ကျသွားနိုင်ရေးအတွက် ကြေးကွင်းတပ်ဆင် ထားရသည်။ သို့မှသာလျှင် မနီလာကြိုးသည် ကြေးကွင်းအတွင်းမှာ အထစ် အငေါ့မရှိကျသွားပြီး၊ကြိုးပေးခံရမည့် သူ၏ လည်ပင်းကိုသေသည့်တိုင်အောင် တင်းကျပ်သွားမည်ဖြစ်သည်။

ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဒေါက်ဖြုတ်သူများပင်ဖြစ် သည်၊ ဒေါက်ဖြုတ်သူ (ပါးကွက်အာဏာသား)သည် အကျဉ်းထောင်နှင့် မပတ် သက်သောသူဆိုလျှင် လူတစ်ယောက် သတ်ပြီးလျှင် ၁၅ ကျပ်ရမည်။ အကျဉ်းသားထဲမှဖြစ်လျှင် ၁၀ ကျပ်ရမည်။ အကျဉ်းထောင် အမှုထမ်းထဲမှ ဆိုလျှင် ၅ ကျပ်ရမည်။ ဤသို့ပေးရန် အကျဉ်းထောင် နည်းဥပဒေက သတ်မှတ်ထားသည်။

ကိုလိုနီခေတ်မှစ၍ အသုံးပြုခဲ့သော အကျဉ်းထောင်နည်း ဥပဒေ များကို လွတ်လပ်ရေးရပြီးနောက်လည်း ဆက်လက်အသုံးပြုခဲ့သည်။ ဗမာ့ အကျဉ်းထောင်နည်းဥပဒေများအဖြစ် လက်ခံကျင့်သုံးခဲ့သည်။ ဤကား ကြိုးစင်နှင့်ပတ်သက်၍ သိမှတ်စရာများဖြစ်လေသည်။

■

# ကြိုးနှင့်လူသား

သူမက စကားမပြောနိုင် မျက်လုံးအိမ်ထဲ၌ ပြည့်လျှံနေသော မျက်ရည်များကြောင့်၊ သူမနှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေသည့် ယောက်ျားကို၊ ဝိုးတဝါးသာ မြင်နေရသည်။ သူမစကား မပြောနိုင်သလို ယောက်ျားဖြစ်သူကလည်း သံတိုင်ကြားမှ ထောင်နံရံတံတိုင်းကြီးကိုသာ စူးစိုက်ကြည့်နေသည်။

"နက်ဖြန် မနက်ဆိုရင် ကိုယ့်ဘဝတစ်ခန်းရပ်ရတော့မယ်"

ယောက်ျားငယ်၏အသံသည် ပကတိတည်ငြိမ်စွာပြောလိုက်သည့် အသံဟု ထင်ရသည်။

"အချစ်သစ်ထူ၍ ဘဝသစ် ဖန်တီးနေရစ်တော့ပေါ့ကွာ မောင်ခွင့်လွှတ်ပါတယ်"

သူမ၏မျက်ရည်များသည် တားမနိုင်ဆီးမရဖြစ်လာရသည်။ ထိုအမျိုးသမီး၏ အသက်မှာ နှစ်ဆယ်ပတ်ဝန်းကျင်၌သာရှိမည်ဟု ခန့်မှန်းရသည်။ ကိုယ်ဟန်အနေအထားမှာ ငါးရံ့ကိုယ်ဖြစ်သည်၊ ကြိုး တိုက်တွင်းမှ ရှိသူ ယောက်ျားမှာလည်း အမျိုးသမီး၏အသက်နှင့် မတိမ်းမယိမ်းရှိမည်ဟု ခန့်မှန်းရသည်။

"နက်ဖြန်မနက် ၇ နာရီမှာ အရက်တစ်ခွက်နဲ့ စီးကရက် တစ်လိပ်

မီးညှိထားပါ ကိုယ်မင်းဆီလာခဲ့မယ်"

ယောကျ်ားကဆက်၍ အမှာစကားပြောလိုက်သည်။ အမျိုးသမီးသည် ကျဆင်းနေသည့် မျက်ရည်များကို သုတ်ယူပစ်ပြီး ကြိုးတိုက်တွင်းမှ ချစ်သူ၏ မျက်နှာကိုအားရအောင်၊ ဝအောင် ကြည့်နေသည်။

သူတို့နှစ်ဦး တွေ့ဆုံကြသည်မှာ ရန်ကုန်ထောင်ကြီးအတွင်းရှိ ကြိုးတိုက်အခန်းအမှတ် ၁၀ တွင်ဖြစ်သည်။ ကြိုးတိုက်အတွင်းမှ ယောကျ်ားငယ်သည်၊ နိုင်ငံတော်လုပ်ကြံမှုကြီးမှ ကြိုးပေးခံမည့် စိန်ကြီးဖြစ်သည်။ အမျိုးသမီးမှာ သာယာဝတီနယ်မှ စိန်ကြီး၏ ချစ်သူဖြစ်လေသည်။ သူတို့နှစ်ဦးသည် သက်ဆိုင်ရာမှ ခွင့်ပြုချက်အရ၊ ကြိုး မပေးမီ ၁ ရက်၊ ၂ ရက်ခန့်က စိန်ကြီးတွေ့လိုသော အမျိုးသမီးကို ကြိုးတိုက်၌ တွေ့ဆုံခွင့်ပေးခြင်းဖြစ်သည်။

စိန်ကြီးနှင့် သူ့ချစ်သူအား လွတ်လွတ်လပ်လပ် တွေ့ခွင့်ပြု သည်ဆိုသော်လည်း ကြိုးတိုက်အတွင်းနှင့် ကြိုးတိုက်အပြင်မှ တွေ့ရခြင်းဖြစ်သည်။ သူတို့နှစ်ဦး ပြောချင်တာတွေ ပြောရအောင်၊ အစောင့် တာဝန်ကျသူတို့သည် မလှမ်းမကမ်းမှ စောင့်နေကြသည်။ သူတို့ နှစ်ဦးပြောကြသည့် စကားသံကို သဲသဲကွဲကွဲ ကြားရအောင် ဂရုတစိုက် အာရုံထားနေကြရသည်။

တွေ့ဆုံခွင့်ပြုချိန်မှာ ၁၀ မိနစ်၊ ၁၅ မိနစ်ခန့်ကြာမည်။ သူတို့နှစ်ဦးပြောချင်သည့်စကားများပြောပြီးကြလို့ အမျိုးသမီးသည် ချစ်သူ၏ မျက်နှာကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်၍ နှုတ်ဆက်ကာ လေးလံသော ခြေလှမ်းများဖြင့် ကြိုးတိုက်အခန်းအမှတ် ၁၀ မှ ခွာခဲ့လေသည်။

စိန်ကြီးသည် ချစ်သူမျက်နှာကို ကြည့်လိုက်ရသောကြောင့် ကျေနပ်သွားဟန်ရှိသည်။ ကြိုးတိုက်တွင်း၌ လမ်းလျှောက်ရင်း ကျန်ရစ်ခဲ့လေသည်။

မေလ ၈ရက်နေ့ နံနက်အရုဏ်တက်ချိန်။

အင်းစိန်ထောင်အတွင်း၌ နိုင်ငံတော်လုပ်ကြံမှု တရားခံ ဂဠုန်ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုံကြီးတို့ကို ကြိုးပေးသည်။ အစိုးရပြန်ကြားရေးဌာနမှ သတင်းထောက် ဦးဘသန်းတစ်ဦးသာ ဝင်ခွင့်ရသည်။ အခြားပုဂ္ဂလိကသတင်းစာတိုက်များမှ သတင်းထောက်များမှာ ထောင်ဝတွင်

ဒေါ်သန်းခင် ဘောဘီစောတို့နှင့်အတူ ရှိနေကြသည်။ ကြိုးပေးပြီးသော တရားခံများအား သေတ္တာ (ခေါင်း) တွင်း ထည့်၍ နံနက် ၇ နာရီခန့်ဟုထင်သည်။ ထောင်အပြင်သို့ထုတ်လာသည်၊ သေတ္တာဖုံးများ ဖွင့်၍ သတင်းထောက်များနှင့် ဒေါ်သန်းခင်၊ ဘောဘီစောနှင့် ဆွေမျိုးများကိုပြသည်။

ဂျွန်ဦးစောကား တကယ်သေပါသည်။ မျက်မြင်ကိုယ်တွေ့ ကြည့်ခဲ့ရသည်၊ သို့သော် နိုင်ငံတော်လုပ်ကြံမှု တရားခံများ ကြိုးပေးပြီးနောက် အရပ်ထဲ၌ ကောလာဟလသတင်းများဖြစ်လာသေးသည်။ ဂျွန်ဦးစောမသေ၊ ဘိလပ်ရောက်နေသည်ဟု ဖြစ်သည်။

ဟုတ်တန်ကောင်းပါရဲ့ ... တကယ်ဘိလပ်ရောက်နေသည်မှာ ဂျွန်ဦးစော၏ဝိညာဉ်သာလျှင်ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ ကျွန်တော့် အနေဖြင့်၍အယူအဆများ မယုံကြည်ပါ။

ထိုတစ်ချိန်တည်းမှာပင် ရန်ကုန်ထောင်ကြီးအတွင်း၌လည်း စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ကြိုးပေးလိုက်လေသည်။ မျက်မြင်ကိုယ်တွေ့တစ်ဦး၏ ပြောပြချက်ကို ပြန်လည်တင်ပြလိုသည်။

တရားရေးရာဌာနအတွင်းဝန် ဦးသောင်းစိန်၊ တရားသူကြီးဦးထွန်းညို၊ ရန်ကုန်ထောင်ပိုင်ဝန်ဦးဆိတ်၊ ထောင်မှူးကြီးမစ္စတာ ဘာဂီ၊ ဆရာဝန်၊ ရဲဘက်မှ အရာရှိများနှင့် ပြန်ကြားရေးဌာနမှ တာဝန်ကျသတင်းထောက်တစ်ဦးလည်းရှိနေသည်။

ရန်ကြီးအောင်မှာ သူ့အခန်းထဲ၌ ဘုရားဆီမီးပူဇော်၍ဝတ်ပြုသည်။ စိန်ကြီးမှာ ကြိုးတိုက်တွင်းမှ လာခေါ်မည့်အချိန်ကို စောင့်မျှော်နေသည်။

ကြိုးတိုက်တံခါးများ ဖွင့်လိုက်သည့်အချိန် ....

စိန်ကြီး၏ အမူအရာမှာ တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိဟုဆိုသည်။ နောက်ပြန်ဝတ်ရသည့် အင်္ကျီရှည်ဝတ်ပေးသည်ကိုခံပြီး နောက်ပြန်လက်ထိတ်ခတ်ခံလိုက်သည်။ အစောင့်များက ကြိုးတိုက် တွင်းမှ စိန်ကြီးကိုထုတ်ကြသည်။ ပြီးမှ ရန်ကြီးအောင်ကို ထုတ်သည်၊ စိန်ကြီးကရှေ့၊ ရန်ကြီးအောင်က နောက်မှ ရှေ့ဆင့် နောက်ဆင့် ကြိုးစင်ရှိရာသို့ ခေါ်သွားကြသည်။

ရန်ကုန်ထောင်ကြီးအတွင်း ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်လျက်ရှိသည်။ လှုပ်ရှားနေကြသည်မှာ ကြိုးစင်ပတ်ဝန်းကျင်၌သာဖြစ်သည်။

စိန်ကြီးမှာ ကြိုးစင်ပေါ်သို့ မတုန်လှုပ်သည့် အမူအရာဖြင့် တက်သွားသည်။ သူ့မျက်နှာအနေအထား အကဲခတ်သူတို့မှာ ပြောင်းလဲသွားသည့် အမူအရာ မတွေ့ရဟုဆိုသည်။ ရန်ကြီးအောင် မျက်နှာမှာ စိန်ကြီးမျက်နှာနှင့် နှိုင်းယှဉ်လျှင် အနည်းငယ် ခြားနားချက်ရှိသည်။

ကြိုးစင်မှာ တစ်ပြိုင်တည်း နှစ်ယောက်သတ်မည့်ကြိုးစင်ဖြစ်သည်။ အားလုံးအဆင်သင့်ပြုလုပ်ပြီးသားဖြစ်သည်။

"ကျွန်တော့်ကို စကားပြောခွင့်ပြုပါ"

စိန်ကြီးက သက်ဆိုင်ရာ အာဏာပိုင်များထံ ခွင့်တောင်းလိုက်သည်။ ခွင့်ပြု၍ စိန်ကြီးစကားပြောသည်ကို သူပြောပုံပြောနည်းစကားလုံးများအား တိတိကျကျ မမှတ်မိသော်လည်း ဆိုလိုရင်းသဘောမှာ ...

နိုင်ငံတော်လုပ်ကြံမှုကြီးအား သူတို့ကျူးလွန်ခဲ့သည်မှာ အမှန်ဖြစ်ကြောင်း ဝန်ခံသွားသည့်အပြင် နောင်တရသော စကားမျိုးဖြစ်သည်ဟုဆိုသည်။

ထိုစကားပြောပြီးမှ ဆက်၍ စိန်ကြီးကပင်...

"အသက်ရေ ... မောင်လာတော့မယ်"

ချစ်သူကို မှန်းဆ၍ ပြောလိုက်သေးသည်ဆိုသည်၊ သူ့စကား ပြောသည့်လေသံမှာ ပြောရိုးပြောစဉ်ထက် ခက်ထန်သော လေသံဖြစ်သည်ဟုဆိုသည်။ မသေမီ ရန်ကြီးအောင်ကလည်း စကားပြောသေးသည်။ သူ့လေသံမှာ ပကတိလေသံ၊ ခက်ထန်မာကျောသည့် လေသံမဟုတ်၊ ပြောင်းလဲသွားသည့် လေသံဖြစ်သည်။ သူတို့နှစ်ဦးပြောလို သောစကား ပြောပြီးနောက် ခေါင်းကိုအိတ်စွပ်ချလိုက်သည်။ ပြီးတော့ လည်ပင်းကို ကြိုးကွင်းစွပ်လိုက်သည်။ ထို့နောက် ဒေါက်ဖြုတ်ချလိုက်သည်။

သေခြင်းကား ခဏပင်မဟုတ်ပါလော။

× × ×

လူသတ္တဝါတို့အထဲတွင် သေခြင်းကို ကြောက်ရွံ့ကြသူများရှိကြသလို၊ သေခြင်းကို ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ အသေခံသွားကြသူများလည်းရှိသည်။ သေခြင်းကို မကြောက်သူများထဲတွင် ဆင်အာဇာနည်၊ မြင်းအာဇာနည်၊

လူအာဇာနည်တို့လို ပါဝင်သည်ဟု အဆိုရှိသည်။

ကြိုးမိန့်ဆိုသည်မှာလည်း သေရမည့် သေခြင်းတရားပင်ဖြစ်သည်။ ထိုသေခြင်းကို ရင်ဆိုင်ကြရမည့်သူများထဲ၌လည်း အမျိုးမျိုးရှိကြသည်။ အချို့ ကြိုးမိန့်စီရင်ချက်ချမှတ်သည့်အချိန်မှစ၍ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် ဖြစ်ကြရသည်။ ဦးခေါင်းခွံအဆက်များမြင်ရသည့် အခြေအနေအထိ ပြောင်းလဲသွားသူများရှိကြသည်။ ကြိုးတိုက်တွင်း၌ မိမိကိုယ်ကို ညှဉ်းပန်း နှိပ်စက်ကြသူများလည်း ရှိကြသည်။ ကြိုးစင်ပေါ် တက်ရန်ခေါ်သည့်အချိန် တွင် ရုန်းကန်၍ ငြင်းဆန်ကြသူများလည်း ရှိကြသည်။

ယခင်ကိုလိုနီခေတ် ၁၉၃၂ ခုနှစ်တွင်၊ မန္တလေးအကျဉ်းထောင် ကြိုးတိုက်အတွင်းမှ ကြိုးတရားခံ စောအောင်သာဆိုသူသည် အစောင့်အလစ် တွင် ဝတ်ထားသည့် လုံချည်ကိုဆုတ်၍ ကြိုးပြုပြီး သူ့ မအားကို တစ်စချည် နှောင်၍ တစ်စကို သံတိုင်ကိုချည်ကာ ခုန်ချ၍ သေအောင်ပြုဖူးသည်ဟု တွေ့ကြုံခဲ့ဖူးသည်ဟု အကျဉ်းဌာန အရာထမ်းတစ်ဦးထံမှ ကြားဖူးခဲ့သည်။ စောအောင်သာမှာ သူ့ကိုယ်သူသေအောင် ကြိုးစားသော်လည်း မသေဘဲ မအားတွင် အနာတရဖြစ်၍ ဆရာဝန်နှင့် ကုသပြီးမှ ကြိုးစင်တင်၍ အသတ် ခံရသည်ဆိုသည်။

ကြိုးမိန့်ကျပြီး သေရမည်မှန်းသိလျက်နှင့်အစားမပျက်၊ အအိပ်မပျက် နေနိုင်သွားကြသူများလည်း အများအပြားရှိခဲ့ဖူးသည်။ ကမ္ဘာ၌ ဥဒါန်း တွင်ရစ်ခဲ့သော ဖူးချက်၏ ကြိုးစင်မှတ်တမ်းသည် ကြိုးပေးခံရမည့်တရားခံ တစ်ယောက်၏ သူရသတ္တိကို ဖော်ပြထားခြင်း ဖြစ်သည်။ ဗမာပြည်၌ လယ်သမားခေါင်းဆောင်ကြီး ဆရာစံသည် ကြိုးစင်ကို ရယ်ရယ်ပြုံးပြုံးပင် တက်၍ အသေခံသွားခဲ့သည်မှာလည်း ဗမာ့သမိုင်း၌ ဥဒါန်းတွင်ရစ်ခဲ့သည်။

အချို့ကား ကြိုးစင်ကိုမကြောက် ရဲရဲရင့်ရင့် ရင်ဆိုင်သွားကြသည်။ ထို့ကြောင့် ကြိုးစင်ကို ကြောက်ရွံ့သူရှိသလို မကြောက်သူများလည်းရှိသည် ဆိုရခြင်းဖြစ်ပါသည်။

■

## နွားနှင့် ကျားနှင့်အတူတည်း

အချစ်လိုက်စား၊ ယုံမိမှားလျက် ယောကျ်ားဗာလ၊ လူပါပနှင့် တွေ့ရကြုံရ ပေါင်းဆုံရသော်၊ မိန်းမတို့ထုံး၊ ငွေကုန်ရှုံးက၊ သက်ဆုံး မတိုင်၊ ကိုယ်ပိုင်ယောကျ်ား၊ သွေးဖောက်ပြား၍၊ တရားမစောင့်၊ မဖြောင့်နှလုံး၊ လင်ကုန်ရှုံးက၊ သက်ဆုံးတိုင်လစ်၊ ပြောရာဖြစ်ရှင့်၊ အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျှက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်၊ နွားနှင့်ကျားနှင့်အတူတည်း။

**မဃဒေဝလင်္ကာသစ်**

## မကုလစာရီနှင့် ရင်သွေး

တော်သလင်းနေ ပူစွန်သေ ...

ဝါခေါင်လကုန်ဆုံး၍ တော်သလင်းလဆန်းလာပြီဆိုလျှင်မူ အထက်အညာဒေသများကို မဆိုထားဘိ၊ အောက်ပြည်အောက်ရွာ တို့၌ပင် နေရှိန်သည် ပြင်းပြင်းပြပြဖြစ်လာသည်။ ချောင်းမြောင်းနှင့် လယ်ကွင်းပြင်မှ ရေများသည် တော်သလင်းနေ၏ အပူရှိန်ကြောင့် နွေးနွေးဖြစ်လာသည်။ ထို့ကြောင့်လည်း အပူဒဏ်ကို မခံနိုင်ကြသည့် ငါး၊ ပုစွန်တို့သည် အသက်သေ၍ ရေပေါ်၌ပေါ်နေကြရလေသည်။

အောက်ပြည်အောက်ရွာမှ တောင်သူလယ်သမားတို့သည်၊ ထိုသို့သော အချိန်ကာလနှင့်ကြုံကြိုက်လာကြသည့်အခါ မိုးကိုသာ ပြန်၍ တ,ကြသည်။ ဆည်မြောင်းရေကို အားကိုးအားထားပြုကြရသည့် မိုးခေါင်ရေရှားဒေသမှ တောင်သူလယ်သမားတို့မှာမူ မိမိတို့ စိုက်ပျိုးထားကြသည့် လယ်မြေတွင်းသို့ ဆည်မြောင်းတို့မှ တစ်ဆင့် ရေသွင်းယူကြရသည်။

၁၃၂၄ ခုနှစ် တော်သလင်းလဆန်း ၄ ရက်၊ နံနက်ဆွမ်းစားချိန်...

ဘကြီးသာကျော်နှင့် မောင်အောင်တင်တို့သည် အပူရှိန်ကြောင့် စိုက်ပျိုးပင်များ ငိုက်မြည်းစပြုလာသလိုလို ထင်ရသော သူတို့၏လယ်ကွင်းပြင်ထဲသို့ ဆုံကုန်းရွာ အရှေ့ဘောင်ဘက် ထန်းတောရိပ်ပြွန်မှတစ်ဆင့်

ရေပေးသွင်းလျက်ရှိကြစဉ်–

"မောင်အောင်တင်ရေ ... ဟေ့ ... မောင်အောင်တင်"

"ဗျို့ ... ဘကြီးသာကျော်၊ ဒီမှာ ... ကျွန်တော်လေ"

"မြန်မြန်လာစမ်းဟေ့ ... မြန်မြန်"

ဘကြီးသာကျော်က အရေးတကြီးခေါ်လိုက်၍ ရေဝင်နေသည့် လယ်ကွင်းပြင်ကို ငေးကြည့်နေရာမှ ပြေးလာသည်။

"ဟိုမှာ ကြည့်စမ်း ... ကော်ရုပ်ကလေး မျောလာတာ "

ဘကြီးသာကျော်သည် သူ့အနားလာရပ်သည့် မောင်အောင်တင် အား ကော်ရုပ်မျောလာရာကို လက်ညှိုးညွှန်ပြ၍ ပြောလိုက်သည်။ မျောလာသည့် ကော်ရုပ်မှာ ရေမြောင်း၏ ဘေးနှစ်ဖက်ကို ရိုက်၍ မျောလာနေခြင်းဖြစ်သည်။

"ဆင်းကွာ ... ကြိုစောင့်မှ ဆယ်လို့ရမှာပေါ့"

ရပ်ကြည့်နေသော မောင်အောင်တင်ကို ဘကြီးသာကျော်က ဆယ် ရန်ခိုင်းလိုက်တော့မှ ရေမြောင်းထဲသို့ဆင်းသွားသည်။ ဘကြီးသာကျော် မျက်စိထဲတွင် ကော်ရုပ်မှာတော်တော်လှနေသည်။ အရုပ်ပေါ်၌ ဝတ်ဆင်ထား သည့် အင်္ကျီမှာလည်း အလှချုပ်ထားသည်ဟု အဝေးမှပင် ခန့်မှန်းမိသည်။

မောင်အောင်တင်က မျောလာသည့် ကော်ရုပ်ကို လှမ်းဆွဲယူလိုက် ချိန်တွင် သူ့မျက်စိထဲ၌ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားရသည်။

"ဘကြီးသာကျော်"

"ဟေ့ ... ဘာလဲ ဆယ်သာ ယူခဲ့ကွာ"

"ကော်ရုပ်မဟုတ်ဘူး ... ကလေးသေလေး"

"ဟင်"

ဘကြီးသာကျော်သည် သူ့အာမေဋိတ်သံနှင့်အတူ မောင်အောင်တင် ရှိရာသို့ လှမ်းကြည့်လိုက်သည်။

"ဘာလုပ်မလဲ"

"မြောင်းဘေး ဆွဲတင်ထားပေါ့ကွာ"

မောင်အောင်တင်သည် ကလေးအလောင်းကို ရေစီးလွတ်ရာ မြောင်းနှုတ်ခမ်းသို့ ဆွဲတင်၍ထားပြီး အပေါ်သို့ပြန်တက်လာသည်။

"ကလေးသေကလေးက ချစ်စရာကြီး ဘကြီးသာကျော် ကော်ရုပ်

ကလေးအတိုင်းပဲ"

မောင်အောင်တင် ပြောသည့်အတိုင်း မှန်ပါသည်။ ကလေးသေ၏ ကိုယ်ခန္ဓာအတွင်းသို့ ရေဝင်နေသောကြောင့်ဖောင်းပွနေသည်။ ကလေးသေ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသည့် အဖြူရောင်ပေါ်မှာ အဝါစင်းအပြင် အပြာစက်ကလေးများလည်း ရိုက်ထားသည့် အင်္ကျီမှာ ကော်ရုပ်ပေါ်တွင် ကပ်၍ ချုပ်ထားသည့်အလား ချပ်ချပ်ရပ်ရပ် ရှိသည်။

"ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး ဘကြီးသာကျော် ... ဘာလုပ်ကြမလဲ"

"သူကြီးတိုင်ရမှာပေါ့ကွ ... မင်းစောင့်ကြည့်ထား၊ ငါသူကြီး သွားခေါ်မယ်"

ဘကြီးသာကျော်သည် ပခုံးပေါ်တင်ထားသည့်မျက်နှာသုတ်ပဝါကို ခေါင်းတွင်ရစ်ပတ်လိုက်ပြီး ဆိုကုန်းသူကြီးထံအကြောင်း ကြားရန်ထွက်သွားလေသည်။ မောင်အောင်တင်မှာ ကလေးဘာ ကြောင့်သေရသည်ကို အလောင်းကို ကြည့်၍ စူးစမ်းလေ့လာရင်း ကျန်ရစ်ခဲ့လေသည်။

ဆိုကုန်းသူကြီး ကိုမြမောင်သည် ရွာသား အချို့နှင့်အတူ ဘကြီးသာကျော်ခေါ်ရာသို့ ပါလာကြသည်။

ကလေးသေအလောင်းကား စိတ်ဝင်စားဖွယ်ရာကောင်းသည်မှာ ကလေးတစ်ကိုယ်လုံးကို စစ်ဆေးကြည့်ရှုသည့်အခါ သေလောက်သည့် ဒဏ်ရာဒဏ်ချက်ဆို၍ တစ်ခုမှမတွေ့ရ။ ကလေးမှာ သုံးလကျော် အရွယ်မျှသာရှိသည်ဟု ခန့်မှန်းရသောကြောင့် ထိုကလေး သေဆုံးရသည်မှာ ရေနစ်၍၊ ရေမွန်း၍ သေဆုံးရခြင်းသာဖြစ်နိုင်သည်ဟုသာ မှတ်ချက်ချရသည်။

သူကြီး ဦးမြမောင်သည် ကလေးအလောင်း၏ အခြေအနေကို ကြည့်ပြီးမှ ...

"ဘကြီးသာကျော်တို့ပဲ စောင့်ကြည့်ထားပါ။ ကျွန်တော် ရဲဌာနာ အကြောင်းကြားဖို့ သွားလိုက်ဦးမယ်"

"အေး ... တို့စောင့်နေမယ် ... မင်းမြန်မြန်ပြန်လာခဲ့ပေါ့"

ဆင်ဖြူကျွန်းရဲဌာနသို့ သူကြီးဦးမြမောင် ထွက်လာခဲ့သည်။ ဆင်ဖြူကျွန်းရဲဌာနနှင့် အလောင်းရှိသောနေရာမှာ တစ်မိုင်သာသာခန့်ဝေးကွာသည်။

သူကြီး ဦးမြမောင် ဌာနာသို့ရောက်လာသည့်အချိန်၌ ဌာနာအုပ် ဦးကျော်သိန်းနှင့်အဆင်သင့်တွေ့ရသောကြောင့် ကလေးသေအလောင်းကို ပြောပြလေသည်။

"ကလေးအလောင်းမှာ ဒဏ်ရာများတွေ့သလား"

"ဘာဒဏ်ရာမှမတွေ့ဘူး"

ဌာနာအုပ် ဦးကျော်သိန်းက ရဲစာရေးကြီးအား ဦးမြမောင် သတင်းပေးချက်ပေါ် မူတည်၍ 'သေမှုသေခင်း' ဖွင့်ရန် အမိန့်ပေးလိုက်သည်။

"ဟော့ ... မောင်မောင်တစ်ယောက် ဘယ်သွားသလဲ၊ သွားရှာစမ်း"

မောင်မောင်ဆိုသည်မှာ ဆင်ဖြူကျွန်းရဲဌာနမှာ လူဆိုးထိန်း ရဲကြပ်ကြီးဖြစ်သည်။ ဌာနာအုပ်စေခိုင်းချက်အရ ရဲသားတစ်ယောက်ပြေးထွက်သွားပြီး၊ ၎င်းအိမ်၌ပင်ရှိသော ရဲကြပ်ကြီးမောင်မောင်ကို ခေါ်လာခဲ့သည်။

"ဆံကုန်းသွားရအောင် လက်နက်နဲ့ ရဲသားသုံးလေးယောက်လည်းခေါ်ကွာ"

ရဲစာရေးကြီးနှင့် ရဲကြပ်ကြီး မောင်မောင်တို့၏ အစီအစဉ်အရ ချက်ချင်းပင် ရဲသားများ လက်နက်ကိုင်စီဖြင့် စုပြီးဖြစ်လေသည်။ ဌာနာအုပ် ဦးကျော်သိန်းသည် ရဲအဖွဲ့ဝင်များခေါ်၍ သူကြီး ဦးမြမောင် နောက်သို့လိုက်လာကြလေသည်။

ရွာနီးချုပ်စပ်တို့တွင် ထိုကလေးသေနှင့်ပတ်သက်၍ သဲလွန်စရလိုရငြား လူဆိုးထိန်းရဲကြပ်ကြီး မောင်မောင်က စုံစမ်း ထောက်လှမ်းကြည့်သော်လည်း ထိုအရွယ်ကလေးများ မိဘ၏ရင်ခွင်ထက်မှာပင် ရှိကြသည်။ တစ်ဦးတစ်ယောက်မှ ထူးထူးခြားခြားမရှိ၊ ထိုကလေးသေ၏ မိခင်ကာယကံရှင်ကား ဆံကုန်းရွာပတ်ဝန်းကျင်၌ ရှာဖွေစုံစမ်း၍ မရသော်လည်း ကလေးသေဆုံးရခြင်းမှာ တစ်စုံတစ်ယောက်ယောက်က ရေထဲနှစ်သတ်ပစ်ဟန်လက္ခဏာရှိသည်ဟု ယူဆစရာအကြောင်းများ ပေါ်ပေါက်လာသောကြောင့် ဌာနာအုပ် ဦးကျော်သိန်းဌာနာသို့ ပြန်ရောက်သည့်အခါ 'သေမှုသေခင်း'ဖွင့်ထားသည်ကို လွှဲပြောင်း၍ ပထမနံပါတ် ၅၉/၆၂၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ အမှုဖွင့်၍ ထိုအမှုကို စစ်ဆေးရန် ရဲအုပ် ဦးဘတုတ်အား လွှဲအပ်လိုက်လေသည်။

(၂)

"မောင်မောင် ဘယ်လိုလဲကွ"

"ဘာမှမထူးသေးဘူးဆရာ ... ကလေးက သိကြားပေးတဲ့ ကလေးများဖြစ်နေမလား မပြောတတ်ဘူး"

"ကြိုးစားစမ်းပါဦးကွာ၊ ငါ့လည်းဝန်ထောက်က တစ်မေးတည်း မေးနေတယ်"

အမှုစစ်အရာရှိ ဦးဘတုတ်သည် သူကိုယ်တိုင်လည်း စုံစမ်းထောက်လှမ်းလျက်ရှိသည်။ နယ်မြေကျွမ်းကျင်သည့် လူဆိုးထိန်း ရဲကြပ်ကြီး မောင်မောင်ကို လှည့်၍ လက်သည်ပေါ်ရန် စုံစမ်းဖို့ အကူအညီတောင်းထားခြင်းဖြစ်သည်။

ဆင်ဖြူကျွန်းမြို့မှာ မြို့ကကျဉ်း၍ လူဦးရေနည်းသော်လည်း ထိုကလေးသေဆုံးမှုတွင် ဆင်ဖြူကျွန်းမြို့ပေါ်မှ မဟုတ်သောကြောင့် တစ်စွန်းတစ်စမှ ပေါ်ထွက်လာခြင်းမရှိ ဆင်ဖြူကျွန်းမြို့သူမြို့သားများကပင် စိတ်ဝင်စားလျက်ရှိကြသည်။

ညနေပိုင်းတွင် ...

ရဲကြပ်ကြီးမောင်မောင်သည် မြင်းလှည်းသမားတစ်ဦးနှင့်အတူ ဌာနာသို့ရောက်လာသည်။ သူ့မျက်နှာမှာ တစ်စုံတစ်ရာအတွက် ကျေနပ်နေသည်ဟု ပေါ်လွင်လျက်ရှိသည်။

"ဆရာ ... သဲလွန်စတော့ ရလာပြီ ဆရာ၊ သူက စလင်းက မြင်းလှည်းမောင်းတဲ့ ကိုဦးမောင်ပဲ"

ဌာနာအုပ် ဦးကျော်သိန်းက မြင်းလှည်းသမား ကိုဦးမောင်အား ထိုင်ရန်နေရာပေးလိုက်သည်။

"ဟေ့ .... စာရေးကြီး ကိုဘတုတ် ခေါ်စမ်းပါဦး"

အမှုစစ်အရာရှိကို ခေါ်ခိုင်းလိုက်သည်။ ဦးဘတုတ်ရောက် လာပြီးမှ ကိုဦးမောင်အား မေးမြန်းကြသည့်အခါ ဆုံကုန်းရိပ်သာမှ အမျိုးသမီး တစ်ယောက်ကို စလင်းမြို့သို့ပို့ပေးရသည်။ စလင်းမြို့ကားဂိတ်တွင်ဆင်းသွားသည်။ သူ့အမည်ကို မေးကြည့်သည့်အခါ မကျင်စိန်ဟု ပြောကြောင်း ကိုဦးမောင်က ပြန်လည်ပြောပြလေသည်။

မြင်းလှည်းမောင်းသူ ကိုဦးမောင်က ထိုအမျိုးသမီးကို မှတ်မိသည်မှာ ပထမ သူ့မြင်းလှည်းနှင့်ပင် ကျွန်းညိုဆိပ်မှ တင်ဆောင်လာခဲ့ရာ ဆုံကုန်းရိပ်သာ၌ အမျိုးသမီးဆင်းသည်။ ထိုအချိန်က အမျိုးသမီးတွင် သုံးလရွယ်ခန့်ရှိ ကလေးတစ်ယောက်ပွေ့ချီထားသည်ကို မြင်ရသည်။ အမျိုးသမီးကပင် စလင်းမြို့သို့လိုက်လိုသောကြောင့် သူ့ကို ဝင်ခေါ်ရန် မြင်းလှည်းသမားကို မှာစဉ် မြင်းလှည်းသမားက အမည်ကို မေးသည့်အခါ မကျင်စိန်ဖြစ်ကြောင်း ပြန်ပြော၍ မှတ်မိထားသည်။ ဆုံကုန်းရိပ်သာမှ စလင်းမြို့ကားဂိတ်သို့ ထိုအမျိုးသမီးလိုက်လာသည့်အခါ ကလေးလည်းမပါ သူ့မျက်နှာလည်း ရွှင်ရွှင်လန်းလန်းမရှိ သည်ကို မြင်းလှည်းသမား ကိုဦးမောင်က သတိထားမိခြင်းကြောင့် အမှုစစ်အရာရှိ ဦးဘတုတ်နှင့်ဌာနာအုပ်ကို ခရေစေ့တွင်းကျ ပြန်ပြောပြနိုင်ခြင်းဖြစ်လေသည်။

မကျင်စိန်ဟူသော အမည်တူများကို မေးမြန်းစုံစမ်းရန် လင်ဇင်းရွာနှင့်ပေါက်မရွာသို့ ဦးဘတုတ်ခရီးလှည့်ခဲ့သည်။ ဌာနာအုပ်နှင့် လူဆိုးထိန်းရဲကြပ်ကြီး မောင်မောင်တို့ကမူ ဆုံကုန်းရိပ်သာသို့ သွားရောက်စုံစမ်းကြသည်။

ဦးဘတုတ်အမှုစုံစမ်းရန် ခရီးထွက်ခဲ့၍ နှစ်ရက်မြောက်နေ့တွင် စလင်းမြို့သို့ပြန်ရောက်ခဲ့သည်။ ထိုနေ့မှပင် ဆင်ဖြူကျွန်းဌာနာအုပ် ဦးကျော်သိန်းထံမှ တရားခံဖမ်းထားပြီးဖြစ်ကြောင်း၊ စလင်းမြို့မှ ဦးခိုင်စိန်နှင့် ဒေါ်ဆယ်ပိုတို့ကို စစ်ဆေးခဲ့ရန် အကြောင်းကြား၍ ဦးဘတုတ်သည် ဌာနာအုပ်ညွှန်ကြားသည့် သက်သေများကို စစ်ဆေးခဲ့လေသည်။

ဆင်ဖြူကျွန်းဌာနာသို့ရောက်လာသောအခါ ဌာနာအုပ်ဖမ်းဆီးထားသော တရားခံ မကျင်စိန်ကို စစ်ဆေးပြီး ထိုအမှုနှင့် ဆက်စပ်သည့်သက်သေ မောင်မြစိုး၊ မောင်ဦးမောင်၊ မဦး၊ မစမ်း၊ ဦးမြမောင်၊ ဦးဘလှ၊ ဦးသာကျော်၊ ဦးပေါ်ကြီး၊ ဒေါ်အေးတင်၊ ဒေါ်မိ၊ ဒေါ်ပန်းဥတို့ကို စစ်ဆေးလေသည်။

၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဆင်ဖြူကျွန်းရဲဌာနာမှ ရာဇသတ်ကြီးပုဒ်မ ၃၀၂အရ ၊ မကွေးမြို့ ပထမအထူး တရားသူကြီး ရုံးသို့ စွဲချက်တင်ပို့လေသည်၊ မကွေးမြို့ ပထမ အထူးတရားသူကြီးက ထိုအမှုအား မင်းဘူးမြို့ ဒုတိယအထူးတရားသူကြီးရုံးတွင် စစ်ဆေးရန်

လွှဲပြောင်းပေးသောကြောင့်၊ မင်းဘူးမြို့နယ်၊ ဒုတိယ အထူးတရားသူကြီးမှ စစ်ဆေးရာတွင်၊ မကျင်စိန်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ဖြစ်ရပ်များသည် ထိုသုံးလအရွယ်ကလေး၏ သေဆုံးမှုတွင် စိတ်ဝင်စားစရာများသာမကဘဲ၊ ကြေကွဲဖွယ်ရာများလည်း ပါဝင်လျက်ရှိပါတော့သည်။

(၃)

မင်းဘူးခရိုင် စလင်းမြို့နယ်၊ ပေါက်ရင်ကုန်းရွာသည် မကျင်စိန်၏ မွေးဖွားရာဒေသဖြစ်သည်။ မကျင်စိန်၏အဘ ဦးဘနှင့် အမိ ဒေါ်ရင်တို့မှာ လက်လုပ်လက်စားဘဝမျှသာဖြစ်၍ ချောင်ချောင်လည်လည် မရှိကြပါ။

လယ်ယာစိုက်ပျိုးချိန်၌ လယ်ယာလုပ်ငန်းကို ဝင်ကြရသည်။ နှမ်းစိုက်ပျိုးချိန်မှာလည်း နှမ်းခင်းထဲမှ ထွက်ရသည်မရှိ၊ အလုပ်နှင့်လက် မပြတ်တမ်းလုပ်နေရသည့်အထဲ မကျင်စိန် ငါးနှစ်သမီးအရွယ်မှာ ရောဂါဝေဒနာများက တစ်ခုပြီးတစ်ခု ဖိစီးလာသောကြောင့် ထို့အတွက် သောကများကြရလေသည်။ မကျင်စိန်ရောဂါမှာ ဝက်ရူးပြန်ရောဂါလား၊ သို့တည်းမဟုတ် စိတ်ရူးသွပ်သည့်ရောဂါလားဆိုသည်ကို အတိအကျမပြောနိုင်ဖြစ်နေသည်။ တစ်ခါတစ်ရံ ဝက်ရူးပြန်သလိုဖြစ်၍ သတိမေ့သွားတတ်သည်။ တစ်ခါတစ်ရံ အကောင်းသားရှိနေရာမှ စိတ်ဖောက်ပြန်၍ အနီးရှိသူများကို တွေ့ရာမြင်ရာနှင့် ဆွဲပေါက်ခြင်း၊ မကြားဝံ့ မနာသာ ဆဲဆိုခြင်းများအထိဖြစ်လာလေသည်။ မကျင်စိန် စိတ်ရူးပေါက်လာသည့်အခါ သူများကိုမလုပ်ရသည့်အခါ သူ့ကိုယ်သူ ထုထောင်းခြင်းပြုလုပ်လေသည်။ သူ့ရောဂါသည် နေမြင့်လေ အရူးရင့်လေဖြစ်လာရလေသည်။

"မယ်ရင် ညည်းသမီးတော့ ဒီအတိုင်းထားလို့မဖြစ်ဘူး ကြာလေဆိုးလေဖြစ်လာလိမ့်မယ်"

"ကိုရင်ဘလည်း အဖေပဲ ကြည့်စီစဉ်ပေါ့"

"သာအေး ကုတဲ့ဆရာ ပြကြည့်ရမကောင်းဘူးလား မယ်ရင်"

"ကောင်းသားပဲ"

ဒေါ်ရင်မှာ လင်ဖြစ်သူက အကြောင်းတစ်ခုခုနှင့် ပတ်သက်၍ တိုင်ပင်သည့်အခါမျိုးတွင် "ကောင်းသားပဲ"ဆိုသော စကားကို လက်သုံးထား

၍ ပြောလေ့ပြောထရှိသည်။

"ညည်းမလဲ ဘယ်တော့ တိုင်ပင် ... တိုင်ပင် အကောင်းသားပဲ ထက်မပိုဘဲကိုး မယ်ရင်ရ"

"ကိုရင်ဘကလည်း မယ်ရင် ဘာတတ်တာမှတ်လို့ပဲ"

တကယ်ကလည်း မကျင်စိန်၏ အမေနှင့်အဖေသည် တောင်သူလယ်သမားပီပီ ရိုးသားကြသည်။ ပွင့်ပွင့်လင်းလင်း ပြော၍ ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်ကြသူများဖြစ်သည်။ ထို့ကြောင့်လည်း တစ်ရွာလုံးက လူရိုးကြီး လင်မယားကို ခင်မင်နေကြခြင်းဖြစ်လေသည်။

သမီးရောဂါပျောက်ကင်းရန်အတွက်၊ စပါးရိတ်သိမ်းပြီးနောက် သူတို့ရွာမှ ကိုသာအေးကို ကုသွားသည့် ဆရာကြီးပင့်၍ ကုသခဲ့သည်။ မကျင်စိန်၏ရောဂါမှာ ထိုဆရာကြီးနှင့် ကုခါမှ ပို၍ ဆိုးလာပြန်သည်။ အိမ်နီးနားခြင်းတို့က ကောင်းသည်ဆိုသော ဆရာတစ်ဦးကို ပြောင်း၍ ကုသကြပြန်သည်။ ဝက်လိုခြံခတ်၍ လှောင်ထားရပြီး၊ ခြေလက်များ ကြိုးတုပ်ထားရသည့် မကျင်စိန်မှာ နောက်ဆရာနှင့် ကုသရာမှ သက်သာလာသည်။ ခြေလက်တုပ်ထားသည့် ကြိုးကိုဖြေရသည်။ ခြံခတ်၍ အလှောင်ခံထားသည့်ဘဝမှ ကင်းလွတ်ရလေသည်။

ထိုဆရာ၏ဆေးကို ဆက်လက်မှီဝဲခဲ့သောကြောင့် ငါးနှစ်သမီး အရွယ်၌ ဆိုးဆိုးဝါးဝါး ခံစားခဲ့ရသောရောဂါသည်၊ မကျင်စိန် ဆယ့်နှစ်နှစ် သမီးအရွယ်တွင် ကင်းကင်းရှင်းရှင်း ပျောက်ကင်းပြီဟု ဆိုရလောက်အောင် အခြေအနေကောင်းလာလေသည်။

မကျင်စိန်၏ဘဝကား တစ်မျိုးတစ်ဖုံ ပြောင်းလဲရန် ဖန်တီးလာလေပြီ ...

ဘဝကား ဆန်းကျယ်လှသည်၊ ပစ္စုပ္ပန်၏ အခြေအနေကို တွေ့ကြုံနေရသောကြောင့်၊ သိရှိနေသော်လည်း အနာဂတ်၏ဖြစ်ပေါ်လာမှုကား၊ အတွေ့အကြုံများသူတို့ပင် တတ်တတ်အပ်အပ်သိရှိရန် မလွယ်ကူသလို ငယ်ရွယ်သူတစ်ဦးမျှသာရှိသေးသည့် မကျင်စိန်ကား အသို့သိနိုင်ပါအံ့နည်း။

ပေါက်ရင်ကုန်းရွာနှင့် ခရီးနှစ်တိုင်ခန့်ဝေးကွာသည့် ကန်ချောင်းကျောင်းမှသီလရှင်များသည် လပြည့်လကွယ် အဖိတ်နေ့များတွင် ကန်ချောင်း

ကျောင်း၏ ပတ်ဝန်းကျင်၌ရှိသော ရွာများကို လှည့်လည်၍ ဆွမ်းဆန်ခံကြ ရသည်။ သီလရှင်များဆွမ်းဆန်ခံထွက်တိုင်း ပေါက်ရင်ကုန်းရွာသို့ရောက် သည့်အခါ ဦးဘ၊ ဒေါ်ရင်တို့အိမ်တွင် စခန်းချ၍ အပန်းဖြေကြသည်။

မကျင်စိန်နေထိုင်မကောင်း၍ ဆရာသမားပင့်ပြီး ကုသနေရသည် ကိုလည်း ထိုသီလရှင်များက သိပြီးဖြစ်ကြသည်။ မကျင်စိန် ဆယ့်နှစ်နှစ် သမီးအရွယ်သို့ရောက်လာသည့်အခါ ...

"ဟုတ်တယ် မယ်ရင် ညည်းသမီး ဆရာလေးတို့အပ်လိုက်ရင် ကောင်းမယ်၊ သူတော်ကောင်းတွေနဲ့ ပူးပူးကပ်ကပ်နေရတော့ သူ့စိတ်တွေ လည်းပိုပြီး ကောင်းလာမှာပဲ၊ မယ်ရင်သဘော ဘယ်လိုလဲ"

"ကောင်းသားပဲ ... ကိုရင်သဘောပဲလေ .... ကြိုက်သလို စီစဉ်ပါ"

အကြောင်းဆိုက်၍သာ ဦးဘက သမီးအတွက်၊ မယားကို တိုင်ပင် ခြင်းဖြစ်သည်။ ဦးဘ ဘာပြောပြော ဒေါ်ရင်က ကောင်းသားပဲဆိုသည့် အဖြေမှ ပို၍ မလာမည်ကို တင်ကြို၍ သိပြီးဖြစ်သည်။

ဤသို့ဖြင့် မကျင်စိန်သည် သီလရှင်ဆရာလေးများနောက်သို့ ပါသွားရပြီး မကျင်စိန်ဘဝမှ မကုလစာရီဘဝသို့ ပြောင်းလဲသွားရလေသည်။ ပတ်ဝန်းကျင်ကလည်းပြောင်း၊ အဝတ်အထည်ကလည်း ပြောင်းလာသည့် အခါ မကျင်စိန်၏စိတ်နေသဘောထားများလည်း ပြုပြင်ပြောင်းလဲ လာလေ သည်။ စာသံ ပေသံကြား၌ မွေ့လျော်လာသည်။ သူတော်ကောင်းတရား ဘက်သို့ ယိမ်းယိုင်လာလေသည်။

မကျင်စိန်ကား ဝတ်ကြောင်ကို လွတ်အောင် ရုန်းခဲ့လေပြီ။ စာပေ ပရိယတ္တိကို အပတ်တကုတ်ကြိုးစားလာသည်။ မကျင်စိန်၏ လုံ့လဝီရိယ အကျိုးများကြောင့် သူဆယ့်ငါးနှစ်သမီးအရွယ်၌ အစိုးရ ပထမပြန်စာမေးပွဲ ကို ဝင်ရောက်ဖြေဆိုခဲ့ရာ အငယ်တန်းအောင်မြင်ခဲ့လေသည်။

အသက်အရွယ်ငယ်၍ နုပျိုစဖြစ်သောကြောင့် သူ့ဦးနှောက်သည် လည်းလန်းဆန်းလျက်ရှိသည်။ ပထမပြန်စာမေးပွဲအောင်မြင်ရသည့်အတွက် မကုလစာရီအဖို့ အားရသည်။ ကျေနပ်သည်။ တစ်ဆင့်တက်၍ ကြိုးစားရန် သာ သူ့စိတ်ထဲ၌ရှိသည်။

ငါ စာချတန်းအောင်အောင် ကြိုးစားမယ်၊ စာချတန်းအောင်ရင်

ငါ့ဆရာလို စာချမယ်၊ ဗုဒ္ဓပိဋကတ်တော်တွေ ပြန့်ပွားအောင်လုပ်မယ်....

မကုလစာရီက ဤသို့ စီစဉ်စိတ်ကူးယဉ်ထားသည်။ ထို့ကြောင့်လည်း အငယ်တန်းအောင်မြင်ရုံမျှဖြင့် အားရတင်းတိမ်ခြင်းမရှိဘဲ အလတ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် စာကိုကြိုးစားပြန်သည်။

သို့သော် သူ့ကြိုးစားမှုကား ထိုနှစ်တွင် ကြိုးစားရကျိုးမနပ် ဖြစ်ရလေသည်။ စာကို ကြိုးစားပန်းစား သင်အံလေ့ကျက်နေစဉ်ပင် ငါးနှစ်သမီးအရွယ်ကဖြစ်ခဲ့ဖူးသည့် ရောဂါအရိပ်အယောင်များသည် ပြန်၍ စလာလေသည်။ ဆိုးဆိုးဝါးဝါးကြီးမဟုတ်သော်လည်း စာမေးပွဲဆက်၍ ဖြေဆိုရန်ကိုမူ အတားအဆီးဖြစ်လာရသည်။

"ဒီနှစ်တော့ နားပါဦး ... မကုလစာရီ ကျန်းမာရေးကောင်းမှပဲ ဆက်ဖြေတာပေါ့"

မကုလစာရီနေသည့်ကျောင်းတွင် အုပ်ချုပ်နေသည့် သီလရှင်ဆရာကြီးက ပြော၍ ဆရာကြီး စကားမဖယ်ရှားဘဲ ထိုတစ်နှစ်အတွက် အနားယူခဲ့ရသည်။ အရိပ်ယောင်သမ်းလာသည့်ရောဂါဟောင်းများကို တစ်ချိန်က ပျောက်ကင်းအောင်ကုသပေးဖူးသည့် ဆရာနှင့်ပင်ဆက်၍ ကုသခဲ့သောကြောင့် သက်သာလာရပြန်သည်။

ကျန်းမာရေးကောင်းလာသည်ဆိုလျှင် မကုလစာရီက စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် ဆက်၍ ကြိုးစားသည်။ မကုလစာရီ ဆယ့်ခုနစ်နှစ်သမီးအရွယ်တွင် အလတ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုလေသည်။ စာမေးပွဲဖြေဆိုနေသည့် အချိန်မှာပင် ဝက်ရူးပြန်ရောဂါပြန်ဖြစ်လာသောကြောင့် စာဖြေခန်းထဲ၌ပင် လဲကျသွားသည်။ စာမေးပွဲကြီးကြပ်သူတို့က ဝိုင်းဝန်းပြုစုပေးကြခြင်းကြောင့် ဆက်၍ ဖြေဆိုနိုင်သည်။ မကုလစာရီကား ရောဂါဝေဒနာဖြစ်လာသည့်ကြားကပင် ဖြေဆိုရသောစာမေးပွဲကို အောင်လိမ့်မည်ဟု မထင်ခဲ့မိ၊ သို့သော် အောင်စာရင်းထွက်လာသည့်အခါတွင်၊ မကုလစာရီအမည်သည် အောင်စာရင်း၌ ပါလာလေသည်။

ဝမ်းသာရသည်။ ကျေနပ်ရသည်။ ကြိုးပန်းရကျိုးနပ်သည်ဟုလည်း ယုံကြည်သည်။

သီလရှင်မလေး မကုလစာရီမှာ အပျိုပေါက်ဘဝမှ အပျိုကြီး

ဖားဖားဖြစ်လာလေပြီ။ သူ့အသက်မှာ နှစ်ဆယ်ရွယ်သို့ပင်ရောက်ခဲ့လေသည်။

လူတစ်ဦး၏ မျှော်မှန်းချက်သည် တစ်ခါတစ်ရံ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ပန်းတိုင်သို့ရောက်သွားရသည်။ တစ်ခါတစ်ရံ ထိုသူ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်တို့သည် စိတ်ဓာတ်၏ ပျော့ညံ့မှုများကြောင့် လေထဲတိုက်အိမ်ဆောက်သလို အကောင်အထည် ပေါ်မလာဘဲ ပျောက်ပျက်သွားရလေသည်။

မကုလစာရီကား စာချတန်းအောင်မြင်လိုသည်၊ သူကိုယ်တိုင်သီလရှင်များအား စာပေပရိယတ္တိကို သင်ကြားပို့ချပေးလိုသည်။ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားလာအောင် စာပေဖြင့် ဆောင်ရွက်လို စိတ်များသည် သူ၏ ရည်မှန်းချက် မျှော်လင့်ချက်များဖြစ်သည်။

ယခုတော့မူ မကုလစာရီ၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များသည် လေထဲတိုက်အိမ်ဆောက်သည့်ပမာ၊ လွင့်စဉ်ပျောက်ပျက်၍ သွားရပါပြီ၊ သူ့အသက်နှစ်ဆယ်အရွယ်တွင်၊ သီလရှင်ဘဝမှထွက်ရန် အကြောင်းအမျိုးမျိုးဖန်တီးလာရသည်။ သူ့ရည်မှန်းချက်အတွက် အတားအဆီးများ ကြုံတွေ့လာရသည်။ ထို့ကြောင့်လည်း မကုလစာရီ ဘဝမှ မကျင်စိန်ဘဝသို့ ပြန်လည်ဆင်းသက်လာရလေသည်။

"ကျွန်မအမေတို့နဲ့ မနေချင်ဘူး၊ အဘွားတို့အိမ်မှာပဲ သွားနေမယ်"

"ကောင်းသားပဲ သမီးသဘောပေါ့"

ဒေါ်ရင်သည် လူတစ်ဦး၏ဆန္ဒကိုဘယ်သောအခါမှ ကလန်ကဆန်မပြော၊ ထိုသူ၏ ကျေနပ်မှုအတိုင်း ဆောင်ရွက်ရန်သာ ခွင့်ပြုလေ့ရှိသည့် သူ့ဝါသနာအတိုင်း သမီးကိုလည်း သဖန်းကန်ရွာတွင်ရှိသော ဒေါ်ရင် မိခင်အဘွားခန့်ထံတွင် နေခွင့်ပြုလိုက်သည်။

အဘွားခန့်ထံတွင် နေရင်း ဒိုးတူပေါင်ဖက်လုပ်ကိုင်စား သောက်နေစဉ် သူ့ဘဝ၏ဖူးစာရှင်တစ်ယောက်နှင့် ဆုံစည်းမိလာသည်။ မကျင်စိန်က သူ့ဖူးစာရှင်ကို ချစ်တော့ချစ်သည်။ သီလရှင် လူထွက် အစိမ်းသက်သက်မို့ ယောကျ်ားတစ်ယောက်နှင့် ပူးပူးကပ်ကပ် နေရသည်ကိုပင် ကြောက်လန့်နေသည်။ နှမ်းခင်းထဲ၌ဆုံမိကြသည့်အခါ သူ့ချစ်သူက တစ်ဆင့်တက်၍

လှမ်းလိုသည်ဟု ခွင့်တောင်းလာသောကြောင့်၊ သူ့အချစ်ပန်းညှိုးနွမ်းသွားမည်ကိုလည်း စိုးရွံ့ရှာသည်။

"အတူတူမနေရသေးဘဲ မကျင်စိန်တော့ ဒုက္ခမပေးပါနဲ့ကိုရယ်၊ ကိုနဲ့အတူတူနေတဲ့အခါကြတော့ ကိုသဘောပဲ မဟုတ်လား၊ ဒါတစ်ခုတော့ တောင်းပန်ပါရစေနော်၊ ဒီလိုပြောလို့မကျင်စိန်ကိုတော့ စိတ်မဆိုးရဘူးနော်"

"ကိုယ့်မေတ္တာကို မကျင်စိန် စော်ကားတာပဲ၊ ဒီလိုပြောတာက ကိုယ့်အချစ်ကို မယုံလို့လား"

"မဟုတ်ဘူးကို ... ကိုယ့်အချစ်ကို မကျင်စိန်ယုံပါတယ်။ အတူတူ မနေသေးခင်တော့ ကိုယ့်ကိုတောင်းပန်တာပါ ကိုရယ်"

မကျင်စိန်က သနားစဖွယ်တောင်းပန်နေသည့်ကြားမှာပင် ချစ်သူ၏ တဏှာမိုးသည် မပျိုးဘဲ တရကြမ်းရွာချလိုက်လေသည်။ တဝုန်းဝုန်း တဖြိုးဖြိုး ရွာချနေသည့် တဏှာမိုးနောက်မှ ဒုံးစိုင်း၍ တိုက်ခတ်လာသည့် တဏှာ မုန်တိုင်းသည်လည်း၊ အကာအကွယ်ပြု၍မရ၊ မကျင်စိန်နှင့် သူ့ချစ်သူတို့ ရောက်ရှိနေသောနေရာ သူ့နေသည့် နှမ်းခင်းမှာ တဏှာမိုးနှင့် တဏှာလေတို့ ကြောင့် ပြားပြားဝပ်ကျသွားရပါပြီ။

"မကျင်စိန်ကိုတော့ ပစ်မသွားပါနဲ့ကိုရဲ့"

မကျင်စိန်၏အသံသည် မောဟိုက်သံပါနေသည်။ နှလုံးခုန်၍ ရင်တွေကလည်း တဆတ်ဆတ်တုန်နေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ထုထောင်းထားသလို နွမ်းလျသွားရသည်။

" ကိုယ့်ကိုယုံစမ်းပါ အချစ်ရာ"

"ယုံလို့ .... ကိုယ့်ကိုပုံအပ်လိုက်တယ် မဟုတ်လား"

"ကိုယ့်အချစ်ကလေးကို ဘယ်တော့မှပစ်မသွားဘူးမှတ်ထား"

ချစ်သူက မကျင်စိန်၏ပါးကို ဆွဲကိုင်၍ ခရာသံတာသံနှင့် ပြော လိုက်သည်။ မကျင်စိန်ကတော့ တကယ် ယုံကြည်ပါသည်။ သူ့အပေါ်တွင် သစ္စာရှိရှိနှင့် ပေါင်းသင်းသွားမည့် ယောကျ်ားတစ်ယောက်ဟု အသည်းနှ၍ စွဲမှတ်ထားလိုက်သည်။

ချစ်သူကချိန်း၊ သူကချိန်းနှင့် တွေ့လိုက်ကြသည့်အခါတိုင်း သောင်မမြင် ကမ်းမမြင် ချစ်ပင်လယ်ကြောတွင် မျောခဲ့ကြသည်။

ရှေ့ရေးကိုမတွေး သူတို့နှစ်ဦးသည် အေးချမ်းသည့် ချစ်ရိပ်သာ
အောက်တွင် ရက်ညောင်း၍ လပြောင်းသည့်အထိနေကြသည်၊ ဓမ္မတာက
လွန်ဆန်၍မရ တစ်နေ့မဟုတ်တစ်နေ့တော့ ကြုံတွေ့ရမည်ကိုပင် မေ့ပျောက်
နေမိကြသည်။

ဤဒုက္ခကို တွေ့ကြုံခံစားရမည့်သူကား မကျင်စိန်သာဖြစ်သည်။
သူတို့နှစ်ဦး ကြည်ကြည်ဖြူဖြူ ချစ်ရည်လူးခဲ့သော ဒဏ်ချက် သည် မကျင်စိန်
မိန်းမ ဓမ္မတာရက်တွင် အော့အန်လာသည့်အထိ ဖြစ်လာရသည်။ မစားချင်
သောက်ချင်ဖြစ်လာသည်။ မကျင်စိန်၏ နဖူးမှ ဆံစလေးများ ခြောက်သွေ့
လာသည်။ မကျင်စိန် ယခင်ကနှင့် မတူတော့ပြီဆိုသော ပြောင်းလဲမှု
လက္ခဏာချက်တွေက ပြလာလေပြီ။

မကျင်စိန် အော့အန်ပုံကို မြင်ရသည့် အဘွားက ...

"ဟဲ့ ... ကျင်စိန် ဘာလိုဖြစ်တာလဲ"

"လေအန်တယ် အဘွား"

"ဆေးသောက်ပါလား ... နင့်အဘ ဆေးပုလင်းတွေထဲမှာ
လေဆေးရှိတယ်လေ"

အဘွားက ပြော၍ အဘလေဆေးပုလင်းထဲမှ ဆေးတွေစားရလွန်း
ဝမ်းသွားလာရသည်။ အော့အန်သည်ကတော့ မပျောက်ပါ ဖြစ်ချင်တဲ့အချိန်
၍ဖြစ်လာသည်။ မကျင်စိန်မှာ စောစောက လေထိုးသည်၊ လေအောင့်
သည်ဟု ရိုးရိုးထင်မှတ်ခဲ့သော်လည်း ရက်ညောင်းလာသည့်အခါ သူ့ကိုယ်သူ
ကဲခတ်၍ ရလာသည်။

ငါ့ဟာ ရိုးရိုးလေအောင့်တာမဟုတ်ဘူးထင်တယ်၊ ကိုယ်ဝန်ရှိချင်
လို့ထင်တာပဲ၊ ကိုယ်ဝန်ရှိစ မိန်းမတွေ ဒီလိုပဲ ဖြစ်တယ်လို့ကြားတယ်၊ ဟုတ်
ပြီ ... ငါ့မှာ ကိုယ်ဝန်ရှိတာပဲ၊ ကိုယ်ဝန်ရှိတာပဲ၊ ဒီအကြောင်းကို သူ့များ
ပြောပြရင် ဘယ်လောက်ဝမ်းသာလိုက်မလဲလို့...

မကျင်စိန်က ဤသို့ တွေးမိသည်၊ သူကိုယ်ဝန်ရှိသည့် အကြောင်း
စ်သူကို ဖွင့်ပြောပြီး မြန်မြန်အတူနေကြဖို့ စီစဉ်ရန်လည်း တိုက်တွန်းမည်ဟု
တ်ကူးထားသည့်အတိုင်း နှမ်းခင်း၌ ဆုံတွေ့ကြသည့်တစ်နေ့မှာ ...

"ဒီနေ့တော့ ကို ဝမ်းသာဖို့ သတင်းကောင်းပြောရမယ်"

"ဘာများလဲ ... မကျင်စိန်"

"ကျင်စိန်မှာလေ"

မကျင်စိန်က စကားကို ဆုံးအောင်မပြောသော်လည်း သူ့ဗိုက် ကို ပုတ်ပြ၍ ကိုယ်ဝန်ရှိပြီဆိုသော အမူအရာပြလိုက်သည်။ ဤသို့ ပြောလိုက်သည့်အတွက် ချစ်သူပါးစပ်မှ ပေါ်ထွက်လာမည့် သူဝမ်းသာရမည့်စကားကိုလည်း ကြားလိုလှသောကြောင့် မျက်နှာလှမ်းကြည့်မိသည်။

ကိုယ်ဝန်ရှိပြီဆိုသော စကားသည် မကျင်စိန်ချစ်သူအဖို့ မျှော်လင့်စောင့်စားနေသည့်စကားမဟုတ် ထိုစကားကြားရသည်ပင် ထစ်ချုန်း၍ ပစ်လိုက်သော မိုးကြိုးသွားသည် သူ့နားသို့ မခံသာအောင် စူးစူးရှရှဝင်သွားသလို ခံစားလိုက်ရသည်။ သူမျက်နှာပျက်သွားပြီး ငိုင်ကျသွားလေသည်။

မကျင်စိန်အဖို့ မှန်းချက်ထက် နှမ်းထွက်ကွာလေသည်။ ချစ်သူ၏ အမူအရာသည် ဝမ်းသာစရာမဟုတ်၊ ကြေကွဲစရာ ဝမ်းနည်းစရာ ဖြစ်လာရပါပြီ။ သူ့နှလုံးသားများ အက်၍သွားသလို ခံစားလာရသည်။ သူ့မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျဆင်းလာသည်။

"မဖြစ်ခင်က ကြိုတင်ကာကွယ်ဖို့ မကျင်စိန်ပြောတယ် မဟုတ်လားကို၊ အခုတော့ ကျင်စိန်ဒုက္ခနဲ့ ရင်ဆိုင်ရတာပေါ့ ... အတန်တန် တောင်းပန်လျက်နဲ့ဖြစ်ရတာ ကိုရယ် ... ကျင်စိန်ကတော့ ကိုမှ စိတ်ချမ်းသာပါစေတော့ဆိုပြီး ယုံယုံကြည်ကြည်နဲ့ ပုံအပ်ခဲ့တာ အခုတော့ ... အို ... ကျင်စိန် ... မိုက်တာ၊ ဒီကောင်မမိုက်တာ"

မကျင်စိန် ဘယ်လိုပြောပြော သူ့ချစ်သူကတော့ မတုန်မလှုပ်၊ ကျောက်ရုပ်ကဲ့သို့ ရှိနေသည်။ မကျင်စိန်၏ မျက်နှာကို မကြည့်၊ နှမ်းခင်းပြင်ကို လှမ်းမျှော်ကြည့်နေသည်။

"ကျင်စိန့်ကိုတော့ ဒုက္ခမပေးပါနဲ့ ကိုရယ်"

မကျင်စိန်က မျက်ရည်များကို သုတ်ပစ်ရင်း ထပ်၍အသနားခံ ပြောလိုက်ပြန်သည်။

"ကို ... မကျင်စိန် စိတ်ချမ်းသာအောင်စီစဉ်ပါ့မယ်၊ မကျင်စိန်ကို ... ကို ဒုက္ခမပေးပါဘူး"

သူ့အသံနှင့် သူ့အမူအရာတို့သည် သိသိသာသာ ပြောင်းလဲလာ

သည့်သဘောမဟုတ်၊ မကျင်စိန် ကျေနပ်ရုံမျှ ပြောလိုက်သည့်ဟန် အမူအရာမျှသာ။ ဒါကိုပင် မကျင်စိန်ကလည်း သူ့ချစ်သူစကားကို ယုံကြည်လာပြန်သည်။ မျက်ရည်ရွဲနေသော သူ့မျက်နှာသည် ပြုံးယောင်သန်းလာသည်။ ကျေနပ်သည့်မျက်နှာဖြင့် ချစ်သူကို လှမ်းကြည့်နေသည်။

မိန်းမများသည် နှာခေါင်းပါလို့သာ၊ နှာခေါင်းသာမပါရင် ယောကျ်ားတွေက ချော့ပြီး မစင်ကျွေးတောင် စားချင်စားကြမှာဟု ဆိုရိုးစကားပြုခဲ့ကြသေးသည်။ မကျင်စိန်လည်း ထိုဆိုရိုးစကားနှင့်မခြား၊ သူ့ချစ်သူက လေပျော့နှင့်ချော့လိုက်လျှင်ပင် ချစ်သူပေါ် ယုံကြည်စိတ်များ ပြန်လည် အလေးတင်းလာခြင်းဖြစ်သည်။

ချစ်သူ၏နှစ်သိမ့်ခဲ့သော စကားကြောင့် ရက်တွေ လတွေ ပြောင်းခဲ့ပြန်သည်။

ဆံမြိတ်လဲပြေ ပန်းလဲကြွေခဲ့ရသော မကျင်စိန်ဘဝ၊ ချစ်သူကို ယုံပုံခဲ့မိရာမှ ကိုယ်ကျိုးနည်းရှာသည်။ မကျင်စိန်ကျေနပ်အောင် တစ်ဖက်လှည့် အယုံသွင်းပြီး အခြား အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်သွားခဲ့လေပြီ။ မိကျင်စိန်တစ်ယောက်မှာသာ အပူရပ်ကို ဟန်လုပ်၍နေရသော်လည်း ဖုံးဖိမရသော ကိုယ်ဝန်သည် ပေါက်ရင် ကုန်းရွာနှင့် သဖန်းကန်ရွာတွင်နေ၍ မဖြစ်တော့ပါ။ သူများတံတွေးခွက်တွင် ပက်လက်မျောရ ချေမည်။ သူ၏အဖြစ်အပျက်ကို မိဘများအား အသိပေး၍ ချောက်မြို့ရှိ အစ်မဝမ်းကွဲတော်စပ်သည့် မသက်တင် အိမ်သို့ပြောင်းလာရသည်။

စားဝတ်နေရေးကရှိသေးသည်။ ဆွေမျိုးသားချင်းများအိမ်တွင် ရက်ရှည်လများထိုင်စားနေဖို့ဆိုသည်မှာ ထိုဆွေမျိုးသားချင်းက ချောင်ချောင်လည်လည်ရှိပါက တော်သေးသည်။ ယခုတော့မူ ကိုယ့် ဝမ်းကိုယ်ကျောင်းရမည့်ဘဝဖြစ်လာလို့ သစ်ကန်ထရိုက်တာ ဦးမောင်မောင်ကြီးအိမ်သို့ရောက်ရပြန်သည်။

အသက်မက ချစ်ပါတယ် မကျင်စိန်၊ ရိုးမြေကျပေါင်းမယ့် သူတစ်ယောက်လို့ ယုံစမ်းပါအချစ်ရယ်...

"မဟုတ်ဘူး ... မဟုတ်ဘူး ...သူလိမ်တာ၊သူညာတာ၊ လူ ယုတ်မာ ငါ့ကို ဒုက္ခပေးခဲ့တဲ့ လူယုတ်မာ၊ နင့်စကားတွေ ငါမယုံဘူး... ငါမယုံဘူး...

တကယ်တော့ မကျင်စိန် စိတ်ရှုးပေါက်၍ တွေးမိတွေးရာ ပြောမိပြောရာပြုနေခြင်းသာဖြစ်သည်။ လူမမြင် လူမကြားတိတ်ဆိတ်သည့်နေရာတွင် ကြိတ်မှိတ်၍ ငိုတာများလှပြီ။ နာကြည်းခြင်းနှင့် ဆွေးမြည့်ခြင်း ပေါင်းစပ်၍ ခံစားနေရခြင်းပင် မဟုတ်ပါလော။

(၄)

ကိုယ်ဝန်ကား တစ်နေ့တခြား ရင့်လာလေသည်။ ကိုယ်ဝန် ရင့်လာလေ သစ္စာမဲ့ကာ တစ်နပ်စားဉာဏ်နှင့် ဒုက္ခပေးသွားသော သူ့အပေါ်တွင် နာကြည်းစိတ်များပို၍ ကြီးမားလာရသည်။ မသတ္တဝါများနှင့် လိင်အသွင်ခြားနား၍သာ ယောကျ်ားဟု ခေါ်ဝေါ် ပညတ်ရသော်လည်း ထိုသူ၏ အမူအကျင့်များသည် ခွေးထက်မိုက်မဲသောလူဟု ခေါ်ရလောက်အောင် ယုတ်မာခဲ့သူတစ်ယောက်သာဖြစ်လေသည်။ သူများသမီးပျိုအား မယူနိုင်ဘဲ ကိုယ့်လိုဘက်ဆန္ဒတစ်ခုပေါ်ကြည့်၍ အာသာဆန္ဒဖြည့်စွမ်းတတ်သူသည် တိရစ္ဆာန်ထက် ဘာများခြားနားပါဦးမည်နည်း။ ယုတ်မာသူအပေါ် စိတ်နာကြည်းသော်လည်း ဝမ်းနှင့်လွယ်၍ထားရသော ရင်သွေးအပေါ်၌မူ ...

ငါ့ရင်သွေးကလေးမှာ ဘာမှမပြစ်မရှိဘူး၊ အပြစ်ရှိတာက ငါ။ ငါ သူပြောတာတွေ ယုံမိလို့ဖြစ်ရတာ၊ ငါ့ရင်သွေးကို ငါမွေးမယ် ကြီးပြင်းအောင် ကျွေးမွေးပြုစုမယ် ... ဒါ ငါ့တာဝန်....

ကလေးမျက်နှာ မမြင်ရသေးမီကပင် ဝမ်းနှင့်လွယ်၍ထားရ သော ရင်သွေးအပေါ် ကြီးမားသော သံယောဇဉ်နှောင်ကြိုးက ရစ်ပတ် ချည်နှောင်၍ ထားလေပြီ။ ဗိုက်ထဲမှ ကလေးအန္တရာယ်မဖြစ်အောင် အစားအသောက် အနေအထိုင် ဆင်ခြင်ခဲ့သည်။ သူနေရသည်မှာ ကိုယ့်အိမ်ကိုယ့်ရာမဟုတ်။ သူများအိမ်၌ဖြစ်၍ အစားအသောက် အနေထိုင်မှစ၍ အစစအရာရာ သတိထားဆင်ခြင်နေရသောဘဝဖြစ်သည်။ ကိုယ်ဝန်ဆောင်ထားရသော မိခင်လောင်းသည် အာဟာရ ပြည့်ဝဖို့လိုသည်။ ကျန်းမာရေးကောင်းဖို့လိုသည်။ စည်းစိမ်ဥစ္စာ ပြည့်ဝသူတစ်ဦးဖြစ်မူ စားချင်သည့်အချိန်စား၍ အိပ်ချင်သည့်အချိန် အိပ်မည်။ ယခုတော့မူ အစားချို့တဲ့ အအိပ်မမှန်ဖြစ်ရသောကြောင့် မကျင်စိန်သည် ချောက်မြို့ဆေးရုံသို့တက်၍ ချို့တဲ့သော

ကျန်းမာရေးကို ကုသရလေသည်။

ဒုတိယအကြိမ် ချောက်ဆေးရုံသို့ မကျင်စိန်ပြန်တက်ရသည်မှာ သူ့ကိုယ်ဝန်သည် ကိုးလကျော် ဆယ်လပြည့်၍ သမီးတစ်ယောက် ဖွားမြင်ရခြင်းပင်ဖြစ်သည်။ ဝမ်းနှင့်လွယ်၍ထားရစဉ် ကြင်နာရသည်ကတစ်မျိုး၊ ဝမ်းမှကျွတ်၍ သမီးလေး၏မျက်နှာကို မြင်ရပြန်သည့် အခါ ကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာတရားပေါင်းစပ်ကာ ရစ်ပတ်ချည် နှောင်လိုက်သည့် သမုဒယ သံယောဇဉ်ကြိုးသည် ခိုင်မြဲသည်ထက် ခိုင်မြဲလာရသည်မှာ မိခင်တို့၏ နှလုံးသားမှ ပေါက်ဖွားလာသော မေတ္တာပင်ဖြစ်လေသည်။

မကျင်စိန်သည် ကလေးနှစ်လကျော် သုံးလတွင်းသို့ရောက်လာသည့်အခါ သူ့ဘဝနောင်ရေးကို တွေးမိလာဟန်ရှိသည်။ ကလေးတစ်ယောက်နှင့် ချောက်မြို့တွင် ရေရှည်နေ၍မဖြစ်၊ မိဘရပ်ထံပြန်၍ မိအို ဖအိုကြီးများနှင့်အတူ ဒိုးတူပေါင်ဖက်လုပ်ကိုင်စားသောက် နေထိုင်ရခြင်းသာလျှင် သူ့နောင်ရေးအတွက် အကောင်းဆုံးဖြစ်မည်ဟု တွေးများတွေးမိလေသလားမသိ၊ အိမ်ရှင်များကို ခွင့်ပန်၍ ၁၉၆၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ချောက်မြို့မှ ကျွန်းညိုဆိပ်ကမ်းသို့ ငွေမောင်းမော်တော်နှင့် လိုက်ပါလာလေသည်။

ကလေးမှာ မျက်နှာမြင် ချစ်ခင်ပါစေဆိုသော ဆုတောင်း ပြည့်သည်ဟုဆိုရမည်။ မော်တော်ပေါ်တွင် ပါလာကြသည့် ခရီးသည်များက ကလေးကို ကြည့်၍ ...

"ချစ်စရာကြီးပါလားဟယ်"

"ဒီကလေးမျိုး မွေးစားချင်တယ်"

"ဘယ်နှလရပြီလဲ"

ဤသို့တစ်ယောက် တစ်ခွန်းမေးကြသည်။ ထိုအထဲတွင် ဒေါ်ဦးမှ တစ်လမ်းလုံး ကလေးကို ပေါင်ပေါ်တင်၍ ချီလာရသူဖြစ်လေသည်။

"ကလေးက စနေသမီးမို့ ခိုက်တယ်ပြောကြတယ်"

မကျင်စိန်မှာ သမီးဦး စနေ မီးလိုမွေဆိုသည့် ဆိုရိုးစကားအရ ပြောလိုက်ခြင်းဖြစ်တန်ရာသည်။

"စနေသမီးပေမယ့် ဒီလိုကလေးအင်္ဂါရပ်မျိုးက မွေးထိုက်ပါတယ်"

ဒေါ်ဦးသည် ချီထားသည့် ကလေးမျက်နှာကို ငုံ့ကြည့်ပြီး ပြော လိုက်သည်။

ရှေးအယူအဆဟောင်းတစ်ရပ်ရှိသည်။ သားဦး သမီးဦးများ စနေ သားသမီးဖြစ်လျှင် မိဘကိုခိုက်သည်ဟု ဆိုကြသည်။ ထိုအစွဲအလမ်းကို ယခုတိုင် အချို့လူများက လက်ခံယုံကြည်နေဆဲပင်ဖြစ်သည်။ စနေ သား သမီးဖြစ်သော်လည်း အင်္ဂါရုပ်မှာ ဖြူဖြူဖွေးဖွေး ဥပမိရုပ်ခွဲညားလျှင်မူ မွေးထိုက်သည်ဟုဆိုကြပြန်သည်။ ဤအယူ အဆအတိုင်းသာဆိုလျှင် သား သမီးဦး စနေများအား မွေးထိုက်သည့် အင်္ဂါရုပ်မပါရှိလျှင် ဘာလုပ်ပစ် ကြရမည်နည်း။

ငွေမောင်း မော်တော်သည် ကျွန်းညိုဆိပ်သို့ဆိုက်ကပ်သည့်အခါ မြင်းလှည်းတစ်စီးစီး၍ မကျင်စိန်တစ်ယောက် ဆုံကုန်းရိပ်သာသို့ လိုက်လာခဲ့ သည်။ ဆုံကုန်းရိပ်သာတွင် မကျင်စိန်၏ အဖေ အမေ၊ သီလရှင်ဒေါ်ဝဲ နေထိုင်သောကြောင့် ဝင်မေးကြည့်သည့်အခါ သီလရှင် ဒေါ်ဝဲမရှိဟုဆို၍ ဆုံကုန်းရိပ်သာအနီးရှိ ရေမြောင်းတွင် သူ့ဇာတ်လမ်းကို စခဲ့လေသည်။

(၅)

မင်းဘူးမြို့ ဒုတိယအထူးတရားသူကြီးရှေ့မှောက်တွင် မကျင်စိန်က သူ့အပေါ် စွပ်စွဲချက်များနှင့်ပတ်သက်၍ ဤသို့ထွက်ဆို၍ ချေပသည်။

ကုန်ခဲ့သော တော်သလင်း လဆန်း (၁) ရက်နေ့က ကျွန်မသည် ချောက်မြို့မှတစ်ဆင့် ဆင်ဖြူကျွန်းသို့ မော်တော်ဖြင့် လာခဲ့ပါသည်။ ထိုအချိန် တွင် ကျွန်မ၏သမီး နှစ်လခွဲရှယ်ပါလာပါသည်။ ကျွန်မထွက်လာစဉ်ကပင် နေမကောင်းပါ။ ကျွန်မမှာ ဝက်ရူးပြန်ရောဂါရှိပါသည်။ ကျွန်မသည် ကလေးနှင့် မိဘများထံနေရန် ထွက်လာပါသည်။ ထိုနေ့က နေမကောင်း၍ ဆုံကုန်းရိပ်သာနေ အဘွားဒေါ်ဝဲထံ ခေတ္တဝင်နားရန် စိတ်ကူးပြီး ရိပ်သာ ရှေ့မှောက် မြင်းလှည်းမှ ဆင်းပါသည်။ ရိပ်သာသို့မဝင်ခင် ခြေမှာ ဖုန်များ ပေနေ၍လမ်းနှင့် ဝါးတစ်ရိုက် ခန့်အကွာရှိ မြောင်းထဲသို့သွား၍ ခြေဆေးပါ သည်။ ထိုအချိန်မှာ ကျွန်မ ဝက်ရူးပြန်သလိုဖြစ်လာ၍ မူးလဲသွားပါသည်။ ကျွန်မနှင့် ကလေးမှာ မြောင်းထဲသို့ကျသွားပါသည်။ ကလေးလွတ်သွား

တာကို မသိပါ။ ရေသည် ကျွန်မ ပေါင်လယ်သာသာလောက်နက်ပြီး ရေစီး
သန်ပါသည်။ မိနစ် ၂၀ လောက်ကြာမှ ကျွန်မသတိရ၍ ကြည့်လိုက် ရာ
ကလေးမရှိတော့ပါ။ ကျွန်မလိုက်ရှာတော့လည်း မတွေ့တော့ပါ။ ထို့နောက်
ကျွန်မ မြင်းလှည်းတစ်စီးနှင့် စလင်းသို့ပြန်လာပြီး စလင်း ဒေါ်ဆယ်ပိုအိမ်မှာ
တစ်ညအိပ်ပြီးမှ ပေါက်ရင်ကုန်းသို့ပြန်ပါသည်။ အမေ ဒေါ်ရင်အိမ်မှာ သွား
နေပါသည်။ အမေကို ကလေးရေထဲကျပြီး ပျောက်သွားကြောင်း ပြောပါ
သည်။ အမေကလည်း ပြီးတာပြီးပါစေ နောက်ရှာတာပေါ့ဆိုနေစဉ် ရဲက
လာဖမ်းပါသည်။

အစိုးရရှေ့နေပြန်လှန်မေး ...

ကျွန်မ အဘွားဒေါ်ဝဲဆီ သွားမပြောခဲ့ပါ။ ကျွန်မပြန်တဲ့အခါ
မြင်းလှည်းပေါ်ရှိလူများကို တွေ့သော်လည်း၊ ဘယ်သူကိုမှ ကလေး ပျောက်
ကြောင်း မပြောခဲ့ပါ။ ဒေါ်ဆယ်ပိုကိုလည်း မပြောမိပါ။ အချင်း ဖြစ်ညက
ဒေါ်ဆယ်ပိုနှင့်ကျွန်မ ရေဒီယိုနားထောင်ရန်သွားမိပါသည်။ ကလေး
အကြောင်းမပြောမိပါ။ ကျွန်မ ကလေးကို မြောင်းထိပ်ထိအောင် လိုက်မရှာပါ။
ကျွန်မကလေး၏ ဖခင်ဟာ ဘယ်သူလဲလို့ ကျွန်မ မပြောနိုင်ပါ။ ကျွန်မ
သီလရှင်ဘဝနှင့်ပဋိသန္ဓေရခဲ့ပါသည်။ ကျွန်မချောက်က အပြန် လမ်းတစ်
လျှောက်လုံးမှာ ဒေါ်ဦးနှင့်တကွ တရားလိုသက်သေများနှင့်အတူခရီး သွားခဲ့ပါ
သည်။ ကျွန်မ နေမကောင်းကြောင်း မပြောမိပါ။ ကျွန်မက ကလေး စနေသမီး
ဖြစ်တယ်လို့ ပြောမိပါသည်။ ကျွန်မက စနေသမီး မီးလိုမွှေလို့ မပြောမိပါ။

တရားရုံးက မေး ...

ဆုံကုန်းရိပ်သာအနီးတွင် မစန်းနှင့်ထပ်တွေ့သည်ဆိုတာ ဟုတ်ပါ
သည်။ ကလေးဘယ်မှာလဲဟု မေးသည်ဆိုတာ ဟုတ်ပါသည်။ ကျွန်မက
ကျွန်မဆီမှာလို့ ပြောတာပါ။ သူက ကျောင်းထဲမှာလို့ နား ကြားလွဲပါသည်။
ထိုနေ့က ရိပ်သာထဲသို့ ကျွန်မ မဝင်ခဲ့တော့ပါ။

အစိုးရရှေ့နေပြန်မေး ...

ရိပ်သာတွင် ဒေါ်ဝဲမရှိကြောင်း သိရ၍ မဝင်ပါ။ ဒေါ်ဝဲ ရှိ မရှိ မေးကြည့်ပါသေးသည်။*

အထက်ပါထွက်ချက်များသည်၊ ဒုတိယအထူး တရားသူကြီး ဦးခင်မောင်လေးရှေ့တွင် မကျင်စိန်၏အစစ်ခံခဲ့ခြင်းဖြစ်လေသည်။ မကျင်စိန်၏ ထွက်ချက်များကို ထောက်ခံထွက်ဆိုကြသည့် တရားခံပြသက်သေများနှင့်ပေါက်ရင်းခံရွာမှ လယ်သမားကြီး ဦးဘိုးဟန်၊ကိုကျော်သိန်း၊ မကျင်စိန်၏ မိခင်ဒေါ်ရင်၊ ချောက်မြို့မှ သစ်ကန်ထရိုက်တာ ဦးမောင်မောင်ကြီးတို့ဖြစ်ကြသည်။ တရားခံပြသက်သေတို့၏ ထောက်ခံထွက်ဆိုချက်တွင် မကျင်စိန်တွင် ဝက်ရူးပြန်ရောဂါ၊စိတ်ဖောက်ပြန်ရောဂါရှိသည်ဆိုသောအချက်များမှာ အဓိကဖြစ်လေသည်။

တရားသူကြီးက တရားလိုပြသက်သေများ၏ ထွက်ဆိုချက်နှင့် တရားခံနှင့် တရားခံပြသက်သေတို့၏ ခုခံချေပထွက်ဆိုချက်များ အားလုံးကို သုံးသပ်ဆင်ခြင်ရသည်။ အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာများသည် တရားခံသည် ဤပြစ်မှုကို ကျူးလွန်ကြောင်း ခိုင်လုံသော သက်သေခံချက်များ ရှိ မရှိကို စစ်ဆေးတွေ့ရှိချက်များအပြင် တရားရုံးနှင့် စစ်ဆေးစဉ်ကာလက ထွက်ဆိုသူတို့၏ အမူအရာကိုလည်း လေ့လာခဲ့ရလေ၊ မှုမမှန်လိမ်လည်ထွက်ဆိုသူတို့၏ အမူအရာ ရိုးသားစွာ ထွက်ဆိုသူတို့နှင့် ခြားနားချက်၊ကွာခြားချက်များရှိသင့် သလောက်ရှိသည်ကို သတိပြုရလေသည်။

ထိုအမှုတစ်ခုလုံး၏ ဖြစ်ပျက်သည့်အကြောင်းခြင်းရာတို့ ဆင်ခြင်သုံးသပ်ပြီး ဥပဒေနှင့် စပ်ဟပ်၍ စီရင်ဆုံးဖြတ်ခဲ့သည်မှာ။

ရေမြောင်းထဲသို့ လိမ့်ကျသွားရာ မိနစ် ၂၀ ခန့်ကြာမှာ သတိရသည်ဆိုသော အချက်ကိုလည်း ယုံကြည်ရန် လွန်စွာခဲယဉ်းသည်။ အကယ်၍ ဟုတ်မှန်သည်ထားဦး၊ သူမသည် မိခင်တို့၏ထားအပ်သော မေတ္တာကရုဏာဖြင့် ပင်ပန်းကြီးစွာ ကလေးအား မရှာဖွေခြင်း၊ အော်ဟစ် အကူအညီမတောင်းခြင်းတို့မှာ ထင်ရှားလှသည်။ စွပ်စွဲခြင်းနှင့် ယှဉ်ပြိုင်၍ စဉ်းစားရန်

* မင်းဘူးမြို့ ဒုတိယ အထူးတရားသူကြီးရုံး – ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၈ တရားခံသက်သေ အမှတ် (၁) မကျင်စိန်၏ထွက်ဆိုချက်။

ခြား တစ်ခုမှာ သူမ၏ ပြောပြချက်ဖြစ်သည်။ ၎င်းအချက်မှာ သူမသည် လရှင်အဝတ်နှင့် ဤကလေးကို ပဋိသန္ဓေရခဲ့ခြင်းဖြစ်သည့်အပြင် ဤ လေး၏ ဖခင်သည် မည်သူမည်ဝါဖြစ်ကြောင်း မပြောနိုင်ခြင်းပင်ဖြစ်သည်။ ျအချက်ကို သူမသည် နှစ်မြို့လိမ့်မည်မဟုတ်ပေ၊ တစ်ဖန် ကလေးသည် နေသမီးဖြစ်လေသောကြောင့် ပို၍ပင် နှစ်မြို့နိုင်လိမ့်မည်မဟုတ်ပေ။

အခြင်းအရာအားလုံးကို အတိုချုံး၍ ကြည့်ရှုသောအခါ အောက်ပါ တိုင်း ဆက်စပ်နေပါသည်။ မကျင်စိန်၌ ပဋိသန္ဓေရင့်၍ လာသောအခါ မောင်မောင်ကြီးအိမ်၌ မီတင်းနေထိုင်ရသည်။ ကလေးနှစ်လ၊ သုံးလရှိသော ခါ မိဘရပ်ထံပြန်ရန်ဟု ဆုံးဖြတ်လိမ့်မည်။ အဖေမပေါ်သောကလေးကို ာဆွေမျိုးများအား ပြသင့်၊ မပြသင့်ဆိုသော ကြီးမားသော ပြဿနာသူ့၌ ါလာလိမ့်မည်။

နောက်ဆုံး သူ၏ဆုံးဖြတ်ချက်ဖြင့် ကလေးကို ဆုံကုန်းရိပ်သာ နီး မြောင်းထဲသို့ မျောချလိုက်ခြင်းဖြစ်လိမ့်မည်၊ အမှုတွင် ပေါ်လွင်သော ကျင်စိန်၏ပတ်ဝန်းကျင်အဖြစ်အပျက် သက်သေခံ ကွင်းများကို ဆက်စပ် ိုက်သောအခါ ဤကဲ့သို့ယူဆခြင်းမှတစ်ပါး အခြားယူဆရန် အဖြေမတွေ့ တရားခံ၏ ရှေ့နေက တရားခံသည် မကျန်းမာသောကြောင့် ယခုကဲ့သို့ တော်တဆဖြစ်သည်ဟုဆိုသည် မကျန်းမာကြောင်း သက်သေခံ အထောက် ထားမရှိ၊ ဤအမှု၌တရားခံသည် ကြိုတင်စိတ်ကူးဆုံးဖြတ်၍ ပြစ်မှုကို ျူးလွန်သည်ဟု ယူဆရန်သာဖြစ်သည်။ ၎င်းအား စွဲချက်ပါအတိုင်း ြစ်ချက် ချမှတ်ရမည်။

ြစ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ခြင်း ...

ပေါက်ရင်ကုန်းရွာ ဦးဘ၏သမီး မကျင်စိန်သည် ရာဇသတ်ကြီး ဒ်မ ၃၀၂ (၁) (ခ) ပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရှိသဖြင့် ၎င်းသည် သဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်၊ တရားခံအား (၇) ရက်အတွင်း အယူခံနိုင်ကြောင်း သတိပေးလိုက်သည်။*

---

* မင်းဘူးမြို့ အထူးတရားသူကြီးရုံး – ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် ၁၉၆၂ ခုနှစ်၊ ရာဇသတ်ကြီးမှုအမှတ် (၁၈)၊ ဦးဘတုတ်နှင့် မကျင်စိန် စီရင်ချက်။

အထက်ပါအမိန့်စီရင်ချက်အရ မကျင်စိန်သည် သူကျူးလွန်ခဲ့သည်ဆိုသော ရင်သွေးအား သတ်ပြစ်မှုနှင့် ကြိုးမိန့်ချမှတ်ခြင်းခံရသူ တစ်ယောက်ဖြစ်ရလေသည်။ ထိုအချိန်က မကျင်စိန် အမှုကိုစီရင်ချက်ချမှတ်ခဲ့သော တရားသူကြီးမှာ ဦးခင်မောင်လေးဖြစ်သည်။ မကျင်စိန်ကိုလည်း အချုပ်တရားခံဘဝမှ ကြိုးဒဏ်ကျခံရမည့် အကျဉ်းသူတစ်ယောက်ဖြစ်လာ၍ မင်းဘူးမြို့ အကျဉ်းထောင်မှ မြင်းခြံအကျဉ်းထောင်သို့ပို့လိုက်လေသည်။

(၆)

"ကျွန်မသမီးကို ကျွန်မသတ်တာ ထင်ရှားတယ်တဲ့ရှင်၊ ကျွန်မကို သေဒဏ်ပေးလိုက်ပြီ၊ ကျွန်မ သေရတော့မယ်၊ သမီးရေ ... မေမေ သမီး နောက် လိုက်ခဲ့မယ်ကွဲ့"

မကျင်စိန်၏ဘဝသည် အမှန်တကယ်က ဤသို့ဖြစ်လာရ မည် မဟုတ်ပါလော၊ သမီးကိုသတ်မှုတွင် ပတ်ဝန်းကျင်ကြောင်းခြင်း ရာများသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁) (ခ)အရ သေဒဏ်မှလွဲ၍ အခြားအပြစ်ဒဏ်များပေးရန် မဖြစ်နိုင်၊ ထို့ကြောင့်လည်း ကြိုးမိန့်ပေးခြင်းခံရသည်ဟု ဆိုရမည်။

တမှိုင်မှိုင် တတွေတွေ မစားနိုင် မအိပ်နိုင်ဖြစ်နေရှာသော မကျင်စိန်အား ...

"တရားနဲ့ဖြေပေါ့ ညီမရယ် ... အယူခံကျန်ပါသေးတယ်"

အားပေးရှာသည် မကျင်စိန်နှင့်အမြဲတမ်းတွေ့နေကြရသော အစောင့်များသည် စိတ်အေးအေးထား၍ အယူခံလွှာ တင်သွင်းသည့်အခါ ကိုယ့်အတွက် လွတ်ရာလွတ်ကြောင်း ဘာတွေရေးလျှင်ကောင်းမည်၊ တရားရုံး စစ်ဆေးစဉ်က သက်သေထွက်ချက်များထဲ၌ ဘာတွေများ ကွဲလွဲချက်ရှိသည်ကို ပြန်လည်စဉ်းစားထားရန် သတိပေးကြသည်။

မကျင်စိန်မှာ မိန်းမသားကလည်းဖြစ်ပြန်၊ ဤသို့သောအဖြစ်မျိုးကို တစ်သက်နှင့်တစ်ကိုယ် ဖြစ်ခဲ့ဖူးခြင်းမရှိ၊ ယခုကဲ့သို့သေမည့် ရက်ကို လက်ချိုးရေတွက်၍ စောင့်စားနေရမည့်ဘဝမျိုးတွင် အဘယ်မှာလျှင် မကြောက်ရွံ့ဘဲ ရှိပါအံ့နည်း၊ တုန်လှုပ်လာသည် ချောက်ချားလာရသည်။

"ကျွန်မရဲ့ဘဝဟာ တကယ်တော့ သေတာကပဲ ကောင်းပါသေးတယ် အစ်မရယ်"

မကျင်စိန်မှာ ဒုက္ခတရားများ၏ ဖိစီးနှိပ်စက်မှုဒဏ်ကြောင့် ရခဲလှပါသည်ဆိုသော လူ့ဘဝကိုပင် စွန့်လွှတ်လိုစိတ်များဖြစ်ပေါ်လာရသည်။

လူ့ဘဝသည် ရခဲလှဘိ၏။ ရခဲလှသည့်အကြောင်းကို ထွင့်ခေါင်ဆရာတော်က ဗြဟ္မာ့ပြည်က အပ်တစ်ချောင်းချလိုက်၍ လူ့ပြည်မှ အပ်တစ်ချောင်းနှင့် ထိချင်ထိမည်။ လူ့ဘဝကတော့ ရခဲလှသည်ဟု တင်စား၍ ကမ္ဗည္ဓာန်းသံပေါက်များ စပ်ဆို၍ သတိပေးထားလေသည်။ ထိုတရားများကို သီလရှင်ဘဝတွင် သင်အံလေ့ကျက်ခဲ့ရသော မကျင်စိန်သည် ယခုတော့မှ တရားလက်လွတ် ငှက်တောင်ကျွတ်ပမာ ဖြစ်နေရလေပြီ။

ပူဆွေးသောကဗျာပါရ တရားတွေ ဖိစီးထားသည့်အချိန်မှာပင်၊ မကျင်စိန်၏အယူခံလွှာတင်သွင်းရန်၊ရေးရလေသည်။ အမှုအကျိုးအကြောင်း သဘောထက်၊ မကျင်စိန်မှာလူသားမိခင်တစ်ယောက်အဖြစ်ထားရှိအပ်သည့် မေတ္တာတရား၊ သူ့ဘဝ၏နာကြည်းဖွယ်ရာ အဖြစ်များကို ထည့်သွင်းရေးသားရန် ဆန္ဒပေးသောကြောင့် မကျင်စိန်၏ အယူခံလွှာမှာ ဘဝသရုပ်ဖော်ဇာတ်လမ်းတစ်ပုဒ် အလွမ်းနှင့်စ၍ အလွမ်းနှင့်သာ ဆုံးထားရသော သူ့ဘဝမှတ်တမ်းသည် သင်ခန်းစာ ယူစရာများလည်းပါသည်။ အယူခံလွှာရေးသားပုံမှု တစ်မျိုးကို လေ့လာလိုသော သုတေသီများအဖို့ ဖော်ပြရပါမည်။

သေဒဏ်အကျဉ်းသူ အမှတ် ၅၃၁၈ စီ၊ မကျင်စိန် (ခေါ်) မကုလစာရီ၏ အယူခံလွှာတွင် ...

ကျွန်မသည် မင်းဘူးခရိုင် စလင်း၌ာနာပိုင် ပေါက်ရင်ကုန်းရွာမှ ဦးဘ – ဒေါ်ရင်တို့၏သမီးဖြစ်ပါသည်။ ကျွန်မ၏အမှုသွား အမှုလာကို ပညာရှိမင်းများ စဉ်းစားဝေဖန် သုံးသပ်နိုင်ရန် အစီရင်ခံရသော် ကျွန်မသည် ငယ်စဉ် ၁၂ နှစ် သမီးရွယ်ကပင် သီလရှင်ဝတ်ပြီး ကျွန်မ၏ မိဘများရွာနှင့် (၂) တိုင်ခန့်ဝေးသော ကန်ချောင်းကျောင်း သီလရှင်များထံတွင် စာပေပရိယတ္တိများကို လေ့လာဆည်းပူးခဲ့ရာ အစိုးရပထမပြန် စာမေးပွဲကို ၁၅ နှစ်သမီးအရွယ်တွင်၊ အငယ်တန်းကို အောင်မြင်၍ ၁၆ နှစ်ရွယ်တွင် ကျန်းမာရေးမကောင်းသဖြင့် တစ်နှစ်နားပြီး ၁၇ နှစ်အရွယ်တွင် (အလတ်တန်းကို ဖြေဆို

အောင်မြင်ခဲ့ပါသည်။) ကျွန်မ အလတ်တန်းဖြေစဉ်က ကျွန်မဖြေဆိုသော စာမေးပွဲ ထိုင်ခုံပေါ်မှာ ဝက်ရူးပြန်သကဲ့သို့ဖြစ်ပြီး မူးမေ့လဲကျဖူးပါသည်။ ၁၅ နှစ်သမီး သီလရှင်ဘဝက ခွေးရူးအကိုက်ခံရဖူးပါသည်။ ၅ နှစ်သမီး အရွယ်တွင်လည်း ရူးသွပ်သောရောဂါဝေဒနာစွဲကပ်၍ တစ်ခါတစ်ရံ ဝက်ရူး ပြန်သကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံ သူရူးကဲ့သို့လည်းကောင်း၊ သတိ များလစ်ပြီး လမ်းသွား လမ်းလာများကို တွေ့ရာနှင့် ဆွဲပေါက် ရိုက်နှက်ခြင်း ပြုသဖြင့် ကျွန်မ မိဘများက ခြံခတ်ပိတ်လှောင်ထားဖူးခြင်းခံရပါသည်။

ကျွန်မသည် အသက် ၂၀ အရွယ်တွင် သီလရှင်ဝတ်မှ လူဝတ်လဲပြီး ကျွန်မအမေ၏ မိခင်တော်သူအမေကြီး ဒေါ်ခနို့ထံတွင် တောင်သူအလုပ်ဖြင့် ကူညီလုပ်ကိုင်နေထိုင်ခဲ့ရာ ၂ နှစ်ခန့်ကြာခဲ့ပါသည်။ ကျွန်မသည် အမေကြီး ဒေါ်ခနို့နေသည့် သဖန်းကန်ရွာသားတစ်ဦးနှင့် ချစ်ကြိုက်ခဲ့ရာ လွန်လွန်ကျူး ကျူးဖြစ်ပြီး ၎င်းသည် စီးပွားရေးအခြေအနေမဲ့သူ ကျွန်မအားပစ်ထားခဲ့ပြီး နောက်တစ်ယောက်နှင့်လက်ထပ်ထိမ်းမြားသွားပါသည်။ ကျွန်မနှင့်၎င်းလူ၏ ကိစ္စအဝဝကို ကျွန်မ အမေကြီးနှင့် မိဘများအားလုံးသိကြပါသည်။ ကျွန်မ သည် ၎င်းအား ချစ်ကြိုက်ခြင်း၏ အမြတ်မှာ ကလေးတစ်ယောက်ကို ပဋိသန္ဓေရခြင်းသာအဖတ်တင်ခဲ့ပါသည်။ ၎င်းနှင့် ပဋိသန္ဓေရခြင်းကို ကျွန်မ ၏ဆွေမျိုးသားချင်း မိဘများ သိရှိကြပါသည်။ ကျွန်မ ပဋိသန္ဓေရ၍ (၆)လ အကြာတွင် ကျွန်မ၏ အစ်မတစ်ဝမ်းကွဲတော်သူ ချောက်မြို့မှ မသက်တင် ထံတွင် သွားရောက်နေထိုင်ခဲ့ပါသည်။ အောက်ရုံးတရားသူကြီးမင်း ထင်မြင် သည့်အတိုင်း ၎င်းကလေး အား ဖျောက်ဖျက်လိုသူဖြစ်က ဆေးစွမ်းကောင်း များဖြစ်ထွန်းနေသည့် ယခုလို အချိန်တွင် ဝမ်းတွင်းတွင်ရှိနေသော ကလေးကို ဖျက်ချက ဖြစ်နိုင်ပါသည်။ ယခုမူ ကျွန်မသည် ထိုကဲ့သို့ မပြုဘဲ မိခင်တို့၏ သံယောဇဉ်ကြီးမားသည့်အတိုင်း၊ ကျွန်မ ရင်သွေးဖြစ်သည့် ပဋိသန္ဓေကို မဖျက်ဆီးခဲ့ဘဲ (၃) လသမီး အရွယ်ရောက်မှ ချစ်ခင်စရာကောင်းသော ကလေးအား ရက်စက်မှုပြုရန်ခဲယဉ်းမည်ဖြစ်ပါသည်။ အောက်ရုံးတော်တွင်၊ ကျွန်မထုချေရှင်းလင်းချက်ကို မပြုရဘဲ၊ အစိုးရပေးသော ရှေ့နေဖြင့်သာ ထုချေခဲ့ရာ ရှေ့နေမှာလည်း ကျွန်မအား အကြောင်းစုံကို မေးမြန်းခြင်းမပြု ခဲ့ပါ။

ကျွန်မသည် ယခုသေဆုံးရသောကလေးကို သီလရှင်ဝတ်နှင့် ပဋိသန္ဓေရခဲ့သူမဟုတ်ဘဲ၊ လူဝတ်လဲပြီး တစ်နှစ်ခွဲခန့်ကြာမှ ရရှိသော ကလေးဖြစ်ပါသည်။ အောက်ရုံးတရားသူကြီးမင်းက သီလရှင်ဝတ်နှင့် ရသည်ဟု ထင်မြင်ရာ၊ ၎င်းအချက်ကို ထောက်ရှုခြင်းအားဖြင့် အောက်ရုံး တရားသူကြီးမင်းသည် ကျွန်မ၏အမှုကို ရေလည်စွာ မစိစစ်ဘဲ ထင်မြင်ချက်နှင့် အပြစ်ပေးထားခြင်း ထင်ရှားလှပါသည်။

ကျွန်မသည် ချစ်သူ၏ စွန့်ခွာခြင်းကိုခံရသဖြင့် စိတ်ညစ်ပြီး ကျွန်မ အစ်မထံတွင် သွားရောက်နေထိုင်ခဲ့စဉ်၊ ၎င်းကလေးကို မွေးဖွားခဲ့ပါသည်။ ကျွန်မသည် ကလေးမျက်နှာမြင်ပြီး တစ်လအကြာတွင် ကလေးနှင့်အတူ ကျွန်မ၏ မိဘဆွေမျိုးများထံ အလည်သွားရောက်ပြီး ချောက်မြို့တွင် အလုပ်အကိုင်ကောင်းမွန်သဖြင့် ချောက်မြို့မှာပင် ပြန်လည်နေထိုင်လုပ်ကိုင်၍၊ ကလေး (၃) လသမီးအရွယ်မှာ နောက်ထပ် အမေတို့ထံအပြန်တွင် ယခုအမှုဖြစ်ရပါသည်။ ကျွန်မသည် ထိုနေ့က မော်တော်ဖြင့် ချောက်မြို့မှ ဆင်ဖြူကျွန်းမြို့သို့စီးလာရာ၊ ဆင်ဖြူကျွန်းမှ ကျွန်မအဖေ၏မိခင်ဖြစ်သူ အမေကြီး သီလရှင်ဒေါ်ဝဲနေထိုင်သော ဆုံကုန်းရိပ်သာသို့သွားရောက်ကာ၊ ၎င်းကျောင်းမှ သီလရှင်တစ်ပါးက ကျွန်မ၏အမေကြီး တခြားသွားနေကြောင်းပြောသဖြင့် ၎င်းသီလရှင်နှင့် နာရီဝက်ခန့်သာ စကားပြောပြီး အမေကြီးမရှိက ပြန်တော့မည် ပြောပြီးပြန်လာစဉ်၊ ကျောင်းနှင့် ဝါးငါးပြန်ခန့်အရောက်မှာ ရေမြောင်းတစ်ခုရှိ၍ ၎င်းရေမြောင်းအနီးတွင် ကလေးချပြီး ကလေးအဝတ်များ လျှော်နေပါသည်။ ထိုစဉ် မော်တော်ပေါ်တွင် အတူစီးလာသော မစန်းဆိုသူရောက်ရှိလာပြီး ကလေးအားမေးရာ ကလေးသိပ်ပြီးထားခဲ့သော ဆွဲခြင်းနားကို ညွှန်ပြရာ ထိုစဉ်ကလေးသည် ကျွန်မ အဝတ်လျှော်နေသော နေရာနှင့် နှိုင်းစာကြည့်မည်ဆိုလျှင်၊ ကျောင်းဘက်တွင် ကလေးသိပ်ထား၍ ကျွန်မ လက်ညှိုးထိုးပြသောနေရာကို ကျောင်းဘက် ထိုးပြသော အထင်ရှိသဖြင့် ရုံးတော်တွင် ကလေးကို ကျောင်းထဲ၌ထားခဲ့သည်ဟု ထွက်ဆိုပါသည်။ ကလေးသိပ်ထားသောနေရာကို ၎င်းမြင်ဟန်မတူပါ။

ကျွန်မသည် ကလေးကို ပွေ့ပိုက်ပြီး နို့တိုက်နေစဉ် မူးမေ့လဲကျသွားပါသည်။ သတိပြန်ရသောအခါ မူး၍လဲသောနေရာတွင် မဟုတ်ဘဲ

မူးလဲသည့်နေရာနှင့် အတော်အလှမ်းကွာဝေးသော ရေစီးချောင်းအဆုံတွင် တင်၍နေပါသည်။ ထိုနေရာတွင် ကလေးကိုရှာသော်လည်း မတွေ့ရပါ။ ရပ်ရွာလူသူနှင့်လည်း နီးသောအရပ်မဟုတ်ပါ။ ကလေးကိုရှာသော်လည်း မတွေ့ရသောကြောင့် ထိုနေရာမှ ကျွန်မ မိဘများရှိရာ ပြန်လာရာ၊ ကိုဦးမောင် ဆိုသူ၏ မြင်းလှည်းကို တွေ့၍ စီးလိုက်ခဲ့ပါသည်။ ကိုဦးမောင်အား ယခင်က သိသူမဟုတ်သဖြင့် ကျွန်မ၏ အဖြစ်အပျက်အားလုံးကို ပြောမပြခဲ့ပါ။ ရုံးတော်တွင် ကိုဦးမောင်၏ထွက်ချက်ကို ထောက်ရှုမည်ဆိုပါက ၎င်း၏ မြင်းလှည်းပေါ်တွင် ကျွန်မသည် ပျော်ရွှင်ကြည်လင်မှုမရှိဘဲ ငိုယို၍လိုက်ပါ လာကြောင်း ထွက်ဆိုသွားပါသဖြင့် ကျွန်မ၏ကလေးအား ရက်စက်စွာ သတ်သူမဟုတ်ဟု ယူဆသင့်ပါသည်။

ကလေး ရေမြောင်းထဲ မျောသွားပြီး၍ ကျွန်မသတိရစဉ် ကလေးကို မတွေ့ရသဖြင့် သောကမီးများ တောက်လောင်နေသော ကျွန်မသည် ကလေး၏အဖြစ်အပျက်ကို မည်သူတစ်စုံတစ်ယောက်မျှ ပြောရန်သတိ မရခဲ့ပါ။ ရွာသို့ရောက်မှသာ ကျွန်မ၏မိခင်အားပြောပြပါသည်။ ထိုသို့ မိခင် အားပြောပြ၍ တအောင့်လောက်အကြာတွင် ရဲများလာရောက်၍ ဖမ်းဆီးသဖြင့်၊ ရပ်ရွာလူကြီးများအား တိုင်ကြားချိန်မရခဲ့ပါ။

ကျွန်မသည် ကလေးအား ကြိုတင်ကြံစည်၍ သတ်သူဖြစ်ပါမူ ဤမျှရေနည်း၍ တစ်ပေမျှကျယ်ဝန်းသော ရေမြောင်းတွင် မသတ်ဘဲ အခြား သောနည်းများဖြင့် သေစေလိုက၊ သတ်ရန်နည်းများစွာရှိပါသည်။ ဤ အချက်တွင် အောက်ရုံး တရားသူကြီးမင်း၏ ထင်မြင်ယူဆချက်မှာ မှန်ကန် ခြင်းမရှိဟု ယူဆသင့်ပါသည်။

ကျွန်မ၏ကလေးအား မွေးစားလိုသူများရှိသော်လည်း၊ ကျွန်မ၏ ရင်သွေးကို မည်သူ့အားမျှ မပေးခဲ့ဘဲ (၃) လသမီးအရွယ်ရောက်အောင် စောင့်ရှောက်လာခဲ့သော ကျွန်မ၏ရင်သွေးသမီးလေးအား ရက်စက်စွာ သတ်မည် မဟုတ်ဟု ယူဆသင့်ပါသည်။

ကျွန်မ၏ဘဝတစ်လျှောက်ကို ပြန်လည်ကြည့်ရှုမည်ဆိုပါက ငယ်ရွယ်စဉ်အခါကပင်၊ သီလရှင်အဝတ်နှင့် ဗုဒ္ဓမြတ်စွာ၏တရားစာပေ ပရိယတ္တိများကို သင်ကြားလာရာ၊ ကျွန်မစိတ်ဓာတ်မှာ မြတ်စွာဘုရား၏

တရားဓမ္မတော်ကို လိုက်နာနေသူဖြစ်၍ နုနယ်လှပါသည်။ အသိ (၃) မျိုးသာ ရှိသော တိရစ္ဆာန်များပင် မိမိ၏ သားသမီးများကို သံယောဇဉ်ကြီးမားကြ ပါလျက်၊ တိရစ္ဆာန်မဟုတ်သော အားနွဲ့သူဖြစ်သည့် လူမိန်းမဖြစ်သူ ကျွန်မ က၊ မိမိ၏သမီးကို သတ်နိုင်ရန်အကြောင်း မရှိပါ။

သို့ပါသောကြောင့် အထက်ဖော်ပြခဲ့သည့် ကျွန်မ၏ငယ်ရွယ်စဉ် အခါမှ ယခုအချိန်အထိ စွဲကပ်ခဲ့သော ရောဂါဝေဒနာများ ခွေးရူးကိုက်ခံရသူ၊ ဝက်ရူးပြန်သူများသည် ရေကိုမြင်သော်လည်းကောင်း၊ လေ့ကိုစီးခဲ့သော် လည်းကောင်း၊ ဝေဒနာဟောင်းများ ပြန်လည်ပေါ်ပေါက်တတ်ခြင်း၊ ကမ္ဘာဦး ကစ၍ မိခင်တိုင်း၊ မိခင်တိုင်းသည် သား သမီးများအပေါ် သံယောဇဉ် ကြီးမားတတ်ခြင်း၊ အကြောင်းများကို ထောက်ရှု၍ မိန်းမသားဖြစ်သူ ကျွန်မ သည် ၎င်းကလေးအား သတ်ဖြတ်မည်မဟုတ်သောကြောင့် ဤမျှကြီးလေး သော အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါမည့်အကြောင်း၊ အရှင်ဘုရား ရုံးတော်သို့ ဦးတိုက်လျှောက်ထားအသနားခံအပ်ပါသည်။*

မကျင်စိန်၏ ရာဇဝတ်အယူခံမှု အမှတ် ၉၅–၆၃ စောဒကမှု အမှတ် ၉၁ / ၆၃ တို့ကို တရားလွှတ်တော် တရားဝန်ကြီး ဦးစောဘသိန်း နှင့် ဦးထွန်းတင်ထိုင်သည့် အယူခံ ခုံရုံးမှ ကြားနာလေသည်။ ထိုအယူခံ မှုနှင့် စောဒကမှုတို့ကို ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမိန့်ချ မှတ်သည်။

အယူခံခုံရုံး စီရင်ချက်၏ ဝိသေသလက္ခဏာသည်၊ အမှုတစ်ခုလုံး ပေါ် အမှားအမှန် ဝေဖန်သုံးသပ်ခြင်းထက်၊ အမှုကြားနာနေသည့်ကာလ အတွင်း ပေါ်ပေါက်လာသည့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မှာ ထိုမှုအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ရပ်ဖြစ်လာသည်။ ထိုအချက်သည်ပင် မကျင်စိန် အယူခံမှုအတွက် ဝိသေသလက္ခဏာ တစ်ရပ်ပင်ဖြစ်လေသည်။

ထိုအချက်နှင့် ပတ်သက်၍ အယူခံခုံရုံး၏ စီရင်ချက်တွင် ဖော်ပြ ထားသည်ကို လေ့လာဖတ်ရှုကြပါစို့။

သို့သော် ယခုအမှုမှာ ၃၀–၈–၆၂ နေ့တွင်ဖြစ်ပျက်ရကား ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ ၁၉၆၃ ခုနှစ် ဧပြီလ ၁

---

*တရားလွှတ်တော် ရာဇဝင် အယူခံမှု အမှတ် ၉၅–၆၃ခု အယူခံလွှာ။

ရက်နေ့စွဲပါ၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အကျုံးဝင်နေပေသည်။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုမှာ မြန်မာနိုင်ငံသူ တစ်ဦးဖြစ်ပြီး၊ ထိုအမိန့် အပုဒ်ကြီး (၁)အပုဒ်ငယ် (၂) လိုအပ်ချက်အရ အမှုကိုတိုင်တန်းသူများလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ခွေး ပြဆိုထားသည့်အတိုင်း၊ ထိခိုက်နစ်နာသူတစ်ဦးအဖြစ် ပါဝင်သူမဟုတ်ကြောင်း ကျွန်ုပ်တို့ တွေ့ရှိရသောကြောင့်ဖြစ်သည်။ သို့အတွက် အယူခံတရားလို၏အမှုမှာ ဖော်ပြပါ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့်လုံးဝ အကျုံးဝင်နေကြောင်းကိုလည်း အစိုးရအတွက် လိုက်ပါဆောင်ရွက်သူ ပညာရှိရှေ့နေကြီးက ဝန်ခံပေသည်။ ဖော်ပြပါ အကြောင်းများကြောင့် ၁၉၆၃ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အောက်ရုံးအမိန့်ပယ်ဖျက်၍ အမှုကိုပိတ်သည်။*

အယူခံခုံရုံး၏ ဆုံးဖြတ်ချက်သည် တော်လှန်ရေးကောင်စီအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် အခြေခံထား၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်မှာ ထင်ရှားသည်။ မကျင်စိန်အား သေဘေးမှလွတ်ကင်းအောင် ကယ်တင်သူမှာ ဥပဒေလည်းမဟုတ်၊ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာလည်း မပေါ်လွင်၊ အဓိက ပေါ်လွင်သည်မှာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ပင် ဖြစ်လေသည်။

လွတ်မိန့် မြင်းခြံထောင်သို့ရောက်လာသည့်အခါ ...

"မကျင်စိန် ခင်ဗျားလွတ်ငြိမ်းချမ်းသာခွင့်အရ လွတ်လိုက်ပြီ"

မကျင်စိန်မှာ ထောင်ပိုင်ကြီး၏ မျက်နှာကို စူးစိုက်ကြည့်ရင်းက ဝမ်းသာသည့် မျက်ရည်များသည် မျက်လုံးအိမ်တွင်းမှ လျှံ၍ထွက် လာလေသည်။ စကားမပြောနိုင် သူ့မျက်နှာသည် မျက်ရည်ပေါက်များ ကျဆင်းသည့်ကြားမှာပင် ပြုံးယောင်သန်းလျက်ရှိသည်။

"ကျွန်မကို ဘုရားမတာပဲ"

ယုံကြည်ကိုးစား ဦးထိပ်ထားသည့် မြတ်ဘုရားသည်သာလျှင် သူ့အား သေတွင်းခံတွင်းမှ လွတ်ကင်းအောင် ကယ်မလိုက်သည်ဟု ပြောလိုက်သည်။

---

* ၁၉၆၃ ခု၊ အယူခံမှုအမှတ် ၉၁ တရားလွှတ်တော်ချုပ်

"ခင်ဗျား ယူစရာရှိတဲ့ ပစ္စည်းတွေယူပါ၊ ဒီက မင်းဘူးအရောက်ပို့ပေးမယ်၊ မင်းဘူးကတစ်ဆင့် ပေါက်ရင်ကုန်းရွာကို အရောက်ပို့ ပေးကြလိမ့်မယ်"

မကျင်စိန်မှာ ထောင်တွင်း၌ ယူစရာပစ္စည်းဆို၍ မည်မည်ရရ မရှိ၊ သူပိုင်ပစ္စည်းများနှင့်အတူ အကျဉ်းထောင်ပိုင်ဝန်၏ စီစဉ်ပေးချက်အရ ပေါက်ရင်ကုန်းရွာသို့ ပြန်ရောက်လာရပေသည်။ အမိအဖဆွေမျိုး ညီအစ်ကိုမောင်နှမတို့သည်လည်း ဝမ်းသာ၍မဆုံးဖြစ်ကြရလေပြီ။

(၆)

ရာဇဝတ်မှုတစ်ခု ကျူးလွန်သည်ဆိုခြင်းမှာ ကျိုးကြောင်း ယှဉ်တွဲလျက်ရှိပါသည်။ မကျင်စိန်အပေါ် မူလရုံး ဒုတိယအထူးတရားသူကြီး၏ ယူဆချက်အရ၊ အပြစ်ဒဏ်ချမှတ်ခဲ့ခြင်းခံရသူတစ်ယောက်ဖြစ်သည်။ သူကိုယ်တိုင်ကမူ ကလေးမြောင်းထဲကျ၍ သေသွားသည်ဆိုသည်ကို မငြင်းနိုင်၊ သို့သော် ကလေးမြောင်းထဲကျသွားရသည်မှာ သူသတ်ခြင်းမဟုတ် စွဲကပ်ဖူးသော ဝက်ရူးပြန်ရောဂါကြောင့်ဟု ထုချေချက်တင်သွင်းခဲ့လေသည်။

ကလေး၏သေဆုံးမှုတွင် မကျင်စိန် သတ်သည် မသတ်သည်ဆိုခြင်းမှာ အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာများက ပေါ်လွင်သည်။ မကျင်စိန်အား ရာဇဝတ်ကြီးပုဒ်မ ၃၀၂ အရ တရားစွဲခံရခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ အပြစ်ပေးခြင်းခံရသည့်အထိ ဖြစ်လာရသောအကြောင်းရင်းခံများကို လေ့လာတွေ့ရှိရသည်မှာ ...

မကျင်စိန်သည် သဘာဝတရားကို မလွန်ဆန်နိုင်သောကြောင့် ယောကျ်ားတစ်ယောက်၏ အချစ်ကို ယုံယုံကြည်ကြည် လက်ခံခဲ့သည်မှာ ထင်ရှားသည်။ ထိုသဘာဝတရားသည် လူမှုရေး နယ်ပယ်၌ ဖိမ မဆက်ဆံရေးဖြစ်သည်။

မကျင်စိန်အပေါ် ကျူးကျူးလွန်လွန်ချစ်ခဲ့သော ယောကျ်ားသည် လူကျင့်ဝတ်အရ တစ်လင်တစ်မယားပေါင်းသင်းရမည့် အခြေအနေသို့ရောက်လာသည့်အခါ မကျင်စိန်အပေါ်တွင် အဓိကဖြစ်ရမည့် သစ္စာတရားကို မကြည့်တော့ဘဲ မကျင်စိန်၏စီးပွားရေးအခြေအနေကိုပါ ပေါင်းစပ် ကြည့်ရှု

လာသည်။ မကျင်စိန်အခြေအနေမှာ သူလိုလားသော အဆင့်အတန်းနှင့် ကွာခြားလျက်ရှိသည့်အခါ စောစောက တဇွတ်မွန်၍ ပြောချင်တာပြော ဆိုချင်တာဆိုခဲ့သော ယောက်ျားတစ်ယောက်သည် လူ့ယဉ်ကျေးတို့ လိုက်နာရမည့် စည်းကမ်းချက်များကို မျက်စိမှိတ်၍ မသိဟန် မမြင်ဟန်ဆောင်ကာ မကျင်စိန်အပေါ်တွင် သစ္စာမဲ့သွားခြင်းဖြစ်သည်။

ထို့ကြောင့်လည်း မကျင်စိန်သည် ထိုရာဇဝတ်မှုဖြင့် အဖမ်းခံရခြင်း၊ သေဒဏ်ပေးခံရခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်အရ၊ သေဒဏ်မှလွတ်ကင်းရခြင်းစသော ဘဝတစ်ခု၏ လှည့်ပတ်ကျင်လည်သွားရခြင်းဖြစ်သည်ဟု ကောက်ချက်ချရပါတော့သည်။

■

# လယ်မြေ တစ်ကွက် အသက်သေကြရသူများ

၁၉၆၀ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ ညသန်းခေါင်ယံအချိန် ...

တိတိကျကျရက်သတ်မှတ်ရသော် ဇူလိုင်လ ၂၁ ရက်နေ့ နံနက် ကျူးဖြစ်ပါ၏။ ညချမ်းက မိုးရေဆမ်းထားသောကြောင့် ရှမ်း ရှမ်းစိုနေသော းစိမ့်ကျေးရွာသည် အမှောင်ထုအောက်၌ ဖြောက်ဖြောက်သံပင်မကြားရ၊ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုအချိန်၌ ရွာနှင့်တစ်ဆက်တည်းရှိသည့် ဘုန်းကြီးကျောင်းဝင်း အတွင်းမှ ပြင်းပြင်းတွဲ့တွဲ့ အူနေသော ခွေးတစ်ကောင်၏အသံမှာ နားငြီး ယ်ကြားနေရသည်။

ရွာလယ်လမ်းမှ ခြေလှမ်းသုတ်သုတ်လှမ်း၍ ဦးဟံသာအိမ်နားရှိ ကုက္ကိုပင်ရိပ်သို့ဝင်ခိုလိုက်သည့် လူနှစ်ယောက်၏ လှုပ်ရှားမှုမှာ အကြံတစ်ခု နောက်ကွယ်မှ ပေါ်ပေါက်လာသော လှုပ်ရှားမှုများသာ ဖြစ်ပေသည်။ ဏအကြာ၌ ကုက္ကိုပင်ရိပ်မှနေ၍ ဦးဟံသာ တင်းကုပ်ဘေးသို့ ထိုသူနှစ် ယောက်ပြေးဝင်ကပ်လိုက်ကြပြန်သည်။

မှောင်ရိပ်သို့ ဝင်ကပ်လာသော လူရိပ်ကိုမြင်လိုက်သည့် ဦးဟံသာ တင်းကုပ်အတွင်းမှ ခွေးနှစ်ကောင်၏ သဲသဲမဲမဲဟောင်သံများကြောင့် ဦးဟံသာ၏ ဇနီးဒေါ်ရွှေသင် နိုးလာသည်။ ဒေါ်ရွှေသင်၏ နားထဲသို့ ဒီး...

ဒီး ... ဒီး .. ဒီးနှင့် တီးတိုးစကားပြောသံလိုလို ကြားလာရပြန်သည်။ ဒေါ်ရွှေသင်က သဲသဲကွဲကွဲ ကြားရအောင် နားစွင့်ထားသော်လည်း စကားပြောသံကို သဲ့သဲ့မျှကြား၍ စကားလုံး မကွဲဘဲဖြစ်နေသည်။

ဒေါ်ရွှေသင်၏စိတ်၌ သူ၏အိမ်ထက်၊ သူ၏ချွေးမနှင့်ကလေးများသာရှိသည့် မအေးကျင် တင်းကုပ်ကို လှမ်း၍ ပူပင်စိတ်ဖြစ်လာမိသည်။

"ဟဲ့ ... အေးကျင်"

"နိုးနေတယ် အမေ"

ကြိုတင်နိုးနေသည့် မအေးကျင်က ပြန်ပြောလိုက်သည်။

"နွားမီးထည့်ပြီးပြီလား"

"ထည့်ထားတယ် အမေ"

မအေးကျင်မှာ သူ့စကားပြောသံကြောင့် နိုးလာသည့် ရင်ခွင် ထဲမှ သားငယ် သံချောင်း၏ ကျောကိုပွတ်ပေး၍ ပြန်သိပ်ပေးနေသည်။

တီးတိုးစကားပြောသံကို ဒေါ်ရွှေသင်ထပ်၍ ကြားရပြန်သည်။ ဒေါ်ရွှေသင်သည် စာရင်းငှား မောင်ခင်အောင် အိပ်ပျော်နေသည့်နေရာသို့ ထသွားပြီး လှုပ်၍နှိုးလိုက်သည်။

"ဘာလဲ ... အမေ"

"ထစမ်းဟဲ့ ခင်အောင်"

ခင်အောင်လည်း သူ့မျက်လုံးနှစ်ဖက်ကို ပွတ်၍နေစဉ် ...

"ခင်အောင် ... တင်းကုပ်ဘေးက စကားပြောသံကြားရတယ်၊ နားထောင်စမ်း၊ ဘယ်သူတွေလဲလို့"

ဒေါ်ရွှေသင်နှင့် မောင်ခင်အောင်သည် နားထောင်၍မသဲကွဲသောကြောင့် ဖွင့်ထားသည့်ကဲလား (ပြတင်း)ပေါက်မှနေ၍ အပြင်သို့ချောင်းကြည့်လိုက်ကြသည်။ သူတို့အိမ်နှင့် တစ်အိမ်ကျော် နှစ်အိမ် ကျော်တွင်နေကြသည့် ရွှေလုပ်နှင့် ကံလှတို့ ညီအစ်ကိုကို အလင်းရောင်အားနည်းသည့်ကြားမှာပင် မသဲမကွဲ မြင်လိုက်ရသည်။

ခွေးနှစ်ကောင်၏ ဟောင်သံက မရပ်ပါ၊ ဆက်၍ ဟောင်နေမြဲ...

ဒေါ်ရွှေသင် တင်းကုပ်ဘေး မှောင်ရိပ်အောက်၌ ရပ်နေသူ နှစ်ဦးသည် ခြေလှမ်းကျဲကျဲလှမ်း၍ မအေးကျင်၏ တင်းကုပ်အတွင်းသို့ဝင်သွား

ကြသည်။ ဒေါ်ရွှေသင် မှာ ကဲလားပေါက်မှပင် မျက်တောင်မခတ်ကြည့်နေသည်။ မောင်ခင်အောင်သည် အိပ်မောကျနေသည့် ဦးဟံသာကို သွားနှိုးနေသည်။

ဝုန်း … ဝုန်း … ဝုန်း

ဗလုံးဗထွေးဖြစ်သံများ ကြားရပြီးနောက် တခွပ်ခွပ်နှင့် ဆက်၍ခုတ်သံများကြားရသည့်အတွင်းမှပင် …

"မလုပ်ပါနဲ့ … မလုပ်ပါနဲ့ ကလေးတွေ ထိကုန်ပါပြီ"

မအေးကျင်၏ အော်သံကို ကျယ်ကျယ်လောင်လောင်ကြားလိုက်ရသည်။ ခုတ်သံထစ်သံများမှာ မရပ်မနား ခုတ်ထစ်နေသည်ကို ကြားရသည့်အပြင် လက်နှိပ်ဓာတ်မီးရောင်တဝင်းဝင်းတလက်လက်ကိုလည်း ဒေါ်ရွှေသင်အိမ်မှ လှမ်းမြင်နေရသည်။

မအေးကျင်အိမ်မှာ ဘုန်းကြီးကျောင်းဘေးရှိ ရွာလမ်းနှင့်ရွာလယ်လမ်းဆုံ ရွာထောင့်ကျကျဖြစ်၍ လမ်းတစ်ဖက်ရှိ လူနေအိမ်များဘက်မှ ထိုအဖြစ်အပျက်ကို ရုတ်တရက် ကြားကြဟန်မတူ။ မလှုပ်မယှက် အိပ်မောကျလျက်ပင်ရှိနေကြသေးသည်။

"လာကြပါ … လာကြပါ … ကံလှနှင့် ရွှေလုပ် ခုတ်ကုန်ပါပြီ … လာကြပါ … လာကြပါ"

ဒေါ်ရွှေသင်သည် သံကုန်ဟစ်၍ မရပ်မနား အော်လိုက်သည်ကို မအေးကျင်အိမ်ပေါ်တွင် ခုတ်ထစ်နေသောသူနှစ်ယောက်ကြားလိုက်၍ …

"ဟေ့ … မအော်နဲ့ … အဘွားကြီး ခင်ဗျားပါ သေချင်သလား"

လှမ်း၍အော်ငေါက်ပြောလိုက်သော်လည်း ဒေါ်ရွှေသင်၏ အသံမှာဆက်၍ပင် အော်နေဆဲဖြစ်သည်။ ဦးဟံသာနှင့် မောင်ခင်အောင် တို့မှာလည်း ရုတ်တရက် မဆင်းရဲသောကြောင့် အရိပ်အခြည်ကို စောင့်ကြည့်နေကြသည်။

မအေးကျင်က မလုပ်ရန် တောင်းပန်နေသော်လည်း ဓားနှင့်ခုတ်နေသူနှစ်ဦးမှာ စိတ်ကြိုက် မီးထိုး၍ မီးရောင်ထဲ၌ ခုတ်နေကြသောကြောင့် တင်းကုပ်ဝင်ပေါက် ထွက်ပေါက်မှ မအေးကျင် ဆင်းပြေးသွားသည်ကို ဒေါ်ရွှေသင်နှင့် အိမ်သားများက မြင်လိုက်ကြသည်။ တင်းကုပ်ထဲမှ လူနှစ်ယောက်လည်း မအေးကျင်ဆင်းပြေးရာ နောက်သို့လက်နှိပ် ဓာတ်မီးထိုး၍

ဆင်းလိုက်သွားကြပြီး လမ်းမပေါ်မှနေ၍ ...

"ကံလှနဲ့ ရွှေလုပ်ကွ ... ဘာတတ်နိုင်သေးသလဲဟေ့"

အော်ဟစ်ပြောသွားကြသည့်အသံကို ဒေါ်ရွှေသင်တို့ အိမ်သားအားလုံးကြားလိုက်ရသည်။

"ကိုဟံသာလိုက်သွားပါ ... အေးကျင် ဘယ်လိုဖြစ်သွားသလဲမသိဘူး"

ဦးဟံသာသည် ရရာလက်နက်ကို ဆွဲကိုင်၍ မောင်ခင်အောင်နှင့် နှစ်ယောက်ပြေးဆင်းသွားကြသူများနောက်သို့ အခြေအနေ ကြည့်၍ လိုက်သွားကြသည်။

"မအေးကျင်မှာ သေဘေးမှ လွတ်အောင် ဘုန်းကြီးကျောင်းဘေးလမ်းအတိုင်းပြေးသွားသည်။ သူ့ပထမအိမ်ထောင်နှင့်ရသည့် သမီးနှင့် သမက်အိမ်ရှေ့သို့ရောက်လာသည့်အခါ မောပန်းခြင်း၊ ကြောက်ရွံ့ခြင်းတို့ ရောပြွမ်းနေသည့်အသံဖြင့် ....

"အုန်းကြည် ... အုန်းကြည် ထပါဦးဟဲ့"

မအုန်းကြည်သည် အိပ်ရာထဲမှ မိခင်ခေါ်သံကြောင့် လူးလဲ ထ၍...

"အမေ ... အမေ ... ဘာလဲ ... ဘာလဲ"

မအေးကျင်၏အသံကို ဆက်၍ မကြားရပါ။ မအုန်းကြည် အိမ်ပေါက်ဝရောက်သည့်အချိန်တွင်၊ မအေးကျင်၏နောက်မှ ထက်ကြပ်မကွာလိုက်ပါလာကြသည့် လူသတ်သမားနှစ်ယောက်သည် မအုန်းကြည်အိမ်ပေါက်ဝသို့ရောက်ရှိလာကြ၍ ရင်ဆိုင်တိုးမိကြသည်။

"ငါရိုးမ ... နင်ပါ သေသွားချင်သလား"

ထိုသူက ပြောပြောဆိုဆို လက်ထဲတွင် ကိုင်ထားသည့် ဓားနှင့် လှမ်းထိုးလိုက်သောကြောင့် မအုန်းကြည်အိမ်ထဲသို့ ပြန်ဝင် ပြေးရသည်။

ပြေးသံ ... လိုက်သံ ... ဆဲသံ ဆိုသံများကြောင့် ရွာလမ်း ဘေးတွင် ကပ်နေကြသည့်အိမ်များအချို့နိုးလာကြသည်။ မီးခွက် မထွန်းကြဘဲ အိပ်ရာထဲကပင် အပြင်မှ အသံများကို နားထောင်နေ ကြသည်။

"ကိုစိန်မောင် ... ကိုစိန်မောင် ထပါဦး၊ အမေ့နောက်ကို ကံလှနဲ့ ရွှေလုပ် ဓားကိုင်လိုက်ရှာနေကြတယ်။ အမေ့အသံလည်း မကြားတော့ဘူး"

မအုန်းကြည်သည် အိပ်ပျော်နေသည့် သူ့ယောကျ်ားကို နှိုးနေချိန်မှာပင် ...

"ကံလှကွ ... မီးမလင်းနဲ့ နက်ဖြန်သန်ဘက် မသာတွေ သင်္ဂြိုဟ်ဖို့ငွေရှာထားကြ"

ထိုအသံကြားရပြီးနောက်တွင် လူသတ်သမားနှစ်ယောက်၏ ခြေအနေ လှုပ်ရှားမှုများ ပျောက်ကွယ်၍သွားလေသည်။

မအေးကျင်၏ သမီး ဆယ့်တစ်နှစ်အရွယ်ရှိ မဆေးရုံသည် ခြင်ထောင်နှင့် လုံးထွေးနေကြသည့် မောင်လေးများကို နှိုးလိုက်သည်။ ခေါ်ကြည့်၍ ရသောကြောင့် လှုပ်နှိုးကြည့်သည်။ လူးလွန့်သံ မကြားရသောကြောင့် ဆွဲဆိတ်၍နှိုးလိုက်ပြန်သည်။ ကလေးများကား တုတ်တုတ်မျှမလှုပ်၊ ငြိမ်သက်လျက်ပင်ရှိကြသည်။ ဆေးရုံမှာ ကလေးတွေ နှိုးမရ၍ ဘွားအေအိမ်ဘက်သို့ပြေးဆင်းလာပြီး ....

"အမေကြီး ... အမေကြီး"

မဆေးရုံ၏ ခေါ်သံကြောင့်

"ဟဲ့ ... ဆေးရုံဘာလဲ"

"လာပါဦး ... ကလေးတွေလည်း ခေါ်လို့မရတော့ဘူး"

ဒေါ်ရွှေသင်သည် မီးခွက်ထွန်း၍ လိုက်လာသည်။ ကလေးသုံးယောက်မှာ သွေးများ အလိမ်းလိမ်းပေကျံ၍ အသက်မရှိတော့သည်ကို တွေ့ရသည်။

"အမေကြီး ... အမေကြီး ... မောင်လေးတွေသေပြီ၊ မောင်လေးတွေသေပြီ"

မဆေးရုံသည် မရှုမလှ ဒဏ်ရာဒဏ်ချက်များဖြင့် လူမမည် မောင်လေးသုံးယောက်၏ အလောင်းကို ကြည့်၍ ငိုချလိုက်သည်။

သုံးနှစ်ရွယ် မောင်သံချောင်း၊ ခြောက်နှစ်ရွယ် မောင်အောင်သန်း၊ ကိုးနှစ်ရွယ် မောင်အောင်ထူးတို့သည် လူသတ်သမား၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားကြရလေပြီ။ သူတို့၏ မိခင် မအေးကျင် အခြေအနေကိုမူ ရင်တမမဖြင့် နားစွင့်နေရပေသည်။

ကံလှနှင့် ရွှေလုပ်ထွက်သွားကြပြီး၊ ခဏအကြာတွင် ဦးဟံသာနှင့်

မောင်ခင်အောင်တို့သည် မအုန်းကြည်အိမ်ရှေ့သို့ရောက်လာကြ၍ ...

"ဟဲ့ ... အုန်းကြည်၊ အေးကျင်တစ်ယောက်မလာဘူးလား"

အပြင်မှ လူသံကြား၍ မအုန်းကြည်တို့ လင်မယားအပြင်သို့ ထွက်လာဝံ့ကြသည်။

"အမေလာတယ် အဘ၊ အုန်းကြည် ... အုန်းကြည် ခေါ်သံကြားလို့ ထွက်ကြည့်တော့ ကံလှနှင့် ရွှေလုပ်ကိုတွေ့တယ်၊ ကျွန်မလဲ အိမ်ထဲပြန်ဝင်ပြေးရတယ်"

"ကဲ ... ရှာကြရအောင်"

လက်နှိပ်ဓာတ်မီးရောင်များနှင့် မအေးကျင်ကို ရှာကြသည်။ ရှာမတွေ့သည့်အခါ မအေးကျင်အိမ်မှ ကလေးများ အခြေအနေသိရအောင် ပြန်လာကြသည်။ အိမ်နီးနားချင်းများ နိုးလာကြပြီဖြစ်၍ တစ်အိမ်တစ်ယောက် ထွက်လာကြသောကြောင့် မအေးကျင်တင်းကုပ်နား၌ ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။ ကလေးတွေသေကုန်ကြပြီ၊ မဆေးရုံ တက်မတတ် ချက်မတတ်ငိုနေသည်ကို တွေ့ကြရသည်။

"ကဲ ... ဒီအတိုင်း ကြည့်နေလို့မဖြစ်ဘူး၊ ဝွေးစုသူကြီး သွားအကြောင်းကြားမှဖြစ်မယ်၊ အုန်းကြည်တို့ လင်မယား သွားကြကွာ"

မိုးမလင်းသေး၍ အမှောင်ထုကအားကောင်းလျက်ပင်ရှိနေသည်။ လူသတ်သမားများသည် ရွာအနီးအနားတစ်ဝိုက်၌ ခိုအောင်းနေပြီး ထပ်၍ အန္တရာယ်ပြုမည်ကိုလည်း သတိထားနေကြရသည်။

"သွားလည်း သတိနဲ့ သွား ... လက်နက်ဆောင်သွားကြဦးကွ"

ဦးဟံသာနှင့် ရွာသားများက အုန်းကြည်တို့ လင်မယားကို ထပ်၍ သတိပေးလိုက်ကြသည်။

"စိတ်ချရအောင် ခင်အောင်ပါလိုက်သွားပါလား"

ဒေါ်ရွှေသင်က သူ့စာရင်းငှားကို ထပ်ထည့်လိုက်၍ သူတို့သုံးယောက် ဒိုးစိမ့်ရွာနှင့် တစ်ခေါ်သာသာဝေးသည့် စပါးကျီရွာသို့ လာကြသည်။ စပါးကျီရွာမှ ကိုအောင်စိန်ကို နှိုး၍ ကံလှနှင့် ရွှေလုပ်တို့ကမအေးကျင် ကလေးသုံးယောက်ကို ဓားနှင့်ခုတ်သတ်သွားကြသည်။ မအေးကျင်လည်း သေသလား၊ ရှင်သလားမသိရသေးကြောင်း ပြောပြကြသည်။

"ဒီလိုဆို ငါကာကွယ်ရေးမှူး အုန်းရွှေခေါ်ပြီး မြို့ဆိုး ရဲကင်းကို ာွားမယ်၊ နင်တို့လင်မယား သူကြီးသွားတိုင်ကြရင်ကောင်းမယ်။ ဒီကောင် တွ အချိန်မီဖမ်းဖို့က အရေးကြီးတယ်"

ကိုအောင်စိန်၏ အစီအစဉ်အရ မအုန်းကြည်တို့သည် သူကြီး းဘရင်အိမ်သို့လာကြသည်။ ကျေးရွာ ကာကွယ်ရေးမှူး ကိုအုန်းရွှေနှင့် ဖော် ကိုအောင်စိန်တို့က မြို့ဆိုး ရဲကင်းသို့ ထွက်သွားကြသည်။ သူကြီးကို ွှေလုပ်နှင့်ကံလှတို့က မအေးကျင်၏ကလေးသုံးယောက်သတ်သွားကြောင်း ိုင်ကြား၍ သူကြီးလည်း အဖွဲ့သားများနှင့် ဒိုးစိမ့်ကျေးရွာသို့လိုက်လာကြ သသည်။

ဒိုးစိမ့်ကျေးရွာ ဘုန်းကြီးကျောင်းမှ ကလတက်လေးချက် ခေါက်ပြီး အချိန်ဖြစ်သည်။

သူကြီး ဦးဘရင်တို့ လူစု ဒိုးစိမ့်ရွာသို့ရောက်လာကြသည်။ လော ာဆယ်ဆယ် သေသွားပြီးသူများထက် ပျောက်ဆုံးနေသည့် မအေးကျင် ို ရှာဖွေကြသည်။ မအေးကျင်၏အလောင်းကို သမီး မအုန်းကြည်၏ မ်မျက်နှာစာဘက် အတက်အဆင်း အပေါက်နှင့် ၇ တောင်၊ ၈ တောင်ကွာ ့တွင်ရှိ လူတစ်ယောက်သာသာ ဝပ်နိုင်မည့် ဆယ်တောင်ခန့်ရှိသော စ်သားခုံဘေး၌ မှောက်လျက်သေနေသည်ကို တွေ့ကြရသည်။

"ကံလှနှင့် ရွှေလုပ် ခုတ်တယ်လို့ ဘယ်လိုသိတာလဲ"

သူကြီး ဦးဘရင်က ကံလှနှင့် ရွှေလုပ်ခုတ်သည်ဟု စွပ်စွဲသူတို့ကို းလိုက်သည်။

"တစ်ရွာလုံးလိုလို ကြားကြတာပါ၊ သူတို့ရွာထဲမှာ ဖြစ်ချင်တိုင်းဖြစ် ွားတာပဲ"

"စွပ်စွဲသူတို့က အဖြေပေးလိုက်သည်။ သူကြီး ဦးဘရင်သည် ခြေအနေအကဲခတ်နိုင်ရန်အတွက် ကံလှနှင့် ရွှေလုပ်တို့နေအိမ်များသို့ က်သေအဖော်များနှင့် ဝင်ရှာကြသည်။ အိမ်သားများ တစ်ယောက်မှ မတွေ့ရ၊ ံလှမှာ နှမ မတင်ထွေးနှင့်အတူနေ၍ ရွှေလုပ်မှာ သူ့မိန်းမ မအေးလှအပြင် လေးတစ်ယောက်နှင့်အတူနေသည်။ သူကြီး ဦးဘရင် ဝင်ရှာစဉ်က အိမ်သား းတစ်ယောက်မှ မတွေ့ရသောကြောင့် ပတ်ဝန်းကျင်နေအိမ်မှ လူများကို

မေးကြည့်နေစဉ် ကံလှ – ရွှေလုပ်တို့၏အစ်မတော်သူ မရှမ်းရောက်လာသည်။

"သူပဲ ကံလှနှင့် ရွှေလုပ်ရဲ့အစ်မ"

အရပ်သားတစ်ယောက်ကပြော၍ သူကြီး ဦးဘရင်သည် မရှမ်းမခေါ်၍ မေးသည်။

"ကံလှရော ... ရွှေလုပ်ရော"

"နာရီပိုင်းအတွင်း လမ်းပေါ်က ဆဲသံကြားရပြီး အသံပျောက်သွားတာပဲ"

"ကံလှနဲ့ ရွှေလုပ်အိမ်သားတွေရော"

"စောစောကတော့ရှိကြတာပဲ၊ အခုတော့ ကျွန်မလည်း မသိဘူး"

မရှမ်းမ သိသမျှ ဤမျှသာဖြစ်သည်၊ သူကြီးဦးဘရင်သည် အစွပ်စွဲခံရသူနှစ်ယောက်၏ အစ်ကိုတော်သည့် မောင်ကိုအိမ်ကို ဒိုးစိမ့်ရွာသားများနှင့်အတူ သွားကြည့်လေသည်။ ထိုအချိန်၌ ကံလှ မယား မအေးရွှေနှင့် ရွှေလုပ်နှမ မတင်ထွေးတို့ကို တွေ့ရလေသည်။

"ကဲ ... နင်တို့နှစ်ယောက်လုံး လိုက်ခဲ့ပါ"

သူကြီး ဦးဘရင်သည် မောင်ကိုအိမ်နှင့် ခြံစည်းရိုးသာ ခြားနေသည့် ကိုဘိုးရန် အိမ်ရှေ့သို့ခေါ်လာသည်။ ထိုအိမ်တွင် စွပ်စွဲခံရ သူတို့၏ အစ်မ မကြာအေးပါတွေ့သဖြင့် အားလုံးခေါ်လာခဲ့သည်။

"ကံလှနှင့် ရွှေလုပ် ဘယ်သွားသလဲ၊ နင်တို့ဒီအိမ်ကို ဘာဖြစ်လို့ ရွှေ့နေကြတာလဲ"

မကြာအေးမှာ ကြောက်လန့်နေသူတစ်ယောက်ဖြစ်သည်။ အသံများ တုန်တုန်ယင်ယင်နှင့်ပင်။

"ကျွန်မတို့ ကြောက်လို့ ရွှေ့နေတာပါ"

"ဘာဖြစ်လို့ ကြောက်ရတာလဲ"

"ကံလှနှင့် ရွှေလုပ်က ဆင်းကြ ... ဆင်းကြ အေးကျင်နဲ့ ကလေးတွေကို တို့သတ်ပစ်ခဲ့တယ်၊ ဒီအိမ်ပေါ်မှာ မနေကြနဲ့ ပြောလို့ ကျွန်မတို့ရွှေ့နေကြတာပါ"

မကြာအေး၏ ကြောက်လန့်သည့်စိတ်များ ပြေပျောက်ခြင်းမရှိ

သေးပါ။ ပြောရင်းမှာပင် တုန်လှုပ်ချောက်ချားလျက်ရှိသည်။ ၎င်း တို့အိမ်များ တွင် ဆက်နေလျှင် အသတ်ခံရသူများဘက်မှ တုံ့ပြန်မှုပြုမည်ကိုလည်း စိုးရိမ် စိတ်များဖြစ်နေဟန်ရှိသည်။

"ကျွန်မတို့ ကြောက်တယ် သူကြီး၊ ကျွန်မတို့ဘယ်နေရာမှာထား ပေးမလဲ၊ ထားပေးပါ ဒီမှာတော့ မနေရဲဘူး"

သူကြီး ဦးဘရင်သည် ကြောက်လန့်နေကြသူများအား ဘေးကင်း ရာ ၎င်းအိမ်သို့ အစောင့်များနှင့် ပို့ပေးလိုက်သည်။ တစ်ဖက်မှလည်း အပြစ်မဲ့ သော ကလေးများအား သတ်ပစ်သွားသောကြောင့် ဒေါသအမျက်ချောင်း ချောင်း ထွက်နေကြသည်ကိုလည်း သူကြီးက အကဲခတ်မိသည်။

နေထန်းတစ်ဖျားခန့် မြင့်တက်လာပြီးဖြစ်သည်။ ဘုန်းကြီးကျောင်း မှ ကလတက် ခုနစ်ချက်ခေါက်ပြီးသည်မှာ အတော်လေး ကြာခဲ့ပြီဖြစ်သည်။

ရဲအုပ်ဦးလှဝင်း ခေါင်းဆောင်သည့် ရဲအဖွဲ့ဝင်များသည် ဒိုးစိမ့် ကျေးရွာသို့ရောက်လာကြသည်။ အချင်းဖြစ်ပျက်သည့် အခြေအနေကို မေးမြန်းကြသည်။ သေသူကလေးများနှင့် မိခင် မအေးကျင်၏ အလောင်း များကို စစ်ဆေးကြည့်ရှုကြသည်။ သူကြီးဦးဘရင်သည် သူသိထားသမျှ သတင်းများကို တစ်ဆင့်ပြန်ပြောပြသည်။ ဦးလှဝင်း ကိုယ်တိုင်ကလည်း၊ အစွပ်စွဲခံရသူ နှစ်ဦးနှင့်ပတ်သက်၍ မေးမြန်းစရာရှိသည်ကို မေးမြန်းလေ သည်။

သံသယဖြစ်စရာကောင်းသည့်အချက်မှာ၊ သေသူ မအေးကျင်နှင့် ကလေးများ ဖခင် ကိုငွေဇင်နှင့် စွပ်စွဲခံရသူ နှစ်ဦးတို့သည် လယ်မြေပြဿနာ အရှုပ်အရှင်းကြောင့်၊ အခင်းမဖြစ်မီ တစ်ရက်၊ နှစ်ရက် ခန့်ကပင် ထန်းတပင် မြို့သို့ အမှုဆိုင်ရန်သွားကြခြင်းဖြစ်သည်။ အခင်းဖြစ်ပွားသည့် နေ့မှာလည်း၊ ထန်းတပင်မြို့ မြေယာကော်မတီ ရုံး၌ အမှုချိန်းရှိသောနေ့ဖြစ်သောကြောင့်၊ ရွှေလုပ်နှင့် ကံလှ ရွာကို ပြန်ရောက် မရောက်ဆိုသည့်အချက်ပင်ဖြစ်လေ သည်။

သို့သော် စွပ်စွဲသူများသည် ကံလှနှင့် ရွှေလုပ်အမှန်ဖြစ်ပါသည်ဟု စွပ်စွဲသည့်အပြင် မကြာအေး၏ပြောဆိုချက်များနှင့် ရွှေလုပ် မယားနှင့် ကလေး၊ ကံလှ၏နှမတို့သည် အချိန်မတော် ၎င်းတို့အိမ်၌ မရှိဘဲ၊ အစ်ကို

အိမ်ရောက်ရှိနေခြင်းမှာ သံသယဖြစ်စရာအကြောင်း ဖြစ်၍ ဦးလှဝင်းနှင့် အဖွဲ့သည် စွပ်စွဲခံရသူတို့နောက်သို့ ခြေရာခံလိုက်ကြရမည်။ အလောင်းများ ထန်းတပင်ဆေးရုံပို့၍ ထန်းတပင် ပြည်သူ့ ရဲတပ်ဖွဲ့တွင် တိုင်ချက်ပေးရန် ညွှန်ကြားပြီး ခရီးဆက်ခဲ့ကြရလေသည်။

(၂)

ရွှေလုပ်မှာ ပျူစောထီး တပ်သားဟောင်းတစ်ယောက်ဖြစ်လေသည်။ သူပျူစောထီးဘဝတွင် ငဆီးလောင်ရွာ၌ စခန်းချသည်ဆိုသော သတင်းအစရရှိသည်။ ခေါင်းဆောင်သွားမည့်သူမှာ ရွှေလုပ်သာလျှင် ဖြစ်နိုင်သောကြောင့် သွားတတ်မည်ထင်ရသောနေရာများသို့ ဦးလှဝင်းနှင့် အဖွဲ့ဝင်များ မရပ်မနားလိုက်ခဲ့ကြသည်။

နေ့လယ်ပိုင်း၌ စစ်တောင်းမြစ်ကမ်းခြေရှိ သောင်ဘုရွာတစ်ဖက်ကမ်းသို့ရောက်ရှိကြသည်။ ဒိုးစိမ့်ရွာနှင့် သောင်ဘုရွာမှာ ၆ မိုင် ၇ မိုင်ခန့် ဝေးကွာသည်။ စစ်တောင်းမြစ်ကို ဖြတ်ကူး၍ သောင်ဘု ချောင်းရွာသို့ ဦးလှဝင်းနှင့် အဖွဲ့ဝင်များရောက်ရှိလာကြပြီး၊ ဦးရွှေခနှင့်တွေ့ကြသည်။ ဦးရွှေခမှာ ရပ်ရွာတွင် ဩဇာရှိသူတစ်ယောက်ဖြစ်သည်။

“အေး ... မနက်က ၈ နာရီလောက်က ဒီကောင် နှစ်ကောင်ရွာကို ရောက်လာကြတယ် ... ဘယ်သွားကြမလို့လဲ မေးတော့ အောက်ဘက်ကို သွားမယ်လို့ ပြောသွားကြတာပဲ”

“ဘကြီး သတိထားမိသလား ... သူတို့မှာ ဘာတွေပါလာသလဲ”

“လွယ်အိတ်ကိုယ်စီနဲ့ပဲကွ လုံချည်အပိုလည်းပါကြတယ် ထင်တယ်”

သောင်ဘုရွာသို့ ရွှေလုပ်နှင့်ကံလှရောက်လာသည်မှာတော့ သေချာသည်၊ သောင်ဘုရွာ ကမ်းပါးမှာ နက်စောက်နေ၍ ကူးတို့ကူးရန် အဆင်မပြေရှိသည်။ ဦးရွှေခ အဆိုအရ အောက်ဘက်သွားမည် ဆိုသောကြောင့်၊ ရွှေလုပ်နှင့်ကံလှ၏ ခြေရာ ခြေကြောင်းသည် ဆက်လိုက်ရန် မလွယ်ကူသောကြောင့် ဦးလှဝင်းနှင့် အဖွဲ့ဝင်များသည် ကူးတို့ဆိပ်ရှိရာ ငဆီးလောင်ရွာသို့ဆက်ခဲ့ကြပြန်သည်။

ခရီးရောက်မဆိုက်ပင် ... ဦးလှဝင်းက

"ဒီက ... ကူးတို့သူကြီး ဘယ်သူလဲ"

"ကျွန်တော်ပါ"

ကျွန်တော်ပါဆိုသူမှာ ကူးတို့သူကြီး မောင်ချွန်ဖြစ်သည်။ နံနက်ပိုင်းအတွင်းက အသွားအလာများ မေးမြန်းစုံစမ်းသည့်အခါ မောင်ချွန်က မနက် ၇ နာရီအချိန်မှာ သူ့မိန်းမ မငွေကျင်ကိုယ်တိုင် လှေလှော်၍ တစ်ဖက်ကမ်းမှ ယခင်ပျူစောထီးလုပ်ဖူးသူ ရွှေလုပ်နှင့် အဖော်တစ်ယောက်က ခေါ်သောကြောင့် ကူးတို့ပို့ပေးရကြောင်း ပြောပြသည်။

"ခင်ဗျား မိန်းမ ခဏမေးကြည့်ရအောင် ဘယ်သွားသလဲ ခေါ်ပါဦး"

"အခုပဲ ... လာပါလိမ့်မယ် ဆရာ"

ပြောပြောဆိုဆို မငွေကျင်ရောက်လာသည်။

"ငွေကျင် ... မင်းမနက်က ပို့ခဲ့တဲ့ ရွှေလုပ်တို့အကြောင်းကို ဆရာတို့ကို ပြောပြပါဦး"

မငွေကျင်သည် ဦးလှဝင်းအနားသို့ တိုးလာပြီး...

"ဟုတ်တယ်ဆရာ ... ကျွန်မ မနက်က တစ်ဖက်ကမ်းက ခေါ်လို့ ဆီးလောင်ကို ပို့ပေးလိုက်ရတယ်"

"သူတို့မှာ ဘာတွေပါသလဲ ... မှတ်မိသလား"

"သူတို့နှစ်ယောက်စလုံးမှာ ဓားရှည်တစ်လက်စီပါတယ် ဆရာ၊ တစ်ယောက်က လည်ပင်းမှာ ရွှေဆွဲကြိုးတစ်ကုံးဆွဲထားတယ်၊ တစ်ယောက်က ရွှေဆွဲကြိုးတစ်ကုံးကို လက်မှာ ပတ်ချည်ထားတာ ကျွန်မ မှတ်မိတယ်"

မငွေကျင်မှာ သေသေချာချာ မှတ်မိလိုက်သူတစ်ယောက်ဖြစ်သည်။ အသားအရောင်နှင့် ပတ်သက်၍လည်း၊ တစ်ယောက်မှာ အညိုရောင်ဖြစ်၍ တစ်ယောက်မှာ ဖြူသည်ဟု ဆိုသည်။

သို့သော် ရွှေလုပ်နှင့် ကံလှတို့ ဘယ်ရွာကိုသွားကြပြီဆိုသည်ကို အတပ်မပြောနိုင်၊ စစ်တောင်းမြစ်ကမ်းခြေနှင့် မနီးမဝေးတွင်လည်းတောင်များရှိကြသည်။ ထိုဘက်သို့ ထွက်သွားမည်ဆိုကလည်း သွားနိုင်သည်။ တစ်ချက်တော့ရှိသည်။ သောင်ဘုရွာမှ ဦးရွှေခထံမှ သဲလွန်စတစ်ခု ရထားသည်တော့ရှိသည်။ ထိုနေရာသို့သူတို့နှစ်ယောက် သွားလိုလျှင်လည်း သွားနိုင်သည်။

"ကဲ ... တပည့်တို့ တပ်ခေါက်ကြစို့ ဒီနေ့တော့ ဒီမျှသာပေါ့ကွာ"

ဦးလှဝင်း၏စကားကို ရဲတပ်ဖွဲ့ဝင်များက တညီတညွတ်တည်း ထောက်ခံကြသည်။ ခြေထောက်လည်း ညောင်းလှပြီ၊ တရားခံအား အပူတပြင်းရှာသင့်သည်လည်းရှိ၏။ အေးအေးဆေးဆေး စုံစမ်းထောက်လှမ်းရသည်လည်းရှိ၏။ ယခုအမှုတွင် အစွပ်စွဲခံရသူ နှစ်ဦးမှာ ထင်ထင်ရှားရှား စွပ်စွဲထားသည့်အပြင် ခြေရာခြေကြောင်းများက ထိုစွပ်စွဲချက်ကို ကွင်းသက်ဖြစ်အောင် ထောက်ခံနေသောကြောင့် မိဖို့အရေးကြီးသည်။ ဘယ်နည်းနှင့်မိနိုင်မည်ကိုသာ စဉ်းစား၍နေကြရမည်မဟုတ်ပါလော။

(၃)

မအေးကျင်နှင့် သားသုံးယောက် သေဆုံးမှုကို ဇျက်ကလေး ရွာနေ ကိုထွန်းမွေး (ဘ) ဦးဟံသာက ထန်းတပင်ပြည်သူ့ရဲတပ်ဖွဲ့၌ တရားလိုပြုလုပ်၍ ပထမသတင်းပေး တိုင်ကြားသည်။ ကိုထွန်းမွေးမှာ သေဆုံးသူ မအေးကျင်၏ယောကျ်ား ကိုငွေဇင်၏အစ်ကိုတော်သူဖြစ်သည်။ ကိုထွန်းမွေး တိုင်ကြားမှုကို ထန်းတပင် ရဲဌာနာအုပ် ဦးသွင် ကိုယ်တိုင် လက်ခံစစ်ဆေးသည်။ တရားခံ ဖမ်းဆီးမိရေးအတွက်လည်း မြို့ဆိုး ရဲကင်းမှ ရဲအုပ် ဦးလှဝင်းအား တာဝန်ပေးအပ်ထားလေသည်။

ဌာနာအုပ် ဦးသွင်သည် အချင်းဖြစ်ပွားသည့်နေ့က မောင်ရွှေလုပ်၊ မောင်ကံလှနှင့် မောင်ငွေဇင်တို့သည် ထန်းတပင်မြို့ မြို့နယ် သီးစားချထားရေးကော်မတီရုံး၌ အမှုဆိုင်ရသောနေ့ဖြစ်၍ ထိုနေ့တွင် စွပ်စွဲခံရသူနှစ်ဦးသည် ထန်းတပင်မှ ဒိုးစိမ့်ရွာသို့ ပြန်ရောက်နိုင် မရောက်နိုင်ဆိုသည့်အချက် ပေါ်လွင်အောင် လိုအပ်သောသက်သေများကို စစ်ဆေးရသည်။

၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် ....

အချင်းဖြစ်ပွားပြီးနောက်၊ သုံးရက်မြောက်နေ့ဖြစ်သည်။

ရဲအုပ် ဦးလှဝင်း ရဲကြပ်မောင်တင်ဥနှင့် မောင်ဆက်ရွှေတို့သည် ဖြူးဘက်သို့ ခရီးထွက်လာကြသည်။ ဖြူးတွင် စွပ်စွဲခံရသူနှစ်ဦးနှင့် အဆက်အသွယ်ရှိမည် ထင်ရသူများထံသို့ လှည့်လည်၍ စုံစမ်းထောက်လှမ်းကြ

သည်။ ဖြူးဘက်၌ ထူးထူးခြားခြားမရှိသောကြောင့် မုန်းရဲစခန်းသို့ ခရီးဆက်
ခဲ့ကြရပြန်သည်။

ဌာနာအုပ် ဦးလှဆောင်နှင့် တွေ့ကြသည့်အခါ ...

"ဆရာ ... ကျွန်တော်တို့ သောင်လယ်ရွာမှာ ဒိုးစိမ့်ရွာ လူသတ်မှုနဲ့
ပတ်သက်လို့ စုံစမ်းချင်တယ်"

"ခင်ဗျားတို့ သွားရင် တရားခံတောင် ရိပ်မိပြီးလစ်သွားမှာပေါ့...
သတင်းရထားတဲ့အကြောင်းသာ ပြောပါ။ ဒီက နယ်ထိန်းကိုလွှတ်ပြီး စုံစမ်း
ခိုင်းမယ်"

ဌာနအုပ်၏ အကြံပေးချက်အရ၊ ရွှေလုပ်နှင့် ကံလှတို့၏ အမျိုး
အဆွေများသိသော ရဲကြပ်မောင်တင်ဥအား မုန်းရဲဌာနမှ နယ်ထိန်း ရဲကြပ်
နှင့်အတူ၊ သောင်လယ်ရွာသို့ စေလွှတ်လိုက်ကြသည်။ သောင်လယ်ရွာသည်
မုန်းရဲစခန်း အောက်ဘက်တွင်ရှိပြီး နှစ်မိုင်ခန့်ဝေးသည်။

နယ်ထိန်းနှင့် မြို့ဆိုး ရဲစခန်းမှ ရဲကြပ် မောင်တင်ဥတို့သည်
သောင်လယ်ရွာသို့ရောက်သည့်အခါ အရေးကြီးဆုံး အချက်အချာဖြစ်သည့်
ဆယ်အိမ်မှူးအိမ်မှ ဧည့်စာရင်းကို စစ်ဆေးကြသည်။ ထို့နောက် ရွှေလုပ်နှင့်
ကံလှတို့၏ ဆွေမျိုးများဖြစ်ကြသည့် ဆယ်အိမ်မှူး ကိုစိုးပေအိမ်ကိုသွား၍
သူတို့မရိပ်မိစေရန် တစေ့တစောင်း အကဲခတ်ကြသည်။

ဦးစိုးပေသည် ရဲများရောက်ရှိလာသည့်အခါ၊ ဧည့်ခံပြုစုရမည့်
ဝတ္တရားအရ ...

"ခင်ဗျားတို့မပြန်ရင် ... ညစာ ဒီမှာပဲ စားကြပါလား"

"မစားဘူးသူကြီး ကျွန်တော်ပြောတဲ့ ဘိုးညဏ်ပြန်လာရင်သာ
အချိန်မီအကြောင်းကြားဖို့ မမေ့နေဦးမယ်"

"စိတ်ချပါ"

မုန်းရဲစခန်းမှ ရဲကြပ်သည် သောင်လယ်ရွာနွားပျောက်မှုတွင်
မသင်္ကာသော ဘိုးညဏ်ဆိုသူကို စုံစမ်းရန်လာသည်ဟု လီးလွှဲ၍ပြောသော
ကြောင့်၊ ဆယ်အိမ်မှူးကလည်း အကယ်ပင် ထင်မှတ်သည်။

"ကျွန်တော်တို့ ပြန်မယ် မှာတာသာ မမေ့ပါနဲ့နော်"

"စိတ်ချပါဆိုမှဗျာ ... ဒီကောင်ဘယ်မှ ပြေးမလွတ်ပါဘူး ရှောင်လည်း

ခဏာ ရှောင်နိုင်မှာပါ"

သောင်လယ်ရွာမှာ ရွာခြံစည်းရိုးမရှိပါ။ ဝင်ချင်သည့်နေရာမှ ဝင်နိုင်ပြီး ထွက်ချင်သည့်နေရာမှ အလွယ်တကူ ထွက်သွားနိုင်သည့် ရွာတစ်ရွာဖြစ်သည်။ နယ်ထိန်းရဲကြပ်၏ အစီရင်ခံချက်အရ ဌာနာအုပ် ဦးလှဆောင်နှင့် ရဲအုပ်ဦးလှဝင်းတို့သည် အစီအစဉ်များကို ကြိုတင် ဆွေးနွေးကြသည်။

လူခြေတိတ်၍ အိပ်ကြလေပြီ ...

သောင်လယ်ရွာသို့ ပတ်ပတ်လည်ဝိုင်းထားသော ရဲအဖွဲ့ပင်များအား ရွာသူကြီးပင်မသိ၊ တံခါးပိတ်၍အိပ်နေကြပြီဖြစ်သောကြောင့် တစ်ရွာလုံး တိတ်ဆိတ်လျက်ရှိသည်။

"အချိန်စောသေးသလား ဦးလှဆောင်"

"နည်းနည်းစောသေးတယ် ... ရတ်တရက် မအိပ်ခင်ဆိုတော့ လစ်ချင်လစ်သွားနိုင်တယ်၊ ဒီကောင်တွေက ဒီရွာမှာ အမျိုးများတယ်မဟုတ်လား"

ခြင်ကောင်များမှာ နားနား၌တဝီဝီနှင့် ပျံသန်းနေကြသည်။ စကားပင် ကျယ်ကျယ် မပြောရဲသောကြောင့် ကိုယ်ခန္ဓာထဲတွင် ခဲထားသည့်ခြင်များကို အသံမည်အောင် ပွတ်ချနေရသည်။

သောင်လယ်ရွာမှာ အိမ်ခြေ တစ်ရာကျော်ခန့်ရှိသည်၊ လက်နက်ကိုင်ရဲသား ၂၀ ကျော်မျှဖြင့်၊ အိမ်ခြေတစ်ရာကျော်ရှိသည့် ရွာကိုဖြန့်၍ ဝိုင်းထားရခြင်းဖြစ်သည်။ ရဲသား မောင်ဘိုနီနှင့် ရဲသားသုံးယောက်ကို ရွာအနောက်ဘက်၌ တာဝန်ချထားသည်။ ရဲကြပ်ကြီးတစ်ဦး ခေါင်းဆောင်၍ ရွာအရှေ့ပေါက်၌ တာဝန်ချထားလိုက်သည်။ အခြားလိုအပ်မည့်နေရာကိုလည်း ရဲသားများ တာဝန်ခွဲဝေ၍ ချထားရသည်။

ဇူလိုင်လ ၂၄ ရက်နေ့ နံနက်အကူး၊ ည ၂ နာရီသာသာအချိန်။

ဌာနာအုပ် ဦးလှဆောင် ရဲအုပ် ဦးလှဝင်းနှင့်အဖွဲ့ ရွာတွင်းသို့ဝင်လိုက်ကြသည်။ မှောင်ရိပ်ထဲ၌ တရိပ်ရိပ် မြင်နေရသော လူရိပ်များကြောင့် ရွာထဲမှ ခွေးများက ကြို၍ဟောင်နေကြသည်။

"သူကြီး ... သူကြီး"

သူကြီး ဦးပေါက်ဆိန် အိမ်ရှေ့မှရပ်၍ နှိုးလိုက်သည်၊ သုံးလေး

ခွန်းဆက်၍ ခေါ်လိုက်မှ ...

"ဘယ်သူလဲဟေ့"

"ကျွန်တော်တို့ မုန်းရဲဌာနာအုပ် ဦးလှဆောင်ပါ"

သူကြီးက ရုတ်တရက် တံခါးဖွင့် မပေးသေးဘဲရှိသည်။ ဤလို သံတူကြောင်းကွဲလုပ်၍ အိမ်ကိုဝင်စီးတတ်သောကြောင့် ရုတ်တရက် ဖွင့်မပေး သေးဘဲ အတွင်းမှ ချောင်းကြည့်နေခြင်းဖြစ်သည်။

"လှဆောင်ပါ သူကြီးရ ... တံခါးဖွင့်စမ်းပါ"

ဦးပေါက်ဆိန်၏နားထဲ၌လည်း အသံကိုကျက်မိသည်။ ဦးလှဆောင် ကိုယ်တိုင်က သူ့မျက်နှာကို လက်နှိပ်မီးရောင်နှင့်ပြလိုက်၍ တံခါးဖွင့်ပေးလိုက် သည်။

"ဘာအရေးကြီးလာပြန်သလဲ ဆရာ"

"အရေးကြီးလို့ဗျာ ... ခင်ဗျားအိမ်က ဧည့်စာရင်းတိုင်ထားတာပြ စမ်းပါဦး"

သူကြီးတူက ဧည့်စာရင်းတိုင်၍ မှတ်သားထားသည့် စာအုပ်ကို ထုတ်ပေးလိုက်သည်။ ခွေးဟောင်သံများမှာ အဆက်မပြတ်ရှိနေသောကြောင့်၊ ရွာသူရွာသားအချို့လည်းနိုးလာကြသည်။ ဧည့်စာရင်း စာအုပ်ကို ဦးလှဆောင် က ရဲအုပ် ဦးလှဝင်းကို ပြလိုက်ပြီးနောက်...

"သူကြီး ဒီလူနှစ်ယောက် ဒီရွာကို ဘယ်တုန်းကရောက်သလဲ"

"နှစ်ရက် ... သုံးရက်ပဲ ရှိသေးတယ်၊ သူတို့ စိုးပေအိမ်မှာတည်းကြ တယ် စိုးပေရဲ့ တူတော်တယ်လို့ ပြောတာပဲ"

"ကဲ ... အချိန်မရဘူး ... သူကြီးလည်း ခဏလိုက်ခဲ့ပါ"

ဦးလှဆောင်တို့ လူစုသည်၊ ကိုစိုးပေအိမ်ကို ဝိုင်းထားပြီး နိူးလိုက် သည်။ အိမ်သားများနိုးလာသည့်အခါ အိမ်ထဲသို့ဝင်ရှာကြသည်။

ရွှေလုပ်နှင့် ကံလှကို မတွေ့၍ မေးသည့်အခါ ပြန်သွားသလိုလို ကိုစိုးပေ၏ ဇနီး ဒေါ်ဖွားရှင်က ပြောသည်။

ဦးလှဆောင်တို့ မေးမြန်းစစ်ဆေးနေချိန်တွင် ...

အချိန်မှာ နံနက် ၅ နာရီထိုးလုပါပြီ၊ အရဏ်နီပင် မြင်စ ဖြစ်ပါ သည်။

"ဟော့ ... ဘယ်သူလဲ ရပ်လိုက်"

ရွာအနောက်ဘက်သို့ သုတ်သုတ်နှင့် ရွာထဲမှ ထွက်လာသူ နှစ်ဦးအား၊ ရဲသားဘိုးနီက ရပ်ရန် ခိုင်းလိုက်ပြီး၊ တစ်ချိန်တည်းမှာပင် သေနတ်မောင်းကိုလည်း ထိုလူနှစ်ယောက်ဘက်သို့ ချိန်ရွယ်တင်လိုက်သည်။ သေနတ်မောင်းတင်လိုက်သည့်အသံကို ကြားရသူနှစ်ဦးမှာ ရှေ့သို့ဆက်မသွားဘဲ ရပ်နေလိုက်ကြသည်။

"မင်းတို့ ဘယ်ကလဲ"

"ဒီရွာကပါ"

"ဘယ်သွားမလို့လဲ"

"လယ်တဲသွားကြမလို့"

"မင်းတို့နှစ်ယောက်လုံး လက်မြှောက်ပြီး လာခဲ့"

ရွာပြင်ထွက်လာသူနှစ်ဦးသည် ရဲသား မောင်ဘိုးနီ၏အမိန့် အတိုင်းအနားသို့လျှောက်လာကြသည်။ ၎င်းတို့၏အခြေအနေကို ရဲမျက်စိနှင့်အကဲခတ်ကြည့်သည့်အခါ၊ မသင်္ကာဖွယ်ဖြစ်နေသောကြောင့် ရွာထဲတွင်စစ်ဆေးမေးမြန်းနေသည့် ဌာနာအုပ်ထံသို့ အကြောင်းကြားလိုက်သည်။

ထိုသူနှစ်ယောက်မှာ ရွှေလုပ်နှင့် ကံလှတို့ဖြစ်သည်။ ၎င်းတို့၏အစစ်ခံချက်အရ၊ ဒေါ်ဖွားရှင်ထံ အပ်ထားသည့် ဓားရှည်နှစ်လက်ကိုသက်သေခံပစ္စည်းအဖြစ် သိမ်းလိုက်ကြသည်။ လက်နှိပ်ဓာတ်မီး သုံးတောင့်ထိုး တစ်လက်ကိုလည်း သက်သေခံပစ္စည်းအဖြစ် သက်သေ လူကြီးများရှေ့၌သိမ်းဆည်းလိုက်ရသည်။

ဇူလိုင်လ ၂၄ ရက်နေ့မှာပင် တရားခံနှစ်ဦးကို အမှုလက်ခံ စစ်ဆေးသည့် ရဲအရာရှိ၊ ဌာနာအုပ် ဦးသွင်လက်သို့ ရဲအုပ်ဦးလှဝင်းက ပေးလိုက်လေတော့သည်။

(၄)

ဓားရိုးတွင် လိပ်ကျောက်မြီးပတ်ထားသည့် ဓားနှင့် ခုတ်ပါသည်။ မအေးကျင်လင် ကိုငွေဇင်ရှိသည် ထင်၍ ခုတ်ပါသည်။ ကိုငွေဇင်က လွန်ခဲ့သော လပြည့်ကျော် ၉ ရက်နေ့လောက်က၊ ကိုငွေဇင်က ကျွန်တော်တို့ကို

သတ်ဖို့လာကြောင်း ပြောသဖြင့် ကျွန်တော်တို့က ဦးအောင်သွားသတ်ခြင်း ဖြစ်ပါသည်။

ထို့ဖြောင့်ချက်ကို ဇူလိုင်လ ၂၅ ရက်နေ့တွင် ထန်းတပင်မြို့နယ် ရာဇဝတ်တရားသူကြီး (၁) ဦးပြုံးထံတွင် မောင်ကံလှက ဖြောင့်ချက်ပေးလေသည်။ အလားတူပင် မောင်ရွှေလုပ်လည်း ...

ယခုနှစ် ဝါဆိုလဆုတ် ၁၃ ရက်နေ့ည ခန့်မှန်းခြေ ၂ နာရီ အချိန်လောက်တွင် ကျွန်တော်နှင့် ကံလှ၊ မအေးကျင် အိမ်ကို သွားပါသည်။ ကိုငွေဇင်ကို ဓားနှင့်ခုတ်သတ်ရန် သွားပြီး ငွေဇင် အိမ်ပေါ်သို့တက်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်အတူတူ ခြင်ထောင်ကြိုးကို ဓားနှင့်ခုတ်ဖြတ်ပါသည်။ ကျွန်တော်နှင့်ကံလှတို့ ပြိုင်တူ ခြင်ထောင်အောက်ရှိ လူများကို ခုတ်ပါသည်။ ကျွန်တော်က ယခု ရုံးရှေ့ရှိ ဓားရိုးတွင် ဒန်ပြားပတ်ထားသည့် ဓားနှင့်ခုတ်ပါသည်။

ကျွန်တော်တို့သွားစဉ်က ကိုငွေဇင်ကို ခုတ်ဖို့သွားခြင်း ဖြစ်ပါသည်။ ခြင်ထောင်အတွင်းတွင် ကိုငွေဇင်ရှိသည် ထင်၍ သိမ်းခုတ်ခြင်း ဖြစ်ပါသည်။ ကိုငွေဇင်နှင့် ကျွန်တော် မြေမှုဖြစ်ရာ ကျွန်တော်ရှုံး၍ ခုတ်ခြင်းဖြစ်ပါသည်။

ဤသို့ဖြောင့်ဆိုချက်ပေးသည်ကို တရားသူကြီးသည် ၁၉၂၃ ခုနှစ် အက်ဥပဒေ အမှတ် ၁၈က ပြင်ဆင်ထားသည့်အတိုင်း ရာဇဝတ်ကျင့်ထုံး ကိုဥပဒေ "၁၆၄ နှင့် ၃၆၄"ပါ ပြဋ္ဌာန်းချက်ပါ အရ ရေးမှတ် ယူထားခဲ့ခြင်းဖြစ်သည်။

တရားသူကြီးက ဖြောင့်ဆိုချက်ပေးသူအပေါ် ထိုဖြောင့်ဆိုချက်ပါ အချက်အလက်များအရ သက်သေခံချက်အပြင် အသုံးပြုနိုင်ကြောင်းကို လည်း ဖြောင့်ဆိုချက်မပေးမီကပင် ကြိုတင်ပြောပြထားပြီးဖြစ်သည်။

အမှုစစ်ဆေးသည့် ဌာနာအုပ် ဦးသွင်သည် သက်သေ ၂၅ ယောက် နှင့်အတူ စွဲချက်ပုံစံရာဖွေ ပုံစံသက်သေခံဝစ္စည်းများ ဆေးစာနှင့်တကွ လိုအပ်သည်များ စုပေါင်း၍ ၁၉၆၀ ခု၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် တရားခံ (စွပ်စွဲခံရသူ)နှစ်ဦးအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂အရ စွဲချက်ပြုလုပ်၍

တောင်ငူမြို့ အထူးတရားသူကြီး ဦးမောင်စိုး၏ ရုံးသို့ တရားစွဲဆို တင်ပို့လေသည်။ တရားရုံးမှ ရာဇသတ်ကြီးမှု အမှတ် ၂၆၊ ၆၀ ဟု သတ်မှတ်၍ တရားလိုပြသက်သေများအား စစ်ဆေးခဲ့လေသည်။

တရားလိုပြသက်သေများ စစ်ဆေးရာ၌ ပေါ်လွင်သည့် အချက်များမှာ ဤလူသတ်မှုကို မောင်ရွှေလုပ်နှင့် ကံလှတို့ ဘာကြောင့် ကျူးလွန်မိကြသည်ဆိုသော အကြောင်းရင်းခံပင်ဖြစ်သည်။ ထိုအချက်နှင့် ပတ်သက်၍ ဤအမှုကို ဖတ်ရှုသူတို့ လေ့လာနိုင်ရန် တရားလိုပြ သက်သေ (၂၂) ကျွဲပွဲရွာမှ အသက် ၇၇ နှစ်ရှိ လယ်ပိုင်ရှင် ဦးမြတ်စံ၏ အစစ်ခံချက်ကို အကျဉ်းချုံး၍ ဖော်ပြလိုသည်။

ဦးမြတ်စံ၏ ထွက်ချက်တွင် ...

ရုံးရှေ့ရှိ တရားခံနှစ်ယောက်နှင့်ငွေဇင်တို့ လင်မယားကို လွန်ခဲ့သော ဆယ်နှစ်ခန့်က သိပါသည်။ ကျွဲပွဲရွာမှ ဒိုးစိမ့်ရွာကို တစ်နာရီ မရှိတရှိခန့် ခြေကျင်လျှောက်ရပါသည်။ ဒိုးစိမ့်ရွာ အပြင်ဘက်၌ ကျွန်တော်ပိုင် (၉) ဧကခန့် လယ်တစ်ကွက်ရှိပါသည်၊ အေးကျင် အသတ်မခံရမီ ငါးနှစ်ခန့်က ထိုလယ်ကို ရွှေလုပ်နှင့် သူ့ယောက်ဖ တင်မောင်တို့ လုပ်ပါသည်။ ၃–၄နှစ် သီးစားခ မပေးသဖြင့် ထန်းတပင် ရုံးသို့လျှောက်ထားပါသည်။ ထန်းတပင်မြို့ပိုင်ရုံးက တင်မောင်ကို ဆက်လုပ်စေဆို၍ လုပ်စေပါသည်။ တင်မောင်က ငွေဇင်ကို တစ်ဆင့် သီးစားချထားသဖြင့် တစ်နှစ်ကုန်သည့်အခါ ငွေဇင်က သီးစားခ စပါး ၅၀ ပေးပါသည်။ သီးစားခပေးသည့်အခါ ကျွန်တော်က သူ့အား "မင်းပဲ သီးစားခပေးတယ်၊ မင်းပဲ ငါ့လယ်ကို ဆက်လုပ်ပါ"ဟု ပြောပါသည်။ မင်းအရင်လုပ်သည့် ရွှေလုပ်နှင့်တင်မောင်တို့ထံက ငါဘာမှ မရဘူး၊ ဒါကြောင့် မင်းပဲဆက်လုပ်"ဟု ကျွန်တော်က ပြောလိုက်ပါသည်။ ဤလိုပြောပြီးနောက် ငွေဇင်နှင့် ရွှေလုပ်၊ တင်မောင်တို့ ဘာဖြစ်ကြသည်ကို မသိပါ။

ဦးမြတ်စံ ထွက်ချက်ကို လေ့လာခြင်းဖြင့် ဤလူသတ်မှုဖြစ်ရခြင်းသည် ဦးမြတ်စံပိုင် လယ်မြေတစ်ကွက်မှ ရန်စပျိုးခဲ့ခြင်းပင်ဖြစ်ပေသည်။ အချိန်ကျ၍ လယ်ဆင်းထွန်ကြသည့်အခါ ရွှေလုပ်နှင့် တင်မောင်တို့ကလည်း

သူတို့သာလုပ်သင့်သည်ဟု ဆိုလာကြသည်။ ငွေဇင်ကလည်း လယ်ပိုင်ရှင်ကိုယ်တိုင် ၎င်းအား လုပ်ခွင့်ပေးထားပြီးဖြစ်၍ ၎င်းသာလုပ်ခွင့်ရှိဟု အငြင်းပွားကြသည်။ ထိုအငြင်းပွားချက်သည် သူကြီး ဦးဘရင်ထံသို့ရောက်လာသည်။ သူကြီး၏ အဆုံးအဖြတ်မှာ လက်ရှိ လက်ငုတ်လုပ်သူသာ လုပ်သင့်သည်ဟု အဆုံးအဖြတ်ပေး၍ ရွှေလုပ်၊ တင်မောင်နှင့် ငွေဇင်တို့ထံစာနှင့် အကြောင်းကြားခဲ့သည်။

သူကြီး ဦးဘရင်၏ အမိန့်ကို မကျေနပ်၍ ရွှေလုပ်နှင့် တင်မောင်တို့က ထန်းတပင်မြို့ သီးစားချထားရေး ကော်မတီသို့ တက်ကြသည်။ ထိုကော်မတီ၏ ဥက္ကဋ္ဌမှာ မြို့ပိုင် ဦးပြုံးဖြစ်လေသည်။ အချင်းဖြစ်သွားသည့် ဇူလိုင်လ ၂ ရက်နေ့မှာ သီးစားချထားရေး ကော်မတီမှ ငွေဇင်ကို အနိုင်ပေးလိုက်လေသည်။

အမိန့်ချပြီးနောက် ငွေဇင်၊ ကိုငြိမ်း၊ မောင်သိန်း၊ မောင်အောင်ရွှေ၊ ကိုထွန်းဦးတို့နှင့် ကိုပွတို့သည် ထန်းတပင်မှ တောင်ငူမြို့သို့ သုံးဘီးကားနှင့် လာကြသည်။ ရွှေလုပ်နှင့်ကံလှတို့နှစ်ယောက်ကလည်း အမှုပြီး၍ တောင်ငူသို့သွားကြသည်။

ထိုည ၁၁ နာရီသာသာတွင် ငွေဇင်၊ အောင်ရွှေနှင့်ကိုထွန်းဦးတို့သည် ကျွဲပွဲသို့သွားရန် တောင်ငူဘူတာသို့လာကြသည်။ ဘူတာရုံ၌ ရွှေလုပ်နှင့် ကံလှတို့ကို တွေ့ရသည်။ အစုံရထားနှင့်လိုက်လာကြသည်။ ရထားပေါ်တွင် ကံလှနှင့် ရွှေလုပ်တို့ကိုလည်း တွေ့ရသည်။ တောင်ငူဘူတာနှင့် ကျွဲပွဲဘူတာမှာ မိုင် ၂၀ ခန့်ဝေးကွာသည်။ အစုံရထားမှ ရေနွေးငွေ့မောင်းဖြစ်၍ ည ၁၂ နာရီခွဲခန့်တွင် ကျွဲပွဲဘူတာသို့ ဆိုက်ကပ်လာသည်။

ကျွဲပွဲဘူတာရုံ၌ ဆင်းကြသည့်အခါ မောင်အောင်ရွှေက ရွှေလုပ်နှင့် ကံလှလက်ထဲ၌ ထီးတစ်လက်အပြင် စက္ကူလိပ်ရှည်ရှည် တစ်ခုတွေ့သောကြောင့် ...

"ဟေ့ ... မင်းစက္ကူလိပ်တွေက ဘာတွေလဲကွ"

"ဓားဝယ်လာတာပါ"

"မင်းတို့ကျွဲပွဲမှာ အိပ်မှာလား၊ ဒိုးစိမ့်ပြန်မှာလား"

"တို့ .... ဒိုးစိမ့်အရောက်ပြန်မယ်"

ရွှေလုပ်နှင့် ကံလှတို့သည် ဒိုးစိမ့်ရွာဘက်သို့သွားသည့် ကျွဲပွဲရွာအရှေ့ဘက် ရွာကင်းဂိတ်ကိုဖြတ်၍ ပြန်သွားကြသည်။ ကိုငွေဇင်မှာ ထိုညက ရွှေလုပ်နှင့် ကံလှတို့နှင့်အတူ မပြန်ချင်သောကြောင့် ကိုထွန်းရီအိမ်၌ပင် ညအိပ်လေသည်။

ဒိုးစိမ့်ရွာသို့ ကျွဲပွဲပြန်လမ်းမှာ ၁ မိုင်၊ ၂ မိုင်သွားမိလျှင် စစ်တောင်းမြစ်ကမ်းပါးကိုရောက်သည်။ ထိုကမ်းပါးတွင် စပါးကျီရွာရှိ၍ အိမ်ခြေ ၄၀–၅၀ ခန့်ရှိသည်။ စပါးကျီရွာမှ တစ်ဖက်ကမ်းသို့ ဖြတ်ကူးလျှင် ဒိုးစိမ့်ရွာသို့ ရောက်သည်။

အထူးတရားသူကြီးက တရားလိုပြသက်သေများ စစ်ဆေးပြီးနောက် တရားခံရွှေလုပ်နှင့် ကံလှတို့အပေါ် မအေးကျင် သတ်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂–၃၄ အရလည်းကောင်း၊ မောင်အောင်ထူးသတ်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂–၃၄အရလည်းကောင်း၊ မောင်အောင်သန်းနှင့် မောင်သံချောင်းတို့ သတ်မှုအတွက် ရာဇသတ် ကြီးပုဒ် ၃၀၂–၃၄ အရ စွဲချက် (၃) ရပ်ကို ၁၉၆၁ ခုနှစ် မတ်လ ၂ ရက်နေ့တွင် စွဲချက်တင်သည်၊ စွဲချက်နှင့်ပတ်သက်၍ တရားသူကြီး က ရှင်းပြရာ တရားခံများက အပြစ်မရှိကြောင်း ငြင်းဆိုကြလေသည်။

တရားလိုပြသက်သေထဲမှ ဒေါ်ရွှေဆင်၊ဦးဟံသာ၊ မအုန်းကြည်၊ ကိုငွေဇင်နှင့် ဦးသွင်တို့ကို ပြန်ခေါ်စစ်ဆေးလိုကြောင်း တင်ပြပြီး၊ တရားခံပြသက်သေများအပြင် မြို့ဆိုးကျောင်းအနီးနေ ကိုဘိုးညိမ်း၊ ဇလုပ်ကြီးရွာနေ ကိုသန်းမောင်၊ ကိုကျော်ညွန့်၊ သောင်လယ်ရွာမှ ကိုစိုးပေ၊ ကိုသိန်းမောင်၊ မသေးတာ၊ ထန်းတပင်မြို့နယ် ပထစ ဥက္ကဋ္ဌဦးမြသောင်၊ ဇရပ်ကြီးရွာမှ မောင်ချို၊ ကိုကျော်စိန်၊တောင်ငူမြို့ အချုပ်ထောင်မှ ထောင်မှူး ကိုညွန့်လှိုင်တို့ကို သက်သေစာရင်းတင်သွင်းလေသည်။

မောင်ရွှေလုပ် ၂၃ နှစ်၏ အစစ်ခံချက်မှာ ကျွဲပွဲမြို့ ဦးဘိုးညိန်အိမ်၌ ထိုနေ့ညက အိပ်သည်။ နံနက်တွင် ကျွဲပွဲနှင့် ၂ မိုင်ခန့်ဝေးသည့် မြို့ဆိုးရွာသို့ သွားသည်။ စစ်တောင်းမြစ်ကူး၍ မြို့ဆိုးနှင့် ၃ မိုင်ခန့်ဝေးသော ဇရပ်ကြီးရွာသို့ခြေကျင်သွားကြသည်။ ဇရပ်ကြီးရွာမှ ကိုကျော်ညွန့်နှင့် ကိုသန်းမောင် အိမ်သို့ဝင်ကြသေးသည်။ ထိုမှတစ်ဖန် သောင်လယ်ရွာသို့သွားသည်။

နေ့၁၂ နာရီခန့်တွင် သောင်လယ်ရွာသို့ရောက်ကြသည်။ ထိုရွာမှ (၁၀) အိမ်ခေါင်း ကိုသိန်းမောင်နှင့် ကိုစိုးပေတို့ထံ ညှော်စာရင်း တိုင်ကြားသည်။ သောင်လယ်ရွာ မသေးတာ အိမ်သွားရခြင်းမှာ လယ်မှုရုံး၍ အယူခံရန် အတွက် ငွေချေးရန်သွားကြခြင်းဖြစ်သည်။ ထိုအချိန်၌ ကျွဲပွဲမှ ဒိုးစိမ့်သို့ ခြေကျင်သွားမဖြစ်ပါ။ စိမ့်–စမ်း –ရိုးများ၊ ချောင်းများ စပ်ကြားတွင် ခံနေ၍ ဖြစ်ပါသည်။ ဦးပြုံးရုံး၌ ဖြောင့်ချက် ပေးရသည်မှာ ရဲများရိုက်နှက်၍ ရေနစ်ခြင်း၊ နှိပ်စက်ခြင်းပြု၍ ဖြောင့်ချက်မပေးလိုဘဲ ပေးရခြင်းဖြစ်သည်။ ရဲအရာရှိများ ရိုက်နှက်၍ ဖြောင့်ချက်ပေးရန် ခိုင်းသည့်အချိန်တွင် ထန်းတပင် မြို့ အချုပ်ခန်း၌ အချုပ်သမား မောင်ကျော်စိန်၊ မောင်ချုံတို့ ရှိကြပါသည်။ အချုပ်ခန်းကို ဗတလစ လူကြီး ဦးမြသောင် လာ၍ ရဲများက ရိုက်နှက်၍ ဖြောင့်ချက် အပေးခိုင်းသောကြောင့်ပေးရသည်ကိုပြောပြသည်။ တောင်ငူ ထောင်မှ ထောင်မှူး ဦးညွန့်လှိုင်အား ကံလှခေါင်းမှ ဒဏ်ရာသည် ရဲအရာရှိ များ ရိုက်၍ရသော ဒဏ်ရာဖြစ်ပါသည်ဟု ပြောပြသည်။ ဓားရှည်နှစ်လက် မှာ သူတို့ဓားမဟုတ်ပါဟု ထွက်ဆိုလေသည်။

မောင်ကံလှ ၂၁ နှစ်၏ ထွက်ဆိုချက်မှာလည်း မောင်ရွှေလုပ် နှင့် ထူးမခြားနားထွက်ဆိုထားသည်။ တရားခံပြသက်သေများကလည်း ရွှေလုပ်နှင့် ကံလှတို့၏ ထွက်ဆိုချက်များကို ထောက်ခံထွက် ဆိုကြသည်။

သို့သော် အထူးတရားသူကြီးက တရားလိုပြသက်သေများ တရားခံပြသက်သေများ၏ ထွက်ချက်များကို စစ်ဆေးသုံးသပ်ပြီး ဆရာဝန်၏ အစစ်ခံချက်၊ ဓာတုဗေဒဌာန အစီရင်ခံချက်၊ သက်သေခံပစ္စည်းများနှင့် တရားခံနှစ်ဦးတို့၏ ဖြောင့်ချက်များကို စုပေါင်းလေ့လာ၍ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ၁၉၆၀ ခုနှစ် ရာဇဝတ်ကြီးမှု အမှတ် ၂၆၊ ရာဇသတ် ကြီးပုဒ်မ ၃၀၂အရ စွဲမှုစီရင်ချက်တွင် ဤသို့ သုံးသပ်ဖော်ပြ၍ စီရင်ချက် ချမှတ်လိုက်လေသည်။

ကျွဲပွဲမှ ဒိုးစိမ့်ရွာသို့ ထိုနေ့ညပြန်နိုင်၊ မပြန်နိုင်ဆိုချက်နှင့်ပတ်သက် ၍ မောင်ပို (လိုသက် ၂၁) ၏ ထွက်ဆိုချက်ကို တရားသူကြီးက ဤသို့ ကောက်နုတ် ဖော်ပြထားလေသည်။

"ဒိုးစိမ့်နှင့် ကျွဲပွဲမှာ ၂ မိုင်သာ ဝေးသည်ဟု အစစ်ခံထား၏။

ငှင်းကပင် ထိုနှစ်ရွာစပ်ကြား၌ စစ်တောင်းမြစ်ရှိ၍ ရေမများလှဘဲ ဟိုဖက်ကမ်း သည်ဖက်ကမ်းကို သော့မခတ်ဘဲဆိုက်ထားသည့် မြစ်ကမ်း နှစ်ဖက်ရှိ လှေငယ်များအနက် တစ်စင်းကို ယူ၍ ဖြတ်ကူးနိုင်ကြောင်း၊ ထိုမြစ်ကမ်းမှာ ဒိုးစိမ့်ရွာနှင့်တစ်ခေါ်သာဝေးကြောင်း၊ အစစ်ခံထား၏။ ဤသက်သေမှာ ကျေးရွာ အုပ်ချုပ်ရေးမှူးတစ်ယောက်ဖြစ်၍ နှစ်ဖက်လုံးနှင့် ဘာမျှတော်သည်ဟု ကျွန်ုပ်မတွေ့ရသဖြင့် ယုံကြည်ထိုက်ပါ၏"

"ကျွဲပွဲဘူတာတွင် တရားခံနှစ်ယောက် မီးရထားဘူတာမှ ည ၁၂ နာရီ ၂၂ မိနစ် ဆင်းပြီး၊ အချင်းဖြစ်ရာ ဒိုးစိမ့်ရွာသို့တန်းပြန်ရာ၌ စက္ကူလိပ်တစ်လိပ်နှင့် ဓားပါကြောင်း၊ အချင်းဖြစ်ပွားရာ ဒိုးစိမ့်ရွာသို့ ည ၁နာရီခွဲ ၂၁-၇-၆၀ မနက် တစ်နာရီခွဲခန့်တွင် ရောက်နိုင်ကြောင်း များပေါ်လွင်ပါ၏"

တရားသူကြီးသည် (လိုသက်သေ ၉) မအုန်းတင်၏ ထွက်ဆိုချက်ကိုလည်း ဤသို့ကောက်နုတ်ဖော်ပြသည်။

"အချင်းဖြစ်ည ၂ နာရီ ၃ နာရီခန့် အိမ်ရှေ့လမ်းမှ အော်သံကို ကြားလို့နိုးတော့ "မအေရိုးတွေ မီးမပေးနှင့်၊ ကံလှကွ၊ သုံးလေးလောင်း သတ်ခဲ့ပြီ"ဟု ၃ ခွန်းခန့်အော်သံကြားကြောင်း၊ ခင်မောင်တင့်ကို နှိုးပြီး မောင်တင့်နိုးသည်အခါမှာလည်း အော်နေတုန်းပင်ဖြစ်ကြောင်း အစစ်ခံထားပါ၏"

ထို့ပြင် မအုံးတင်၏ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုသည့် မောင်ဘိုးရန် (လိုသက် ၁၈) ၏ အစစ်ခံချက်ကိုလည်း ကောက်ယူ သုံးသပ်ထားပြန်သည် ။

> "ကံလှတရားခံ၏ အိမ်သည် မိမိ (ဘိုးရန်) ၏ အိမ်နှင့် တစ်ခြံကျော်တွင်ရှိ၍ အချင်းဖြစ်ည ၂ နာရီ၊ ၃ နာရီ ခန့်တွင် ကံလှအိမ်ဘက်မှ ကံလှက "မအေရိုးတွေ မိုက်ရင်ထွက်ခဲ့၊ နံနက်တွင် မသာလေးကောင် သင်္ဂြိုဟ်ရန် စရိတ်ရှာထား" ဟု အော်သံကြားကြောင်းများဖြစ်လေသည်။ အထက်ပါ မျက်မြင်၊ နားကြား တရားလိုသက်သေ ၉ ယောက်တို့၏ အစစ်ခံချက်များအရ မအေးကျင်နှင့် မအေးကျင် သားငယ် ၃ယောက်ကို ဓားကိုယ်စီနှင့် ပူးပေါင်း၍ ခုတ်သတ်သွားသူများမှာ တရားခံနှစ်ယောက်ဟု ပေါ်လွင်၏"

ပို၍ ထင်ရှားစေရန် သူကြီး ဦးဘရင် (လိုသက် ၁၉) ၏ အစစ်ခံချက်ထဲမှ ....

တရားခံရွှေလုပ်၏ဇနီး မအေးရွှေနှင့်ကံလှ၊ ရွှေလုပ်တို့၏နှမ မတင်ထွေး၊အစ်မ မကြာအေးတို့က ထိုည ၄ နာရီခန့်၌ သူကြီးမေးရာတွင် မကြာသေးမီက ကံလှ၊ ရွှေလုပ်တို့က ဆင်းကြ... ဆင်းကြ အေးကျင်အိမ်မှာ ကလေးတွေ သတ်ခဲ့တယ် ... ဟု ပြောသွားကြောင်းနှင့်တရားခံများ၏ အစ်မ မရှမ်းကလည်း သူကြီးမေးရာတွင် ၃ နာရီပိုင်း အတွင်း ရွှေလုပ်ရော၊ ကံလှရော ဆဲသံများကြားပြီး သူတို့အိမ်ရှေ့မှာ ပျောက်သွားတယ်ဟု ပြောကြောင်း သူကြီး ဦးဘရင်၏ အစစ်ခံချက်များအရ မအေးကျင်နှင့် ကလေး ၃ ယောက်ကို သတ်သွားသူများမှာ တရားခံ ရွှေလုပ်နှင့် ကံလှဟု ပေါ်လွင်၏။

ထို့ပြင် တရားသူကြီးက တရားခံများ ထွက်ဆိုချက်အရ၊ ဖြောင့်ချက်ကိုရဲက နှိပ်စက်ညှဉ်းပန်း၍ ပေးရပါသည်။ ထန်းတပင်မြို့နယ် ပြည်ထောင်စု ပါတီဥက္ကဋ္ဌ ဦးမြသောင် (သက်သေ ၁၁) ၏ ထွက်ဆိုချက်ပေါ်တွင်လည်း ဤသို့သုံးသပ်ထားပြန်သည်။

"အချင်းမဖြစ်မီ ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ဤသက်သေက ပျူစောထီးခေါင်းဆောင်လုပ်ရာ၌ တရားခံ ရွှေလုပ်က ပျူစေထီးတပ်သားဖြစ်ခဲ့ဖူး၍ ဦးမြသောင် (သက်သေ ၁၁)နှင့် တပည့်အဖြစ် အဆက်ရှိကြောင်း တွေ့ရ၏။ ဤသက်သေဦးမြသောင်က ထန်းတပင် ဂါတ်တဲအချုပ်၌ ဖြောင့်ချက်မပေးမီမနက်တွင် တရားခံနှစ်ယောက်ကို သွားကြည့်ရာ ညက ရဲအရာရှိများ ရိုက်သည်ဟု ရွှေလုပ်က ပြောကြောင်း၊ ဦးမြသောင်က အစစ်ခံသော်လည်း တရားခံနှစ်ယောက်၏ အစစ်ခံချက်၌ ဖြောင့်ချက်ပေးပြီး နေ့ခင်းပိုင်းတွင် ထန်းတပင် ဂါတ်တဲသို့ ဦးမြသောင်ရောက်လာရာ၌ ပုလိပ်များရိုက်နှက်ပြီး ဖြောင့်ချက်ပေးခိုင်းလို့ ဖြောင့်ချက် ပေးခဲ့ရကြောင်း တိုင်သည်ဟု ဆိုသဖြင့် အမြီးအမောက်မတည့်ကြောင်း တွေ့ရပါ၏။ ဤသက်သေ ဦးမြသောင်မှာ ဘာမျှ

ကိုယ်တိုင်မသိ၊ လူများပြောစကားအရသာလျှင် တရားခံများကို ပုလိပ်ရိုက်ကြောင်း တစ်ဆင့်ကြားအရ ဤရုံး၌ အစစ်ခံခြင်းမှာ တပည့်ဖြစ်ဖူးသည့် တရားခံ ရွှေလုပ်နှင့် ရွှေလုပ်၏ညီ ကံလှတို့ကို အကာအကွယ်ပေးခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်၍ တန်ဖိုး မရှိဟု ဤရုံးမှ ပယ်ပါ၏။

ဤသို့ကောက်ယူဆုံးဖြတ်ပြီး၊ အထူးတရားသူကြီးက တရားခံ နှစ်ဦးအား မအေးကျင်နှင့် သားငယ် ၃ ယောက်ကို ရက်စက်စွာ သတ်သွားမှုဖြင့် သေဒဏ်အမိန့် ၃ ခုစီပေးသည်၊ ဆက်တိုက်ဖြစ်သည့် သတ်မှုများဖြစ်၍ တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်လေသည်။

ထို့ပြင် တရားခံနှစ်ဦးအား သေဒဏ်အပြစ်ပေးခြင်းကို မကျေ နပ်၍ အယူခံလိုက၊ ခုနစ်ရက်အတွင်း အယူခံနိုင်ကြောင်းကို ရုံးသုံး လက်စွဲ (အသစ်) အပိုဒ် ၅၈၄ အရလည်းကောင်း၊ ၁၉၄၆ ခုနှစ် အများနှင့် သက်ဆိုင်သော စာတမ်း ( ) အမှတ် ၂၄ အရလည်းကောင်း ပြောကြားလိုက်လေ သည်။

(၅)

တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာအရ၊ ပြစ်မှုထင်ရှားသော ကြောင့်၊ သေဒဏ်ချမှတ်ခဲ့သော အမှုများကို အမိန့်စီရင်ချက် ချမှတ်သည့် တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ကိုဓဉပဒေပုဒ်မ (၃၇၄) အရ၊ တရားရုံး ချုပ်သို့ ချမှတ်လိုက်သည့် အမိန့်ကို အတည်ပြုရန် တင်သွင်းရသည်။

မောင်ရွှေလုပ်၊ မောင်ကံလှတို့အား စွဲချက် ၃ ချက်ဖြင့် သေဒဏ် အမိန့်ချမှတ်ခြင်းနှင့်ပတ်သက်၍ သေဒဏ်အမိန့်ချမှတ်ခြင်းနှင့် ပတ်သက်၍ တရားရုံးချုပ်မှ အတည်ပြုရန် တောင်ငူမြို့ အထူးတရားသူကြီး ဦးစိုးက တင်သွင်းလိုက်သော်လည်း၊ သေဒဏ်ကျခံရမည့် တရားခံများ၏ အယူခံမှာ မရောက်သေးသောကြောင့်၊ စောင့်ဆိုင်းနေစဉ် ၁၉၆၀ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် တောင်ငူပိုင်ဝန်မှ တစ်ဆင့် တရားရုံးချုပ်သို့ အယူခံလွှာတင် သွင်းလိုက်လေသည်။

မောင်ရွှေလုပ်နှင့် မောင်ကံလှတို့၏ အယူခံမှုအမှတ်မှာ ၂၈၄၊ ၆၀

ဖြစ်၍ အထူးတရားသူကြီး၏ အတည်ပြုရန် တင်သွင်းသည့် စောဒကမှု အမှတ်မှာ ၄၀၊ ၆၁ ဖြစ်လေသည်။ အယူခံတရားလိုများအတွက် ၎င်းတို့ စရိတ်နှင့် ဗှားရမ်းသည့်အကျိုးဆောင်ပါ မလာသောကြောင့် တရားဝန်ကြီး ဦးမြင့်သိန်းက ရုံးတော်များလက်စွဲ စာပိုဒ် ၄၅၇ (၁) အရ အစိုးရစရိတ်ဖြင့် အယူခံတရားလိုများအတွက် အကျိုး ဆောင်ဗှားပေးရန် ညွှန်ကြားသည်။

အယူခံလွှာတွင် အယူခံတရားလိုတို့က ဤသို့ငြင်းဆိုကြသည်။

"သေသူ၏ယောကျ်ားကိုငွေဇင်အား သတ်ရန် ကြံစည်ပါက ကျွဲပွဲတွင် သတ်ဖြတ်လျှင်လည်း ရနိုင်ပါသည်။ သတ်ခြင်း သတ်ပါက မောင်ငွေဇင်ကိုသာ သတ်ရန်ဖြစ်နိုင်ပြီး၊ ၎င်း၏ဇနီးနှင့် သား ၃ ယောက်ကို ဘယ်နည်းနှင့်မဆို ရက်စက်စွာ သတ်ဖြတ်မည်မဟုတ်ပါ"

ဖြောင့်ချက်နှင့်ပတ်သက်၍မူ ...

"ကျွန်တော်တို့အား ရဲများက ရိုက်နှက်ပြီး သင်ပေးမှုကြောင့် ထိုသင်ပေးသည့်အတိုင်း မြို့ပိုင်ရုံးတွင် ဖြောင့်ချက်ပေးခဲ့ရ ပါသည်'

သေသူ မအေးကျင်၏သမီး မအုန်းကြည်က လက်နှိပ်ဓာတ်မီး ရောင်ကြောင့်မြင်ရပါသည်ဆိုခြင်းနှင့် ပတ်သက်၍

"အကယ်၍ ထိုလူနှစ်ယောက်က သူမ၏ မိခင်အား လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ နောက်မှ ဓားဖြင့်လိုက်ခုတ်သော အချိန်တွင် သေသူ မအေးကျင်ကိုသာ လက်နှိပ်ဓာတ်မီးနှင့် ထိုးပြီး သူတို့ ကိုယ်သူတို့ပြန်၍ မီးနှင့်ထိုးမည်မဟုတ်ပါ။ ၎င်း လူဆိုးများ၏ မီးရောင်ကြောင့်မှတ်မိပါသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ"

ဤသို့အကြောင်းပြ၍ အပြစ်ဒဏ်ပယ်ဖျက်ပေးရန် တင်သွင်းကြခြင်းဖြစ်သည်။ တရားဝန်ကြီးသည် မူလ အမှုတွဲပါအချက်အလက်များကို သေချာစေ့စွာ လေ့လာကြည့်ရှုသည်။ ပြီးလျှင် နှစ်ဖက်သော အကျိုးဆောင်များ၏ တင်ပြချက်ကို ကြားနာသည်။ ပြီးမှအယူခံရုံး၏ အမိန့်စီရင်ချက်ကို ချမှတ်လေသည်။ ထိုအယူခံ စောဒကမှုတို့ကို တရားဝန်ကြီး ဦးမြင့်သိန်းနှင့် ဦးထွန်းတင် နှစ်ပါးဆိုင် ခုံရုံးမှစီရင် ဆုံးဖြတ်ခြင်းဖြစ်သည်။

အယူခံခုံရုံး၏ သုံးသပ်ချက်တွင် –

"အယူခံတရားလိုတို့သည် မောင်ငွေဇင်နှင့် လယ်အတွက် အမှုဆိုင်ပြိုင်ရာမှ ဆုံးရှုံးသည့်အတွက် အငြိုးထားပြီး မောင်ငွေဇင် မိန်းမ မအေးကျင်နှင့် မိမိတို့ကိုယ်ကို မကာကွယ်နိုင်သည့် လူမမယ် ကလေးများဖြစ်ကြသော မောင်အောင်ထူး၊ မောင်အောင်သန်းနှင့် မောင်သံချောင်းတို့အား ရက်စက်စွာ ပူးပေါင်းကြံစည်၍ သတ်ဖြတ်ခြင်းဖြစ်ကြောင်း ပေါ်လွင်နေသည်။ ၎င်းတို့အပေါ်တွင် အောက်ရုံးပညာရှိ တရားသူကြီးက ချမှတ်ထားသော စီရင်ချက်နှင့် ပေးထားသော အပြစ်ဒဏ်တို့မှာ မှန်ကန်သည်ဟု ကျွန်ုပ်ယူဆသည်။ ထို့အတွက် အယူခံတရားလို မောင်ရွှေလုပ်နှင့် မောင်ကံလှတို့၏ အယူခံများကို ပယ်၍ အောက်ရုံးပညာရှိတရားသူကြီးက ၎င်းတို့ အပေါ်ချမှတ်ထားသည့် ပြစ်မှုစီရင်ချက်နှင့်ပေးထားသည့် အပြစ်ဒဏ်ကို အတည်ပြုလိုက်သည်။

အယူခံခုံရုံးကလည်း မူလရုံး၏ ယူဆချက်နှင့် တသဘောတည်း ယူဆသည်။ ထို့ပြင် ဦးဘိုးညိန် (ခံပြ ၄) ကို အယူခံတရားလိုများက မူလရုံး၌ သက်သေထူကြခြင်းနှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်သောကြောင့် သက်သေခံချက်များ တန်ဖိုးမရှိဟု ယူဆသည်။ မသေးတာ (ခံပြ ၃) ထွက်ဆိုချက်များနှင့် မောင်ရွှေလုပ် မောင်ကံလှတို့၏ ထွက်ချက်များ ကွဲလွဲနေသည်ကိုလည်း ဖော်ပြထား၏။

သွေးပူချိန်၌ ကျူးလွန်ခဲ့သော ပြစ်မှုအတွက် သွေးအေးသွားသည့် အချိန်၌ သေဒဏ်ချမှတ်ခံရသည့် မောင်ရွှေလုပ်နှင့် မောင်ကံလှတို့သည် စိတ်ထိခိုက်ကြရသည်။ ရိုးရိုးအချုပ်ထောင်မှ ကြိုးတိုက်သို့ သွင်းလိုက်သည့် အခါ၌ သူတို့သေရမည့်ရက်ကို လက်ချိုးရေတွက်၍ စောင့်မျှော်နေကြရမည်။ သူတို့၏အသည်းနှလုံးတွင် မည်သို့ ခံစားနေကြရမည်နည်း။ သေမင်းသည် မောင်ရွှေလုပ်နှင့် မောင်ကံလှတို့ ရှိရာသို့လာ၍ ခြောက်လှန့်နေလေပြီ။

"မင်းတို့ မအေးကျင်နှင့် လူမမယ်ကလေးများ ရက်စက်စွာ သတ်ကြချိန်က ဒီလိုခံစားရမယ်လို့ မစဉ်းစားမိဘူးလား"

သေမင်း၏ခေါ်သံလိုလို ကြားလင့်နေကြပေအံ့။

သို့သော် သူတို့၏ကံတရားဖန်တီးမှုမှာ နိုင်ငံတော်သမ္မတ သည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခိုက်နှင့် ကြုံကြိုက်ကြသောကြောင့် သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလဲကျခံစေရန် အမိန့်ချမှတ်ခြင်းကို ခံကြရလေသည်။

(၆)

ဒိုးစိမ့်ကျေးရွာမှ လယ်သမား မိသားစု အသတ်ခံရသည့် သတင်းကို ကြားရသူတိုင်းသည် ဖြစ်မှဖြစ်ရလေဟု စုတ်တသတ်သတ် ရင်တမမဖြင့် သနားကရုဏာဖြစ်ကြပေမည်။ တကယ်လည်း အသတ်ခံရသူများသည် အပြစ်ကင်းစင်ကြသူများ မဟုတ်ပါလော။

ယင်းသို့ဖြစ်ရခြင်းနှင့်ပတ်သက်၍ တရားခံအစစ်ကို ရှာမရသော ပဒေသရာဇ် မြေရှင်စနစ်၏ ပြကွင်းပြကွက်တစ်ခုတွင် ဖြစ်ပေသည်။ တောင်သူလယ်သမားများသည် တစ်ဦးနှင့်တစ်ဦး တစ်မိဝမ်းတွင်းအတူဆင်းသည့် သွေးရင်းသားရင်းတမျှ ချစ်ခင်ကြင်နာကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီကြသည်။

ဗမာပြည်သို့ ပဒေသရာဇ်မြေရှင်စနစ်ဆိုး လွှမ်းမိုးလာသည့် အချိန်မှစ၍ အချစ်ပျက်၍ အမုန်းဖက်လာကြသည်။ လယ်မြေအတွက်ကြောင့် အသက်တွေ သေကြရသည်မှာ ဗမာပြည် မြေယာသမိုင်း မှတ်တမ်းများ၌ အထင်အရှား ရှိနေပေသည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ စစ်ကိုင်းခရိုင် အုန်းတောတွင် ပထမဦးဆုံးအကြိမ်ကျင်းပခဲ့သည့် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကြီးတွင်၊ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ပဒူးတိုက်ကံကြီးကုန်း ကျေးရွာမှ တောင်သူကြီး ဦးချစ်ထွန်း၏ ဆွေးနွေးတင်ပြချက်အား ကောက်နုတ်ဖော်ပြလိုပါသည်။

ဦးချစ်ထွန်း၏ ဆွေးနွေးချက်ထဲတွင် ...

သီးစားချထားမှုကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေရဲ့မပြတ်သားမှု လုပ်နည်း လုပ်ဟန်တွေ မမှန်ကန်မှုတွေကြောင့် တကယ့်

သွေးရင်း သားရင်း မောင်နှင့်နှမ သားနဲ့အမိတောင် သေခန်းရှင်ခန်း ပြတ်ခဲ့ကြရပါတယ်၊ ငွေကုန်ကြေးကျခံပြီး ရုံးတက်ရ၊ တရားစွဲရ၊ တရားစကား တွေပြောရ၊ သတ်ပွဲ ဖြတ်ပွဲဖြစ်ရနဲ့ အသက်ပေါင်းများစွာတွေလည်း သေခဲ့ကြရပါတယ်။ အဲဒီလို သီးစားချထားမှုနဲ့ ပတ်သက်ပြီး ဥပဒေရဲ့ မပြတ်သားမှု လုပ်နည်းလုပ်ဟန်တွေရဲ့ မမှန်ကန်မှုတွေ ရှိနေတော့၊ တကယ်တိကျပြတ်သားတဲ့ ဥပဒေတွေနဲ့ တကယ် အသင့်တော်ဆုံးဖြစ်တဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ ပြန်လည် စိစစ်ပြီး သီးစားချထားရေးများကို ပြုပြင်သင့်တယ်လို့ တင်ပြလိုပါတယ်။

ဤဆွေးနွေးတင်ပြချက်သည် တောင်သူလယ်သမားလောကတွင်း၌ ဖြစ်ပျက်နေရသော ဘဝသရုပ်မှန်ကို တိတိကျကျ ဖော်ပြထားခြင်းဟု ဆိုရပါမည်။ ကိုငွေဇင်နှင့် မောင်ရွှေလုပ်၊ ကံလှတို့အချင်းများရသည်မှာလည်း သီးစားစနစ်ကြောင့်ပင်ဖြစ်သည်ဟု သတ္တုချရချေမည်။

ထိုအချိန်ကသာ ဥပဒေ၏ တိကျပြတ်သားမှု လုပ်နည်းလုပ်ဟန် မှန်ကန်မှုသာရှိမည်ဆိုပါက မအေးကျင်နှင့် လူမမယ်ကလေးသုံးယောက်မှာ သေရန်အကြောင်းမရှိ၊ မောင်ရွှေလုပ်နှင့် မောင်ကံလှတို့လည်း ဤလူသတ်မှုကြီးကို ကျူးလွန်မိကြမည်မဟုတ်ပါ။

မြေရှင်စနစ်သည် ယနေ့မှမဟုတ် သူဝင်ရောက် လွှမ်းမိုးလာသည့် အချိန်မှစ၍ တောင်သူလယ်သမားတို့အား နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။ အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲခြင်း၊ ဆားဒုက္ခကို တောင်သူလယ်သမားတို့သည် ရင်ဝယ်ပိုက်ထားခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။

ဤစနစ်ဆိုးအား မြေမြှုပ်သင်္ဂြိုဟ်ပစ်ရန်မှာ တောင်သူလယ်သမားတို့၏ တာဝန်သာ အဓိကဖြစ်သောကြောင့် ခေါင်းပြူ၍ ထမလာနိုင်ရန် အသေသတ် အပြတ်ရှင်းပစ်ကြပါဟု တိုက်တွန်းရင်း မအေးကျင်နှင့် လူမမယ်ကလေးသုံးဦး အသတ်ခံရမှုကို ဤတွင် နိဂုံးချုပ်လိုက်ရပါတော့သည်။

■

# အချစ်ကြီးတော့ အမျက်ကြီး

(၁)

မောင်အုပ်အသက်မှာ ဆယ့်ကိုးနှစ်ဖြစ်၍ မတုတ်အသက်သည် နှစ်ဆယ်အတွင်း၌ဖြစ်သည်။ သူတို့နှစ်ဦး အသက်အားဖြင့် မတိမ်းမယိမ်းရှိနေကြသလို အရွယ်ခြင်းကလည်း ပိန်မသာ လိမ်မသာ ဖြစ်ကြသည်။ မောင်အုပ်က ယောကျ်ားတစ်ယောက်ဖြစ်၍ ကိုယ်ခန္ဓာ သန်မာထွားကျိုင်းသလို မတုတ်မှာလည်း အလုပ်ကြမ်းကို နေ့စဉ်မပြတ် လုပ်ကိုင်နေရသည့် တောသူတောင်သားတို့ သဘာဝအတိုင်းသန်မာထွားကျိုင်း၍ မိန်းကလေးတစ်ယောက်၏ အလှမှာ ပေါ်လွင်လျက်ရှိလေသည်။

သူတို့နှစ်ဦး တစ်ရွာတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်သည့်အပြင် အိမ်နီးနားချင်းများလည်း ဖြစ်ကြသည်။ မဟောသဓာနှင့် အမရာတို့လို ကာမပိုင် လင်ယောကျ်ား ရှိ မရှိ လက်သီး ဆုပ်ပြ၍ အမရာက လက်ဖြန့်ပြစရာလည်း အကြောင်းမရှိပါ။ ငယ်စဉ်ကလေးဘဝကပင် ကစားဖော်ကစားဖက်မှ ကြီးပြင်းလာရသူများဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်း သိထားကြသူများဖြစ်ကြသည်။

မတုတ် ဆယ့်ခုနစ်သမီးရွယ်နှင့် မောင်အုပ်မှာ ၁၆ နှစ်သား အရွယ်က သူတို့နှစ်ဦး လူငယ်ဘဝ အချစ်နယ်တွင်းသို့ သက်ဆင်းခဲ့ကြခြင်းဖြစ်သည်။

ချစ်သည် ခင်သည် ကြင်နာသည်ဆိုသော အသိတရားကို လူ့သဘာဝတရားတို့က သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ချစ်ကြိုက်နေသည့်အချိန်တွင် ငယ်ရွယ်သူတို့၏သဘာဝအတိုင်း၊ အဆိုးကို မစဉ်းစားမတွေးတော သာယာမှုကိုသာ သူတို့တွေးတောနေကြမည်မှာ ဓမ္မတာဖြစ်၍ အပြစ်မဆိုသာပါ။

သူတို့နှစ်ဦးနေသည့် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်၊ အင်းမရွာသည် မူးမြစ်အနောက်ဘက် တစ်ခေါ်သာသာခန့်ဝေးလေသည်။ အင်းမရွာနှင့် မြင်းမူမြို့မှာ ၁၂ မိုင်ခန့်ဝေးကွာသည်။ ရွာအနောက်ဘက်ရှိ နှောပင်ကြီးရိုးဝါခင်းမှာ အင်းမရွာသူရွာသားများအတွက် စားဝတ်နေရေးစိုက်ခင်းကြီးပင်ဖြစ်ရလေသည်။ ဝါခင်းအလွန်တွင်ရှိသော ထန်းတောကြီးမှာလည်း မျက်စိတဆုံး ကြည့်မကုန်ရှိနေသည်။

"မမလေး ထဘီဖိုး ကြိုးစားပ မောင်အုပ်ရေ"

မောင်အုပ်မှာ ဝါလည်းစိုက်သည်။ ထန်းလည်းတက်၍ မနား မနေ ငွေရရှိရေးကို ကြိုးစားသည်ကို မြင်ရသည့် အပေါင်းအသင်း ရောင်းရင်းများကပင် ဤသို့နောက်ပြောင်ပြောဆိုကြသည်။

"ထဘီဖိုးလောက်တော့ ဒါလောက်ကြိုးစားပါ့မလားကွာ၊ မတုတ်ကို တင့်တောင့်တင့်တယ် အိမ်တစ်ဆောင် မီးတစ်ပြောင်ထားနိုင်အောင် ကြိုးစားတာ ကိုယ့်လူရေ့"

မောင်အုပ်ပြောသည်မှာ သူရည်မှန်းထားချက်ကို မဖုံးမကွယ်ဘဲ ပြောလိုက်ခြင်းဖြစ်ပါသည်။

တစ်နေ့တွင် မတုတ်၏ ဒွေးလေးတော်သည့် ဒေါ်ဆိတ်တင် အိမ်သို့ နေဝင်ရီတရော မီးထွန်းစအချိန် မောင်အုပ်ရောက်လာသည်။ ဒေါ်ဆိတ်တင်အိမ်သို့ မောင်အုပ်က တကူးတကန့်လာခြင်းမှာ ချစ်သူ မတုတ်အတွက် ပြောစရာရှိသည်များကို ဒေါ်ဆိတ်တင်မှ တစ်ဆင့် သတင်းစကားပါးရန်အတွက် ဖြစ်သည်။

"မောင်အုပ်ပါလား ... လာဟေ့ ထိုင်ကွာ"

မောင်အုပ်သည် ဒေါ်ဆိတ်တင်အိမ်ဧည့်ခန်း၌ ဝင်ထိုင်လိုက်သည်။

"ဘယ်က လှည့်လာသလဲ"

"ဒီပဲ တမင်လာတာ ဒေါ်ဆိတ်တင်"

ခရီးရောက်မဆိုက်ပင် မောင်အုပ်က ကဆုန်လဦ မင်္ဂလာဆောင် ကြရန်စကားကို ဒေါ်ဆိပ်တင်မှ တစ်ဆင့် မတုတ်ကို ပြောခိုင်းသည်။

"ဘယ်လိုလဲ မောင်အုပ် ... မြန်လှပါလား"

"သုံးနှစ်သုံးမိုးချစ်ခဲ့တာပဲ... မြန်သေးသလားလို့"

"အေး ... ဒေါ်လေး မေးကြည့်မယ်လေ၊ နက်ဖြန်ညကျတော့ လျှောက်လာခဲ့ပေါ့၊ သူဘာပြောတယ်ဆိုတာ သိရမှာပေါ့ ဟုတ်လား"

မတုတ်၏ဒေါ်လေးတော်သူ ဒေါ်ဆိတ်တင် ကိုယ်တိုင် မတုတ် ကို မောင်အုပ်ပြောသည့်အတိုင်း ပြောပြသည်။ မတုတ်သည် သုံးနှစ် သုံးမိုး ချစ်ခဲ့ပြီးသော ချစ်သူ မောင်အုပ်အား၊ မချစ်နိုင်တော့ကြောင်း ငြင်းဆိုလိုက် လေသည်။

ထိုသတင်းစကားကို ကြားရသော မောင်အုပ်သည် မတုတ်၏ မိခင် ဒေါ်သိန်းတင်အား ကိုယ်တိုင်တွေ့၍ မေးမြန်းလေသည်။ ဒေါ်သိန်းတင် မှာ သမီးထံမှ သိသင့်သလောက် သိထားရသောကြောင့်...

"သမီးက မင်းကို မကြိုက်တော့ဘူး ပြောပါလား"

"ခင်ဗျား ဖျက်တာလား ... မတုတ်က ပြောတာလား"

မောင်အုပ်မှာ ဒေါ်သိန်းတင်ထံမှ ထိုစကားထပ်၍ ကြားရ လျှင် စိတ်ထိခိုက်သွားရသည်။ ဒေါ်သိန်းတင်ကလည်း မောင်အုပ်၏ အမူအရာကို အကဲခတ်မိဟန်တူသည်။ ယတိပြတ်မပြောဘဲ စကားဆက်ထားလိုက် သည်။

"ဒီလိုဆို ... မင်း ကျေနပ်အောင် ငါ့သမီးကို ထပ်မေးကြည့်မယ်"

ဒေါ်သိန်းတင်စကားကြောင့် စိတ်မချမ်းမသာနှင့်ပင် အိမ်သို့ပြန် လာရသည်။ မှန်းချက်နှင့် နှမ်းထွက်ကွာလှသော၊ သူ့အချစ်ရေးအတွက် စိတ်မအေးဖြစ်လာရလေသည်။ အချစ်ရောဂါ ဖိစီးနှိပ်စက်လာသောကြောင့် မအိပ်နိုင်၊ မစားနိုင်၊ တမှိုင်မှိုင်တတွေတွေဖြစ်လာရသည်။ မတုတ်နှင့် နှစ်ကိုယ် တွေ့၍ ချစ်ရေးကို မေးချင်းသော်လည်း ထိုအချိန်မှာ မောင်အုပ်က မတုတ် တွေ့ဖို့ဆိုသည်မှာ သောင်ကမ်း မမြင်သည့် သမုဒ္ဒရာပင်လယ်ကိုအလျား ဖြတ်ကူးရသူနှင့်တူနေသည်။ ဘယ်သူမှ အကူအညီတောင်း၍မရ၊ မတုတ်

သွားတတ် လာတတ်သည့်နေရာများကို ကြိုတင်သွားရောက်၍၊ အလစ်တွေ့ရန် ကြိုးစားသေးသည်။ သို့သော် မောင်အုပ်၏ကြိုးစားမှုကား အရာမထင်၊ မတုတ် ယောင်းမ မလုံးချက်ထံမှသာ "မတုတ်က မချစ်နိုင်တော့ဘူး" ဆိုသည့် ငြင်းဆိုလိုက်သည့် အဖြေကိုသာ ထပ်၍ကြားရပြန်လေသည်။

မောင်အုပ်ကား ထန်းမတက်နိုင်၊ ယာလည်းမထွန်နိုင်၊ အိပ်ရာထဲက အကောင်းပကတိ လူမမာဘဝသို့ရောက်သွားရသည်။ မတုတ်က သူ့အပေါ် မချစ်နိုင်ကြောင်း၊ ခါးခါးသီးသီး ငြင်းဆိုလိုက်ခြင်းမှာ အကြောင်းရှိရမည်။ မတုတ်စိတ်ပျက်လောက်သည့် အပြစ်များ သူဘာတွေလုပ်မိခဲ့သည်လဲ ပြန်လည်စဉ်းစားခဲ့သည်။

မတုတ် ငြင်းစရာကား မောင်အုပ်ကို မြင်းမူရဲဌာနမှ ဓားပြမှု မသင်္ကာနှင့် ဖမ်းဆီးခံရသည့်အကြောင်းတစ်ခုဖြစ်နိုင်သည်။ ထိုအချက်ကို ဘာကြောင့် ထည့်သွင်းစဉ်းစားရလေသနည်း ...

"ဟော့ ... မင်းအဆက်က မင်းအဖမ်းခံရတုန်းမှာ ဒီလိုနာမည်ပျက်တဲ့ လူတစ်ယောက်ကို မယူနိုင်ဘူးလို့ ပြောပါလားကွ"

မောင်အုပ် အချုပ်မှလွတ်လာစဉ် အချစ်ဆုံးသူငယ်ချင်း တစ်ယောက်က ပြောပြဖူးသည်။ မောင်အုပ်ကို မတုတ် မကြိုက်တော့ဘူး ... မယူတော့ဘူး ဆိုသည်မှာ ဤအကြောင်းအချက်သာ ဖြစ်ရမည်ဟု သူစဉ်းစား၍ရမိလေသည်။

(၂)

"စိတ်ကောင်းကောင်းထားစမ်းပါ သားရယ် ... သူ့ထက်သာတာ ငါ့သားရနိုင်ပါတယ်၊ကိုယ်ကယောကျ်ားလေးရှင်ပဲ၊ဘာများ နာစရာရှိလို့လဲ... အသက်လည်း ငယ်ပါသေးတယ်"

မောင်အုပ်ကို မိခင်က အားပေးစကားပြောသော်လည်း မတုတ်ပေါ် စွဲလမ်းမှုစိတ်သည် လျှော့မသွားသည့်အပြင် တိုး၍သာ ဖြစ်ပေါ်ရသည်။

"ကျွန်တော် သူ့ကို ချစ်တယ်အမေ သူကလွဲရင်"

သူ့စကားကိုပင် ဆုံးအောင် ဆက်မပြောနိုင်၊ ခေါင်းငိုက်စိုက်ကျသွားရသည်။ မောင်အုပ်၏ စွဲလမ်းမှုကား ကြီးမားလှသည်။ မတုတ်နှင့်

နှစ်ယောက်ခြင်း ဆုံမိဖို့ကိုသာ သူအမြဲမပြတ် ကြိုးစားနေသည်။ မတုတ်နှင့် ဆုံမိလျှင် သူ့ခံစားရချက်တွေကို တင်ပြ၍၊ အသနားခံလိုသည်၊ နှစ်ဦးဆုံ လိုက်ရလို့ သူပြောပြလျှင် မတုတ်က ငြင်းမည် မဟုတ်ဟုလည်း သူယုံကြည် သည်။ ယင်းကြောင့် မတုတ်ကို သူတွေ့လိုခြင်းပင်ဖြစ်သည်။

မောင်အုပ် သတင်းတစ်ခုရလာသည်။ မတုတ်တို့ ညီအစ်မ နှစ်ယောက် နှောပင်ကြီးရိုး ဝါခင်းတွင် နံနက်တိုင်း ကျဲထားသည့် ဝါမျိုးစေ့ များအပေါ် ထွန်းနှံ့းနေကြသည်ဆိုသော သတင်းပင်ဖြစ်သည်။ ထိုသတင်း ကို ခိုင်ခိုင်လုံလုံ တိတိကျကျရရှိသည့်အခါ ...

"အမေ ... မနက် ကျွန်တော် ထန်းတက်သွားမယ်"

"ဒီလိုမှပေါ့သားရယ် ... သားထန်းတက်မသွားခင် စားသွားဖို့ အမေ စောစော ထချက်ထားမယ်"

သား အမူအရာ ပြောင်းလာသည်ကို ကြည့်၍ မိခင်ဖြစ်သူက ဝမ်းသာအားရဖြစ်လာသည်။ မောင်အုပ် ထန်းတက်သွားမည်ဆိုခြင်းမှာ မတုတ်နှင့်တွေ့ရန်အတွက် ရမယ်ရှာ ပြောခြင်းလည်း ဖြစ်နိုင်ပေသည်။

ကဆုန်လဆုပ် ၁၁ ရက်နေ နံနက် ၆ နာရီ ...

၁၉၆၂ ခု၊ မေလ ၂၉ ရက်နေ့ဖြစ်သည်။ မောင်အုပ်တစ် ယောက် အိပ်ရာမှစောစောနိုးနေသည်။ သူရထားသည့်သတင်းအတိုင်းပင် မတုတ်နှင့် ညီမ မတောတို့မှာလည်း သူတို့ဝါခင်း၌ ထွန်မှုန်းရန် စောစောထ၍ နှောပင် ကြီးရိုး ဝါခင်းသို့ဆင်းသွားကြသည်ကို မောင်အုပ်ကိုယ်တိုင် မတုတ် ညီမကို ဝင်မေး၍ သိရသည်။ စောစောထ၍ စောစောဆင်းရသည်မှာ ရွာနှင့် နှောပင် ကြီးရိုး ဝါခင်းမှာ တစ်မိုင်နီးနီးခန့်ဝေးသောကြောင့်ဖြစ်သည်။

နံနက် ၇ နာရီခန့်မှာ မတုတ်နှင့် မတောတို့သည် ယာထဲ၌ ကြဲထား သည့် ဝါမျိုးစေ့များကို တစ်ယောက် နွားတစ်ရှဉ်းစီနှင့် ထွန်မှုန်းနေကြသည်။ မတုတ်တို့ ညီအစ်မ ထွန်မှုန်းနေသည့်နေရာနှင့် ခဲတစ်ပစ်သာသာခန့်တွင် ဦးပွဲကျော်လည်း ထွန်မှုန်းလျက်ရှိနေသည်။

ညဦးကပင် အိပ်ပျော်ဟန်မတူသော မောင်အုပ်သည် ထန်းတက် ဓားကိုင်၍နှောပင်ကြီးရိုး ဝါခင်းသို့ရောက်လာသည်။ မောင်အုပ် တစ်ယောက် မတုတ်ကို့ရှိရာသို့ စိုက်စိုက်နှင့်သွားနေသည်ကို ဦးပွဲကျော်က လှမ်းကြည့်၍

မြင်လိုက်ရသောကြောင့် ...

ဒီကောင် ... ဒီကို ဘာလာလုပ်တာလဲ မသိဘူး ...

ဦးပွဲကျော်၏ စိတ်ထဲ၌ မောင်အုပ်၏အမူအရာကြည့်၍ မသင်္ကာ စိတ်များဖြစ်ပေါ်လာပြီး၊ မောင်အုပ်မြင်ရလို့ တစ်အောင့်အကြာ၌ မောင်အုပ် သွားရာ နောက်သို့ လိုက်လာခဲ့လေသည်။

မောင်အုပ်လာသည်ကို ထွန်မှုန်းပြီး၍ မောင်းနေသော မတုတ်က မမြင်၊ မတုတ်နှင့် မလှမ်းမကမ်းမှ ထွန်မောင်း၍ လိုက်နေသည့် မတောက မြင်လိုက်သည်။

မောင်အုပ် ... မတုတ်နားသို့ ကပ်သွားသည့်အခါ၊ မတုတ်က ထွန်ကိုရပ်လိုက်သည်။

"ဘယ်လိုလဲ မတုတ် ... မင်းကိုယ့်ကို မချစ်တော့ဘူးဆို"

"ဟုတ်တယ် ... မချစ်တော့ဘူး"

မောင်အုပ်၏အမေးကို မတုတ်က တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်သည်။ သူတို့နှစ်ဦးပြောနေကြသည့် စကားသံများနှင့် အမူအရာတို့ကို မတော မြင်နေရသည်။

"မင်းကို ငါချစ်တယ် ... မင်းငါနဲ့လိုက်ခဲ့ပါ"

"မချစ်ပါဘူးဆို ဘယ်နှစ်ခါ ပြောရဦးမှာလဲ"

"မင်းစိတ်ကြောင့် ငါလည်းသေရတော့မယ်၊ ငါသေရင် မင်းလည်း သေရမယ် မတုတ်"

"မင်းသေရဲရင် .... ဟို ဘဝပေါင်းရုံပေါ့"

မောင်အုပ်နှင့် မတုတ်တို့ အချီအချပြောနေသည့် စကားများသည် တိုတောင်း၍ ပြတ်သားလှသည်။ မောင်အုပ် ဒိုင်ကျသွားပြီး နောက် သူ့ လက်ထဲတွင် ပါလာသော ထန်းတက်ဓားဖြင့် မတုတ်ကို အချက်ပေါင်းများစွာ ခုတ်လိုက်လေပြီ ....

"လာကြပါဦး ... လာကြပါဦး ... ကျွန်မ အစ်မကို ခုတ်ကုန်ပြီ... ခုတ်ကုန်ပါပြီ"

မတောမှာ ရှေ့လည်းမတိုး၊ နောက်လည်းမဆုတ်ဘဲ အော်ဟစ် အကူအညီတောင်းလိုက်သည်။ မတော အော်ဟစ် အကူအညီ မတောင်းမိ

ကပင် ဦးပွဲကျော်မှာ မောင်အုပ်နောက်သို့ လိုက်လာသူဖြစ်သောကြောင့် မောင်အုပ်ဓားနှင့် မတုတ်အား ခုတ်လိုက်သည်ကို ခဲတစ်ပစ် မရှိ တရှိခန့်မှ မြင်နေရသည်။ မောင်အုပ်လက်ထဲ၌ ဓားကို မြင်ရသောကြောင့် ရှေ့မတိုးရဲဘဲ ရပ်၍သာ ကြည့်နေရသည်။

မတောာ၏ အော်ဟစ်အကူအညီတောင်းနေသည့်အသံကို မောင်အုပ် ကြားလိုက်သည့်အခါ လဲကျသွားသည့် မတုတ်အားထားခဲ့ပြီးမှ မတောထံသို့ ပြေးသွားပြီး ...

"နင့်လဲညည်းခုတ်မယ် ... နင့်ပါ အသေသတ်မယ်"

ပြောပြောဆိုဆို ဓားနှင့်ခုတ်လိုက်၍ မတောက လက်နှင့် ကာလိုက် သည့်အတွက် ညာဖက်လက်ချောင်းနှစ်ချောင်းနှင့် ဘယ်ဘက် လက်ချောင်း နှစ်ချောင်းပြတ်သွားသည့်အပြင်၊ ခေါင်းကိုပါဆက်၍ ခုတ်ချလိုက်၍ မတော လဲကျသွားလေသည်။ မောင်အုပ်စိတ်ကျေနပ်လောက်အောင် ခုတ်ပြီးခါမှ သူထန်းတက်နေကျ အင်ကြင်းပင် ထန်းတောဆီသို့ထွက်လာလေသည်။

ဦးပွဲကျော်လည်း ဓားဒဏ်ရာနှင့် လဲကျနေသည့်မတုတ်၊ မတော အားသို့ရောက်လာသည်။ ယာနီးချင်းမှ ဦးဘထွေးနှင့် သား မောင်ပေါ၀၊ မောင်ချစ်ခိုင်၊ အနောက်ဘက်ယာခင်းမှ ကိုဘကြည်နှင့် ကိုသူတော်တို့လည်း ရောက်လာကြလေသည်။

မောင်အုပ် ပြေးသွားရာ ထန်းတောဆီသို့ ဦးပွဲကျော် လှမ်းကြည့်မိ သည့်အခါ မောင်အုပ် ထန်းပင်ပေါ်တက်သွားသည်ကို မြင်ရပြီး၊ ဦးပွဲကျော် စိတ်ထဲတွင် ဒီကောင်ထန်းပင်ပေါ်က ခုန်များချ မလား မသိဘူးဟု တွေးမိ၍ မကြည့်ရဲသောကြောင့် မျက်နှာလွှဲလိုက်သည့်အချိန်တွင် 'ဖုံး'ဆိုသည့် ကျသံ ကြီးကို ကြားလိုက်ရသည်။

"ကိုဘထွေး မောင်အုပ်တော့ ထန်းပင်ပေါ်က ခုန်ချတယ်ထင် တယ် ... ကျုပ်တော့ သွားမကြည့်ချင်ဘူး"

"အိုဗျာ ... ကြမ္မာငင်တဲ့အကောင် သေတာအေးပါတယ်"

ကိုဘထွေးသည် အခြားလူများအား သတိမရသော မတော၊ သတိရလျက်ရှိသော မတုတ်တို့ကို ဝိုင်းဝန်းပြုစုထားရန်မှာ၍ ရွာသို့ပြန် လာပြီး အကြောင်းကြားလေသည်။

အင်းမရွာသူကြီး ဦးမိုးသာထံသို့ ဒေါ်သိန်းတင်ပြေး၍ တိုင်ကြားသည်။ သူကြီး ဦးမိုးသာသည် ဦးဘထွေးနှင့် ရွာသားများ ခေါ်၍ နွားပင်ကြီးရိုး ဝါခင်းသို့လာခဲ့ကြသည်။ ဦးမိုးသာရောက်သည့်အချိန်တွင် ရွာသား ၂၀ ကျော်ခန့်နှင့် မတုတ် ... မတောတို့၏ ဖခင် ဦးညဏ်လည်းရောက်ရှိနေသည်။

မတောမှာ လုံးလုံးခေါ်၍မရ၊ မတုတ်သာ သတိရပြီး စကားပြောနိုင်သည်။

"နင်တို့ကို ဘယ်သူခုတ်သလဲ သိသလား"

"မောင်အုပ် ခုတ်တယ်"

မတုတ်က ဒီစကားမျှသာ ပြောသည်။ သူကြီး ဦးမိုးသာမှာ ဒဏ်ရာရသူများအား ရွာတောင်ဘက် ၂ မိုင်သာသာဝေးသည် ဂုံညှင်း ဆိပ်ရဲကင်းပို့ရန် ရွာသားများကို စီစဉ်ခိုင်းပြီး မောင်အုပ်ထန်းပင်ပေါ်မှ ကျသည့်နေရာသို့ သွားကြည့်သည်။ မောင်အုပ်မှာ မြေကြီးပေါ်၌ ပက်လက်လန်၍ လဲနေသော်လည်း သတိရနေသည်။

"မင်း ... တယ်မိုက်ပါလား မောင်အုပ်၊ ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲ"

"မတုတ်က မကြိုက်တော့ဘူး ပြောလို့ ... မတုတ်ရော ... မတောရော ဓားနဲ့ခုတ်တယ်၊ ကျွန်တော်လည်း သေအောင် ထန်းပင်ပေါ်က ခုန်ချတယ်"

သူကြီးဦးမိုးသာက မောင်အုပ်ကို မေးမြန်းနေချိန်၌ အနီးတွင် ကိုသာဒင်တို့ လူစုရှိကြသည်။ မောင်အုပ်လဲကျနေသည့် နေရာအနီး ထန်းပင်ကြားထဲမှ ထန်းတက်ဓားတစ်လက်တွေ့၍ သူကြီးက သိမ်းလိုက်သည်။

ထိုနေ့မှာပင် သူကြီး ဦးမိုးသာ၏ အစီအစဉ်အရ မတုတ်နှင့် မတောကို ဂုံညှင်းဆိပ်ရဲကင်းမှတစ်ဆင့် လှေနှင့်မူးမြစ်လမ်းအတိုင်း မြင်းမူမြို့သို့ ပို့လိုက်သည်။ မောင်အုပ်ကိုမူ လှည်းဖြင့် တင်ဆောင်၍ မြင်းမူရဲအဖွဲ့သို့ ပို့အပ်လေသည်။ သက်သေခံဓားကိုလည်း ပေးအပ်လေသည်။ သူကြီး၏ တိုင်ချက်အရ ရာဇသတ်ကြီး ပုဒ်မ ၃၀၇ အရ အမှုဖွင့်၍ ဒဏ်ရာရ သူအားလုံးကို မြင်းမူဆေးရုံတင်၍ ကုသရာ မတုတ်မှာ ဆေးရုံပေါ်ရောက်၍ ၂ ရက်

ခန့်အကြာ၌ သေဆုံးသွားရသည်။ မတောမှာ တစ်လခွဲခန့်တက်ရ၍ အသက်ဆေားမှ ချမ်းသာရာရသော်လည်း သူ့လက်ချောင်းလေးများမှာ သေရာသို့တိုင်အောင် အင်္ဂါချို့ယွင်းခဲ့ရလေသည်။

မောင်အုပ်နှင့် မတုတ်၏ အချစ်ဇာတ်လမ်းသည် မဆိုင်သူ မတောပါ အဆစ်ပါရသေးသည်။ သူတို့နှစ်ဦး ဤသို့ဖြစ်ပျက်ခဲ့ရခြင်းကို သက်သေထွက်ချက်များနှင့် မောင်အုပ်၏ ဖြောင့်ချက်များအရ ပေါ်လွင်ခဲ့ခြင်းဖြစ်လေသည်။

(၃)

မောင်အုပ်၏ကျူးလွန်မှုသည် ပထမ ဓားနှင့်အခုတ်ခံရသည်ဆိုသော မတုတ်မှာ မသေသေးသောကြောင့် ရာဇသတ်ကြီး ပုဒ်မ ၃၀၇ အရ အမှုဖွင့်ခဲ့သော်လည်း မတုတ် သေသွားသည့်အခါ မောင်အုပ် အပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၃၀၇ အပြင် ၃၀၂ ပါတွဲ၍ အရေးယူခဲ့သည်။ သူကြီးဦးဖိုးသာက ထန်းပင်အောက် မြေကြီးပေါ်လဲကျနေစဉ် မောင်အုပ်ကို မေးစဉ်တွင် သူ့ကိုယ်သူ သေစေရန် ထန်းပင်ပေါ် မှ ခုန်ချပါသည်ဟု သက်သေများရှေ့တွင် ပြောဆိုချက်အရ မိမိကိုယ်ကို သေကြောင်းကြံစည်မှု ရာဇသတ်ကြီး ပုဒ်မ ၃၀၉ အရလည်း အရေးယူနိုင်သေးသည်။

သို့သော် မြင်းမူ ရဲအဖွဲ့မှ အမှုစစ်ရဲအရာရှိသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂–၃၀၇ အရဖြင့်သာ ၁၉၆၂ ခု၊ ဇွန်လ ၂၉ ရက်နေ့တွင် စစ်ကိုင်းမြို့ အထူးတရားသူကြီး ဦးထွန်းဘောရုံးသို့ တရားစွဲတင်ပို့ လာသောကြောင့် ၁၉၆၂ ခုနှစ် ရာဇဝတ်ကြီးမှု အမှတ်၁၃၊ ဦးမိုးသာနှင့် မောင်အုပ်ဟု အမှုတွဲဖွင့်၍ စစ်ဆေးခဲ့သည်။

မောင်အုပ်သည် ဆေးရုံပေါ်၌ သူ့ဒဏ်ရာများကုသနေစဉ်က မြင်းမူမြို့ ပထမ ရာဘက် ရာဇဝတ်တရားသူကြီး (၁) ဦးကိုလေးထံတွင် ဖြစ်မှုကျူးလွန်ခဲ့ပုံများကို စီကာပတ်ကုံး ဖြောင့်ချက်ပေးခဲ့သော်လည်း ၎င်းအားတရားလိုပြ သက်သေများ စစ်ဆေးပြီး ၁၉၆၂ ခု၊ အောက်တိုဘာလ ၁၁ရက်နေ့တွင် မတုတ်သေသည့်ဖြစ်မှုအတွက် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁)(ခ) အရ လည်းကောင်း။ မတော ဒဏ်ရာရသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၂၆ အရ၊ စွဲချက်တင်သည်ကို မောင်အုပ်က အပြစ်မရှိကြောင်းချေပလေသည်။

တရားခံ မောင်အုပ်က သက်သေအဖြစ် အစစ်ခံမည်ဟု ပြောဆိုပြီး ၎င်းအားစစ်ဆေး၍ ထွက်ဆိုရာတွင် ....

"ဤအမှုတွင် ကျွန်တော်သည် တရားခံဖြစ်သော်လည်း ကျွန်တော်၏သက်သေအဖြစ် အစစ်ခံနေပါသည်။ သေသူ မတုတ်နှင့် သက်သေ မတောတို့သည် ကျွန်တော်နှင့် တစ်ရွာတည်း အင်းမရွာ၌ နေကြပါသည်။ မတုတ် သေတာ ဘာပြုလို့သေတယ်ဆိုတာ ကျွန်တော် မသိပါ။ မတုတ် သေတဲ့နေ့က ကျွန်တော် မသိပါ။ ၎င်းနေ့က ကျွန်တော်သည် ရွာအနောက်ဘက်ရှိ ထန်းတောသို့ ထန်းတက်သွားပါသည်။ ထန်းပင်ပေါ်က ဘာဖြစ်သွားသည်မသိ၊ ထန်းပင်ပေါ်က လိမ့်ကျပါသည်။ နောက်ကျွန်တော် ဘာဖြစ်သည် မသိပါ။ မြင်းမူ ဆေးရုံရောက်နေတော့ သိပါသည်။ မတုတ်နှင့် မတော ဘယ်လိုဒဏ်ရာရတယ်ဆိုတာမသိပါ။ သူတို့နှင့် ကျွန်တော် ဘာမှမဖြစ်ဖူးပါ"

အထက်ပါ ထွက်ချက်များကို တရားခံအကျိုးဆောင် ဦးခင်ကြီးက မေး၍ တရားခံက ပြောကြားခြင်းဖြစ်သည်။ အစိုးရရှေ့နေကြီး၏ ပြန်လှန်မေးခွန်းကို ဖတ်၍ နားထောင်ကြဦးစို့။

မသေမီ (၁) နှစ်ကျော်က မတုတ်နှင့် ကျွန်တော် သမီးရည်းစားဖြစ်ခဲ့ဖူးပါသည်။ သူ့အမေ မသိပါ။ သမီး ရည်းစားဖြစ်ပြီး တောင်းဖို့ရမ်းဖို့ထိအောင် ကျွန်တော် မပြောရပါ။ နောက် မတုတ်က ကျွန်တော့်အား မကြိုက်တော့ဘူး၊ မချစ်တော့ဘူးလို့ စကားပြန်တယ်ဆိုတာအမှန်ပါ။ ကျွန်တော်နှင့်မတုတ် သမီးရည်းစားဖြစ်ပြီးနောက်ကျွန်တော်ကအဆက် ဖြတ်လိုက်ပါသည်။ ကျွန်တော့် အမေက ငယ်သေးတယ် မယူပါနဲ့ဆိုလို့ ကျွန်တော်က အဆက်ဖြတ်ပါသည်။ မတုတ်က အဆက်ဖြတ်တယ်ဆိုတာ မဟုတ်မမှန်ပါ။

ကျွန်တော်သည် အမြဲတက်သော ထန်းတောက အင်ကြင်းပင်

---

မှတ်ချက် ။ ။ သူ့အမေ မသိနံးတင်ထံ သွားပြောပြန်ရာ မတုတ်က မချစ်နိုင်ကြောင်း ပြောရာ ဖြောင့်ချက်၌ ဤသို့ထွက်ဆိုထားသည်။

တောလို့ ခေါ်ပါသည်။ ရွာနှင့် တစ်မိုင်ခန့်ဝေးပါသည်။ ကျွန်တော်လိမ့်ကျ တာက ကျွန်တော် ထန်းတက်နေကျ တောထဲ၌ဖြစ်ပါသည်။ ကျွန်တော် ထန်းတက်နေကျတောက မတုတ်တို့ ယာခင်းနားက မဟုတ်ပါ။ ကျွန်တော် အခင်းဖြစ်သည့်နေ့က ထန်းတက်သွားတော့ ထန်းလှီးဓားပါသွားပါသည်။ ကိုပွဲကျော် ယာခင်းနားသို့ ၎င်းနေ့က ကျွန်တော် ဖြတ်သွားသည်ဆိုတာ မဟုတ်မမှန်ပါ။ ထန်းလှီးရန်သွားပါသည်။ အိုးပါပါသည်။ သက်သေခံ ဓားနှင့်သွားတာ မဟုတ်ပါ။

အခင်းဖြစ်သည့်နေ့က ကျွန်တော်သည် မတုတ်တို့၊ မတောတို့နှင့် လုံးလုံးမတွေ့ပါ။ ဓားနှင့်လည်း မခုတ်ရပါ။ ရဲအရာရှိကခိုင်းလို့ မြင်းမူမြို့ ရာဇဝတ်တရားသူကြီးရုံးတွင် ဖြောင့်ချက်ပေးရပါသည်။ ဖြောင့်ချက်ပါ စကားများ အမှန်ပါ။

အစိုးရရှေ့နေ၏ ပြန်လှန်မေးခွန်းကို မောင်အုပ် ဤသို့ ဖြေကြား သွားလေသည်။

ဤအမှုတွင် အထူးတရားသူကြီး၏အမှုတစ်ခုပေါ် လေ့လာ သုံးသပ် ၍ အဆုံးအဖြတ်ပြုလိုက်ပုံသည်လည်း ဖြစ်ပျက်သည့်အခြင်းအရာပေါ် ဥပဒေနှင့် ထင်ဟပ်ချက်သည် လေ့လာရန် လိုအပ်ချက်တစ်ခုဖြစ်လေသည်။ အထူးတရားသူကြီးသည် တရားခံအပေါ် စွဲချက်တင်ခဲ့သည့် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ)နှင့် ၃၂၆ တို့သည် ဥပဒေအရ အမြင့်ဆုံး အပြစ်ဒဏ် ပေးနိုင်သည့် ပုဒ်မဖြစ်လေသည်။

တရားရုံးများအနေဖြင့် လိုက်နာကျင့်သုံးကြသည့်မူများတွင် အစွပ် စွဲခံရသူအပေါ်၊ အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာတို့က သံသယဒွိဟ မဖြစ်စေဘဲ၊တထစ်ချအပြစ်ရှိသည်ဟု ယူဆနိုင်သည့်အချက်များ ရှိမှသာလျှင်

---

ဦးမိုးသာ (လိုပြ)ထွက်ချက်။ ။ ညီအစ်မလဲနေသောနေရာ၏ အရှေ့ဘက် ခဲတစ် ပစ်ခန့်တွင် တရားခံ မောင်အုပ် ပက်လက်လန်လဲနေတာ မြေကြီးပေါ်၌ တွေ့ရပါသည်။ သူလဲသာနေရာနှင့် တစ်လံသာသာ ထန်းပင်တစ်ပင်ရှိပါသည်။ မောင်အုပ် သတိရပါ သည်။

ဦးကိုလေး ပထမ ရာဘက် ရာဇဝတ်တရားသူကြီး (လိုပြ)ထွက်ချက် ဖြားယောင်း သွေးဆောင်ညှဥ်းပန်းခြင်းရှိသလား မေးပါသည်။ တရားခံက မရှိပါဘူးဟုပြောပါသည်။

စွပ်စွဲခံရသူအပေါ် အပြစ်ပေးသည့် အစဉ်အလာရှိလေသည်။ သံသယ ဒွိဟ ဖြစ်ပေါ်ခဲ့လျှင်၊ ထိုသံသယဒွိဟဖြစ်ပေါ်ရသည့် အကျိုးကျေးဇူးကို တရားခံ သာလျှင် ခံစားထိုက်သည်ဟု အလေးပေးစဉ်းစားကြရလေသည်။

ဦးမိုးသာနှင့် မောင်အုပ်တို့၏အမှုတွင် တရားသူကြီးစီရင် ဆုံးဖြတ်မှု သည်၊ အမှုဖြစ်ပျက်ပုံကြောင်းခြင်း တစ်ခုပေါ်မည်သို့ခြုံ၍ စဉ်းစားထား သည်ကို ဆက်၍ လေ့လာကြည့်ကြပါဦးစို့။

အထက်ပါ သက်သေခံများအား ထောက်ထား၍မောင်အုပ် သည် အခင်းဖြစ်ချိန်က မတုတ် (သေသူ)နှင့် မတော (လိုပြ၂)တို့ ယာထွန်သည့်နေရာသို့ ထန်းလျီး ဓားကိုင်၍ လိုက်သွားသည်။ မတုတ်အား ချစ်သလားမေးရာ မတုတ်က မချစ်နိုင်ကြောင်းပြော၍ မတုတ်အား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းနောက်မှနေ၍ ဆံပင်ဆွဲပြီး ဓားနှင့် ငါးချက်ခုတ်သည်၊ မတောအားလည်း ဓားနှင့် ခုနစ်ချက် ခုတ်ကြောင်း သက်သေခံ ချက်များအရ ပေါ်ပေါက် သည်။ ဤအမှုတွင် သန်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁) အမှုတွင် စီရင်ဆုံးဖြတ်သည့် စီရင်ထုံးအားလည်း လေ့လာကြည့် ပါသည်။ မောင်အုပ်သည် သူ၏ဖြောင့်ချက်အရ ၁၈ ရက်ခန့် မအိပ်နိုင် မစားနိုင် မတုတ်သေသူ) က ရည်းစားဘဝ အဆက်ပြတ် ထားသောကြောင့် စိတ်၏ဝေဒနာခံစားရ၍ အခင်းဖြစ်သည့်နေ့ နံနက် ၇ နာရီ ခန့်တွင် ထန်းလျီးဓားကိုင်၍ လိုက်သွားပြီးနောက် ယာထွန်နေသည့် ရည်းစားဖြစ်ခဲ့ဖူးသော မတုတ်အား ချစ်သလား မေးသည်။ မချစ်ကြောင်း ပြန်ပြောသောအခါ ဓားနှင့် ငါးချက် ခုတ်သဖြင့် မတုတ် သေရကြောင်းပေါ်ပေါက်လာသည်။ ထို့ကြောင့် ဤအမှုအခင်းသည် ရုတ်တရက် ဒေါသမထိန်းသိမ်း နိုင်၍ ရှောင်တခင်ဖြစ် ပေါ်လာသောအမှုမဟုတ်ချေ။ တရားခံ မောင်အုပ်အား စွဲချက် တင်ထားသည့်အတိုင်းမှုပြစ်ထင်ရှား စီရင် ရပေလိမ့်မည်။

"မှုပြစ်ထင်ရှား စီရင်ချက်နှင့် အပြစ်ဒဏ်"

ဦးဘရှင်၏သား မောင်အုပ်သည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)အရ လူသတ်မှု ကျူးလွန်သည်။ သူသည် သေဒဏ်ခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထို့ပြင် တရားခံမောင်အုပ်သည် ရာဇသတ်ကြီးပုဒ်မ ၃၆၂ အရ မှုပြစ်ကျူးလွန်သည်။ သူသည် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ပြစ်ဒဏ် ၂ ရပ်အား တစ်ပါတည်း ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကို ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အထူးတရားသူကြီးက ချမှတ်လိုက်ခြင်းဖြစ်သည်။ ချစ်စိတ်မွှန်၍ ဒေါသ အလျောက်ကျူးလွန်စဉ်အချိန်၌ မောင်အုပ်သည် ရောမသူရဲကောင်း ကြီး၊သတ္တိရှိသူဟု ထင်ကောင်းထင်ကြပေမည်။ သူကိုယ်တိုင် ကျူးလွန်မိသည် အပြစ်ဒဏ်ကို အလားတူသေဒဏ်ကျခံရမည်ဟု အမိန့်ချမှတ်ခြင်း ခံရသည့် အချိန်၌မူ တုန်လှုပ်ချောက်ချားသွားရသည်။ သူကြောက်စိတ်များ အား ခုခံကာကွယ်ပေးမည့် သူ့ကိုယ်ခန္ဓာတွင်း "ဟိုမုန်း" များသည် ကြောက်စိတ်ကို ချေဖျက်မပစ်နိုင်။

"အားမလျှော့ပါနဲ့ကွာ၊ မင်းအယူခံနိုင်ပါသေးတယ်"

သူ့အကျိုးဆောင်ကြီးက အားပေးစကားပြောသည့်တိုင်အောင်ပင် မတုန်မလှုပ်ကျောက်ရုပ်လိုဖြစ်နေရသည်။ မောင်အုပ်၏ မိခင်သည်လည်း သေဒဏ်ကျခံရမည့်သားအတွက် မိခင်၏ချစ်ခြင်းမေတ္တာတရားသည် ရပ်တည်မရအောင် ပူပင်သောကဖြစ်ရရှာသည်။

ထိုနေ့မှာပင် တရားသူကြီးသည် သေဒဏ်ဝရမ်းနှင့် ထောင်ဝရမ်းတွင် လက်မှတ်ရေးထိုး၍ မန္တလေးထောင်သို့ ထုတ်ပေးလိုက်သည်။စီရင်ချက်မိတ္တူတစ်စောင်ကို သေဒဏ်ဝရမ်းအတည်ပြုရန် စောဒကမှုအတွက် ရန်ကုန်တရားရုံးချုပ်သို့ ပို့ရန် မောင်အုပ် အယူခံနိုင်ရန် စီရင်ချက် မိတ္တူတစ်စောင်ပေးရန်တို့ကို အမှုမှတ်တမ်းတွင်ရေး၍ အထူးတရားသူကြီးက လက်မှတ်ရေးထိုးညွှန်ကြားလေသည်။

(၁) ၁၉၅၃ ခု မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၃၄၂။

(၄)

သေမင်းသည် မောင်အုပ်အား ပြုံးပြုံ ဖြဲပြနှင့်ခြောက်၊ ခေါင်းက ချိုပေါက်လျက် လက်ထဲမှ ပုဆိန်လိုလို၊ ရဲတင်းလိုလို ကိုင်လျက်သား၊ သူ့ အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှုသည် လူ့လောကဌ် သူတစ်ခါမှ မတွေ့ဖူး မမြင်ဖူးသော အဝတ်များနှင့် သေမင်းသည် သူ့ထံလာနေသလား၊ သို့မဟုတ် သူ့ကို စားမတတ် ဝါးမတတ် မျက်နှာထားနှင့် ရပ်၍ကြည့်နေသလား၊ တပ်အပ် သေချာစွာ မပြောနိုင်၊မောင်အုပ်သည် သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ချလိုက်ပြီး "မလာနဲ့ ... မလာနဲ့၊ ငါကြောက်တယ် ... ကြောက်တယ်"

စိတ်ချောက်ချားမှုနှင့် စိတ်၏ဖန်ဆင်းခြင်းကြောင့် ယောင်ယမ်း အော်လိုက်မိသည်။ တကယ်တော့ မန္တလေးထောင်ကြီးတိုက်၌ ဘာမှမရှိ၊ ဖြူဖွေးသော အုတ်နံရံများ ဘေးသုံးဘက်မှ ကာရံထား၍ မျက်နှာစာကမူ ကျပ်လုံးခန့်ရှိသော တံတိုင်းတံခါးကြီးကို အာမခံသော့နှင့်ခတ်ထားလျက် သာရှိပါသည်။

ချောက်ချားနေသည့်သူစိတ်များကို ထိန်းထိန်းသိမ်းသိမ်းပြုလိုက် ပြီးမှ အယူခံရာ၌ ဘာတွေအကြောင်းပြရလျှင် ကောင်းမည်ကို ဆက်၍ စဉ်းစားနေစဉ် ...

"မောင်အုပ်"

ခေါ်သံနှင့်အတူ သံတံခါးဖွင့်သံကိုပါ ကြားလိုက်ရသည်။ ငြိမ် သက်၍ ထွေရာလေးပါး စဉ်းစားရာမှ အသက်ဝင်လှုပ်ရှားလာသည်။

"ဟုတ်ကဲ့ ... ကျွန်တော် မောင်အုပ်ပါ"

"မင်း အယူခံရေးဖို့ ခေါ်ခိုင်းလိုက်တယ်"

မောင်အုပ်မှာ လာခေါ်သူနောက်သို့ လိုက်သွားလေသည်။

သူရောက်သွားသည်မှာ အယူခံ ရေးပေးမည့် ထောင်မှူးထံသို့ ရောက်လာသည်။

အယူခံရေးပေးမည့်သူက အထူးတရားသူကြီး၏ စီရင်ချက် မိတ္တူ ကို ဖတ်ပြသည်။ မောင်အုပ်ကိုလည်း ဖတ်ခိုင်းသည်။ အယူခံလွှာ၌ ဘာတွေ ထည့်ရေးလျှင် ကောင်းမည်ကို ဆွေးနွေးတိုင်ပင်သည်။ ပြီးမှ အကျဉ်းသား အမှတ် ၂၀၂၀ စီ မောင်အုပ်၏ အယူခံလွှာကို ဤသို့ရေးလိုက်သည်။

သေလေးမြတ်စွာဖြင့် ...

ကျွန်တော် အယူခံတရားလိုပေါ်တွင် စစ်ကိုင်းမြို့ အထူးတရားသူကြီးရုံးမှ ရာဇဝတ်ကြီးမှု အမှတ် ၁၃ /၆၂ ရာဇသတ် ပုဒ်မ ၃၀၂ (၁)(ခ)အရ သေဒဏ်နှင့် ရာဇသတ် ပုဒ်မ၃၂၆အရ အလုပ်ကြမ်း ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်သည်ကို မကျေနပ်ပါ၍ ရန်ကုန်မြို့ နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင် လျှောက်ထားအပ်ပါသည်။

ယင်းသို့ အယူခံလွှာကို ဤသို့ အစပျိုးလိုက်ပြီးမှ အပြစ်ဒဏ်ချမှတ်ခံရသော အမှုတွင် အောက်ပါအချက်များကို ပြ၍ အပြစ်မရှိကြောင်း ရေးသားဖော်ပြလေသည်။

ဤအမှုတွင် ကျွန်တော်သည် အပြစ်ကျူးလွန်ခြင်း မရှိပါ။ ဤအမှုကို ကျူးလွန်ခြင်းမရှိသူ ကျွန်တော့်အပေါ်တွင် ယခုကဲ့သို့ သေဒဏ်ကျခံစေရန် အပြစ်ပေး အမိန့်ချမှတ်ခြင်းမှာ လုံးဝတရားမျှတမှုမရှိပါ။

ဤအမှုဖြစ်ပွားသည့်နေ့က အယူခံတရားလို ကျွန်တော်သည် မိမိထန်းတောသို့ ထန်းတက်ရန် သွားရောက်ခဲ့ရာ လမ်းတွင် သေသူ မတုတ်နှင့် ၎င်းညီမ မတောတို့ကို ၎င်းတို့ ဝါခင်း၌ အလုပ်လုပ်နေသည်ကို တွေ့၍ ဝင်ရောက်စကား ပြောဆိုမိပါသည်။ သေသူ မတုတ်မှာ ကျွန်တော်နှင့် လက်ထပ်ထိမ်းမြားရန် နှစ်ဦးသဘောတူချစ်ကြိုက်ကြသည့်ပြင် နှစ်ဖက်သော မိဘများကလည်း ကြည်ဖြူကြပါသည်။ တရားလိုပြ သက်သေ အမှတ် (၂) မတော၏ထွက်ချက်တွင် မတုတ်က ကျွန်တော်အား မယူနိုင်ဟု ၎င်းတို့၏အိမ်တွင် ပြောသည်ဆိုခြင်းမှာ လုံးဝမဟုတ်မမှန်ပါ။ မတုတ်ကပင် လက်ထပ်ကြရန် ကျွန်တော်အား အကြိမ်ကြိမ် နားပူနားဆာ တိုက်တွန်းခဲ့သဖြင့် လက်ထပ်ရာတွင် လိုအပ်သော ပစ္စည်းများကို အဆင်သင့် ဝယ်ယူထားခဲ့ပြီးဖြစ်ပါသည်။

အချင်းဖြစ်သည့်နေ့ကမူ ကျွန်တော်နှင့် မတုတ်မှာ သမီးရည်းစားငယ်ရွယ်သူ ချစ်သူများဘာဝ၊ ၎င်းတို့ ယာခင်းထဲ ကန်သင်း

ကုန်းလေးတစ်ခုပေါ်တွင် နှစ်ယောက်ယှဉ်တွဲထိုင်၍ လက်ထပ်မင်္ဂလာအခမ်းအနားနှင့်ပတ်သက်၍ လည်းကောင်း။ နောင်ရေးရှေ့ရေးအတွက်လည်းကောင်း၊ ပြောဆိုတိုင်ပင်နေကြစဉ်၊ မတော (လိုပြ၂ မှာ) ကျွန်တော်တို့နှစ်ဦး၏ မနီးမဝေးတွင် ရှိနေပါသည်။ ထိုသို့ စကားပြောနေစဉ် သေသူ ကျွန်တော်၏ ဇနီးလောင်း ချစ်သူမတုတ်က ကျွန်တော့်အား လောကတွင် ငွေရှိမှ လူရာဝင်သည်၊ ငွေရှိအောင်ကြိုးစားရမည်ဟု ပြောသည့်ပြင်၊ ငွေရှိမှပင် ကျွန်တော်အား လက်ထပ်နိုင်မည် ဖြစ်ကြောင်းကိုပါ ပြောဆိုလာပါသည်။ ထိုအခါ ကျွန်တော်က လက်ထပ်ပြီးလျှင် အလုပ်ကို ကြိုးစား၍ ငွေကိုစုမည်၊ ရအောင် ရှာမည်ဖြစ်ကြာင်းနှင့် ယခုမှုမင်္ဂလာ အခမ်းအနားအတွက် ပစ္စည်းများဝယ်ယူပြီးဖြစ်သဖြင့် မင်္ဂလာပွဲကိုမဖျက်သင့်ကြောင်း တို့ကို ပြောဆိုရာ ၎င်းက ရုတ်တရက် စိတ်ဆိုးသည့် မျက်နှာ အမူအရာနှင့် ကျွန်တော့်အား လုံးဝ မချစ်နိုင်တော့၍ လက်မထပ်နိုင်တော့ကြောင်းတို့ အော်ဟစ်ပြောဆိုပြီး ကျွန်တော့်လက်ဝဲဘက်ပါးကို နှစ်ချက်ဆင့်ရိုက်၍ ထွက်ပြေးသွားပါသည်။ ကျွန်တော့်မှာလည်း ချစ်သူ၏ ရက်စက် စိမ်းကားစွာ စွန့်ပစ်ခြင်းခံရရုံမက မိမိပါးကို နာကျင်စွာ ရိုက်နှက်သွားသည့်အတွက် ဒေါသကို မချုပ်တီးနိုင်တော့ဘဲ ၎င်းပြေးရာနောက်သို့ ထန်းလှီးရန် အသင့်ပါလာသောဓားနှင့် လိုက်သွားမိပါတော့သည်။

မောင်အုပ်သည် သူကျူးလွန်မိခဲ့သောပြစ်မှုကို သူ့ဘာကြောင့် ကျူးလွန်ရသည်ဆိုခြင်းကို အမှုဖြစ်ပျက်ရသည့်အခန်းတွင် ဤသို့ ဇာတ်လမ်းဖော်ထုတ်လိုက်သည်။ ထိုအချိန်၌ သူစိတ်ခံစားရခြင်းနှင့် ပတ်သက်၍ မည်သို့ဖြစ်ပေါ်လာရသည်ကို ဆက်၍ ဖော်ပြထားပြန်ပါသည်။

ကျွန်တော်သည် အသက် ၁၉ နှစ်ရွယ် လူငယ်လေးတစ်ယောက်ဖြစ်သဖြင့် အချစ်နှင့်ပတ်သက်၍ အတွေ့အကြုံ မရှိသည်ကတစ်ကြောင်း၊ စွဲလမ်းမှုလွန်ကဲသည်ကတစ်ကြောင်း၊ အချစ်စိတ်ကို မထိန်းသိမ်းနိုင်သည်ကတစ်ကြောင်း စသည့်အကြောင်းများကြောင့်သာ ယခုကဲ့သို့ ခြေလွန်လက်လွန် ပေါ်ပေါက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ ချစ်သူ မတုတ်မှာ ကျွန်တော်နှင့်အချင်းဖြစ်ပြီး ဆေးရုံရောက်၍ ၄ ရက်ကြာမှ သေဆုံးသည်ကို ကြည့်ခြင်းအားဖြင့်လည်း ၎င်းရရှိသော ဒဏ်ရာမှာ သေစေလိုသောစိတ်ဖြင့် ၎င်းအပေါ် ကျူးလွန်ခြင်းမဟုတ်ကြောင်း ထင်ရှားပေါ်လွင်လှပါသည်။

အယူခံလွှာ၏ နောက်ဆုံးပိုဒ်တွင် မောင်အုပ်သည် ဥပဒေ သဘောအရ သူကျူးလွန်မိသော ပြစ်မှုသည် အဘယ်သို့သောအပြစ်များသာဖြစ်သင့်သည်ကို ဖော်ပြထားခြင်းကို ဆက်၍ ဖော်ပြရန်လိုအပ်ပါသည်။

ကျွန်တော်၏ ချစ်သူဇနီးလောင်း မတုတ်အား ကြိုတင်ကြံရွယ်ချက်နှင့် သေသည့်တိုင်အောင် သတ်ပစ်သည်ဟု အောက်ရုံးတရား သူကြီးမင်း ဆုံးဖြတ်သည့် အတိုင်းမဖြစ်နိုင်ဘဲ၊ ရုတ်တရက်ဒေါသကို မထိန်းသိမ်းနိုင်၍ ရှောင်တခင် ကျူးလွန်ရခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ သို့ဖြစ်၍ ကျွန်တော့် အပေါ်တွင်စွဲဆိုထားသောရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)နှင့် လုံးဝ အကျုံးမဝင်ပါ။ ဤသည့်အတွက်ကြောင့် ကျွန်တော့် အပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ အမိန့်ပေးထားသော သေဒဏ်အပြစ်ဒဏ်ကိုလုံးဝ ပယ်ဖျက်ပေးပါမည့်အကြောင်းရန်ကုန်မြို့ နိုင်ငံတော်တရားရုံးချုပ်သို့ လျှောက်ထား အယူခံဝင်အပ်ပါသည်။

မောင်အုပ်၏ အယူခံလွှာ၌ ဖော်ပြချက်များသည်၊ မူလရုံး အစစ်ခံချက် တရားသူကြီးထံ၌ ပေးခဲ့သောဖြောင့်ချက်များနှင့် တိုက်ဆိုင်ကြည့်ရှုသည့်အခါ သိသိသာသာ ကွဲပြားခြားနားလေသည်။ မူလ ရုံးအစစ်ခံချက်တွင် ဤပြစ်မှုအား လုံးဝကျူးလွန်သူတစ်ယောက်မဟုတ်ကြောင်း ငြင်းဆိုထားလေသည်။ ဖြောင့်ချက်နှင့် အယူခံလွှာတို့တွင် ကျူးလွန်ကြောင်း ဝန်ခံဖော်ပြထားသော်လည်း ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ)အရ အပြစ်မပေးသင့်ဘဲ၊ ရာဇသတ်ကြီးပုဒ်မ ၂၉၉–၂ (က)၏ ပြဋ္ဌာန်းချက်ပါ အခွင့်အရေးကို သူခံစားထိုက်ပါသည်ဟု ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်။

ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) (က)တွင် "ပြစ်မှုကျူးလွန်သူသည် ရုတ်တရက် အကျယ်အကျယ် ဒေါသထွက်အောင်ပြုခြင်းခံရသဖြင့် မိမိကိုယ်ကို မိမိမချုပ်တီးနိုင်သည့်အတွင်း ဒေါသ

ထွက်အောင် ပြုသူတို့ဖြစ်စေ၊ မှားယွင်း၍သော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း၊ အခြားသူ တစ်ဦးကို ဖြစ်စေ သေစေလျှင်”

ဆိုလိုရင်းမှာ တင်ကူး ကြံရွယ်၍ပြုမှုခြင်း မဟုတ်ဟု အကြောင်းခြင်းရာ ပြသနာ၌ ပေါ်လွင်လာလျှင်၊ ၎င်းသူ၏ကျူးလွန်မှုသည်၊ လူသတ်မှု မမြောက်သည့် လူသေမှုဖြစ်၍ အပြစ်ဒဏ်မှာလည်း သေဒဏ်မှလွဲ၍ အခြား အပြစ်ဒဏ်သာကျခံစေရသည်။ ထိုအချက်ကို အယူခံတရားလို မောင်အုပ်သည် အဓိက ပစ်ကွင်းထား၍ အယူခံလွှာတင်သွင်းခြင်းဖြစ်သည်။

စစ်ကိုင်းမြို့ အထူးတရားသူကြီး (စက်ရှင်)မှလည်း အတည်ပြုရန် တင်ဆက်သည့် စောဒကမှု အမှတ် ၆၊ ၆၃ နှင့် အယူခံတရားလို မောင်အုပ် တင်သွင်းသည့် ရာဇဝတ်အယူခံမှု အမှတ် ၆၉၊၆၃ကို တရားရုံးချုပ် တရားသူကြီး ဦးစောဘသိန်းနှင့် ဒေါက်တာမောင်မောင်တို့ ပါဝင်သည့် အယူခံခုံရုံးမှ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေ့နေ ဦးမြင့်တင်၊အစိုးရအတွက်လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင် ဦးထွန်းညို တို့၏ လျှောက်လဲချက်များ ကြားနာပြီးနောက် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အမိန့်ချမှတ်လိုက်လေသည်။ အယူခံခုံရုံး၏ စီရင်ချက် ပထမပိုင်း၌အမှု ရာဇဝင် အကျဉ်းချုပ်ကို ဖော်ပြ၍ ထိုအမှုကို စစ်ဆေးကြားနာခဲ့သည့် မူလခုံရုံး၏ အမှုတွဲ၌ သက်သေခံချက်များကို လေ့လာ ဖော်ပြထားသည့် အမိန့်စီရင်ချက်၏ နိဂုံးချုပ်ဖော်ပြထားသည်မှာ ...

အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက အယူခံတရားလိုသည် ယခုကဲ့သို့ ပြုမှုခြင်းမှာ ရုတ်တရက် ရှောင်တခင် ခေတ္တခဏ စိတ်မနှံ့၍ ဖြစ်ကြောင်း လျှောက်လဲသော်လည်း ထောက်ခံသော သက်သေခံချက် လုံလောက်စွာ မရှိသဖြင့် ထိုသို့တင်ပြသည့် ထုချေချက်ကို ပယ်ရန်သာဖြစ်၏။

၎င်းသည် မတုတ်ထံသို့ မလာမီကပင် မတုတ်က ၎င်းအား မချစ်ကြိုက်နိုင်သည်ကို သိရှိပြီး၊ ဓားကိုင်၍လာသည်ကို ထောက်ရှုလျှင် ၎င်းအား အောက်ရုံးက ရာဇသတ်ကြီးမှု ပုဒ်မ ၃၀၂ (၁) (ခ) အရ အပြစ်ပေးခြင်းမှာ မှားယွင်းသည်ဟု မဆိုသာချေ။

ထိုသို့ပြောပြပြီးနောက် မူလရုံးတရားသူကြီး၏ စီရင်ချက်နှင့် အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် ခိုင်လုံသောအကြောင်းမရှိသဖြင့် မူလရုံး၏ အမိန့်စီရင်ချက်ကို အတည်ပြု၍ မောင်အုပ်၏ အယူခံလွှာကို ပလပ်ခဲ့လေသည်။

အယူခံခုံးရုံးမှ အယူခံလွှာ ပလပ်လိုက်သည်ကိုလည်း မန္တလေးထောင်ကြီးတိုက်အတွင်း၌ရှိသော မောင်အုပ်ထံသို့အကြောင်းကြားသည်။ မောင်အုပ်မှာ သေရမည့်ရက်ကိုသာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုစောင့်မျှော်နေရပေမည်။

သို့သော် တော်လှန်ရေးအစိုးရ ထုတ်ပြန်ကြေညာခဲ့သော လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ မောင်အုပ်မှာ သေဒဏ်အစား ထောင်ဒဏ် ၁၀ နှစ် (၁၀) နှစ်ထက်ပို၍ မကျခံစေရဟူသော ကြေညာချက်ပါ ခံစားခွင့်အကျိုးကို ရရှိသွားသောကြောင့် အယူခံခုံရုံးမှ ပလပ်ခံရသော်လည်း၊ သေကံမရောက် သက်မပျောက်ဆိုသော စကားအရ သေခြင်းမှ လွတ်ကင်းခဲ့ရလေသည်။

(၅)

ဤလူသတ်မှု ဘာ့ကြောင့်ဖြစ်ရသည်ဆိုသောအကြောင်းရင်းကို ရှာကြပါစို့၊ မောင်အုပ်မှာ သေသူ မတုတ်နှင့် ညီမ မတောအား ထန်းလျှီးဓားနှင့် ခုတ်၍ ဤပြစ်မှုကို ကျူးလွန်ရသည့်ပြစ်ချက်သည် အကြောင်းခြင်းရာတစ်ရပ်လုံးကို ခြုံ၍ လေ့လာသည့်အခါ စီးပွားရေးနှင့် လူမှုရေးအပိုင်းပေါင်းစပ်ရာမှ ပေါက်ပွားလာရခြင်းဖြစ်သည်ဟု ဆိုရချေမည်။

မောင်အုပ်က မတုတ်ကိုချစ်သည်။ မတုတ်ကလည်း မောင်အုပ်၏အချစ်ကို လက်ခံခဲ့သည်။ ပထမတွင် လူမှုရေးအရဆက်ဆံမှု အဆင်ပြေခဲ့ကြသော်လည်း မောင်အုပ်အား ဓားပြမှု မသင်္ကာမှုဖြင့် အဖမ်းခံရပြီးနောက် မတုတ်၏ဆက်ဆံရေးမှာ ပြောင်းလဲသွားလေသည်။ မတော၏ထွက်ဆိုချက်အရဆိုပါမူ ဓားပြမှုဖြင့် အဖမ်းခံရပြီးနောက် မောင်အုပ်ကို မယူနိုင်တော့ဘူးဟု မတုတ်က အတိအကျ ဆုံးဖြတ်ခဲ့သည်မှာ ထင်ရှားသည်။ မောင်အုပ်နှင့်မတုတ် ဝါခင်း၌ တွေ့ကြစဉ်မှ မင်္ဂလာဆောင်ရန် ပြောသည့်အခါ ငွေရအောင်ရှာဖို့ မတုတ်၏တိုက်တွန်းချက်ပါလာသည်ကို မောင်အုပ်၏ အစစ်ခံချက်၌ဖော်ပြထားသည်။ မင်္ဂလာဆောင်ပြီးမှ ငွေကို ကြိုးစားရှာမည်ဟုဆိုသည်။

သို့အချက်ကို မတုတ်က လက်မခံဟု ထွက်ဆိုချက်ရှိလေသည်။

မောင်အုပ်နှင့် မတုတ်တို့သည် လူရယ်လို့ဖြစ်လာသည့်အခါ ဓမ္မတာအရ မကင်းနိုင်သည့် အချစ်နယ်တွင်းသို့ သက်ဆင်းခဲ့ကြသည်။ ထိုအချစ်သည် ရေရှည်မမြဲ မောင်အုပ်ပေါ်တွင် အကျင့်စာရိတ္တနှင့်ပတ်သက်၍ အားရကျေနပ်ဟန်မရှိ၊ ထို့ပြင် စီးပွားရေးအရ ချို့ယွင်းချက်သည် သူတို့နှစ်ဦး၏ ဆုံးခန်းတိုင်ပေါင်းသင်းနေထိုင်ရေးအတွက် အတားအဆီးကြီးများဖြစ်လာရပြီး၊ ဤပြစ်မှုပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု လေ့လာတွေ့ရှိရပါတော့သည်။

■

# လသာသာ ညအခါ

(၁)

သီတင်းကျွတ် လဆန်း ၁၄ ရက်နေ့ ညဦးယံ ...

မိုးသားတိမ်များ ကင်းစင်နေသည်၊ လပြည့်နေ့ကို ကြိုဆိုနေသည့် လရောင်မှာ မိုးကောင်းကင်တစ်ခုလုံး ကြည်လင်ဝင်းပနေသလို၊ လယ်တီကွင်းရွာကလေးကိုလည်း ဆော်ငွေရောင် ကွန်ရက်ဖြန့်ကျက်ထားသည့်နှယ် ...

မီးရောင်စုံလင်းနေသည့် ဟသာ်ာတမြို့၏ သီတင်းကျွတ် မီးထွန်းပွဲတော်ကိုလည်း လယ်တီကွင်းရွာမှ လှမ်းမြင်နေရသည်။ လယ်တီကွင်းရွာ၏ သီတင်းကျွတ်မီးထွန်းပွဲကား ကျိုးတိုးကျဲတဲ။

လပြည့်နေ့တွင် သံဃာတော်များနှင့် ဥပုသ်သည်များအား ဒါနပြုရန်အတွက် အရှေ့လယ်တီကွင်းစု ဦးပွအိမ်၌ အိမ်နီးချင်းဖို့ဖို့အိုအို ယောကျ်ား၊ မိန်းမအများစုဝေးကာ၊ မုန့်ဖက်ထုပ် ထုပ်ကြရင်း၊ အပျိုကြီးမပု၏ ဟာသနှောသည့်စကားများကြောင့်၊ တဟားဟား ... တဝါးဝါးပွဲကျနေသည့် ရယ်မောသံများမှာ လယ်တီကွင်း အနောက်စုသို့ကျော်လွှား၍ ရောက်လာလေသည်။

ဘကြီးညွန့်တစ်ယောက် ဘုရားဝတ်ပြုပြီး၍ ရယ်သံများ ကြားနေရသော အရှေ့စုဆီသို့ ဝရန်တာမှ လှမ်းမျှော်ကြည့်နေစဉ် ဝရန်တာပေါ်တွင် စီထွန်းထားသည့် ဖယောင်းတိုင်မီးများ ငြိမ်းလု ငြိမ်းခင်ဖြစ်နေသည်ကို မြင်ရပြန်၏။

"သမီးရေ"

"သမီး ... ဒီမှာ အဘ"

"ဖယောင်းတိုင် မီးလာကြည့်ပါဦး၊ သစ်သားကိုစွဲတော့မယ်"

အမာစိန်သည် ဝရန်တာသို့ ပြေးထွက်လာပြီး၊ ကျန်နေသေးသည့် ဖယောင်းတိုင်မီးများကို ငြိမ်းသတ်လိုက်လေသည်။ ဘကြီးညွန့်မှာ အိမ်ထဲသို့ ဝင် သွားပြီဖြစ်၍ အိမ်ရှေ့တံခါးများ ပိတ်ကာ အိမ်ထဲသို့ဝင်လိုက်လာသည်။

"အဘ ... သမီးနှိပ်ပေးဦးမယ်လေ"

"အေး ... အေး"

အိပ်ရာပေါ်တွင် လဲလျောင်းရင်း၊ ပုတီးစိပ်နေသည့် ဘကြီးညွန့် ၏ ခြေဖဝါးနှစ်ဖက်ကို အမာစိန်ကဆုပ်နယ်ပေးလျက်ရှိသည်။ ဘကြီး ညွန့်နှင့် အမာစိန်မှာ မြေးနှင့်အဘိုးဖြစ်သည်။ အသက် ၈၀ရွယ်တွင်း ရောက်ရှိနေ သည့် ဘကြီးညွန့်က ဆေးပေးမီးယူပြုစုရန်အတွက် မထွေးစိန်က သူ့သမီး ၁၇ နှစ်ရွယ်ရှိ အမာစိန်ကို သူ့အဖေအိမ်သို့ပို့ထားခြင်းဖြစ်သည်။

ဘကြီးညွန့်မှာ တစ်ရွာလုံး၌ အသက်အရွယ် အကြီးဆုံးဖြစ်သည့် အပြင် အကျင့်သီလကောင်းသော အဘိုးအိုတစ်ယောက်ဟု အားလုံးက လေးစားကြည်ညိုကြသည်။ တရားဓမ္မဆွေးနွေးလိုကြသူများသည် ဘကြီး ညွန့်ထံသို့ လာရောက်၍ ဆွေးနွေးကြရသည်။ မသိတာ မရှင်းတာရှိက ဘကြီးညွန့်က ကွင်းကွင်းကွက်ကွက် သိမြင်လာအောင် ရှင်းပြတတ်သူတစ် ယောက်ဖြစ်လေသည်။ သက်ရွယ်ကြီး ရင့်သော်လည်း အရွယ်နှင့်မလိုက် အောင် ကျန်းမာရေးကောင်းသောကြောင့် "အဘိုးကြီး သီလကောင်းတယ်"ဟု ပြောစမှတ်ပြုကြသည်။

ဘကြီးညွန့် ကုသိုလ်ထူးသည်မှာ ရာဖွေထားသည့် စီးပွားဥစ္စာ ရှိသေးသည့်အပြင် သားထောက် သမီးကံကောင်းသောကြောင့် စိတ်ချမ်းသာ သာဖြင့် တရားအားထုတ်နေနိုင်ခြင်းဖြစ်လေသည်။

"သမီး ... အိပ်ချင်ပြီလား"

"မအိပ်ချင်သေးပါဘူး ... အဘ အိပ်ချင်လို့လား"

"အဘ ... ဒီအချိန် ဘယ်တုန်းက အိပ်ဖူးလို့လဲ"

ဘကြီးညွန့်တို့ မြေးအဘိုး စကားပြောနေကြစဉ် ...

"ဒေါက် ... ဒေါက်"

"တံခါးခေါက်တယ် အဘ"

ငြိမ်၍ နားစွင့်လိုက်ကြသည်။

"အဘ တံခါးဖွင့်ပါဦး"

တံခါးခေါက်သူက အပြင်မှ အသံပေးလိုက်ခြင်းဖြစ်သည်။

"သမီး ... တံခါးဖွင့်ပေးလိုက်စမ်း"

"ဘယ်သူမှန်းလဲ မသိဘဲ ဖွင့်မပေးနဲ့ အဘ"

ဘကြီးညွန့် မြေးအဘိုးသာရှိနေသည့် အိမ်သို့ တံခါးလာခေါက်သည့်အချိန်မှာ ည (၈) နာရီခန့် ရှိနေပြီဖြစ်သည်။

"ဖွင့်သာပေးလိုက်ပါ ... ငါသိပါတယ်၊ မယ်သ မောင်ပါ"

ဘကြီးညွန့်က တံခါးဖွင့်ပေးရန် ပြောသောကြောင့် အမာစိန် ထ၍ တံခါးဖွင့်ပေးလိုက်ရသည်။ တံခါးခေါက်သူမှာ လူတစ်ယောက် မဟုတ် နှစ်ယောက်ဖြစ်၍ ထိုလူနှစ်ယောက် အိမ်ထဲသို့ဝင်လာကြပြီး။

"အဘ နေကောင်းရဲ့လား"

"အေး ... နေကောင်းပါတယ်"

"မိုးကြီးချုပ်မှ မင်းတို့"

"အော် ... ကျွန်တော်တို့ ဘကြီးနဲ့ တရားဆွေးနွေးလိုတာနဲ့ လာကြတာပါ၊ ဘကြီးနဲ့ တွေ့ဖို့က ကြုံကြိုက်ခဲတယ်မဟုတ်လား"

"အေး ... အေး ... ထိုင်ကြ ... ထိုင်ကြ"

ဘကြီးညွန့်သည် ရေနံဆီမီးခွက်ကို သူ့မြေးမလေးအား အနားသို့ ယူလာရန်ခိုင်းလိုက်သည်။ အမာစိန်သည် ဖျာခင်းပေးပြီး ရေနံဆီ မီးခွက်ကို ထိုဧည့်သည်နှစ်ယောက်ရှေ့တွင် ချထားပြီး ၅ ပေကွာခန့်မှ ဧည့်သည် နှစ်ယောက်ကို သတိထား၍ ကြည့်နေသည်။ တစ်ယောက်သောသူကို အမာစိန်က မြင်ဖူးသည်။ မမြင်ဖူးသော ဧည့်သည်ထံတွင် လွယ်အိတ်တစ်လုံး ရှိနေသည်ကိုလည်း သတိထား၍ ကြည့်မိသည်။

ဘကြီးညွန့်မှာ တရားဆွေးနွေးပါမည်ဆိုလျှင် ညလုံးပေါက် မိုးလင်းသည့်တိုင်အောင် အားရပါးရ ပြောတတ်သည်။ သူကပင် လက်ဖက်ရည် ကြမ်းဝိုင်းနှင့် ဧည့်ခံ၍ ဆွေးနွေးတတ်သူတစ်ယောက် ဖြစ်လေသည်။ တရား

ဆွေးနွေးလျှင် အချိန်ခနဲ့မှန်း၍မရ၊ သူ့အဘ အကြောင်းသိသော အမာစိန်သည် ဘကြီးညွှန့်၏ အရိပ်အကဲကို ကြည့်ပြီးမှ ...

"အဘ ... သမီး ဦးလေးပိန်တို့အိမ် သွားအိပ်မယ်"

"အေး ... အေး ... အဘလည်း အဖော်ရှိသားပဲ"

အမာစိန်က မိန်းမဖော်မရှိသည့်အိမ်တွင် ယောကျ်ားဧည့် သည်များ လာရောက်၍ တရားဆွေးနွေးနေသောကြောင့် အမျိုးသမီးဖော်ရှိရာ အိမ်နှင့် ၇၅ ပေခန့်ကွာဝေးသော ဦးပိန်အိမ်သို့သွားရောက်အိပ်လေသည်။ ဘကြီးညွှန့်နှင့် ဧည့်သည်နှစ်ဦးမှာ တရားဆွေးနွေးရင်း ကျန်ရစ်ခဲ့လေသည်။

နာရီလက်တံသည် တရွေ့ရွေ့ ပြောင်း၍သွားလေပြီ။ အချိန်ကား ညဉ့်နက်ပိုင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ထင်သည်။ လယ်တီကွင်း အရှေ့စုမှ ရယ်မောသံများလည်း တိတ်ဆိတ်သွားသည်မှာ ကြာလေပြီ၊ ရွာထဲ၌ ကင်းတာဝန်ကျသူများသာ သွားလာလှုပ်ရှားနေသောကြောင့် တစ်ခါတစ်ရံ ကင်းသမားများမြင်၍ ဟောင်နေသည့် ခွေးများမှာ တိတ်ဆိတ်နေသော ညဉ့်ကိုလှုပ်နှိုးလိုက်သလိုထင်ရသည်။

အမာစိန်မှာ လူငယ်ပီပီ ဦးပိန်အိမ်၌ အိပ်မောကျနေပြီဖြစ်သည်။ ဦးပိန်သာလျှင် ထွေရာလေးပါး စဉ်းစားသောကြောင့် မပျော် တစ်ချက် ပျော်တစ်ချက်ရှိနေသည်။

စိတ်အထင် ည ၁ နာရီခန့်မှာ ...

ဘကြီးညွှန့် အိမ်ဘက်ဆီမှ တဝုန်းဝုန်းဖြင့် ရုန်းသံများကို ဦးပိန် နားထဲသို့ ဖောက်ထွင်းဝင်ရောက်လာလေသည်။ ဦးပိန်က ခေါင်းထောင်၍ သေသေချာချာ နားစွင့်လိုက်သည်။ တဝုန်းဝုန်း အသံများ တိတ်ဆိတ်သွားပြီးနောက်၊ ဘကြီးညွှန့် အိမ်မှတံခါးဖွင့်သံကြားရပြန်သည်။

"အမာစိန် ... အမာစိန် ... ဟဲ့ အမာစိန်"

ဦးပိန်၏ခေါ်သံကြောင့် ....

"ဘာလဲ ဦးလေးပိန် ဘာလဲ"

"မြန်မြန်ထစမ်း ... နင့်အဘ အိမ်ဘက်က တဝုန်းဝုန်းနဲ့အသံတွေကြားရတယ်။ တံခါးဖွင့်သံလည်း ကြားရတယ်"

အမာစိန်သည် အိပ်ရာမှ လူးလဲ ထလိုက်သည်။ အဘအိမ်သို့

သွားရန် အိမ်ပေါက်ဝသို့ ဆင်းမိလျှင်။

"ဟဲ ... နေဦး ... အရမ်းမသွားနဲ့"

ဦးပိန်သည် အမာစိန်ကို တားထားပြီး၊ အိမ်နီးနားချင်းများဖြစ်သည့် ဦးမာဒင်နှင့် ဦးဝတို့ကို လှမ်းခေါ်လိုက်သည်။ ဦးပိန်ခေါ်သံကြောင့် ဦးမာဒင်နှင့် ဦးဝသာမကဘဲ၊ ကင်းသမားများနှင့်ရွာသားများပါ ရောက်လာကြလေသည်။ လူစုလူဝေးနှင့် ဘကြီးညွန့်အိမ်သို့သွားကြည့်ရာတွင် ဘကြီးညွန့်၏မြေးအမာစိန်လည်း အတူပါလာလေသည်။ မီးထွန်း၍ အိမ်ပေါ်တက်လာကြသည့်အခါ ဘကြီးညွန့်မှာ အိမ်ရှေ့ခန်း ခုတင်အောက်တွင် ရင်ဝ၌ ဓားဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ကြရသည်။

"စောစောက ညှော့်သည်နှစ်ယောက်ရှိတယ်ဆို အမာစိန်"

"ဟုတ်တယ် ... ခု မရှိတော့ဘူး"

အမာစိန် ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်သည့် ညှော့်သည်နှစ်ယောက်လည်း အိမ်ပေါ်က ပျောက်သွားကြသည်။

"ကဲ ... မောင်မြသောင်း ဦးနဲ့ ခဏလိုက်ခဲ့ကွာ"

ဦးပိန်သည် မောင်မြသောင်းကို အဖော်ခေါ်၍ လယ်တီကွင်းအနောက်အုပ်စုရွာတွင်နေသော၊ သေသူဘကြီးညွန့်၏ သမက်မောင်သန်းညွန့်နှင့် ဘကြီးညွန့်၏ သမီး မထွေးစိန်တို့ကို သွားခေါ်ခဲ့လေသည်။ သားနှင့်သမီးရောက်လာသည့်အခါ ပစ္စည်းများကိုရှာဖွေရာ အမာစိန်ဝတ်သည့်အဝတ် အစားများ၊ ဘကြီးညွန့်ဝတ်သည့် အဝတ်များအပြင် ပိုင်းလော့ဖောင်တိန်တစ်ချောင်း၊ မိန်းမကိုင်ပတ်ကားဖောင်တိန်တစ်ချောင်းပါ ပျောက်ဆုံးနေသည်ကို သိကြရသည်။

"ဒါဘယ်လိုလဲ ဦးလေးပိန်"

"ရဲကို အကြောင်းကြားရမှာပေါ့"

မောင်သန်းညွန့်နှင့် မထွေးစိန်တို့က ဘကြီးညွန့်နှင့်အတူနေရန်ထားသော သမီး အမာစိန်ကို မေးကြသည်။ အမာစိန်ကလည်း ညဥ့်ကညှော့်သည်နှစ်ယောက်လာသောကြောင့် ဦးပိန်အိမ်သို့ သွားအိပ်ရကြောင်းပြောပြလေသည်။

မောင်သန်းညွန့်သည် ကာကွယ်ရေးသမားများ အဖော်ပြု၍

ဟသာ်တမြို့မှ ရဲဌာနသို့ လာခဲ့သည်။ ရဲဌာနနှင့် အချင်းဖြစ်ပွားသည့်နေရာ လယ်တီကွင်းရွာမှာ တစ်မိုင်ခွဲခန့်ဝေးကွာသည်။ ညှိသည်နှစ်ယောက် ဘကြီး ညွှန့်ထံရောက်လာသည့်နေ့မှာ ၁၉၅၉ ခု အောက်တို ဘာလ ၁၅ ရက်နေ့ ညဦးယံဖြစ်သည်။ အချင်းဖြစ်ပွားချိန်မှာ သန်းခေါင်ယံကျော်ခဲ့ပြီ ဖြစ်၍ ၁၉၅၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ နံနက်ကူးချိန်ဖြစ်သည်။ မောင်သန်းညွှန့်၏ တိုင်တန်းချက်ကို ရဲစာရေးကြီး မောင်တင်က ပထမ နံပါတ် ၂၅၃ / ၅၉ ရာဇသတ်ကြီး ပုဒ်မ ၃၉၆ (က) အရ ရွှေငွေ ပစ္စည်းများ လုယူသွားပြီး၊ လူသတ်မှု ဖွင့်၍ အမှုလက်ခံစစ်ဆေးရန် တာဝန်ကျသည့် ရဲအုပ် ဦးထွန်းအောင် ကိုယ်တိုင် အချင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေး ကြည့်ရှုလေသည်။ အလောင်းကို နံနက်လင်းသည့်အခါ ဟသာ်တပြည်သူ့ ဆေးရုံကြီးသို့ပို့၍ သက်သေ မောင်သန်းညွှန့်၊ အမာစိန်၊ ဦးပိန်၊ မြသောင်း နှင့် မမယ်သတို့ကို စစ်ဆေးသည်။ အချင်းဖြစ်အိမ်မှ ရေနံဆီမီးခွက် ၁ ခု၊ သင်အူးကြိုးပြတ်တစ်ပင်ကိုလည်း ရှာဖွေ ပုံစံဖြင့် သိမ်းဆည်းလိုက်သည်။ ထိုနေ့မှပင် မမယ်သ အိမ်မှ သင်အူးကြိုးပြတ်တစ်ပင်ကိုပါ ရှာဖွေပုံစံနှင့် သိမ်းဆည်းလိုက်လေသည်။

အမာစိန်ပြောပြသည့် ပျောက်ဆုံးသွားသည့် ပစ္စည်းများ စာရင်းနှင့် အမှတ်အသားတို့ကိုလည်း စာရင်းပြုလုပ်၍ ယူခဲ့လေသည်။

(၂)

လူသတ်၍ ပစ္စည်းယူသောအမှုကား ဖြစ်ပွားခဲ့ပြီး၊ ထိုအမှုတွင် အမာစိန်သည် ညှိသည်နှစ်ယောက်ရောက်လာပြီးမှ၊ ဦးပိန်အိမ်သို့ မိန်းမ ဖော်ရှိရာသွားအိပ်သူတစ်ယောက်ဖြစ်၍ အမာစိန်ထံမှအမှုနှင့် ပတ်သက်၍ အရေးကြီးသော သဲလွန်စတစ်ခုရသည်မှာ ညှိသည်များ တံခါးခေါက်၍ ဖွင့်ခိုင်းစဉ်က ဘကြီးညွှန့် ပါးစပ်မှ ...

"ဖွင့်သာပေးလိုက်ပါ၊ ငါသိပါတယ် ... မယ်သ ... မောင်ပါ"

ထိုစကားအပြင် မယ်သမောင်ပါဆိုသူကို အမာစိန်က ခြံထဲရှိ ရေတွင်းတွင် ရေလာချိုး၍ မြင်ဖူးခြင်းပင်ဖြစ်သည်။ ဤအမှုတွင် အမှုစစ် ဆေးရန် တာဝန်ရှိသူသည် တရားခံ၏သဲလွန်စကို ထင်ထင်ရှားရှား ရရှိသော

ကြောင့် တရားခံဖမ်းဆီးမိရန် မခဲယဉ်းသော်လည်း အမှုကျူးလွန်ချိန်၌ မျက်မြင်သက်သေ တစ်စုံတစ်ယောက်မျှ မရှိသောကြောင့် အမှုမှန်ဖြစ်ရေး၊ အမှုမှန်ဖြစ်ပါက ခိုင်ခိုင်လုံလုံ တရားစွဲတင်ပို့ ရေးသည် အမှုစစ်အရာရှိ၏ ကျွမ်းကျင်မှုဖြစ်၍ စောင့်ကြည့်ရပေမည်။

သက်သေများ၏ထွက်ချက်နှင့် သက်သေခံပစ္စည်းတို့သည် ကွင်းဆက်ဖြစ်နေရမည်။ သက်သေတစ်ဦးနှင့် တစ်ဦးထွက်ဆိုချက်ခြင်း ကွဲလွဲလျှင် အမှုမှန်ဖြစ်စေကာမူ တရားခွင်၌ တင်၍ စစ်ဆေးသည့်အခါ ထိုအမှုမှာ တရားခံအား အပြစ်ပေးရန်အတွက် မလွယ်ကူပါ။ တရားခံပေါ်တွင် အမှုစစ်ဆေးသည့် တရားသူကြီးက သံသယဒွိဟဖြစ်ပေါ်လာခဲ့လျှင် ထိုအခွင့်အရေးမှာ တရားခံသာလျှင် ခံစားခွင့်ရမည်ဖြစ်ပေသည်။

တရားခံများဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းကို ဖော်ပြနေလျှင် ဤအမှုအကြောင်းအရာသည် စာမျက်နှာ ၃၀၀ နီးပါးရှိ စာအုပ်တစ်အုပ်ဖြစ်လာဖွယ်ရှိလေသည်။ ယင်းကြောင့်ပင် တရားခံနှင့် သက်သေခံပစ္စည်းသိမ်းဆည်းခြင်းကို ရှည်ရှည်ဝေးဝေး ရေးမပြတော့၊ တရားခွင်သို့ရောက်လာသည့် အပိုင်းတွင် ပေါ်လွင် ထင်ရှားလာမည်ဖြစ်၍ တရားခွင်မှစ၍ အတိုချုံးလိုပါသည်။

အမှတ်စဉ်စာတမ်း၊ ဟင်္သာတခရိုင် (၁) အထူး (စက်ရှင်) ရုံး၌ ၁၉၅၉ ခု ရာဇဝတ်ကြီးမှုအမှတ် ၄၈၊ ကိုသန်းညွန့်နှင့် မောင်အညိုပါ- ၂။

၁၉၅၉ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့ ဟင်္သာတရဲဌာနမှ တရားခံများအပေါ်တွင် ရာဇသတ်ကြီး ပုဒ်မ ၃၉၆ (က) အရ တရားစွဲတင်ပို့သည့် တရားခံမောင်အညို အချုပ်နှင့်ရောက်ရှိသည်။ တရားခံ မောင်အောင်ရွှေမှာ ၆၊ ၁၁၊ ၅၉ နေ့မှ ရမန်စေ့မည်ဖြစ်ကြောင်း အစီရင်ခံသည်။ ရမန်စေ့မည့်နေ့ တင်ပြ (၁၉၅၉ ခု၊ နိုဝင်ဘာလ ၆ရက်) ရာဇဝတ်ကြီးမှု မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးဖြစ်သည်။ တရားခံ မောင်အညို ရမန်ပေးသည်။

(ပုံ) အုန်းခင်။

(ပ) အထူးတရားသူကြီး။

ဤသို့ဖြင့် ဘကြီးညွန့်သတ်၍ ပစ္စည်းယူသွားသည့်အမှုကို ရဲဌာနမှ တရားစွဲတင်ပို့၍ နေ့စဉ်မှတ်တမ်းစခဲ့သည်။ မောင်အောင်ရွှေ ယမန်စေ့သည့်နေ့ (၆၊၁၁၊၅၉) နေ့တွင် တရားခံနှစ်ယောက်လုံး ရုံးရှေ့သို့ ရောက်လာသည်။ တရားခံများက ရှေ့နေမငှားနိုင်ကြောင်း တင်ပြ၍ ဟင်္သာတခရိုင်ရာဇဝတ်တရားသူကြီးထံ အစိုးရစရိတ်နှင့် ရှေ့နေတစ်ဦးငှားပေးရန် အကြောင်းကြားခဲ့သောကြောင့် အမှုစစ်ဆေးသည့်အခါ တရားခံများအတွက် အစိုးရမှ ငှားပေးလေသည်။ တရားခံများအတွက် ရှေ့နေ ဦးကျော်ရှိန်က လိုက်ပါဆောင်ရွက်လေသည်။

တရားရုံးများတွင် စစ်ဆေးသည့်အခါ တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက်၊ တရားသူကြီးက စွဲချက်တင်လိုကတင်သည်။ မတင်လိုက တရားရှင်လွှတ်ပစ်သည်။ စွဲချက်တင်၍ တရားခံက အပြစ်မရှိကြောင်း ငြင်းဆိုလာလျှင် တရားခံနှင့် တရားခံပြသက်သေများအား စစ်ဆေးပြီးမှ နှစ်ဖက်ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာပြီး အမိန့်စီရင်ချက် ချမှတ်ခြင်းပြုသည်မှာ အစဉ်အလာ တစ်ရပ်ဖြစ်သည်ဆိုရမည်။

ဦးဘိုးညွန့် (ဘကြီးညွန့်) အသတ်ခံရပြီး ပစ္စည်းလုယူမှုတွင် တရားခံ၏ ဖြောင့်ဆိုချက်နှင့် တရားခံ၏ ချေပချက်များကို ရှေးဦးစွာ ဖော်ပြလိုသည်။ ဘာကြောင့် ဖော်ပြလိုသနည်း။ ဤအမှုနှင့်စပ်လျဉ်း၍ ဖြစ်ပျက်ပုံပုံကြမ်းကို ကနဦးကပင် ဖော်ပြခဲ့ပြီးသောကြောင့်ဖြစ်သည်။ တရားခံတို့၏ ချေပချက်၊ ငြင်းဆိုချက်ကို ရှေးဦးစွာ သိရှိပြီးမှ တရားလိုဘက်မှ စွပ်စွဲချက်များကို ဖတ်ရှုလျှင်အမှုဖြစ်ပျက်သည့် ကြောင်းခြင်းရာတွင် ပို၍ စိတ်ဝင်စားဖွယ်ရာများ တွေ့မြင်ရမည်ဖြစ်ပါသည်။

**ဖြောင့်ချက်** –

၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်၊ ဟင်္သာတမြို့ ၁– ရာဘက် ရာဇဝတ်တရားသူကြီး ဦးခင်မောင်ရှေ့တွင် တရားခံမောင်အောင်ရွှေ၏ ဖြောင့်ချက်ကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ နှင့် ၃၆၄အရ ယူခဲ့သည်မှာ...

မေး – သင်သည် ကျွန်ုပ်ဘာအရာရှိဖြစ်သည်ကိုသိသလား။
ဖြေ – ဟသ်ာတမြို့ပထမ ရာဘက် အထူးအာဏာရ ရာဇဝတ် တရားသူကြီးဖြစ်ကြောင်းကို ပြောပြလို့သိပါတယ်။

မေး – သင်သည် ကျွန်ုပ်ရှေ့သို့ ဘာကိစ္စနှင့်လာသလဲ။
ဖြေ – ကျွန်တော် ဖြောင့်ချက်ပေးရအောင်လာပါတယ်။

မေး – သင့်အား တစ်စုံတစ်ယောက်သောသူက ရိုက်နှက်ခြင်း၊ ညှဉ်းပန်းခြင်း၊ သွေးဆောင်ခြင်းများကြောင့် ဖြောင့်ချက်ကို ပေးလိုတာလား။
ဖြေ – ရိုက်နှက်ညှဉ်းပန်းသွးဆောင်ခြင်းကြောင့် မဟုတ်ပါ။

မေး – သင့်အား တစ်စုံတစ်ယောက်သောသူက၊ အမှုအတွက် သက်သာရစေမည်ဟု ကတိပေးခြင်းကြောင့်၊ ဖြောင့်ချက်ကို ပေးလိုတာလား။
ဖြေ – ကတိပေးခြင်းကြောင့် ဖြောင့်ချက်ပေးတာ မဟုတ်ပါ။

မေး – သင်ဖြောင့်ချက်ပေးလျှင် သက်သာခွင့်ရမည်ထင်လို့ ဖြောင့်ချက်ပေးလိုတာလား။
ဖြေ – မဟုတ်ပါ။

မေး – သင်သည် ဖြောင့်ချက်ကို ပေးလိုမှပေးနိုင်သည်။ မပေးဘဲ နေလိုက နေနိုင်သည်။ သင့်ကို ဘယ်သူကမှ မတိုက် တွန်းနိုင်ကြောင်းကို သိသလား။
ဖြေ – ပြောပြသဖြင့် ကျွန်တော် သိပါသည်။

မေး – သင့်ဖြောင့်ချက်ကို သင့်အပေါ်တွင် သက်သေခံအဖြစ် အသုံးပြု နိုင်သည်ကို သိသလား။ သက်သေခံအဖြစ် အသုံးပြုနိုင်

သည်ဆို သည်မှာ သင့်ဖြောင့်ချက်နှင့်သင့်ကို အပြစ်ပေးနိုင် သည်ကို သိသလား။

ဖြေ – ပြောပြလို့ သိပါသည်။

မေး – သင်သည် ရဲဌာနကို ဘယ်တုန်းက ရောက်သလဲ။

ဖြေ – မနေ့က (၂၂–၁၀–၅၉) ရောက်ပါတယ်။

မေး – သင့်ကိုယ်တွင် ဒဏ်ရာများရှိသလား။

ဖြေ – မရှိပါ။

မေး – သင့်ကို ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်မှ ၁၁ နာရီ မိနစ် ၂၀ အထိ စဉ်းစားရန် အချိန်ပေးခဲ့သည်မဟုတ်လား။

ဖြေ – ဟုတ်ပါတယ်။

မေး – သင်စဉ်းစားပြီးပြီလား။

ဖြေ – စဉ်းစားပြီးပါပြီ။

မေး – ဒါဖြင့်ရင် သင့်ဖြောင့်ချက်ကို ပေးလိုသေးသလား။

ဖြေ – ဖြောင့်ချက်ပေးလိုပါတယ်။

မေး – သင်၏သဘောအတိုင်း အလိုအလျောက် ဖြောင့်ချက် ပေးလို သလား။

ဖြေ – ကျွန်တော်၏သဘောရိုးရိုးနဲ့ ဖြောင့်ချက်ပေးတာပါ။

အထက်ပါမေးခွန်းကို သက်သေလူကြီးနှစ်ဦးရှေ့တွင် မေးမြန်းခြင်း၊ သက်သေများရှေ့တွင် ဖြောင့်ချက်ပေးလိုသည်ဆိုသော တရားခံ၏ ကိုယ်ခန္ဓာကို စစ်ဆေးကြည့်ရှုခြင်း၊ အနီးအနားတွင် ရဲအစောင့်အရှောက်များ မနေစေဘဲ၊ တရားခံကိုယ်တိုင်က ၎င်းအလိုအလျောက် ပေးလိုသည့်

ဖြောင့်ချက်ဟု တရားသူကြီးကိုယ်တိုင် ယုံကြည်လာမှသာ ဆက်လက်၍ တရားခံပြောဆိုသည့် ဖြောင့်ချက်များကို ရေးမှတ်ခြင်းပြုရသည်။

| | | |
|---|---|---|
| အမည် | ... | မောင်အောင်ရွှေ |
| အသက် | ... | ၂၃ နှစ် |
| လူမျိုး | ... | မြန်မာလူမျိုး |
| ကိုယ်ကွယ်သည့်ဘာသာ | ... | ဗုဒ္ဓဘာသာ |
| အဘအမည် | ... | ဦးမောင်အေး |

မေး – မင်းဘာပြောလိုသလဲ ပြောပါ။

ဖြေ – အခု သီတင်းကျွတ်လဆန်း ၁၃ – (၁၄–၁၀–၅၉)နေ့က ရှမ်းစုသဖန်းကုန်းရွာတွင်နေသော ကိုအညိုက ကျွန်တော်နေသော ဂျမ်းတိုက်ရွာကိုလာ၍ ကျွန်တော်၏ မိခင်အိမ်တွင် တွေ့တော့ ငါးသလောက်ပိုက်ချရန် သူနှင့်လိုက်ရန် ကျွန်တော့်ကို အညိုကခေါ်ပါတယ်။ ထိုနေ့ နေ့လယ် ၂ ချက်တီး အချိန်လောက်တွင် ကျွန်တော် ကိုအညိုနှင့်လိုက်သွားပါတယ်။ ညနေမှောင်တိမှောင်မွှား အစ်ကို အညိုအိမ်ကို မရောက်မီ အိမ်တစ်အိမ်တွင် အရက်ဝင်သောက်ပါတယ်။ ကျွန်တော်လည်းအရက်သောက်ပါတယ်၊ ထို့နောက် ကိုအညို အိမ်ကိုသွားကြပါတယ်။

မေး – နောက်ဆက်ပြောပါ

ဖြေ – ကိုအညိုအိမ်ကိုရောက်ပြီးနောက် ည ၇ နာရီအချိန် လောက်တွင် ညစာထမင်းစားကြပါတယ်။ ထမင်းစားပြီးတော့ ကိုအညိုက "ငါဘူးသီးတို့အိမ်ကို သွားဦးမယ်"ဟု ပြောပြီး ထွက်သွားပါတယ်။ ကွမ်းတစ်ရာညက်သာသာ အချိန်တွင် ကိုအညိုပြန်ရောက်လာပါတယ်။ ထို့နောက် ကိုဘူးသီး အိမ်ကယူလာသော မောင်းချဓားကြီးတစ်ချောင်းကို ကျွန်တော့်

ကိုပြပါတယ်။ ထို့နောက် ဟသာ်တမြို့ လယ်တီကွင်းမှာနေတဲ့ အဘိုးကြီးကို ဓားပြတိုက်ရအောင်ဟု ပြောပြီး ကိုအညိုက ကျွန်တော့်ကို ခေါ်ပါတယ်။ ထိုညက ကျွန်တော် ကိုအညို အိမ်မှာ အိပ်ပါတယ်။

မေး – နောက်ဘာဖြစ်သလဲ။

ဖြေ – သီတင်းကျွတ်လဆန်း ၁၄ (၁၅–၁၀–၅၉) နေ့ နံနက် စောစော ကိုအညိုအိမ်မှထွက်၍ ဇလွန်မြို့ကို လာပါတယ်။ ဇလွန်မြို့မှ တစ်ဆင့်မော်တော်နှင့် ဟသာ်တမြို့ကို ကိုအညိုနှင့် ကျွန်တော် တို့လာကြပါတယ်။ ဟသ်တမြို့ကိုနေ့လယ် ၁ နာရီလောက် ရောက်ပါတယ်။ ဟသာ်တမြို့ကိုရောက်တော့ မောင်းချဓား အလတ်စားတစ်ချောင်း ထပ်ဝယ်ပါတယ်။

မှတ်ချက် ။ ။ (မောင်းချဓားနှစ်ချောင်းကို ရုံးကိုတင်ပြပါသည်။) ယခု ရုံးရှေ့ရှိ ဓားအငယ်မှာ ဟသာ်တမြို့တွင် ဝယ်သော ဓားဖြစ်ပါ တယ်။

အကြီးကတော့ ကိုအညို ကိုဘူးသီးအိမ်ကယူလာသောဓား ဖြစ်ပါတယ်။

မေး – နောက်ဆက်ပြောပါ။

ဖြေ – ဓားဝယ်ပြီးတော့ ဟသာ်တမီးရထားလမ်းနံဘေးတွင်ရှိသော ကိုအညို သူငယ်ချင်းငကုံး၏ အိမ်ကိုသွားကြပါတယ်။ ထို အိမ်မှာ ဟသာ်တမြို့ကမ်းနားဘက်ကို ဆင်းသော မီးရထား လမ်းနံဘေးမှာဖြစ်ပါတယ်။ ထိုအိမ်တွင် ကျွန်တော်တို့ ညစာ ထမင်းစားကြပါတယ်။ ထိုနေ့ထမင်းစားပြီး ညနေ ၅ နာရီ အချိန်လောက်တွင် ကိုအညိုက ကျွန်တော့်ကိုခေါ်၍ဟသာ်တ မြို့ လယ်တီကွင်းကိုသွားကြပါတယ်။ ထိုအိမ်မှာ တံခါးပိတ် ထားသဖြင့် အပြင်မှ နေ၍ ကိုအညိုက "အဘ ... အဘ" ခေါ်ပါတယ်။ အိမ်အတွင်းကနေပြီး ဘယ်သူလဲဟု မေးတော့

ကိုအညိုက "ကျွန်တော်ပါ"ဟု ပြောပါသည်။ ထိုအခါ အိမ်တံခါးကို ဖွင့်ပေးပါတယ်။ ကျွန်တော်တို့ အိမ်တွင်းကို ဝင်သွားကြပါတယ်။ အိမ်တွင်း၌ မီးတိုင်မီးထွန်းထားပါတယ်။ ထိုအိမ်တွင် အဘိုးကြီးတစ်ယောက်နှင့်အပျိုဖြန်းမိန်းမကလေး တစ်ယောက်ကို တွေ့ပါတယ်။

မေး – နောက်ဆက်ပြောပါ။

ဖြေ – ကျွန်တော်တို့ကို ကလေးမကလေးက ဖျာခင်းပေးပါတယ်။ ကိုအညိုက အဘိုးကြီးနဲ့ စကားပြောနေပါတယ်။ ဖျာခင်းပေးပြီးသောအခါ ကလေးမကလေး နောက်ဖေးဘက်က အိမ်ကိုဆင်းသွားပါတယ်။ ဓားအသေးကို ကျွန်တော့်ကို ပေးထားပြီး အကြီးကို ကိုအညိုက ကိုင်ထားပါတယ်။ ကိုအညိုက အဘိုးကြီးကို တရားနာချင်တယ်ဟု ပြောတော့ အဘိုးကြီးက တရားဟောပါတယ်။ ဘာတွေ ဟောတယ် ဆိုတာကိုတော့ ကျွန်တော် မမှတ်မိတော့ပါ။ တရား ဟောနေရင်းနှင့် တစ်အောင့်လောက်ကြာတော့ ကျွန်တော် အိပ်ပျော်သွားပါတယ်။ ထိုနေ့ည သန်းခေါင်အချိန်လောက်ကျတော့ ကိုအညိုက ကျွန်တော်ကို နှိုးပါတယ်။ ထို့နောက် ဓားပြတိုက်မယ်ဟု ကိုအညိုက ကျွန်တော်ကို ပြောပါတယ်။ ထိုအချိန်က အဘိုးကြီးက ကျွန်တော်တို့အနီးတွင် ခုတင်ပေါ်မှာ အိပ်နေပါတယ်။ ကိုအညိုက မီးခွက်ကိုင်ပြီး အပေါ့အပါးသွားရန် အိမ်နောက်ဖက်ဆင်းသွားပြီး ပြန်တက်လာပါတယ်။ ဓားပြတိုက်မယ်ဟု ကိုအညိုက ကျွန်တော်ကို ပြောပါတယ်။ ထိုအခါ ကျွန်တော်က "ပစ္စည်းကိုယူပါကွာ ... လူကိုတော့ မသတ်ပါနဲ့"ဟုပြောပါတယ်။ ကိုအညိုက "မသတ်လို့ မဖြစ်ဘူး ... မင်းက အဘိုးကြီးပါးစပ်ကိုပိတ်"ဟု ကျွန်တော်ကို ခိုင်းပါတယ်။ အဘိုးကြီးက ခြင်ထောင်ကိုချမအိပ်ပါ။ တင်ထားပါတယ်။ကျွန်တော်က အဘိုးကြီးပါးစပ်ကိုလက်နဲ့ပိတ်ပါတယ်။

ထိုအခါ အဘိုးကြီးက ဝူးဝါး ... ဝူးဝါးနဲ့ဖြစ်နေလို့ အနီးတွင်ရှိနေသော ပုဆိုးကို ယူပြီး ပါးစပ်ကို ပိတ်ပါတယ်။ ကိုအညိုက အဘိုးကြီး၏ ရင်ဝကို မောင်းချ ဓားနဲ့ထိုးပြီး ဆွဲလိုက်ပါတယ်။ အဘိုးကြီးသေသွားတော့ ကိုအညိုက လက်နှစ်ဖက်ကိုကိုင်တယ်။ ကျွန်တော်ကို ခြေနှစ်ဖက် အကိုင်ခိုင်းပြီး အဘိုးကြီးကို ခုတင်ဘေးဘက်မှာ ချထားပါတယ်။ ထို့နောက် ခုတင်အခင်းကို လှန်ကြည့်ပါတယ်။ ကျွန်တော် ခုတင်၏ခြေရင်းဘက်ရှိ အံခွက်အတွင်းမှာ ရှာပါတယ်။ ကိုအညိုက ခေါင်းရင်းဘက်ရှိ အံခွက်အတွင်းမှာ ရှာပါတယ်။ ကျွန်တော် ရှာသော အံခွက်တွင်းက ထဘီအဝတ်အထည်များနှင့် ငွေခါးပတ်တစ်ချောင်းကို တွေ့ပါတယ်။ ကိုအညိုရှာသော အံခွက်အတွင်းမှ ငွေစက္ကူ ၄၀၀ ကျော်ဖိုး လောက်တွေ့ပါတယ်။ ခုတင် နံဘေးရှိစားပွဲပေါ်မှာ ဖောင်တိန်၂ချောင်းကို တွေ့ပါတယ်။ ကျွန်တော် ရှာသော အံခွက်အတွင်းမှတွေ့သော ထဘီများ၊ အင်္ကျီများ၊ ငွေခါး ပတ်နှင့် ဖောင်တိန်များကို ကျွန်တော်ယူသွားသော လွယ် အိတ်အတွင်းသို့ ထည့်ပြီး ကျွန်တော်လွယ်ထားပါတယ်။ ကိုအညိုပစ္စည်းရှာနေစဉ်တွင် ကျွန်တော်က အိမ်ရှေ့မြေကြီးပေါ်ကို ဆင်းကြည့်တော့ လူခြေသံများလိုလို အသံများကို ကျွန်တော် ကြားပါတယ်။ ကျွန်တော်က လူခြေသံကြားတယ်ဟု ပြောပြီး ထွက်ပြေးပါတယ်။ ကိုအညိုကလည်း နောက်က ပြေးလာပါတယ်။

မေး – နောက်ဆက်ပြောပါ။

ဖြေ – ကျွန်တော်လာလို့ သချိုင်းကုန်းနားရောက်တော့ ကိုအညို နှင့် ဆုံမိပါတယ်။ ထို့နောက် ကျွန်တော်တို့ နှစ်ယောက် ဆက်၍ ပြေးကြရာ နံနက် ၉ နာရီအချိန်တွင် ဒေါသရော်ရွာကိုရောက်ကြပါတယ်။ ဒေါသရော်ရွာရှိ ကျွန်တော့် အစ်ကို ကိုအုန်းရွှေ၏အိမ်တွင် ထဘီ၊ အင်္ကျီများနှင့် ဖောင်တိန်တစ်ချောင်း

ကျွန်တော်ကိုင်သော ဓားတစ်ချောင်းကို အပ်ထားပါတယ်။ ထိုနေ့ နံနက်စာထမင်းကို ကိုအုန်းရွှေအိမ်တွင် စားကြပါတယ်။ ကျွန်တော် မိခင်နေမကောင်းလို့ဟု ကိုအုန်းရွှေကို ညာပြောပြီး ခေါ်၍ ကျွန်တော်တို့ သုံးယောက် ဟသ်ာတမြို့ကို လာကြပါတယ်။ ထိုနေ့မှာပင် ဇလွန်မြို့ကို မော်တော်နှင့် ဆက်သွား ကြပါတယ်။ ဇလွန်မြို့ကိုရောက်တော့ ကိုအညိုက သူ့ရွာကို ပြန်ပါတယ်။ ကျွန်တော်နှင့်ကျွန်တော့်အစ်ကိုတို့က ကျွန်တော့် ရွာကို ပြန်ပါတယ်။ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်(၂၀–၁၀–၅၉)နေ့ကျတော့ ကျွန်တော့် အစ်ကို ဟသ်ာတမြို့ရောက်အောင် ကျွန်တော့် လိုက်ပို့ပြီး ထိုနေ့မှာ ပြန်ပါတယ်။ ထိုနေ့ညက ကျွန်တော်ဇလွန်မြို့တွင် အိပ်ပါတယ်။ နောက်တစ်နေ့ နံနက်တွင် ကျွန်တော် ရွာကိုအပြန် ဟင်းမကွက် ရွာအနီးတွင် ရဲများနှင့်တွေ့သဖြင့် ရဲက ကျွန်တော့်ကို ဖမ်းပါတယ်။ ကျွန်တော့်အတွက်ရသော ပစ္စည်းများမှာ ယခုရုံးရှေ့ရှိ ပစ္စည်း များ ဖြစ်ပါတယ်။ ထိုပစ္စည်းများမှာလည်း အဘိုးကြီးအိမ်က ကျွန်တော် ယူသွားသော ပစ္စည်းများဖြစ်ပါတယ်။ အောက်ပါ ပစ္စည်းများကို ရုံးရှေ့ကိုတင်ပြပါသည်။

(၁) ပိုင်းလော့ဖောင်တိန်အနက်တစ်ချောင်း။

(၂) ပတ်ကားဖောင်တိန်အနက်တွင် အစိမ်းစင်းတစ်ချောင်း။

(၃) ဇာဘော်လီအင်္ကျီ ချိုင်းနှစ်ဖက်အောက်ရှိ ဇာအပေါ်ဘက်တွင် အနီရောင်အစွန်းရှိတစ်ထည်။

(၄) ဇာဘော်လီအင်္ကျီတစ်ထည်၊ အောက်တစ်ဖက်အနားတွင် လက်မခန့် မင်စွန်းတစ်ထည်။

(၅) မိန်းမဝတ်အဝါခံတွင် အပြာ အညိုပန်းပွင့်နှင့် အစိမ်းပန်းခက်ရင်ဖုံး လက်ရှည်ရှန်သားတစ်ထည်။

(၆) ပိတ်ကွင်းတစ်ခု၊ ဖားဥများ စွဲနေသော (၃) စပ်တစ်ကွင်းစပ်ထားသည်။

(၇) အနီပေါ်တွင် အဖြူငှက်ရုပ်နှင့် လက်တစ်ဝါးခန့် အထက်ဆင့် အနက်ကိုလက်ဖြင့်ချုပ်တပ်ထား၊ လက်တစ်ဝါးခန့်အပြာစပ်၍ ချုပ်ထား၊ အောက်နားဆက်ထားသော ထဘီတစ်ထည်။

(၈) အဝါခံတွင် အနက်လေးကွက်ကြား အောက်နှုတ်ခမ်းအထက်ဆင် အနက်ခင်ပြင်ချုပ်ထားသော ထဘီတစ်ထည်။

(၉) အဝါအောက်ခံပေါ်တွင် အညိုအနီ၊ အပြာ သစ်ပင်ပုံများ ရိုက်ထားသော အောက်နားစပ်အထက်ဆင်အနက် စက်ချုပ် ထဘီတစ်ထည်။

(၁၀) ငွေခါးပတ်ဒေါင်းရုပ်အသေး ၁၀၊ ဥဒေါင်းရုပ်ချက်ဖုံးပါသည် တစ်ခု၊ လွယ်အိတ်နှင့်ပုဆိုးစုတ် (၂)ခုနှင့် အကောင်း အဟောင်း တစ်ထည်တို့မှာ ကျွန်တော့်ပစ္စည်းများဖြစ်ပါတယ်။

မေး – နောက်ဘာပြောစရာရှိသေးသလဲ။

ဖြေ – မရှိတော့ပါ။

အထက်ပါဖြောင့်ချက်ကို မောင်အောင်ရွှေသည် တရားသူကြီး ထံမှောက် သက်သေနစ်ဦးရှေ့၌ ဖြောင့်ဆိုဝန်ခံလေသည်။ သူပေးသည့် ဖြောင့်ချက်ပါ အချက်အလက်များသည် ၎င်းတို့နေထိုင်ကြသည့် အရပ်ဒေသနှင့် ကွာဝေးလှသော ဟင်္သာတမြို့အနီး လယ်တီကွင်း အနောက်အုပ်စုနေ ဘကြီးညွှန့်အားသတ်၍ ပစ္စည်းလုယူမှုသည် ဇာတ်လမ်းတစ်ပုဒ်သဖွယ်ပေါ်လွင်နေသည်။

၎င်း၏ ဖြောင့်ချက်ပါအတိုင်းသာဆိုပါက မောင်အောင်ရွှေနှင့် မောင်အညိုတို့သည် ၎င်းတို့အပေါ်တွင် စွပ်စွဲထားသည့် အမှုမှာ ငြင်းမရအောင် ပေါ်လွင်ထင်ရှားလျက်ရှိသည်ဟု ဆိုရမည်။

သို့သော် တရားခံ မောင်အညိုအား တရားခံသက်သေအမှတ် (၁) အဖြစ်လည်းကောင်း၊ မောင်အောင်ရွှေအား တရားခံသက်သေ အမှတ် (၂) အဖြစ်လည်းကောင်း၊ တရားခွင်၌ စစ်ဆေးသည့်အခါ ထိုလူသတ်၍ ပစ္စည်းလုယူမှုကို မကျူးလွန်ရပါဟု ငြင်းဆိုကြသည့်အပြင် အချင်းဖြစ်ပွားချိန်က

မောင်အညိုသည် ဘုန်းကြီးကျောင်းတွင် တရားနာလျက်ရှိပါသည်ဟု တရားခံပြ သက်သေများပြ၍ ထွက်ဆိုခဲ့သည်မှာ ...

တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့မှစပြီး ကိုသိန်းဟန်၊ ကိုတင်မောင်တို့နှင့်အတူ ကျွန်တော် မြစ်ထဲမှာ ပိုက်ချပါသည်။ နောက် သီတင်းကျွတ်လပြည့်နေ့ည ကျွန်တော်တို့ သဖန်းကုန်းကျောင်းမှာတရားနာပါသည်။ တရားနာသွားသည့်အခါ ကိုသိန်းဟန် ကိုတင်မောင်တို့နှင့် အတူတူသွားနာပါသည်။ သဖန်းကုန်းရွာသည် ဟသ်ာတနှင့် မိုင် (၃၀) လောက်ပေးပါသည်။ ကျွန်တော်တို့ ညနေ (၆) နာရီလောက်ကတည်းက သွားကြပါသည်။ ညနာရီပြန် (၂) ချက်လောက်မှ အိမ်ပြန်ကြပါသည်။ ပိုက်ချသည့် နေရာများမှာလည်း ကျွန်တော်တို့ ရွာနားမှာပဲ ဖြစ်ပါသည်။

အချင်းဖြစ်ပွားသော သီတင်းကျွတ်လပြည့်နေ့ နံနက်အကူး ဖြစ်ပွားခဲ့သည့်အချိန်တွင် သဖန်းကုန်းရွာတွင် ၎င်းရှိနေကြောင်း ထွက်ဆိုခြင်းဖြစ်သည်။ ၎င်းက ဆက်လက်၍ ထွက်ဆိုသည်ကို ဖတ်ကြဦးစို့။

ကျွန်တော် အဖမ်းမခံရမီ၊ တစ်လကျော်လောက်က ကိုဘူးသီးထံမှ မောင်းချားတစ်လက်ကို ဖော့လှီးရန်ငှားဖူးခဲ့ပါသည်။ ကျွန်တော် တစ်ညနေတည်းကိုင်ပြီး ပြန်ပေးလိုက်ပါသည်။

အမှုစစ်ရဲအရာရှိက ကိုဘူးသီး သမီးထံမှ သိမ်းထားခဲ့သော မောင်းချားနှင့်ပတ်သက်၍ ထွက်ဆိုချက်ဖြစ်လေသည်။ လူစီတန်းပြရာတွင် အဘညွန့်၏ မြေး အမာစိန်က ဆိုပြခဲ့ခြင်းနှင့် ပတ်သက်၍ ခုခံကာကွယ် ထွက်ဆိုပုံမှာ ...

ကျွန်တော့်အား ရဲဌာနာတွင် စာရေးခန်း၌ လူ ၄၊၅၊၁၀ ယောက်နှင့်ကွာ၍ လူစီတန်းပြခဲ့ပါသည်။ ထိုသို့ စီတန်းပြရာ၌ တရားသူကြီး တစ်ဦးက ကြီးကြပ်ပြီး သက်သေကို ခေါ်မပြမီ ကျွန်တော်အား ကြိုက်သည့်နေရာတွင်နေရန် အခွင့်အရေးများ ပေးပါသည်။ လူစီတန်းပြသည့်အခါတွင် ကျွန်တော် အလယ်မှာ နေပါသည်။ နောက် အမာစိန် ဝင်လာပြီး ကြည့်ရှု၍ ကျွန်တော့်ကို

ဆွဲထုတ်ပြပါသည်။ တရားသူကြီးက လူစီတန်းပြပြီးနောက် ကျွန်တော့်အား မဟုတ် မတရား အမာစိန် စွပ်စွဲရန်အကြောင်း ရှိ မရှိ မေးမြန်းပါသည်။ ကျွန်တော်က ဘာမှ ပြောစရာမရှိဟု ပြန်ပြောခဲ့ပါသည်။

လူစီတန်းပြရာမှ ဆွဲထုတ်ပြခြင်းနှင့် ပတ်သက်၍မူ မောင်အညို က အထူးငြင်းဆိုချက်မပေါ်၊ အမာစိန်က လူအများအလယ်မှ ဆွဲထုတ်ပြနိုင် သည်ကိုသာ ထွက်ဆိုသွားလေသည်။

တရားခံ၏ သက်သေအမှတ် (၂) ဖြစ်သော မောင်အောင်ရွှေ၏ ထွက်ဆိုချက်တွင် တရားသူကြီးထံ၌ပေးခဲ့သော ဖြောင့်ချက်ကို ဤသို့ငြင်းဆို လေသည်။

ဟင်္သာတမြို့ (၁) ရာဘက် ရာဇဝတ်တရားသူကြီးရှေ့တွင် ဤအမှုနှင့်ပတ်သက်၍ ကျွန်တော် ဖြောင့်ချက်ပေးခဲ့ပါသည်။ သို့သော် ၎င်းဖြောင့်ချက်ထဲ ပါသောစကားများမှာ မမှန်ပါ။ ရဲက ကျွန်တော်အား နှိပ်စက်ညှဉ်းပန်းပြီး ဖြောင့်ချက်ပေးခိုင်းသဖြင့် ၎င်းတို့ သင်ပေးထားသလို ကျွန်တော် ဖြောင့်ချက်ပေးခဲ့ရပါတယ်။

ဖြောင့်ချက်ပေးရန် ရဲများ၏ညှဉ်းပန်းနှိပ်စက်ပုံနှင့်ပတ်သက်၍ အစိုးရရှေ့နေ၏ ပြန်လှန်စစ်ချက်တွင် ...

ကျွန်တော့် နားအုံကိုလက်ဝါးနှင့်ရိုက်၊ ရေနှင့်လောင်း၍ ရဲများက ဖြောင့်ချက်ပေးခိုင်းပါသည်။ အရိုက်ခံရ၍ နားအုံများ ရောင်မသွားပါ။

တရားသူကြီးရှေ့ ကျွန်တော်ရောက်သည့်အခါ တရား သူကြီးက ဖြောင့်ချက် ပေးလိုမှသာပေးနိုင်ကြောင်း၊ ပေးပါက သက်သေခံအဖြစ် အသုံးပြုနိုင်ကြောင်း၊ စသည် များကို ပြောပြပါ သည်။ စဉ်းစားရန် အချိန်ပေးပြီးနောက် တစ်ဖန် ဖြောင့်ချက်ပေးလို သည်၊ မပေးလိုသည် မေးမြန်းပါသည်။ တရားသူကြီးက ရဲများ ညှဉ်းပန်းခြင်း ရှိ မရှိ မေးမြန်းပါသည်။ သို့သော် ရဲများက မရှိဘူး ဟု ပြောရန် စောစောက သင်ပေးထားသဖြင့် မရှိကြောင်းကျွန်တော် ပြောပြခဲ့ပါသည်။

၎င်းနောက် အချင်းဖြစ်ပွားသည့် သီတင်းကျွတ်လဆန်း ၁၄ ရက် နေ့ည သီတင်းကျွတ်လပြည့်နေ့အကူး နံနက်ပိုင်းအထိ ဘယ်နေရာ၌သူရှိပါသည်ဟု ဆိုချက်ကို ထွက်ဆိုရာတွင် ....

လွန်ခဲ့သည့်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် နေ့ည က ကျွန်တော် ကျမ်းတိုက်ရွာ မောင်စန်ရင် အိမ်မှာရှိပါသည်။ သီတင်း ကျွတ်လပြည့်နေ့နံနက် ဘုန်းတော်ကြီးများနှင့် ဥပုသ်သည်များ ကျမ်းတိုက်ကုန်းရွာ ဘုန်းကြီးကျောင်းတွင် "သကြားယာဂု" ကျွေးမွေးမည်ဖြစ်၍ ၁၄ ရက် နေ့ညက မောင်စန်ရင်အိမ်မှာ ကျွန်တော်သွားပြီး ကူညီ လုပ်ကိုင်ပေးနေရပါသည်။

ဤသို့ထွက်ဆို၍ လုပ်ဖော်ကိုင်ဖက်များအဖြစ် မောင်စန်ရင်၊ မောင်စိုးခေါ် လှမောင်၊ မောင်ထွန်းကြည်၊ လှအေးတို့လည်းရှိသည်ဟု သက်သေထူလေသည်။

မောင်အညိုနှင့် မောင်အောင်ရွှေတို့သည် ရဲကစွဲတင်သော အမှုကို သူတို့ကျူးလွန်ခြင်းမပြုကြရပါဟု ဘူးကွယ်ကြသည်။ ငြင်းဆို ကြသည်။ ထို့ပြင် ဖြစ်ပွားချိန်၌ သူတို့ရှိနေသည့်နေရာအရပ်ကိုလည်း သက်သေထူကြလေသည်။ ၎င်းတို့ထူသည့် သက်သေထွက်ဆိုချက်များထဲမှ လိုအပ်ချက်များကို ကောက်နုတ်ဖော်ပြခြင်းအားခြင်း လေ့လာခွင့် ရရှိနိုင်ပေမည်။ မောင်အညိုထူသည့် တရားခံပြသက်သေအမှတ် (၃)၊ သဖန်းကုန်းရွာသား မောင်တင်မောင် (၄၅နှစ်)၏ ထွက်ဆိုချက်တွင် အခင်းဖြစ်ပွားသည့် လယ်တီကွင်းနှင့် တရားခံ မောင်အညိုနေထိုင်သည့် ရွာမှသွားလျှင် မည်သို့သွားရသည်ကို ဤသို့ထွက်ဆိုသည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့က ကျွန်တော်တို့ သဖန်းကုန်းကျောင်းတွင် တရားပွဲရှိ၍ ကျွန်တော်တို့သုံးယောက် တရားနာရန် ညနေ ၄ နာရီလောက်က စသွားကြပါသည်။ ကျောင်းကို ၆ နာရီလောက်မှရောက်ပါသည်။ တရားပွဲမှာ နာရီပြန်တစ်ချက်လောက်မှ ပြီးပါသည်။ ကျွန်တော်တို့ သုံးယောက်စလုံး အတူတူ တရားနာကြပါသည်။ ထိုအချိန် ကာလအတွင်း အညိုဘယ်မှ ထမသွားခဲ့ပါ။ သဖန်းကုန်းနှင့် ဟသ်ာတမှာ အဝေး

ကြီးဖြစ်ပါသည်။ ကားခ ၁ကျပ် ၅၀ ပြားပေးရပါသည်။ တရားဟော ဘုန်းကြီးဘွဲ့ကို မမှတ်မိတော့ပါ။ ကျွန်တော်နှင့်အညီ သည် ဆွေမျိုးမတော်ပါ။

အစိုးရရှေ့နေ၏ ပြန်လှန်စစ်ချက်တွင် တရားပွဲအပြီး၌ လူချင်းခွဲခွာသည့်အကြောင်းကို ....

တရားပွဲအပြီး ကျောင်းအထွက်တွင် လူချင်းခွဲကြပါသည်။ ကိုယ့်အိမ်ကိုယ်ပြန်ကြပါသည်။

ဤသို့ထွက်ဆိုလေသည်။ တရားခံသက်သေ အမှတ် (၄) ဖြစ်သည့် သဖန်းကုန်းရွာသား မောင်သိန်းဟန် (၃၅) နှစ်အား အစိုးရ ရှေ့နေ၏ ပြန်လှန်စစ်ချက်တွင် ....

ကျွန်တော်တို့ရွာ ဘုန်းကြီးကျောင်းမှာ နှစ်စဉ် ၁၄ ရက်နေ့ည တရားပွဲကျင်းပသဖြင့် ၁၄ ရက်ဆိုတာ မှတ်မိပါသည်။ တရားပွဲမှာ သုံးညဆက်လုပ်ပါသည်။ ဒုတိယညနှင့် တတိယညများ မရောက်ပါ။

မောင်အညိုနှင့် တရားအတူနာကြပါသည်ဆိုသော မောင်အညိုထူသည့်သက်သေများက ဤသို့ထွက်ဆိုကြလေသည်။

တရားခံ မောင်အောင်ရွှေ ထူသည့် တရားခံပြသက်သေ အမှတ် (၅) ကျမ်းတိုက်ရွာသား မောင်စန်ရင် (၄၀) နှစ်က သကြား ယာဂုကျိုကြစဉ် မောင်အောင်ရွှေ ၎င်းတို့နှင့်အတူရှိသည်ဆိုခြင်းကို ဤသို့ထွက်ဆိုထားသည်။

လပြည့်နေ့ နံနက်ကျောင်းတွင် ဘုန်းတော်ကြီးများ နှင့် ပရိသတ်များတိုက်ရန် ကျိုပါသည်။ ၁၄ ရက်နေ့ ညနေ ၄ နာရီထိုးလောက်မှ တရားခံအောင်ရွှေရောက်လာပြီး ရေခပ်ထင်းခွဲပေးပါသည်။ နောက် ယာဂုကျိုရန် မောင်စိုး၊ မောင်ထွန်းကြည်၊ မောင်လှအေးတို့ ရောက်လာပါသည်။ အစိုးရရှေ့နေ၏ ပြန်လှန်စစ်ချက်တွင် ...

ကျောင်း၌ ဘုန်းကြီးရှိပါသည်။ ခန့်မှန်းခြေ လပြည့်နေ့က ရွာသား ၂၀၀ လောက်လာပါသည်။ ၎င်း လူများအားလုံးအတွက် ကျွန်တော် ယာဂုကျိုပါသည်။ "ဆန်တစ်ပြည်ခွဲ" ကျိုရပါ

သည် "သကြား ၂၂ ပိဿာ" ကုန်ပါသည်။

တရားခံ မောင်အောင်ရွှေ ထူသည့် တရားခံပြသက်သေ အမှတ် (၆) မောင်စိုး (ခေါ်) လှမောင် (၄၁) နှစ်အား အစိုးရသက်သေ၏ ပြန်လှန်စစ်ချက်တွင် ...

ဘုန်းကြီးကျောင်းတွင် ပရိသတ်ခန့်မှန်းခြေ ၂၀၀ လောက် လာကြပါသည်။ ဒယ် ၄ ဒယ်ကို "ဆန်ပြည် ၂၀" ကျိုရပါသည်။ တစ်ဒယ်ကို ၅ ပြည်ကျိုရပါသည်။ သကြားမှာ ဒယ် ၁ ဒယ် လျှင် ၅ ပိဿာနှင့် ၅၀ သားလောက်ထည့်ရပါသည်။

ဆန်ကို ကျွန်တော် ကိုယ်တိုင်ဒယ်ထဲကို ခြင်ထည့်ပါသည်။

တရားခံပြ သက်သေအမှတ်(၈) ကျမ်းတိုက် ရွာသား မောင်ထွန်းကြည် (၃၃နှစ်) အား၊ အစိုးရရှေ့နေ၏ ပြန်လှန်စစ်ချက်တွင် ...

ကျွန်တော်တို့ ယာဂုကျိုသောအခါ ထန်းလျက်လည်း ပါပါသည်။ အချိန်အဆကိုတော့ ကျွန်တော်မသိပါ။ မောင်စန်ရင် ခွဲပေးသည့်အတိုင်း ကျိုကြပါသည်။ "ထန်းလျက်ပါသည့်အတွက် သကြား ထည့်တာကို ကျွန်တော်မမြင်ပါ"

ဤအမှုတွင် တရားခံတို့ထူသည့် သက်သေများသည် အခင်း ဖြစ်ချိန်တွင် မောင်အညိုသည် သဖန်းကုန်းရွာ ဘုန်းကြီးကျောင်းတရားပွဲတွင်ရှိသည်။ မောင်အောင်ရွှေသည် ကျမ်းတိုက်ရွာ ယာဂုကြိုနေသည့် မောင်စန်ရင် အိမ်၌ရှိနေသည်ဆိုခြင်းကို တညီတညွတ်တည်း ထွက်ဆိုနိုင်ကြသော်လည်း ယာဂုကျိုရာ၌ ဆန်ပြည်အရေအတွက် ထို့ပြင် သကြားနှင့်ထန်းလျက် စသော ကွဲလွဲနေသည်ကို တွေ့ရှိရပေမည်။ တရားခံတို့၏ ချေပချက် ဤတွင် အဆုံးသတ်၍ တရားလိုဘက်မှ တရားခွင် ၆ ထွက်ဆိုချက်ကို လေ့လာကြဦးစို့ ... ။

(၃)

ဟသ်ာတ ရဲဌာနာမှ အထူးတရားသူကြီး (စက်ရှင်) ရုံးသို့ တရားစွဲတင်ပို့စဉ်က ပူးတွဲတင်ပြထားသည့် သက်သေစာရင်းမှာ ၂၅ ယောက်ဖြစ်သည်။ အမှုနှင့်စပ်လျဉ်း၍ ရှာဖွေပုံစံတို့ဖြင့် သိမ်းဆည်းခဲ့သော သက်သေခံ

ပစ္စည်း ၈၈မျိုးအပြင် အခင်းဖြစ်ပွားသည့်နေရာကို ရေးဆွဲထားသည့် ပုံစံကိုပါ ပူးတွဲ၍ တင်သွင်းခဲ့သည်။

သက်သေစာရင်းတွင် အဓိက သက်သေများမှာ အမာစိန်၊ အမှုစစ်အရာရှိ၊ ကျမ်းတိုက်ရွာမှ လယ်သမားကြီး ဦးချစ်ဖွယ်၊ သဖန်းကုန်းရွာသား ကိုဘူးသီးနှင့် သမီးကျောင်းသူ မစန်း၊ တရားခံများနှင့် သားချင်းတော်စပ်သူ ကျမ်းတိုက်ရွာမှ မောင်အုန်းရွှေ၊ အခြားသက်သေများမှာ အမှုကြောင်းခြင်းရာတွင် တစ်ခုနှင့် တစ်ခုကွင်းဆက်သဖွယ် ပါဝင်ကြသည့် သက်သေများဖြစ်ကြသည်။

ရင်းမလွတ်ရွာ ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးဘအောသည် ကျမ်းတိုက်ရွာသစ်ကန်ကြီး မရင်နုထံမှ ရဲအုပ် ဦးထွန်းအောင် ပစ္စည်းသိမ်းစဉ်က သက်သေတစ်ဦးဖြစ်သည့် မရင်နုထံမှ ငွေခါးပတ်နှင့် ချည်လွယ်အိတ် သိမ်းဆည်းသည်။ တရားခံ အောင်ရွှေထံမှ မိန်းမကိုင် ပတ်ကားဖောင်တိန်တစ်ချောင်း၊ ချည်လုံချည်တစ်ထည်ကို ရင်းမလွတ်ရွာလယ်ထဲ၌ သိမ်းဆည်းသည်။ ခါးပတ်နှင့် လွယ်အိတ်သိမ်းစဉ်က အောင်ရွှေမရှိ၊ မရင်နု သေတ္တာထဲမှ သိမ်းဆည်းခြင်းဖြစ်သည်။

ငွေခါးပတ်ကို အခြားပစ္စည်းများနှင့် ရောနှောပြသသည့်အခါ အမာစိန်က ဆွဲပြသည်။ ထိုငွေခါးပတ်ကို လုပ်ပေးရသော ဟင်္သာတ မြို့မှ ငွေပန်းထိမ်ဆရာ ဦးညီပုကလည်း ထောက်ခံထွက်ဆိုသည်။ ထိုငွေခါးပတ်ကို မောင်သန်းညွန့် လာလုပ်၍ အမာစိန်ပတ်သည့် ခါးပတ်ဖြစ်ပေသည်။

တရားခံများနှင့် ဆွေမျိုးသားချင်းတော်စပ်သည့် တရားလိုပြသက်သေ (၁၃) ကျမ်းတိုက်ရွာ မောင်အုန်းရွှေ (၃၂နှစ်)၏ ထွက်ချက်တွင် "သီတင်းကျွတ်လတွင် မောင်အညို၊ မောင်အောင်ရွှေတို့နှင့်အတူ ဟင်္သာတမှ ဇလွန်သို့ ပြန်လိုက်သွားသည်။ မော်တော်ပေါ်တွင် ကိုချစ်ဖွယ်ကို တွေ့ရသည်။ ရွာရောက်၍ မိခင်အိမ်ကို မသွားမီ မောင်အညိုက ပစ္စည်းထုပ်ထားခဲ့မည်ဆို၍ထားခဲ့သည်။ ထို့နောက် ပစ္စည်းများ ရဲများလာသိမ်းသွားသည်ကို ထွက်ဆိုထားသည်။

ကျမ်းတိုက်ရွာမှ ဦးချစ်ဖွယ်သည် သီတင်းကျွတ်လမှ ပြဇာတ်မင်းသမီးငှားရန် ဇလွန်မှ ဟင်္သာတသို့လာသည့် တရားခံနှစ်ယောက်စလုံး

တွေ့သည်။ နောက်နေ့ ဟသာ်တမြို့မှ ဇလွန်မြို့ပြန်သည့်အခါ၌လည်း မော်တော်ပေါ်တွင် တရားခံနှစ်ဦးအပြင် မောင်အုန်းရွှေကိုပါ တွေ့ကြောင်း ထွက်ဆိုလေသည်။

အမာစိန်ထွက်ဆိုချက်တွင် အခင်းဖြစ်သွားပြီး သူ့အဘ သေဆုံးသည့်အိမ်သို့ လူအများ စုဝေးရောက်လာသည့်အခါ ညဦးယံက လာသော ညှိသည်နှစ်ယောက်မရှိသည့်အကြောင်းနှင့်၊ ဧည့်သည် နှစ်ယောက်အနက် တစ်ယောက်သောသူကို မှတ်မိသည့်အကြောင်းကို လူအများကို ပြောပြသည်။ အမာစိန်၏ ပြောပြချက်အရ၊ ရဲဌာနာတွင် ပထမသတင်းချက်ပေးသည့် အမာစိန်၏ ဖခင် ကိုသန်းညွှန့်ကလည်း သမီးပြောသည့်စကားကို ရည်ညွှန်း၍ ညဦးယံကတည်းခိုသော ဧည့်သည်နှစ်ယောက်အကြောင်းကိုပါ ထည့်သွင်းတိုင်ကြားခဲ့သည်။

အဘညွှန့်သတ်ရာတွင် အသုံးပြုသည်ဆိုသော မောင်းချဓားနှင့်ပတ်သက်၍ (လိုပြသက်သေ ၁၀) သဖန်းကုန်းရွာသား ကိုဘူးသီး၏ ထွက်ဆိုချက်တွင်၊ သီတင်းကျွတ်လအတွင်း တစ်နေ့ မောင်အညို ဖော့လှီးရန်အတွက် မောင်းချဓားလာငှားကြောင်း ထွက်ဆိုသည်ကို ကိုဘူးသီး၏ သမီးကျောင်းသူ မစန်းကလည်း သူ့ထံ မောင်အညို ဓားလာငှားသည့် ဓားပြန်အပ်သည့်အခါ သူ့အဖေ ကိုဘူးသီးမရှိ ရဲများဓားလာတောင်းစဉ် ကြောက်၍ မပေးဘဲထားကြောင်း ထောက်ခံထွက်ဆိုသည်။ (လိုပြသက်သေ ၁၂) သဖန်းကုန်းရွာသား မောင်အောင်ဒင်ကလည်း၊ မနှစ် သီတင်းကျွတ်တွင် ရဲဌာန၏ ညွှန်ကြားချက်အရ ကိုဘူးသီးသမီး မစန်းထံမှ မောင်းချဓားသိမ်းဆည်းပြီး ရဲအုပ်မောင်ထွန်းအောင်သို့ပေးအပ်ကြောင်း၊ သက်သေခံပစ္စည်းအမှတ် (၈) ဓားမှာ ထိုစဉ်က သိမ်းဆည်းခဲ့သော ဓားဖြစ်ကြောင်း ထောက်ခံထွက်ဆိုသည်။

တရားခံများနှင့် တရားခံတို့အိမ်မှ သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများကိုလည်း အမာစိန်က တရားသူကြီးနှင့် သက်သေများရှေ့တွင် အခြားအလားတူ ပစ္စည်းများနှင့် ရောနှောထားရာမှ ရွေးယူ၍ ပြသနိုင်ခဲ့သည်။

တရားလိုဘက်မှ စွပ်စွဲချက်များနှင့် ပတ်သက်၍ အမှုတစ်ခုလုံးကို မြဲ၍ကြည့်လျှင် သက်သေထွက်ချက်များနှင့် သက်သေခံပစ္စည်းတို့မှာ

ကွင်းဆက်မပြတ်ရှိနေသည်။ တရားခံတို့၏ထွက်ချက်များနှင့် တရားခံပြသက်သေတို့၏ ထွက်ချက်များမှာ ကွဲလွဲချက်များရှိနေသည်ကို အထောက်အထားပြု၍ ဟင်္သာတမြို့ ပထမအထူးတရားသူကြီး ဦးအုန်းခင်က ၁၉၆၁ခု၊ မတ်လ ၂၁ ရက်နေ့တွင် စီရင်ချက်ချမှတ်လိုက်သည်။ စီရင်ချက်နှင့်အပြစ်ဒဏ်တို့မှာ ....

Finding and Sentence.

I Find the accused Maung Ah Nyo, son of U Shwe Ba and the accused Maung Aung Shwe, son of U Maung Aye both guilty of an offence punishable under section (396) a of the Penal code and sentence them to be hanged by their neck antil they are dead.

The two accused are further warned that the appeal. if desired, against the sentence of death must be preferred within seven days from today.

(၄)

မောင်အညိုနှင့် မောင်အောင်ရွှေတို့သည် မူလတရားရုံးဖြစ်သည့် ဟင်္သာတမြို့ ပထမ အထူးတရားသူကြီး(စက်ရှင်) မှ ရာဇသတ်ကြီးပုဒ်မ ၃၉၆ (က)အရ ထောင်ဒဏ်ပေးလိုက်သောကြောင့်၊ ၎င်းတို့အတွက် အားထားစရာသည် အယူခံခုံရုံးသာဖြစ်လေသည်။

တရားခံနှစ်ဦးအပေါ် ချမှတ်သည့် သေဒဏ်ကို အတည်ပြုရန် ၁၉၄၆ ခုနှစ် အထူးတရားသူကြီးများ အက်ဥပဒေ ပုဒ်မ ၆ (၁) နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၇၄ အရ အတည်ပြုရန် တရားလွှတ်တော်သို့ တင်သွင်းလေသည်။

မောင်အညိုနှင့် မောင်အောင်ရွှေတို့ကလည်း ပုသိမ်အကျဉ်းထောင်ပိုင်ဝန်မှတစ်ဆင့် မူလရုံးမှ ချမှတ်ထားသည့် သေဒဏ်နှင့်ပတ်သက်၍ တရားလွှတ်တော်သို့ အယူခံလွှာ တင်သွင်းကြသည်။ တရား လွှတ်တော်၌ အယူခံမှုအမှတ် ၁၅၀–၆၁ ဖြစ်၍ အထူးတရားသူ ကြီး၏ အတည်ပြုရန်တင်သွင်းသည့်အခါ အမှုအမှတ်မှာ ၂၂–၆၁ ဖြစ်သည်။

တရားလွှတ်တော်မှ တရားဝန်ကြီး ဦးစံမောင် တရားဝန်ကြီး ဦးဘညွန့်တို့ နှစ်ဦးထိုင်သည့် အယူခံခုံရုံးမှ ကြားနာပြီး ၁၉၆၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အယူခံလွှာကို ပလပ်ခဲ့သည်။ အယူခံရှုံးခဲ့သော အယူခံ တရားလိုနှစ်ဦးသည် တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရန် အထူးအခွင့် တောင်းဆိုသည်ကို ရာဇဝတ်သေးမှု အမှတ် ၇၅–၆၁ အမှုတွဲပြု၍ လွှတ်တော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးဘိုကြီးနှင့်တရားဝန်ကြီး ဦးအောင်သာကျော်တို့ပါဝင်သည့်စုံညီ ခုံရုံးမှ နှစ်ဖက်လွှတ်တော်ရှေ့နေကြီးများ လျှောက်လဲချက်ကို ကြားနာ၍ ၁၉၆၁ ခု ဇူလိုင်လ ၆ရက်နေ့တွင် အောက်ပါအတိုင်းအမိန့်ချသည်။

> လျှောက်သူတို့သည် ဦးညွန့်အား အကြံတူ သတ်ဖြတ်၍ ပစ္စည်းများ ယူသွားသူများဖြစ်ကြသည်ဟု အောက်ရုံးတော်များ ယူဆသကဲ့သို့ ဤရုံးတော်ကလည်း ယူဆသည်။
>
> သို့အတွက် အထူးအယူခံခွင့် လျှောက်လွှာများကို ပယ် လိုက်သည်။ ၂၅–၅–၆၁ ရက်နေ့စွဲနှင့် သေဒဏ်အတည်ပြုခြင်းမှ ဆိုင်းငံ့ထားစေခဲ့သော ယာယီညွှန်ကြားချက်ကိုလည်း ရုပ်သိမ်း လိုက်သည်။

မောင်အညိုနှင့် မောင်အောင်ရွှေတို့သည် တရားရုံးအဆင့်ဆင့် အယူခံဝင်ခဲ့သော်လည်း ရှုံးခဲ့သောကြောင့် ယာယီရပ်ဆိုင်းထားခဲ့သော သေဒဏ်အမိန့်ကိုပင် ရုပ်သိမ်းလိုက်လေပြီ။ ဤသို့ အဆိုပါ မောင်အညိုနှင့် မောင်အောင်ရွှေတို့နှစ်ဦးသည် ဦးဘညွန့်သတ်၍ ပစ္စည်းများလုယူမှုကြောင့် သေစားသေကြရတော့မည်မဟုတ်ပါလော။

သို့သော် နောက်ဆုံး အဆင့်တစ်ခု အားကိုး အားထားပြုရန် ကျန် သေးသည်။ ထိုအချက်ကား နိုင်ငံတော်သမ္မတထံ အသနားခံလွှာ တင်သွင်း ခြင်းဖြစ်သည်။ မောင်အညိုနှင့်မောင်အောင်ရွှေ၏ အမှုတွဲသည် တရားဌာနမှ တစ်ဆင့် နိုင်ငံတော် သမ္မတထံသို့တင်သွင်းလိုက်သည်။

နောက်ဆုံး အခွင့်အရေးသည် သူတို့နှစ်ဦးအား သေကံမရောက် သက်မပျောက်ဖြစ်ကြရသည်။ ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ စွဲဖြင့် တရားရေးရာဌာနအတွင်းဝန် ဦးမောင်မောင်က သက်ဆိုင်ရာ ပုသိမ်

အကျဉ်းထောင်သို့ မောင်အညိုနှင့်မောင်အောင်ရွှေ တို့နှစ်ဦးနှင့် ပတ်သက်၍ အကြောင်းကြားစာ ပေးပို့လိုက်သည်။

ငင်းတို့နှစ်ဦး သေကံမရောက် သက်မပျောက်ရသည်မှာ၊ ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်ဘာသာ သာသနာအဖြစ်ပြဋ္ဌာန်းသောအထိမ်းအမှတ်အဖြစ်ဖြင့် ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား အမှတ် ၆၇၈၀ ဒီ မောင်အညို၊ ၆၆၉၉ ဒီ မောင်အောင်ရွှေတို့အား သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလွဲပေးလိုက်ကြလေသည်။

ဤကား အဘညွှန့်သတ်၍ ပစ္စည်းယူသူနှစ်ဦး၏ အမှုဇာတ်သိမ်းကား ဤတွင် နိဂုံးချုပ်ရလေသည်။

(၅)

ဤအမှုကြီးကို သူတို့နှစ်ဦး ဘာကြောင့် ကျူးလွန်ကြသည်ကို အကြောင်းရှာကြစို့။ ရာဇဝတ်မှုတစ်ခု ကျူးလွန်သည်ဆိုရာဝယ် လွယ်လွယ်နှင့်တွေး၍မရ အပေါ်ယံကျော ပြော၍ မဖြစ် ဖြစ်ကြရသည့် အနှစ်သာရကို ရှာကြည့်ဖို့လိုသည်။

လူသည် လွတ်လပ်ခြင်းကို လိုလားသည်။ ချုပ်ချယ်ထားခြင်းကို မခံလိုပါ။ ရာဇဝတ်မှုကျူးလွန်မိ၍ အကျဉ်းထောင်အတွင်း၌ သွားတကွဲ မယားတကွဲ နေရသည့်အပြင် စိတ်၏လွတ်လပ်မှုကို ထောင်နံရံတံတိုင်းက ကန့်သတ်ချုပ်ချယ်ထားခြင်းကို ကိုယ်တွေ့ခံစားလာရသည့်အခါ အမှန်ကို တွေ့ရှိလာရပေမည်။ မည်သူတစ်ဦးတစ်ယောက်မျှ သားတကွဲ မယားတကွဲနှင့် ငြီးငွေ့ဖွယ်ကောင်းလှသည့် အကျဉ်းထောင်အတွင်း၌ မနေလိုကြပါ။ ဤသို့ဆိုလျှင် ရာဇဝတ်မှုကို မကျူးလွန်မိအောင်နေပါတော့လားဟု ဆိုဖွယ်ရှိပါသည်။

ရာဇဝတ်မှုကို မကျူးလွန်ချင်ပါ။ ကျူးလွန်ချင်သော စိတ်လည်း မရှိပါ။ သို့သော် ရာဇဝတ်မှုကျူးလွန်မိလေအောင် ပတ်ဝန်းကျင်က ဖန်တီးလာခြင်းများ၊ ထိုရာဇဝတ်မှု ကျူးလွန်လာရအောင် တိုက်တွန်းနှိုးဆော်နေခြင်းများသည် ရှောင်မရအောင် ကြုံလာရခြင်းများလည်းရှိလေသည်။

ဘကြီးညွှန့်သတ်၍ ပစ္စည်းယူမှုကို ကျူးလွန်မိကြသော အညိုနှင့်

မောင်အောင်ရွှေတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တံငါလုပ်ငန်းဖြစ်သည်။ သူ့လုပ်ငန်းမှ ဝင်ငွေနှင့် သူ့အသုံးစရိတ်သည် ထိုအချိန်က အဝင်အထွက် မျှတချင်မှမျှတမည်။ ထို့ပြင် စိတ်ဆန္ဒ၏လိုလားတောင်းတမှုကလည်း ထိုအချိန်က ရာဇဝတ်မှု ကျူးလွန်ရန် တိုက်တွန်းလှုံ့ဆော်ချက်ဖြစ်နိုင်သည်။

အဘယ်ကြောင့်နည်း ဘကြီးညွန့်ကို သတ်သည်မှာ ပစ္စည်း ယူလိုသောကြောင့်ဆိုသည်မှာ ပေါ်လွင်နေသောကြောင့် ဖြစ်သည်။ ဘကြီးညွန့်နှင့် ရာဇဝတ်မှုကျူးလွန်သူမှာ ရန်သူများမဟုတ်ကြ။ အထူးသဖြင့် မောင်အောင်ရွှေအဖို့ ဘကြီးညွန့်ကို သိသူမဟုတ်။ မောင်အညို၏ ပြောပြချက်အရသာ ဘကြီးညွန့်ကို သူသိရခြင်းဖြစ်သည်။

ဗုဒ္ဓတရားအရ လောဘကြောင့် ဒေါသတရား ဖြစ်လာသည်ဆိုရမည်။ လောဘနှင့် ဒေါသဖြစ်ရခြင်းမှာ စိတ်ဆန္ဒ၏လိုအပ်ချက်တစ်ခုကြောင့်ပင်မဟုတ်ပါလော၊ စိတ်ဆန္ဒလိုအပ်ချက်ရှိ လာရသည်မှာ သူတို့ဘဝအခြေအနေနှင့် ပတ်ဝန်းကျင်၏အခြေအနေများကြောင့်ဟုဆိုက မမှားနိုင်ဟုဆိုရပေမည်။

တချို့ကဆိုသည်။ ရာဇဝတ်မှုကျူးလွန်သူသည် ခါးကျိုးအောင်လုပ်မစားချင်သူများဟုဆိုသည်။ အကျင့်စာရိတ္တပျက်ယွင်းသူများဟု ပြောစမှတ်ပြုကြသည်။ ဤသို့လုံး၍ ပြောဆိုရန် မသင့်ပါ။ အမှန်မှာ ခါးကျိုးအောင်လုပ်နေလျက်နှင့် စားဝတ်နေရေးမပြည့်စုံသူများ၊ အလုပ်လုပ်ချင်လျက်နှင့်လုပ်ငန်းမရခြင်း၊ဒေါသကြောင့် ရှောင်တခင်ဖြစ်ရခြင်း၊ မမျှော်လင့်ဘဲရှောင်တခင်ဖြစ်ရခြင်း၊ ကြိုတင် ကြံစည်၍ဖြစ်ရခြင်း စသည်တို့ကြောင့် ရာဇဝတ်မှု ကျူးလွန်မိရာမှ ရုံးလာ၍ ထောင်သို့သွားကြရပြီး လူဆိုးကြီးများဖြစ်သွားရခြင်းမှာ ရာဇဝတ်မှုအကြောင်းရင်းခံများ မဟုတ်ပါလော။

ယခုအမှုတွင်လည်း ဘာကြောင့်ဖြစ်ရသည်ကို အဖြေထုတ်ရသော်ရွှေငွေ၊ ပစ္စည်းလိုချင်၍ ကျူးလွန်သည်မှာထင်ရှားသောကြောင့် စီးပွားရေးမှာ အကြောင်းရင်းခံဖြစ်ရသည်ဟု မှတ်ချက်ပြုရပါတော့သည်။

■

# ထန်းရည်မူးတော့

## (၁)

အမှုတစ်ခုဖြစ်လာလျှင် စွပ်စွဲသူက စွပ်စွဲ၍၊ အစွပ်စွဲခံရသူက လည်းသူမဟုတ်ရကြောင်း ခုခံချေပသည်မှာ အစဉ်အလာဟုဆိုရ မည်။ စွပ်စွဲသူနှင့် အစွပ်စွဲခံရသူကြားမှာ အမှန်တရားကို ဖြစ်ရေးအတွက် ရှေးဦးစွာ တာဝန်ယူဆောင်ရွက်ကြသူများမှာ ရဲအဖွဲ့ဝင်များ ဖြစ်သည်။ ရဲအဖွဲ့ဝင်တို့က တာဝန်ယူဆောင်ရွက်ရသည့် အခန်းကဏ္ဍ ပြီးဆုံးလျှင် ဒုတိယ အမှန်တရားဖြစ်ရေးအတွက် ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်မှာ တရားသူကြီးနှင့် တရားလို တရားခံတို့အတွက် လိုက်ပါ ဆောင်ရွက်ကြသည့် ရှေ့နေ ရှေ့ရပ်များဖြစ်သည်။ တရားစီရင် နယ်ပယ်၌ ဆိုရိုးစကားတစ်ခုရှိကြသည်မှာ "တရားခံ အစစ်အမှန်ဆယ်ယောက်ကို မှား၍ လွှတ်ပစ်မိသည်မှာ အကြောင်းမဟုတ်သော်လည်း၊ အပြစ်မရှိသူတစ်ဦးအား မှားယွင်း၍ အပြစ်မပေးမိစေရန် သတိပြုရမည်"ဟု ဆိုသည်။

ဤသို့ဆိုခြင်းကြောင့် အမှုမှန်ဖြစ်ရေးအတွက် တရားစီရင် ရေးတွင်ကြီးမားသော တာဝန်ရှိသလို၊ ထိုအမှုအတွက် ရှေးဦးစွာ တာဝန်ယူဆောင်ရွက်ရသည့် ရဲအဖွဲ့ဝင်တို့၌လည်း အလားတူ တာဝန်ရှိသည်ဟုဆိုရပေမည်။ "ရုံးသာစွဲတင်လိုက်ပါကွာ ... တရားသူကြီးက သူ့ဟာသူ ဆုံးဖြတ်ပါလိမ့်မယ်" ဟုဆိုသည်။ တာဝန်မဲ့ဆောင်ရွက်ခြင်းမျိုးသည် မှားသော

အယူအဆဟု ဆိုရချေမည်။ တရားခံဆိုရုံမျှ ဖြင့် ထောင်မကျ ကျအောင် ချမည်ဆိုသည့် "ဆွဲချ"စိတ်မျိုးလည်း မမွေးသင့်ပေ။ အမှန်တရားပေါ်ပေါက် ရေးအတွက် စေတနာထား၍ ဆောင်ရွက်ခြင်းသည်သာ ရဲတို့၏ကျင့်ဝတ် ကောင်းဖြစ်ပေသည်။

ကမ္ဘာပေါ်၌ ဆိုရှယ်လစ် နိုင်ငံတစ်နိုင်ငံအဖြစ် ရှေးဦးစွာ အောင်မြင် ခဲ့သော ဆိုဗီယက်နိုင်ငံတွင်ရှိ ရဲအဖွဲ့ဝင်များ၏ ကျင့်စဉ်မှာ တရားရုံးအဆင့် မရောက်မီကပင် အမှုဖြစ်ပျက်သည့် ကြောင်းခြင်းရာတို့ကို တစ်ဖက်သတ် အလေးပေးကြည့်၍ဆောင်ရွက်ခြင်းမပြုဘဲ အမှန်ဖြစ်ရေးသာ အဓိကထား ဆောင်ရွက်ကြသောကြောင့် မမှန်မကန် ဖြစ်လာသည့်အမှုများ ရဲအဖွဲ့အနေနှင့် ဆောင်ရွက်၍ ပြီးမည့်အမှုတို့ကို တရားရုံးအဆင့်အထိ ဒုက္ခမပေးတော့ဘဲ၊ သူတို့လက်တွင်းမှာပင် အဆုံးသတ်ကြသည်။ ဤသို့ပြုခြင်းဖြင့် ရဲအဖွဲ့မှ ဘက်လိုက်ခြင်း၊ လာဘ်ပေး လာဘ်ယူပြုခြင်းကြောင့် မဟုတ်ဘဲ အမှုမှန်ဖြစ် ရေးကိုသာ အဓိကထား၍ တာဝန်ရှိရှိ ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။

လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုး ရလျှင်တစ်မျိုး၊ မရလျှင် တစ်မျိုး ငါတို့လက်ကလွတ် ကျွတ်တာပဲဆိုသည့် သဘောမျိုး မထားသင့်၊ ညအချိန် အိမ်ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းခိုးယူမှုကိုရာဇသတ်ကြီးပုဒ်မ ၄၅၇ အရ ပထမ သတင်းပေးတိုင်ချက်မဖွင့်ဘဲ၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ အဖြစ် အရေး အသားနှင့် ပြောင်းလဲဖွင့်ခြင်းမျိုးသည် ရဲအတတ်ကျွမ်းကျင်သည်ဟုမဆို သင့်၊ တာဝန်ရှောင်ခြင်းသာ ဖြစ်ပေသည်။

ယခုဖော်ပြမည့် မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် တောင်သာ ရဲဌာနာ အပိုင် ရွာတန်းရှည်ရွာမှ မအေးကြည် (၃၁) နှစ်၏ ယောကျ်ား ကိုကျော်ဒင် အသတ်ခံရမှုတွင် ရဲအဖွဲ့မှ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ တရားစွဲတင်ပို့ ခြင်းခံရသော စွပ်စွဲခံရသူ သက်ကယ်ချင်းရွာသား မောင်လှသောင်နှင့်အတူ ထန်းရည်သောက်၍ လူသတ်မှုကျူးလွန်သည့်နေရာ၌လည်း၊အတူရှိနေသည် ဆိုသော(လိုပြသက်သေ) မောင်ကျော်လှ (၂၇နှစ်)တို့၏ ဘတပြန် ကျားတပြန် စွပ်စွဲကြခြင်းသည် ယင်းအမှုများအတွက် စိတ်ဝင်စားဖွယ်များဖြစ်လာရ သလို၊ သေသူ၏ဇနီး (လိုပြသက်သေ) မအေးကြည်၏ထွက်ဆိုချက်များသည် အစွပ်စွဲခံရသူအပေါ်မဟုတ်ဘဲ၊ သက်သေအဖြစ် အစစ်ခံသူအပေါ် သံသယ

စိတ်များဖြင့် ပြောဆိုခြင်းမှာ ထိုအမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာပေါ် တွေးစရာ၊ စဉ်းစားစရာပါဝင်သည့်အပြင် မူလ တရားရုံးနှင့် အယူခံခုံရုံးတို့၏ စီရင်ဆုံးဖြတ်ရာတွင် အမှုကြောင်းခြင်းရာပေါ် ဥပဒေနှင့် ထင်ဟပ်ရာ၌ စိတ်ဝင်စားဖွယ်ရာများ ထပ်မံတွေ့ရှိလာရပြန်သည်။ ထို့ကြောင့် ရွာတန်းရှည် ရွာသား ကိုကျော်ဒင် အသတ်ခံရမှုကို စိတ်ဝင်စားစွာ လေ့လာလိုသူများ ဗဟုသုတအဖြစ် ဖတ်ရှုလေ့လာနိုင်ရန် ယင်းအမှုကို ဤစာအုပ်၌ ထည့်သွင်း ဖော်ပြလိုက်ရခြင်းဖြစ်လေသည်။

(၂)

မိုးနည်းသည့် အရပ်ဒေသများတွင် နယုန်လဆိုလျှင် မိုးဖြိုင်ဖြိုင် ကျ၍ ထစ်ချုန်းသံ တညံညံကြားနေရပြီဖြစ်သည်။ မိတ္ထီလာနယ်တခို မှာတော့ မိုးသားမိုးရိပ်များ မြင်ကြရပြီ ...

နယုန်လပြည့်ကျော် ၁ ရက်၊ ညနေထမင်းချက်ချိန် ဖြစ်သည်။ ရွာတန်းရှည်ရွာမှ မအေးကြည်တစ်ယောက် မီးဖိုနားတွင် ညစာအတွက် တကုတ်ကုတ်နှင့် အလုပ်ရှုပ်နေသည်။

"အစ်ကို ကျော်ဒင်ရော ... မအေးကြည်"

ထမင်းအိုးငှဲ့ရာမှ အသံကြားရာသို့ မအေးကြည်လှမ်းကြည့်လိုက်ရာ တစ်ရွာတည်းနေ ကျော်လှကို တွေ့ရသည်။

"အခုပဲ ... ဒီအနားမှာရှိသေးတယ်၊ ထိုင်ပါလားဟ ... လာမှာပေါ့ ... သူဝေးဝေး မသွားပါဘူး"

အေးကြည်က မေးသူ ကျော်လှကို ပြောနေစဉ် အိမ်နောက်ဘက်မှ အိမ်ရှေ့သို့ ကိုကျော်ဒင်ထွက်လာပြီး ...

"ဘာလဲကွ ... ကျော်လှ"

"သက်ကယ်ချင်း သွားစို့လေ"

ကိုကျော်ဒင်မှာ သက်ကယ်ချင်းဆိုမှ သတိရလာဟန်ဖြစ်၍၊

"အေး ... ငါမေ့နေလိုက်တာ ခဏနေဦးနော်"

ကိုကျော်ဒင် အိမ်ထဲဝင်သွားပြီး တဘက်တစ်ထည်ဆွဲယူ၍ ခေါင်းပတ်လိုက်သည်။

"အေးကြည် .... ငါ သက်ကယ်ချင်း သွားဦးမယ် ... ထမင်းစား စောင့်မနေနဲ့ ဆာရင်စားနှင့် ကြားလား"

"ဟုတ်ကဲ့"

မယားကို မှာ၍ ....

"ကဲ ... သွားစို့"

ကိုကျော်ဒင်သည် ကျော်လှနှင့်အတူ ထွက်လာသည်။ သူတို့ နှစ်ယောက် စကားတပြောပြောနှင့် လာကြရာမှ သက်ကယ်ချင်းရွာသို့ရောက် လာကြသည်။ ကိုပေါက်စအိမ်ရှေ့သို့ သူတို့ရောက်သည့်အခါ မောင်လှသောင် နှင့် မောင်လှရှောင် ညီအစ်ကိုနှစ်ယောက်ရောက်နှင့်သည်ကို မြင်ရသည့်အပြင် နွားလှည်းပါ အဆင်သင့်ပြင်ထားသည် ကို တွေ့ရသည်။

"မင်းတို့ .... ဘယ်အချိန်က ရောက်တာလဲ"

"စောစောကပဲကွ"

မောင်လှသောင်နှင့် မောင်လှရှောင် ညီအစ်ကို၊ လှည်းပြင်၍ စောင့် နေကြသည်မှာ မနေ့က မောင်ကျော်လှနှင့် မောင်လှရှောင်တို့က နှစ်ဦး ငွေစပ်၍ ကိုပေါက်စထံမှ နွားတစ်ကောင်ဝယ်ကြသည်။ နွားကို ရွာသို့ယူရန် သွဲ့ခေါ်သည့်အခါ၊ ရှန်းကန်နေသောကြောင့် နောက်နေ့မှ လာယူမည်ပြော၍ ထားခဲ့ခြင်းဖြစ်သည်။ နွားကို ကြိုးနှင့်တုပ်၍ အသင့်ပြင်ထားသော လှည်း ပေါ်တင်ကြပြီး။ ရွာတန်းရှည်ရွာဘက်သို့ ပြန်မောင်းလာသည်။ သက်ကယ် ချင်းရွာသား ထန်းတက်သမား ကိုကျော်ဒင်လည်း လှည်းကြုံစီး၍ ပါလာ ကြသည်။

ဦးသွယ် ထန်းတဲသို့ရောက်လာသည့်အခါ ခဏနား၍ ထန်းရည် သောက်ကြသည်။ ထန်းရည်နှစ်မြူ မှာသောက်ကြသူများထဲတွင် မောင်ကျော်လှတို့နှင့်အဖော် မောင်လှသောင်ကလည်း နှစ်ခွက်ဝင်၍မော့ သားသည်။ ထန်းရည်သောက်ကြစဉ်ပင် ကိုကျော်ဒင်က။

"မင်းတို့ဘယ်မှာ သတ်ကြမှာလဲ၊ ငါ နွားခြေထောက်လိုချင်လို့ပါ"

"ပထမ အစီစဉ်ကတော့ တောထဲမှာလုပ်ဖို့ပဲ၊ အခုတော့ အချိန် ရှိဘူး ရွာကျမှပဲ .... ရွာလိုက်ခဲ့ပါလားဗျ"

"ရွာပြန် မိုးချုပ်မယ်ကွာ ... မလိုက်တော့ပါဘူး"

မောင်လှရှောင်နှင့် မောင်ကျော်လှတို့ နွားစပ်တူဝယ်ကြသည်မှာ နွားသတ်၍ အသားရောင်းစားရန်အတွက်ဖြစ်သည်။

ထန်းရည်ဝိုင်းမှာ အဆက်မပြတ်ဖြစ်လာသောကြောင့် မောင်လှရှောင်က လှည်းမောင်း၍ ထွက်လာသည်။ ထန်းတဲ၌ ကိုကျော်ဒင်၊ မောင်ကျော်လှ၊ မောင်လှသောင်နှင့် ထန်းသမား ကိုသာဒင်တို့ ကျန်ရစ်ကြသည်။ သူတို့မျက်နှာမှာလည်း ထန်းရည်တန်ခိုးသတ္တိများပြလာရုံမက လျှာလေးအာလေးများဖြင့် ပြောဆိုနေကြပြီဖြစ် သည်။

"ကျုပ်တို့သွားမယ် … ကိုသာဒင်"

မောင်ကျော်လှက နှုတ်ဆက်လိုက်သည်။ သူတို့အထဲမှ ကိုသာဒင်တစ်ယောက်သာ ထန်းတဲ၌ ကျန်ရစ်ခဲ့ပြီး မောင်ကျော်လှ၊ကိုကျော်ဒင်၊ မောင်လှသောင်တို့ ထသွားကြသည်။ မောင်လှသောင် ထလိုက်သွားစဉ်မှာ …

"လှသောင် ဓားပြန်ပါလား၊ မှောင်လည်း မှောင်နေပြီ"

"ကိစ္စမရှိပါဘူး ကိုသာဒင်၊ ဓားသာ နွားသတ်ဖို့ ခဏငှားလိုက်စမ်းပါ"

ဤသို့ပြော၍ ကိုသာဒင်ဓားကို မောင်လှသောင်က ယူသွား သည်။ ထိုဓားမှာ ကိုသာဒင်ဓားမဟုတ်၊ ဦးသွယ်၏ ထန်းကိုင်ဓားဖြစ် သည်။ သူတို့ ၃ ဦးထွက်သွားကြ၍ ယာနှစ်ကွက်ခန့်အရောက်တွင် ဆက်မသွားဘဲ ရပ်၍ အော်ကျယ် ဟစ်ကျယ်ပြောနေကြသောကြောင့် ကိုသာဒင်လိုက်သွားပြီး မောင်လှသောင်ကို ဓားကိုပြန်ရန် တိုက်တွန်းသော်လည်း မရဘဲ ၃ ယောက် ဆက်၍ ထွက်သွားကြသည်။

ကိုသာဒင်သာ သူ့ထန်းတဲသို့ ပြန်လာရသည်။

(၃)

သန်းခေါင်ကျော်အချိန် …

လင်လာနီးနှင့် စောင့်ရင်း မအေးကြည် အိပ်မောကျသွား သည်။

"မအေးကြည် … မအေးကြည်"

ရုတ်တရက် ထူးသံမကြားရ၍ အိမ်အပြင်မှ ခေါ်သူက ထပ်၍ ခေါ်လိုက်ပြန်သည်။

"ဟဲ့ ... ဘယ်သူလဲ"

"ကျွန်တော် ကျော်လှပါ၊ အစ်ကိုကျော်ဒင် ပြန်ရောက်ပြီလား"

အေးကြည်သည် အိပ်မှုန်စုံမွှားနှင့် ထလာ၍ ...

"မရောက်သေးဘူးဟ၊ နင်နဲ့အတူသွားတာပဲမဟုတ်လား၊ ငါလည်း သူ့စောင့်ရင်း အိပ်ပျော်သွားတာ"

"ဒီလိုဆို ... အစ်ကိုကျော်ဒင် သေပြီထင်တယ်"

မောင်ကျော်လှ၏ စကားကြောင့်၊ မအေးကြည်၏ ရင်ထဲ၌ ထူပူသွားသည်။ ရုတ်တရက် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ပြောသူကိုသာ ငိုင်ကြည့်နေသည်။ အစ်ကိုကျော်ဒင် သေပြီဟု ပြောသူကို ဘာကြောင့် သေသည်ဟု ပြောနိုင်သည်ကိုလည်း မမေးနိုင်၊ အိမ်နီးနားချင်းများ အကူအညီတောင်း၍ သက်ကယ်ရွာသို့ အပြေးသွားကာ သူကြီး ဦးချစ်မြကို တိုင်ကြားသည်၊ ထို့ပြင် ရွာတန်းရှည်ရွာနှင့် ၂ မိုင်ခန့်ဝေးသော သန်ထန်းရွာသို့ သွားရောက်ပြီး၊ ရွာသူကြီး ကိုခင်မောင်၊ ကိုဘိုးထောင်တို့ကိုလည်း တိုင်ကြားသည်။

နယုန်လပြည့်ကျော် ၂ ရက်နေ့ နံနက်တွင် ဦးချစ်မြ၊ ကိုခင်မောင်၊ ကိုဘိုးထောင်တို့သည် မအေးကြည်နှင့် မောင်ကျော်လှတို့ကို ခေါ်၍ ကိုကျော်ဒင်ကို ရှာကြသည်။ သက်ကယ်ချင်းရွာနှင့် ဘွက်ငယ်ရွာကြား၊ကိုဖိုး၏ ယာခင်းထဲသို့ရောက်သည့်အခါ၊ တဘက်တစ်ခုနှင့် လုံချည်တစ်ထည်ကို တွေ့ရလေသည်။

"ဒီတဘက်နဲ့ လုံချည် ကြည့်စမ်းပါဦး"

သူကြီးက မအေးကြည်ကို ကြည့်ခိုင်းခြင်းဖြစ်သည်။ မအေးကြည်က တိတိကျကျ မှတ်မိသည်။ မောင်ကျော်လှ သူ့ယောကျ်ား လာခေါ်သွားစဉ်က ဝတ်သွားသည့် လုံချည်နှင့် ပေါင်းသွားသည့် တဘက်ဖြစ်လေသည်။

"ဟုတ်တယ် သူကြီး၊ ကိုကျော်ဒင် လုံချည်နှင့်တဘက်ပဲ"

မအေးကြည်၏မျက်နှာမှာ သိသိသာသာ ညှိုးကျသွားသည်။ မောင်ကျော်လှကိုလည်း လှမ်းကြည့်လိုက်သည်။

"ဒီအနီး အနားဆက်ရှာကြမှပဲ"

ဦးချစ်မြဲတို့လူစု မောင်ကျော်ဒင်ကို ဆက်ရှာကြသည်။ တဘက်နှင့် လုံချည်တွေ့သည့်နေရာ၏ အရှေ့ဘက် ပေ ၂၅၀ခန့် အကွာတွင် ကိုကျော်ဒင် သည် ဓားဒဏ်ရာများနှင့် ပက်လက်သေနေသည့် အလောင်းကို တွေ့ကြရ သည်။

မအေးကြည်အဖို့တော့ လင်တစ်ယောက်ဆုံးရှုံးရသောကြောင့် ယူကြုံးမရဖြစ်ရသည်။ လင့်အလောင်းကို ကြည့်၍ ငိုကြွေးရလေပြီ။

သေသူ၏အလောင်းနားတွင် ဓားမအရှည်တစ်ချောင်း၊ ထန်းကိုင် ဓားချွန်မှ ကျိုးနေသော ဓားရိုးတစ်ခု မော်တော်ကားတာယာနှင့် လုပ်ထား သော သားရေဖိနပ်တစ်ရံ၊ ချည်လုံချည်တစ်ထည်ကိုလည်း တွေ့ရသည်။

"ခြေရာကြည့်ကြစမ်းဟေ့"

ဦးချစ်မြဲက သတိပေးလိုက်၍ အလောင်းနားမှ ထွက်ခွာသွား သည့် ခြေရာကိုရှာဖွေကြသည်။ ခြေရာနောက်သို့ လိုက်ကြည့်ရာ ဦးသွယ်၏ ထန်းတဲ၌ ဆုံးနေသည်။

"ဦးသွယ် မနေ့ညက ဒီနားမှာ ဘာဖြစ်သလဲ"

"ငါလည်း နေမကောင်းလို့ စောစောဝင်အိပ်တော့ ဘာမှမသိဘူးကွ၊ ကျော်ဒင်တစ်ယောက် မေးကြည့်စမ်းပါ"

ဦးသွယ်၏ညွှန်ပြချက်အရ ကိုကျော်ဒင်တဲသို့ သွားရောက်မေးကြ သည်။

"အေး ... မနေ့ညကတော့ လှသောင် လုံချည်မပါဘဲရောက်လာ တယ်။ သူ့လက်ထဲလည်း ထန်းဓားတစ်ချောင်းတွေ့ရတယ်။ ငါက မင်းဘာ ဖြစ်လာသလဲ မေးတော့ သူ့ကို ကျော်လှက ဓားနဲ့ပေါက်လို့ ပြေးလာရတယ် လို့ ပြောတယ်"

"နောက် ... သူဘယ်သွားသလဲ"

ငါလည်း လုံချည်တစ်ထည်ပေးရတယ်၊ မပြန်ရဲလို့ လိုက်ပို့ပါဆိုလို့ သက်ကယ်ချင်းရွာတောင် တံခါးနားအရောက်ပို့လိုက်တယ်၊ ငါ့တဲမှာ ဓားတော့ထားခဲ့တယ်၊ ဓားက ကိုသွယ်ဓားဆိုလို့ သူ့သားမောင်ဆန်းကို ပေးလိုက်တာပဲ"

ကိုကျော်ဒင်၏ ပြောပြချက်များအရ သေသူ ကျော်ဒင်သတ်သူမှာ

မောင်လှသောင်သည် မပြေးသော်ကံရာရှိသူသာလျှင်ဖြစ်ရမည်ဟု မှတ်ချက်ချစရာဖြစ်လာရသည်။

ဦးချစ်မြတို့လူစုသည် သေသူအနီးမှရရှိသော လုံချည်၊ ဖိနပ်၊ ဓား၊ တဘက်အပြင် ဦးသွယ် ထန်းတဲမှ ထုတ်ပေးသည့် ထန်းကိုင်ဓားကိုပါယူ၍ သက်ကယ်ချင်းရွာသို့ ပြန်ခဲ့ကြသည်။ ကိုထွန်းလှအိမ်တွင်ရှိသော အရန်ရဲ ကိုလွန်းဟံကို ပစ္စည်းများပေးအပ်ကြပြီး၊ ဖြစ်ပျက်ပုံကို ပြောပြကြလေသည်။ ကိုလွန်းဟံ ပစ္စည်းများပြန်ပေး၍ ဌာနသို့တိုင်ရန် ညွှန်ကြားသည်။ ဘန်းတန် ရွာမှပါလာသည့် ကာကွယ်ရေးသမားတစ်ဦးနှင့်အတူ လှသောင် အိမ်သို့သွားကြသည်။ လှသောင် မိန်းမ မဖွားမြင့်ကို တွေ့၍ ပစ္စည်းများပြကာ ...

"ဖွားမြင့် ဒါဘယ်သူ့ဟာလဲ ကြည့်စမ်းပါဦး"

မဖွားမြင့်က ပစ္စည်းများကိုကြည့်ပြီး လုံချည်၊ဓားမနှင့်မော်တော်ကားတာယာ ဖိနပ်မှာ သူ့ယောကျ်ားပစ္စည်းများဖြစ်ကြောင်း ပြောပြသည်။ ထိုအချိန်၌ မောင်လှသောင်လည်း အိမ်၌ရှိနေခိုက်ဖြစ်သည်။

"မင်းကိစ္စရှင်းရအောင် သူကြီးအိမ်လိုက်ခဲ့ဦး"

"ဟုတ်ကဲ့ ... လိုက်ပါ့မယ် ခဏနေပါဦး"

မောင်လှသောင်သည် ဆေးလိပ်မီးညှိဟန်ဆောင်၍ အိမ်တောင်ဘက်မှ ထွက်ပြေးသည်ကို ကာကွယ်ရေးသမားက၊ သေနတ်နှင့်တစ်ချက်လှမ်းပစ်လိုက်သော်လည်း မထိဘဲလွတ်သွားလေသည်။

ဦးချစ်မြတို့ လူစုသည် ရုံးစင်သူကြီး ဦးညိုကိုခေါ်၍ မလှိုင် ရဲဌာနသို့သွားကာ ပထမ သတင်းပေးတိုင်ကြားပြီး ယူလာသော ပစ္စည်းများကိုပေးအပ်လိုက်ကြသည်။

(၄)

မောင်လှသောင် ထွက်ပြေးသွားပြီးနောက်၊ ရက်သတ္တတစ်ပတ်ခန့်ကြာသည့်အခါ လှသောင် မိခင်ကိုယ်တိုင် သက်ကယ်ချင်းရွာ သူကြီးဦးထွန်းလှထံရောက်ရှိလာပြီး ...

"လုပ်ပါဦး ကိုထွန်းလှရယ် ... လှသောင်တော့ အိမ်မှာရောက်နေတယ်၊ကျော်ဒင်ကိုသူသတ်တာမဟုတ်ရပါဘူးလို့ ကျိန်တွယ်ပြောနေတယ်"

"ဒီလိုဆို အဖမ်းခံလိုက်ပေါ့ ... ဘာဖြစ်လို့ ရှောင်နေမလဲ၊ တော့တော့ဆိုင်ဆိုင် ရှင်းမှအေးမယ့်ကိစ္စမဟုတ်လား"

မောင်လှသောင်၏မိခင်လည်း သူကြီး ဦးထွန်းလှ၏စကားကို နားထောင်၍ သားကို သူကြီးလက်အပ်လိုက်သည်။ သူကြီးမှတစ်ဆင့် မလှိုင်ရဲဌာနာအုပ် လက်တွင်းသို့အပ်လိုက်လေသည်။

စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသော ဌာနာအုပ် ဦးအောင်ညွှန့်သည် သက်သေ မအေးကြည်၊ မောင်ကျော်လှ၊ မောင်သာဒင်၊ ဦးသွယ်၊ မောင်ဟန်ကြီး၊ဦးချစ်မြ၊ဦးတင်မောင်၊ဦးမြတို့ကိုစစ်ဆေးပြီး သက်သေခံပစ္စည်းများနှင့်အတူ မောင်လှသောင်အား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ စစ်ဆေးရန် ၁၉၅၉ ခုနှစ် ဩဂုတ်လ (၇) ရက်နေ့တွင် မိတ္ထီလာမြို့ အထူးတရားသူကြီး ဦးကျော်တင်ရုံးသို့ တရားစွဲတင်ပို့ခဲ့လေသည်။

တရားရုံးတွင် စစ်ဆေးသည့်အခါ သေသူ၏ဇနီး တရားလိုပြ သက်သေ (၁) မအေးကြည်၏ အစစ်ခံချက်တွင် ....

တရားခံအကျိုးဆောင် ဦးဘကြွယ် မေးခွန်းဖြေဆိုရာမှာ ...

"ကျွန်မ ယောကျ်ားကို ကိုကျော်လှ လာပြီးခေါ်သွားလို့ သူပဲသတ်ပစ်သည်ဟု ထင်ပါသည်။ ကျွန်မယောကျ်ား အသတ်မခံရမီကလည်း ကျွန်မတို့နှင့် တစ်ရွာတည်းနေသော မောင်ညိမ်းဆိုသူကို ကိုကျော်လှ ပြောင်းခင်းကို စောင့်ရန်ဆိုပြီးခေါ်သွားပါသည်။ နောက် ကိုကျော်လှ ပြန်လာပြီးနောက် မောင်ညိမ်းကို ကွန်မြူနစ်များက သေနတ်နှင့်ပစ်သတ်လိုက်သည်ဟု ပြောကြောင်း ကျွန်မသိရပါသည်။

မအေးကြည် (လိုပြ ၁) အား တရားခံဘက်မှ ပြန်ခေါ်၍ မေးမြန်းသည့်အခါ ....

"ကျွန်မနှင့် ကိုကျော်ဒင်လင်မယားအဖြစ် ပေါင်းနေတုန်းမှာ လွန်ခဲ့တဲ့ (၅) နှစ်လောက်က ကိုကျော်ဒင်သည် သက်သေကျော်လှရဲ့ အစ်မ မသိန်းနှင့်ညားပြီး ကျွန်မနှင့် ကွဲသွားပါသည်။ ကိုကျော်ဒင် နှင့် မသိန်းတို့မှာ သားကလေးတစ်ယောက်ရပါသည်။ သူအသတ်ခံရသည့်အခါက ကိုကျော်ဒင်နှင့် မသိန်းတို့ဟာ ကွဲပြီး

ကိုကျော်ဒင်သည် ကျွန်မနှင့်ပြန်ပေါင်းနေပါသည်”

မအေးကြည်သည် သူ့ယောကျ်ားသတ်သူကို မျက်မြင်ကိုယ်တွေ့ မဟုတ်သောကြောင့် မောင်ကျော်လှသာလျှင် သူ့ယောကျ်ားကို သတ်ရန် အကြောင်းရှိသည်ဟု စွပ်စွဲထွက်ဆိုထားလေသည်။

ဤအမှုမှာသတ်သူအား မျက်မြင်ကိုယ်တွေ့ မဟုတ်သောကြောင့် သက်သေထွက်ချက်များကိုသာ အကဲခတ်လေ့လာရပေမည်။ ထို့ကြောင့် တရားလိုပြသက်သေ မအေးကြည်၏ စွပ်စွဲခြင်းခံရသူ ကိုကျော်လှ (လိုပြ၂ ) ၏ ထွက်ဆိုချက်မှ ကောက်နှုတ်ဖော်ပြလိုပါသည်။

“ထန်းရည်သောက်ပြီးလို့ သေသူ ကိုကျော်ဒင် ကျွန်တော်၊ ကိုသာဒင်နှင့်လှသောင်တို့ဟာ ခြေကျင် ရွာတန်းရှည်ကို ပြန်လာကြပါသည်။ ကိုသာဒင် နောက်ကျကျန်နေလို့ ထန်းသမား ကျော်ဒင်၏ တဲတောင်ဘက် ကိုက် ၂၀၀ အဝေးကို ကျွန်တော်၊ သေသူကိုကျော်ဒင်နှင့် တရားခံတို့ရောက်သည့်အခါ ကျွန်တော်တို့ (၃) ယောက်ထိုင်ပြီး ကိုသာဒင်ကို စောင့်နေကြပါသည်။ အဲဒီလို ကျွန်တော်တို့ ထိုင်နေကြတုန်းမှာ တရားခံက သူ့ကို အမဲသား တစ်ပိဿာပေးရမည်ဟုတောင်းပါသည်။ ဒီအခါ ကိုကျော်ဒင်က တစ်ပိဿာတော့ မပေးနိုင်ဘူးဟုပြန်ပြောပါသည်။ ကျွန်တော်က လည်း မပေးနိုင်ဘူးဟု ပြောပါသည်။ တရားခံသည် သူ့တွင်ပါ လာသောဓားမရှည်ကိုကိုင်ပြီး၊ အတင်းပေးရမည်ဟုကျွန်တော်နှင့် ကိုကျော်ဒင်ကို ပြောပါသည်။ ဒီတုန်းက တရားခံ ထန်းရည်မူး နေပါသည်။ ကျွန်တော်နှင့် ကိုကျော်ဒင်တို့လည်း မူးကြပါသည်။ ဒါပေမဲ့ တရားခံလောက် မမူးပါ”

တရားခံနှင့် ကိုကျော်ဒင်တို့သည် ပေးရမယ် ... မပေးနိုင်ဘူး နှင့် အချီအချပြောရာမှ စကားများကြသည်။ တရားခံသည် လက်ထဲရှိ ဓားကို ကိုကျော်ဒင်ကို ပစ်ပေး၍ သူ့ကို ခုတ်ခိုင်းသည်။ မောင်လှသောင်မှာ သိုင်းသမားဖြစ်လို့ မခုတ်ရဲဘူးဟု ကိုကျော်ဒင်က ပြန်ပြောသည်။ မင်းဓားကို မင်းပြန်ကောက်ပြီး ငါ့ကိုခုတ်ချင်ခုတ်ပါဟု ကိုကျော်ဒင်က ပြော၍ မြေပေါ် တွင်ပက်လက်လှန်ပေးသည်။ မောင်လှသောင်ကို မလုပ်ဖို့ မောင်ကျော်လှက

တားသေးသည်။ မောင်လှသောင် ဓားကို ကောက်ယူပြီး သူတို့နားတွင် မတ်တတ်ရပ်လိုက်သည်။ ထိုအချိန်တွင် ကိုသာဒင်ရောက်လာ၍ မောင်လှသောင် လက်ဆွဲပြီး ထန်းသမား ကျော်ဒင်တဲဘက်သို့ ဆွဲခေါ်သွားသည်။ မောင်ကျော်လှနှင့် ကိုကျော်ဒင်တို့နှစ်ယောက် ရွာတန်းရှည်ဘက်သို့ ပြန်လာကြသည်။

မောင်လှသောင် နောက်က ထပ်လိုက်လာပြီး၊ မင်းတို့နေကြဦးဟု မောင်ကျော်လှနှင့် ကိုကျော်ဒင်ကို ပြောလိုက်သည်။ "မင်းမလိုက်ခဲ့နဲ့"ဟု ပြော၍ မောင်ကျော်လှနှင့် ကိုကျော်ဒင်တို့က ရွာဘက်ကို ပြေးကြသည်။ မောင်လှသောင်လည်း ပြေးလိုက်လာသည်။ အချိန်မှာ နေဝင်ပြီဖြစ်၍ မောင်လှသောင်လက်ထဲ၌ ဘာပါလာသည်ကို သူတို့ မမြင်ကြပါ။

ကိုကျော်ဒင်မှာ ထင်းခုတ်ရာတွင် ဒူးကိုခုတ်မိထား၍ ပြေးသည့်အခါ ကောင်းကောင်းမပြေးနိုင်။ နောက်ကျန်ရစ်သည်။ မောင်ကျော်လှ ရွာကိုရောက်သည့်အခါ၊ မောင်လှသောင်၏ညီ လှရှောင်နှင့် ရွာသူကြီး ဦးမြကိုတိုင်သည်။ ဦးမြကိုယ်တိုင်ကြားရာတွင် မောင်လှသောင် ခုတ်တယ်ဟု မပြောဘဲ အမည်မသိသူက ခုတ်မယ်ဟုတိုင်ကြားရသည်မှာ မောင်လှသောင် ရန်ရှာမှာစိုး၍ လှရှောင်ပြောသည့်အတိုင်း တိုင်ရခြင်းဖြစ်သည်ဟု ထွက်ဆိုချက်တွင် ရှိလေသည်။

ယင်းအမှုတွင် စွပ်စွဲခံသူ မောင်လှသောင်က တရားရုံး၌ ခုခံထွက်ဆိုချက်သည်၊ ထိုအမှုအတွက် စဉ်းစားစရာအချက်များပါရှိလေ သည်။ ဦးသွယ် ထန်းတဲမှ ထန်းရည်သောက်ပြီး၊ သူတို့သုံးယောက် ထွက်လာကြသည်။ ထန်းတဲနှင့် တခေါ်လောက်ဝေးသည့်နေရာတွင် သေသူ ကိုကျော်ဒင်က၊ မောင်လှရှောင်နှင့် မောင်ကျော်လှဝယ်သည့် နွားဈေးကြီးတယ်ဟု ပြောသည်။ ကျော်လှကို ငါ့သဘောနှင့် ငါဝယ်တာမင်းနဲ့ မဆိုင်ပါဘူးဟုပြောသည်။ မင်းဘယ်လောက်မိုက်လို့ ဒီစကားပြောရတာလဲဟု မောင်ကျော်လှက ကျော်ဒင်ကို မေးသည်။ နောက်သူတို့နှစ်ယောက် ရန်ဖြစ်ကြသည်။ ကိုကျော်ဒင်က မောင်ကျော်လှကို မခုတ်ရဲပါဘူးဟု ပြော၍ ကျော်လှက "သူလူတစ်ယောက်တောင် သတ်ထားဖူးသေးတာပဲ ခုတ်ရဲတယ်" ဟုပြောပြီး မောင်ကျော်လှက ကျော်ဒင်ကိုဓားနှင့်ခုတ်သံများကြားရသည်။ မောင်လှသောင်

မှာ သူတို့နှစ်ဦးဖြစ်နေကြသည့်နေရာနှင့် (၄) တောင် လောက်ဝေးသည်။ မှောင်နေ၍ ဘာမှမမြင်ရပါ။ မောင်ကျော်လှ မခုတ်ရန် မောင်လှသောင်က ပြော၍ မင်းကိုပါခုတ်မည်ပြောပြီး မောင်လှသောင်ကို လှမ်းဆွဲသည်။ လူကို မဆွဲမိ လုံချည်ကိုသာ ဆွဲမိ၍ ကျွတ်သွားသည်။ ကိုသွယ် တဲဘက်သို့ ပြန်ပြေးသည့်အချိန်၊ မောင်ကျော်လှ နောက်မှလိုက်၍ ဓားနှင့် လှမ်းပေါက်လိုက်သည်။ ဓားမှာ မောင်လှသောင် ရှေ့တွင် လာကျသည်။ နောက်ထပ် မောင်ကျော်လှ ရန်မမူ နိုင်ရန် ဓားကိုကောက်ပြီး ထန်းသမား ကိုကျော်ဒင် တဲသို့ ပြေးသွားရသည်ဟု ထွက်ဆိုထားသည်။

ထွက်ပြေးရသည့်အကြောင်းနှင့် ပတ်သက်၍ ထွက်ဆိုချက် အတိအကျမှာ ...

"ကျွန်တော် အိမ်ပြန်ရောက်ပြီး၊ နောက်တစ်နေ့ မနက်မှာ ကျော်လှ၊ ကိုချစ်မြနှင့် သန်းတန်းရွာမှ အရှန် ရဲတစ်ယောက်တို့ ရောက်လာကြပါသည်။ သူတို့က သေသူ ကျော်ဒင်၏ အလောင်းနားတွင် တွေ့သော လုံချည်နှင့် ဓားဟာ ကျွန်တော့်ပစ္စည်းတွေ မဟုတ်လားဟု မေးပါသည်။ ကျွန်တော်က မဟုတ်ကြောင်းနှင့် ကျွန်တော် လိုက်ပြီး ရှင်းပါမယ်ဟု ပြောပါသည်။ အဲဒီနောက် ကျွန်တော် မီးဖိုချောင်ထဲ ဝင်ပြီး ဆေးလိပ်မီးညှိသောက်နေစဉ် အရှန်ရဲက ကျွန်တော့်ကို သေနတ်နှင့်ပစ်၍ ကျွန်တော်ကြောက်လို့ ထွက်ပြေးပြီး ရွာထဲမှာ ပုန်းနေခဲ့ပါသည်။ နောက် ၁၀ရက်ခန့်ကြာသည့်အခါ မလှိုင်မှ ဌာနာအုပ် သက်ကယ်ချင်းကိုလာသည့်အခါ သူကြီးအိမ်ကို ကျွန်တော်သွားပြီး အဖမ်းခံခဲ့ပါသည်။

ထို့ပြင် တရားခံဟု စွပ်စွဲခံရသူ မောင်လှသောင်၏ ညီအရင်း မောင်လှရှောင်အိမ်နှင့် အိမ်နီးနားချင်းနေသူ မသန်းတင် (ခံပြ ၄)၏ ထွက်ဆိုချက်မှာလည်း ထိုအမှုအတွက် ဆက်စပ်ချက်ပင်ဖြစ်လေသည်။ မသန်းတင် ထွက်ချက်ထဲတွင် ...

"ညတစ်ည ကျွန်မ ကလေးနို့တိုက်နေတုန်းမှာ ကျော်လှက လှရှောင်ကို ခေါ်သံများ ကျွန်မ ကြားပါသည်။ အဲဒီနောက် လှရှောင် အိမ်မှာ မီးမြင်လို့ ဆေးလိပ်မီးညှိရအောင် လှရှောင်အိမ်ကို

ကျွန်မသွားပါသည်။ လှရှောင်အိမ်ကို ကျွန်မရောက်သွားသည့်အခါ၊ လှရှောင်နှင့်ကျော်လှကို လှရှောင်အိမ်အောက်မြေကြီးပေါ်တွင် ကျွန်မတွေ့ပါသည်။ ကျွန်မရှေ့မှာ ကျော်လှက လှရှောင်ကို" လှရှောင်ရာ ကျော်ဒင်နဲ့ ငါနဲ့ပြန်လာတဲ့အခါ၊ နောက်က မသွားနဲ့ ရပ်ရပ်လို့ဆိုတယ်။ ဒီအခါ ငါက ကျော်ဒင်ရာ ရန်သူနဲ့တူတယ်။ မင်းလည်း လွတ်အောင်ပြေး ငါလည်း လွတ်အောင်ပြေးမယ် ပြောပြီး၊ ငါပြေးလာခဲ့တယ်"ဟု ပြောပါသည်။

မောင်ကျော်လှ ပြောစကားကို ကိုယ်တိုင် ကိုယ်တွေ့ကြားရ သူ၏ ထွက်ဆိုချက်လည်း ဤသို့ရှိလေသည်။

ယင်းအမှုတစ်ခုလုံးကို ခြုံ၍ ကြည့်လျှင်မူ ....

မောင်လှသောင် ကိုယ်တုံးလုံးနှင့် ထန်းသမား ကိုကျော်ဒင်တဲသို့ ရောက်လာသည်။ လုံချည်ကျွတ်ကျန်ရစ်၍ လုံချည်တောင်းဝတ်ပြီး လက်ထဲကိုင်လာသည့် ဓားကို ကိုကျော်ဒင်ကို ပေးအပ်၍ပြန်ခဲ့သည်။ ထို့ကြောင့် သေသူ၏အလောင်းအနီးတွင်၊ မောင်လှသောင်လုံချည် သာမကပဲ ဖိနပ်ပါ တွေ့ရသည်မှာ ပေါ်လွင်သည်။

အမှုတစ်ခုလုံး စစ်ဆေးကြားနာခဲ့သော၊ တရားသူကြီးသည် အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာ တစ်ခုလုံးကို ခြုံ၍ စဉ်းစားလေ့လာပြီး၊ ၎င်း၏ ထင်မြင်ယူဆချက်အရ၊ ထိုလူသတ်မှုတွင် တရားခံ မောင်လှသောင် ကျူးလွန်ခဲ့သော ပြစ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ ကျူးလွန်ကြောင်း ခိုင်လုံသည်ဆို၍ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၃၇၁ (၁) အရ၊ အယူခံဝင်နိုင်ကြောင်းလည်း ပြောကြားလိုက်သည်။

မောင်လှသောင်က မူလရုံး၏အမိန့်ကို မကျေနပ်၍ တရားလွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့သည်။ တရားလွှတ်တော်မှ ရာဇဝတ် အယူခံမှုအမှတ် ၅၄၄/၅၉ နှင့် စောဒကအမှုအမှတ် ၉၉၊ ၅၉ တို့ကို တရားဝန်ကြီး ဦးစံမောင်၊ ဦးသောင်းစိန်တို့ပါဝင်သည်။ အယူခံခုံရုံးမှ ကြားနာ၍ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ကာ၊ မောင်လှသောင်အား တရားသေလွှတ်ကြောင်း အမိန့် စီရင်ချက်ကို၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်အမိန့်ချမှတ်လိုက်သည်။

အယူခံတွင် အယူခံတရားလိုဘက်မှ လွှတ်တော်ရှေ့နေကြီး ဦးအုန်းမောင်၊ အစိုးရရှေ့နေအဖြစ် ဦးဘသင် (၃)တို့က လိုက်ပါဆောင်ရွက်ကြသည်။

(၅)

အမှုဖြစ်ပျက်ပုံကို ခြုံ၍ လေ့လာလျှင် ...

မောင်ကျော်လှသည် သက်ကယ်ချင်းရွာတွင် မောင်လှသောင် နှင့်အတူ နွားတစ်ကောင်ဝယ်ထားသည်။ ထိုနွားကိုသတ်၍ အသားကို ရောင်း၍ စီးပွားရေးအရ အမြတ်ရှာမည်။ ထိုအထဲမှလည်း အသားစားရမည်။ ထိုနွားကိုယူ၍ သတ်ရန် ကိုကျော်ဒင်ကို သက်ကယ်ချင်းရွာ သွားရန် လာခေါ်သည်။ သက်ကယ်ချင်းရွာတွင် မောင်လှရှောင်၊ လှသောင်တို့နှင့် တွေ့ကြသည်။ ဝယ်ထားသည့် နွားကိုယူ၍ ပြန်လာကြစဉ်၊ လမ်းတွင် ထန်းရည်ဝင်သောက်ကြရာမှ မောင်လှရှောင်တစ်ယောက်သာ နွားတင်ထားသည့်လှည်းကိုမောင်း၍ရွာကိုသွားနှင့်သည်။ ကိုကျော်ဒင်(သေသူ) မောင်လှသောင် (အစွပ်စွဲခံရသူ) မောင်ကျော်လှ (သက်သေ)တို့ ထန်းရည်မူးပြီး ကျန်ရစ်ရာမှ ထိုလူသတ်မှုဖြစ်ပေါ်လာရခြင်းဖြစ်သည်။

အဓိက ထိုလူသတ်မှု ပေါ်ပေါက်ခြင်းမှာ ထန်းရည်မူးသည့်အကြောင်းတရားမှ ပေါ်ပေါက်လာရသည့် အကျိုးတရားဖြစ်သည်။ ထန်းရည်သာ မမူးပါက ဤလူသတ်မှုဖြစ်ရန်အကြောင်း မမြင်၊ ထန်းရည်မူးသည့်အခါ တစ်ယောက်ပေါ်တစ်ယောက် စကားတင်စားပြောမိခြင်းကိုသည်းမခံ၊ စဉ်းစား၊ တွေးတောနိုင်ခြင်းမရှိ သွေးထဲသို့ ဝင်ရောက် သွားသည့်ထန်းရည်ခါး၏သတ္တိသည် လူသတ်မှုကျူးလွန်ရသည့်အထိ ဖြစ်လာခြင်းဖြစ်သည်။

ထို့ကြောင့်ပင် မူးယစ်စေတတ်သော သေရည်သေရက်ကို ရှောင်ကျဉ်ရန် ဗုဒ္ဓက လေးလေးနက်နက် တားမြစ်ခဲ့သည်မဟုတ်ပါလော။

■

# ဝရမ်းပြေးဘိုးဆယ်

(၁)

လူသတ်မှုတစ်ခု ဖြစ်လာလျှင် ထိုပြစ်မှုကို ကျူးလွန်မိသူသည် 'မသတ်ပါဘူး'ဟု ငြင်းဆိုရန်မရသည့်အခါမျိုး၌ ပြစ်မှုမှလွတ်ကင်းရန် မည်သို့ထုချေရမည်ကို ဥပဒေကျွမ်းကျင်သူတစ်ယောက်မဟုတ်၍ နားလည်ရန် မလွယ်ပါ။ သို့သော် ထိုအမှုတရားခွင်သို့ရောက်ရှိလာသည့်အခါ ဥပဒေတတ်ကျွမ်းသူတို့က အမှု၏ဖြစ်ပျက်သည့် ကြောင်းခြင်းရာကို ကြည့်၍ မည်သို့ထုချေရမည်။ ကာကွယ်ရမည်ကို နည်းလမ်းရှာကြသည်။ ရှာဖွေတွေ့ရှိသည့် နည်းလမ်းအတိုင်း မိမိအမှုသည် လွတ်မြောက်ရေးအတွက် တရားခွင်၌ ကြိုးပမ်းကြရလေသည်။

ဤသည်မှာ တရားခံဘက်မှ လိုက်ပါဆောင်ရွက်ရသည့် ရှေ့နေရှေ့ရပ်၏တာဝန်တစ်ရပ်ဖြစ်သည်ဟုဆိုရချေမည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အပြစ်ဆိုထိုက်ပါသလော။ အပြစ်ဆိုရန်အကြောင်း မပေါ်ပေါက်ပါ။

အမှုတစ်ခု ကျူးလွန်မိသူသည် ကျူးလွန်ချိန်၌ ဒေါသတရားလွှမ်းမိုးမှုကြောင့်ဖြစ်ပေါ်လာသည့်ဆန္ဒအတိုင်း စိတ်လိုက်မာန်ပါ ကျူးလွန်မိသည့်အခါမျိုးတွင် မိမိကျူးလွန်မည့်ပြစ်မှု၏ အချိုးအစား အတိုင်းအတာ၊

ပမာဏာကို စဉ်းစားချင့်ချိန်နိုင်မည်မဟုတ်ပါ။ ကျူးလွန်မိပြီးမှသာလျှင် နောင်တတရားရ၍ စဉ်းစားလာပေမည်။

ပြစ်မှုတစ်ခု၏ အမျိုးအစား အတိုင်းအတာမှာ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာပေါ်၌သာ အမှီသဟဲပြုနေသောကြောင့် တရားခံဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေရှေ့ရပ်တို့သည် မိမိတရားခံလွတ်မြောက်ရေးအတွက် သို့မဟုတ် သက်သာနိုင်သမျှ သက်သာစေရန်တရားခွင်၌ ကြိုးစားကြရခြင်းပင်ဖြစ်သည်။

ယခုအမှုမှာ တရားခံ၏ ကျူးလွန်မှုကို မူလတရားရုံး တရားခွင်၌လည်းကောင်း၊ အယူခံရုံး၌လည်းကောင်း၊ ခုခံချေပရသည်ကို လေ့လာခွင့်ရပေမည်။

ဤလူသတ်မှု အစပျိုးခဲ့သည်မှာ အနီနှင့်အစိမ်းဖြစ်သည်။ အနီနှင့် အစိမ်းဆို၍ ရတ်တရက် နားလည်ရန် မလွယ်ကူပါ။ အနီနှင့် အစိမ်းသည် ဤလူသတ်မှုကို ဘယ်လိုအစပျိုးပေးခဲ့သနည်းဆိုသည်ကို ဤအမှုဖြစ်ပျက်ပုံကို ဖတ်ရှုမှသာ သဘောပေါက်၍ နားရှင်းလာပေမည်။

အမှုဖြစ်ပျက်ပုံ ဇာတ်လမ်းကို ဤနေရာမှစ၍ ကားလိပ်ဖွင့်ကြစို့။

(၂)

ဝဲပြန်ရွာသည် ပဲခူးခရိုင် သနပ်ပင်မြို့အပိုင်၌ရှိသည်။ ဝဲပြန်ရွာနှင့် သနပ်ပင်မြို့မှာ ခန့်မှန်းခြေ (၁၆) မိုင်သာသာ ဝေးကွာလေသည်။ ထိုဝဲပြန်ရွာတွင် ၁၉၅၅ ခုနှစ်အတွင်းက ဒေသန္တရလူကြီး ရွေးပွဲ ကျင်းပသည်၊ ထို ဒေသန္တရလူကြီးရွေးပွဲတွင် ...

အနီ ... ဦးဘိုးဝေ

အစိမ်း ... ဦးဘိုးမြစ်

သူတို့နှစ်ဦး ယှဉ်ပြိုင်ကြသည်။

ယှဉ်ပြိုင်အရွေးခံရသည့်နေ့ကို မဆိုထားဘဲ၊ ရွေးကောက်ပွဲ ရက်သတ်မှတ်လိုက်သည့် နောက်ပိုင်း၌ ဝဲပြန်ရွာမှ လူများသည် လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ သူ့ဘက်ကိုယ့်ဘက် မဲအနိုင်ရရေးအတွက် တစ်အိမ်တက်ဆင်း မဲဆွယ်ကြရသည်မှာလည်း မောရမှန်း ပန်းရမှန်းမသိ၊ စုစုဝေးဝေး

စားကြသောက်ကြသည်မှာလည်း ပွဲတော်ကြီးတမျှပင်။

"အစိမ်းကွ"

"အနီကွ"

ဤသို့အပြိုင်အဆိုင်ဖြစ်လာကြသည့်အခါ တစ်ရွာတည်းနေ တစ်ရေတည်းသောက်၊ ဖက်လဲတကင်း ချစ်ချစ်ခင်ခင်နေလာကြသူတို့မှာ ရန်သူအဖြစ်ပြောင်းလဲ ဆက်ဆံလာကြသည်။ တစ်ဖက်နှင့် တစ်ဖက်တွေ့ဆုံကြသည့်အခါ မာန်စောင်တင်း၍ ရန်ခင်းကြတော့မည့်အလား။

ရပ်ရွာလူထုမှာ မဲတစ်ပြားကြောင့် မျက်နှာပွင့်နေကြသည်။ တစ်ချိန်က ဆေးဖော်ကျောဖက် အလုပ်မခံရသူတို့ကိုပင် တယုတယဖိတ်ခေါ်၍ အကျွေးအမွေးနှင့်ဧည့်ခံကြလေသည်။ မဲထည့်နိုင်သည့်အရပ်မှ မဲစာရင်းများကြည့်၍ သူ့ဘက်ကိုယ့်ဘက် ကျိန်းသေပေါက်တွက်ထားကြသည်။

ထိုဝဲပြန်ရွာ ဒေသန္တရလူကြီး ရွေးပွဲတွင် ကိုသန်းမောင်မှာ (အနီ) ကိုဘိုးဝေအတွက် ဆောင်ရွက်ပေးသူတစ်ယောက်ဖြစ်သည်။ ကိုသန်းမောင်က ကိုဘိုးဝေအနိုင်ရရေးအတွက် ဆောင်ရွက်သည်မှာ မယားညီအစ်ကိုတော်တစ်ယောက်ဖြစ်၍ မနေသာသောကြောင့် ဝင်ရောက်ဆောင်ရွက်ရခြင်းဖြစ်လေသည်။

မဲရွေးပွဲကျင်းပသည့်နေ့ကမူ တစ်ရွာလုံးစိမ်းနေသည်။ ကိုဘိုးဝေမျက်နှာမှာ ဇီးရွက်လောက်ဖြစ်နေသည်။

"သန်းမောင် ... တို့တော့ မသေချာဘူးထင်တယ်၊ တစ်ရွာလုံးစိမ်းနေတာပဲ"

"ပူမနေပါနဲ့လေ ... သေချာပါတယ်"

ပူပင်သောကဖြစ်နေသည့် ကိုဘိုးဝေကို ကိုသန်းမောင်က အားပေးသည်။

"တောင်ပိုင်းက အခြေအနေ ဘယ်လိုလဲ"

"အေးအေးနေပါဆို ... ကျော်တော့ လေ့သူကြီး ညားတော့ လေ့ထိုးသားပါ"

"တစ်မိုးလုံတော့ သူတို့ဖျောက်ဆိတ်ကြီးပဲ၊ မင်းပြောလို့သာ"

"အေးကွာ ... ငါပြောတာ မဟုတ်ရင် စောင့်ကြည့်ပေါ့"

ကိုသန်းမောင်အနေနှင့် ရွေးကောက်ပွဲမှာ ကိုဘိုးဝေ သေချာပေါက်နိုင်ရမည်ဟု တွက်ကိန်းချထားပြီးဖြစ်သည်။ သူကြိုတင်ခန့်မှန်းနိုင်သည်မှာလည်း ရွေးကောက်ပွဲမတိုင်မီကပင် တစ်အိမ်တက်ဆင်း သူနှင့်သူ့အဖွဲ့သားများ စည်းရုံးထားသော အင်အားအခိုင်အမာရှိသည် ဟု ယုံကြည်ထားခြင်းကြောင့်ဖြစ်လေသည်။

အချိန်ကုန်၍ မဲပုံးများ ချိပ်ပိတ်၍ တာဝန်ခံအရာရှိက စိတ်ချရမည့်နေရာသို့ မဲရေတွက်ရန် သယ်ယူတော့မည့်အချိန်တွင် သူဘက်ကိုယ်ဘက်မဲရုံကိုယ်စားလှယ်တို့က မဲပုံးများကို မကြည့်ကြသည်။ ထိုအထဲတွင် ကိုသန်းမောင်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

ထိုအချိန်အထိ ကိုဘိုးဝေအဖို့ မျှော်လင့်ချက်ကုန်ဆုံးနေသလို ဖြစ်သည်။

"ငါတော့ ... မထင်ဘူးဟေ့"

"ဘာမထင်တာလဲ"

"နိုင်မယ်လို့ပေါ့"

"မင်းဘာသိသလဲ"

"တစ်ရွာလုံးစိမ်းနေတာပဲဟာ"

"အဲဒါကြောင့် ခက်တာပေါ့၊ မဲပုံး မ, ကြည့်ပြီးပြီ ကိုယ့်လူ သေချာပေါက်မှ သေချာပေါက်"

"ဟုတ်ပါ့မလားကွာ"

"ဟေ့ ... မယုံရင် တစ်လေး နှစ်လေးလောင်းမယ်"

ကိုသန်းမောင် စကားကြားရသည့်အခါ ကိုဘိုးဝေ စိတ်ထဲအားတက်သလိုလိုဖြစ်လာရသည်။ ရွေးကောက်ပွဲဆိုသည်မှာခန့်မှန်း၍ရပါသည်။ ရပ်ရွာထဲ၌ ယှဉ်ပြိုင်သူနှစ်ယောက်ရှိလျှင် ဘယ်သူအခြေအနေကောင်းသည်၊ မကောင်းဘူးဆိုသည်ကို တွက်ဆ၍ရပါသည်။ သို့သော် ရွေးကောက်ပွဲအတွေ့အကြုံများအရ လူထုမဲဖြင့် သေချာပေါက်နိုင်မည်ဟု ခန့်မှန်းရသော်လည်း၊ တကယ်မဲပုံးဖွင့်၍ ရေတွက်သည့်အခါ ချိတ်ပိတ်ထားသော မဲပုံးတွင်းမှ မဲပြားများ အတောင်ပေါက်၍ ပျံသွားသောကြောင့်ရှုံးရသည်လည်းရှိသည်။

ယှဉ်ပြိုင်သူနှစ်ယောက်လုံးပင် ရပ်ရွာထဲ၌ ပိန်မသာ လိန်မသာဖြစ်

ကြသည်။ ထို့ကြောင့်လည်း ကိုယ့်မဲကိုယ် သေချာပေါက်မတွက်ရဲကြခြင်းဖြစ်သည်။

မဲပုံးဖွင့်၍ ရေတွက်ပြီးပါပြီ။

အနိုင် ... ကိုဘိုးဝေ

အစိမ်း ... ကိုဘိုးမြစ်

ကိုသန်းမောင် မှန်းချက်သည် သွေးထွက်အောင် မှန်လေပြီ။ အစိမ်းရှုံး၍ အနီနိုင်သည်။ အနီဘက်တော်သားများ ဆူဆူညံညံ စကားသံကျယ်ကြသလို၊ အစိမ်းဘက်တော်သားများမှာ ငြိမ်ကျသွားသည်။ ရွာထဲ၌ လမ်းလျှောက်သည်ကိုပင် ထိုနေ့အဖို့မတွေ့ရ မမြင်ရ စိတ်အလွန်ထိခိုက်သူတို့သည် အရက်ကို အဖော်လုပ်၍ စိတ်ကိုဖြေကြသလို၊ နိုင်ကြသူတို့ဘက်မှာလည်း အရက်သေစာနှင့် တိတ်တဆိတ် အောင်ပွဲခင်းကြသည်။

ကိုဘိုးဝေမှာ ကိုသန်းမောင်၏ မှန်းဆချက်ကို အထင်ကြီးရသည်။ အနိုင်ရပြီး ၃–၄ ရက်မျှအထိ စုစုဝေးဝေးနှင့် စားကြ သောက်ကြ ပျော်နိုင်ကြသလို တစ်ဖက်မှ ဆောင်ရွက်ပေးသူတို့ကလည်း အခဲ မကျေဖြစ်နေကြသည် ဆိုသော သတင်းသည် ရွာထဲ၌ ပျံ့လွှင့်နေသည်။

သတိနှင့်နေ၍ သတိနှင့်သွားလာကြရန် အချင်းချင်း လက်တို့ထားကြသည်။

အစိမ်းနှင့်အနီကား ဤတွင် တစ်ခန်းမရပ်နိုင်သေးပါ။ ဆက်ရန်ရှိသေးသည်ဟု အရိပ်အယောင်ပြနေဆဲ ...။

(၂)

၁၉၅၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ...

"ကိုသန်းမောင် ကလေးကြည့်လိုက်ဦးနော် ... ရေခပ်သွားဦးမယ်"

ကိုသန်းမောင်၏ဇနီး မသိန်းကြည်သည် ရေခပ်သွားရန် အိုး ယူပြီး ဆင်းသွားသည်။ မသိန်းကြည် ရေခပ်သွားသည့်အချိန်မှာ ညနေ ၅ နာရီခန့်ရှိသည်။ မိခင်အိမ်ပေါ်မှ ဆင်းသွားသည်ကို မြင်လိုက်သည့် ကလေးငယ်မှာ မိခင်နောက် မလိုက်ရ၍ တက်မတတ် ချက်မတတ်ငိုနေသည်။

ထိုအချိန်၌ အိမ်ပေါ်တွင် သားမောင်ကျော်လှိုင်၊ သမီးမအေးကျော့နှင့် သမက် မောင်မြအောင်တို့ ထမင်းဝိုင်းကလည်း စားနေဆဲဖြစ်သည်။ ကိုသန်းမောင်သည် မရပ်မနားငိုနေသည့် ကလေးကို ကောက်ချီ၍ လမ်းပေါ်သို့ ထွက်သွားလေသည်။ ငိုသော ကလေးကို ချီ၍ ဆင်းသွားသော ဖခင်ကို ထမင်းဝိုင်းမှ သား သမီးများက လှမ်းကြည့်လိုက်ကြသေးသည်။

လမ်းပေါ်၌ ကလေးချော့နေသည့် ကိုသန်းမောင်သည် အနီ အစိမ်း ပြိုင်ပွဲ ကျင်းပစဉ်က ဦးဘိုမြစ်ဘက်မှ ကြိုးစားပန်းစားဆောင်ရွက်ခဲ့သော ကိုဘိုးဆယ်တစ်ယောက် လျှောက်လာပြီး၊ ကိုဘိုးမြစ်အိမ်ထဲဝင်သွားသည်ကို မြင်လိုက်သော်လည်း သူ့စိတ်ထဲ၌ ထူးထူးခြားခြား ဖြစ်မလာ၍ ကလေးကို ချော့၍ မယားရေခပ်ပြန်လာမည့် လမ်းကိုသာ မျှော်မှန်းကြည့်နေသည်။

ခဏအကြာတွင် ကိုဘိုးဆယ်တစ်ယောက် ကိုဘိုးမြစ်အိမ်ပေါ်မှ ပြန်ဆင်းလာသည်။ ကိုဘိုးဆယ်၊ ကိုဘိုးမြစ်အိမ်အဝင်နှင့်အထွက်မှာ ထူးခြားချက်ရှိနေသည်။ သို့သော် ထိုထူးခြားချက်မှာ ကိုဘိုးဆယ်အတွက် ဖြစ်သော်လည်း ကိုသန်းမောင်စိတ်ထဲတွင် ကင်းဝတ္တရားဆောင်ရွက်ရန် သေနတ်ယူလာခြင်းသာဖြစ်သည်ဟု နားလည်ထားသည်။

ကိုဘိုးဆယ် ဆင်းလာ၍ ကိုသန်းမောင်နှင့် တစ်လံကွာ အရောက်တွင် ရပ်လိုက်သည်။ ထိုအချိန်မှာ မသိန်းကြည်လည်း ရေခပ်ပြန်လာ၍ အလှမ်းတော်တော်ဝေးသည့်နေရာမှ ကိုဘိုးဆယ်နှင့် ကိုသန်းမောင်ကို လှမ်းမြင်ရသည်။

ကိုဘိုးဆယ်၏ မျက်နှာမှာ ခက်ထန်မာကြောနေသည့်အသွင် ဖြင့်....

"ခင်ဗျားတို့ အနီနိုင်တယ်၊ ကျုပ်တို့အစိမ်းရှုံးတယ်၊ ခင်ဗျားတို့က မဲနိုင်ပေမယ့် ကျုပ်တို့က လူနိုင်တယ်"

ကိုသန်းမောင်က ကိုဘိုးဆယ်၏ အခြေအနေကို အကဲခတ်၍...

"ဟေ့ ... ဘိုးဆယ် မင်းဘာတွေ ပြောနေတာလဲ"

ထိုသို့ပြောနေစဉ်ပင် မသိန်းကြည်လည်း မနီးမဝေးသို့ရောက်လာပြီးဖြစ်သည်။ သူ့စိတ်ထဲ၌ ရိုးရိုးရပ်၍ စကားပြောနေသည်ဟုများ ထင်မလားမသိ ....

"ခင်ဗျား ... မိုက်သလား"

ဘိုးဆယ်သည် စကားအဆက်အစပ်မရှိဘဲ မေးလိုက်သည်။

"ငါမမိုက်ဘူး"

"ခင်ဗျားမမိုက်ရင် ... ကျုပ်မိုက်တယ်ဗျာ"

ဒိုင်း ... ဆိုသည့် သေနတ်သံတစ်ချက်ကြားလိုက်ရချိန် ထမင်းဝိုင်းမှ သား သမီးနှင့်သမက်၊ ရေခပ်ပြန်လာသည့်မယား အနီး အနား၌ရှိနေကြသူများ သေနတ်သံကြားရာ လှမ်းကြည့်လိုက်ကြသည်။ ကိုသန်းမောင်မှာ ဘိုးဆယ်၏ သေနတ်ကျည်ဆန်ကြောင့် လက်ထဲ၌ ချီထားသော ကလေးလွတ်ကျသွားပြီး သူလည်းလမ်းပေါ်သို့ လဲကျသွားသည်။

ဘိုးဆယ်က သေနတ်ကိုင်၍ ငိုင်ကြည့်နေစဉ် ...

"အမယ်လေး ... လာကြပါ ... လာကြပါ၊ ကျွန်မယောက်ျားကိုဘိုးဆယ် သေနတ်နဲ့ပစ်လို့ပါ"

မသိန်းကြည် အော်သံမဆုံးသေးမီ သားသမီးနှင့် သမက်တို့လည်း လဲကျနေသော ကိုသန်းမောင်ထံသို့ ပြေးလာကြသည်။ သေနတ်ကိုင်၍ ငိုင်နေဆဲရှိသော ဘိုးဆယ်ကို ကျော်မြင့်က ဆွဲခေါ်သွားလေသည်။

တဝါးဝါး ငိုကြွေးနေသော ကလေးကို အိမ်နီးနားချင်းတို့က ကောက်ယူ၍ ချီထားသည်။ ဒဏ်ရာကို လက်နှင့်ဖိ၍ ထရန်ကြိုးစားနေသည့် ကိုသန်းမောင်ကို သားသမီးများနှင့် မယားက ဖေးထူထားကြသည်။

"ဘိုးဆယ် ... တော်တော်မိုက်တဲ့အကောင် ... ငါ့ကိုသေနတ်နဲ့ပစ်သွားတယ်"

ကိုသန်းမောင်က အားယူ၍ ဤသို့ပြောလိုက်သည်။

"ဟဲ့ ... အေးကျော့ သူကြီးအိမ်ပြေးစမ်း"

မအေးကျော့သည် မျက်ရည်ရွှဲလျက်ရှိသော မျက်နှာနှင့်ပင် သူကြီးအိမ်သို့ ပြေးသွားသည်။ သူကြီးနှင့် အဆင်သင့်မတွေ့ရသောကြောင့် သူကြီးရောက်နေသည့် ဦးစံအိမ်သို့ ဆက်ပြေးသွားရသည်။

"ဦးလေး ... အဖေ့ကို ဘိုးဆယ်သေနတ်နဲ့ပစ်သွားလို့လိုက်ခဲ့ပါဦး"

"ဟာင် ... ဘယ်တုန်းကလဲ"

"အခုလေးကပဲ"

သူကြီးဦးလှမောင်သည်၊ ကိုသန်းမောင်ရှိရာသို့ လိုက်ပါလာသည်။

ကိုသန်းမောင် ပတ်ဝန်းကျင်၌ ရွာသူရွာသားများ ဝိုင်းနေကြသည်။ သူကြီးရောက်လာမှ ဖယ်ပေးလိုက်ကြသည်။ ကိုသန်းမောင်၏ အခြေအနေကို မြင်လိုက်ရသည့်အခါ သူကြီးစိတ်ထဲ၌ စိုးရိမ်စိတ်များ ဖြစ်လာလေသည်။ ဒဏ်ရာသည် ပြင်းထန်လှသည်။ ဒဏ်ရာကြောင့် ဗိုက်မှ အူများထွက်နေသည့်အပြင် သွေးများလည်း မြေပြင်ပေါ်၌ ချင်းချင်းနီလျက်ရှိသည်။

"ဘယ်လိုဖြစ်သလဲ ... ကိုသန်းမောင်"

"ဘိုးဆယ် ... ဘိုး ... ဘိုးဆယ် သေနတ်နဲ့ပစ်သွားတယ်"

သူကြီးမေးသည့်စကားကို ကိုသန်းမောင်က အနိုင်နိုင် အားခဲ၍ ဖြေလိုက်သည်။ ကိုသန်းမောင်၏ အခြေအနေမှာ ဒီအတိုင်းထား ထား၍ ကြာရှည်ခံပုံမရ၊ အချိန်မီဌာနာသို့ပို့မှဖြစ်မည်။

အချိန်မှာ မှောင်စပျိုးနေပြီဖြစ်သည်။

သူကြီးအိမ်က သံချောင်းခေါက်သံကြောင့် ကင်းသမားများ စုဝေးရောက်ရှိလာကြသည်။ ကင်းသမားကိုစံအောင်၊ကိုကျော်မြိုင်၊မောင်သိန်းအောင် တို့ ရောက်လာကြသည့်အချိန်တွင် ....

"ဆေးရုံပို့ဖို့ စီစဉ်စမ်းကွာ၊ ဒီအတိုင်းထားလို့မဖြစ်ဘူး"

ကိုသန်းမောင်ကို လှည်းပေါ်တင်ကြသည်။ ဆွေမျိုးသားချင်းများ အပြင် ကင်းသမားများလည်း ပါကြသည်။ သူကြီးကမူ ဌာနသို့ စာတစ်စောင် ရေးပေးလိုက်သည်။ လမ်းကြမ်းပေါ်တွင် ဒဏ်ရာရသူ သက်သာစေရန် လှည်းကို တအိအိမောင်းလာကြစဉ် ကိုသန်းမောင်ဘဝသည် ဌာနရောက် အောင်မခံ၊ ခရီးလမ်းကြမ်းပေါ်၌ သူမရပ်မနား လျှောက်ခဲ့ရသော သူ့ဘဝခရီး ကို ရပ်နားသွားရပါတော့သည်။

ငိုသူကငိုသည်၊ စိတ်မကောင်းဖြစ်ရသူများကမူ စုတ်တသပ်သပ် ရင်တမမဖြင့် အလောင်းကို သယ်ဆောင်၍ သနပ်ပင်ရဲဌာနသို့ ပို့အပ်ကြသည်။

ပထမ သတင်းပေးတိုင်ကြားချက်ကို ဌာန သေသူကိုသန်းမောင်၏ သားမောင်ကျော်လှိုင်က ပေး၍ ရာဇသတ်ကြီး ပုဒ်မ ၃၀၂အရ၊ အမှုဖွင့်၍ ဌာနာအုပ် ဦးလွှယ်က လက်ခံစစ်ဆေးသည်။ ကိုသန်းမောင်၏အလောင်းကို

နောက်တစ်နေ့နံနက်တွင် ပဲခူးဆေးရုံကြီးသို့ပို့၍ ဆရာဝန်ကဒဏ်ရာများကို စစ်ဆေးကြည့်ရှုလေသည်။

(၄)

ဘိုးဆယ်မှာ ထိုရာဇဝတ်မှုကို ကျူးလွန်ပြီးနောက် ဝဲပြန်ရွာမှ ပျောက်ကွယ်သွားလေသည်။ ဘိုးဆယ်နှင့် နီးစပ်သည့်အပေါင်း အသင်းများအား ထောက်လှမ်းစုံစမ်းသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ သိသည်ဟု မပြော၊ ဘူးကွယ်ကြလေသည်။

အမှုတွင်အရေးကြီးသည့် သက်သေများဖြစ်ကြသော မောင်ကျော်လှိုင်၊ ကိုလှမောင်၊ ကိုမြမောင်၊ မနှင်းကြည်၊ မသိန်းကြည်နှင့် မအေးကျော့တို့ကို စစ်ဆေးလေသည်။

အမှုတစ်ခုဖြစ်လာ၍ တရားခံထွက်ပြေးတိမ်းရှောင်နေခြင်း တရားခံ မပေါ်ခြင်း စသောအမှုမျိုးမှာ ရဲများအဖို့ ရပ်ရွာလူထု အကူအညီအများဆုံး လိုအပ်သည်။ အထူးသဖြင့် ကျေးရွာသူကြီးများသည် မိမိတို့ရွာတွင် ဩဇာအာဏာရှိကြသည့် ပုဂ္ဂိုလ်များဖြစ်ကြ၍ အမှုပေါ်ပေါက်ရေး၌ ရဲအားအထူးတာဝန်တစ်ရပ်အနေနှင့်ကူညီရသည့် တာဝန်ရှိလေသည်။

ထိုအချိန် ကာလအတွင်း၌ ကျေးလက်တောရွာများတွင် သူပုန်သူကန်များသည် ဝင်ထွက်သွားလာနေကြသောကြောင့် ရဲအဖွဲ့များ အနေနှင့် အခြေအနေကို လေ့လာစုံစမ်း၍ အကဲခတ်ရသေးသည်။ သွားသင့်သည်ဆိုမှသွားရသည်။ ဘိုးဆယ်သွားမည်ထင်ရသော အရပ်ဒေသများသို့လိုက်ရန် မလွယ်ကူသောကြောင့် သတင်း အစအန ရထားသော်လည်း မသိကြိုဟန်ပြု၍ နေရလေသည်။

ဝဲပြန်ရွာမှ 'ဒေါ်ချစ်မှာ ၂ ရက် တစ်ကြိမ်၊ ၃ ရက် တစ်ကြိမ် ဆိုသလို ဝဲပြန်ရွာနှင့် မနီးမဝေးတွင်ရှိသော ကျေးရွာများသို့ ဆေးရိုး ရောင်းထွက်သူတစ်ယောက်ဖြစ်သည်။ ဘိုးဆယ်က သေနတ်နှင့်ပစ်၍ ကိုသန်းမောင်သေဆုံးသွားပြီး ၂ ရက်ခန့်အကြာတွင် ဒေါ်ချစ်သည် ကုလားချောင်းကြီးရွာသို့ ဆေးရိုးရောင်းရန်ထွက်ခဲ့သည်။ ဝဲပြန်ရွာ တောင်ဘက် ၂၅ ကေအလွန်သို့ရောက်သည့်အခါ လှည်းလမ်းကြောင်းဘေးမှ စာတစ်စောင် ကောက်ရသည်။

ဒေါ်ချစ်မှာ မျက်စိမွဲသူတစ်ယောက်ဖြစ်၍ စာကိုဖတ်မရသော ကြောင့် ညောင်ပင်စုရွာသို့ ဆေးရိုးဝင်ရောင်းရင်း ထိုရွာမှ ကိုဘလှိုင်ဆိုသူကို ပေးဖတ်ခိုင်းလေသည်။

"ဒေါ်ချစ် ဒီစာ ဘယ်သူက ပေးလိုက်တာလဲ"

"လမ်းက ကောက်ရတာ"

"စာက အရေးကြီးတယ် ... ဘိုးဆယ်ရေးထားတဲ့စာ၊ သူ့စာပါ အတိုင်းဆိုရင် ကိုသန်းမောင်ကို ပစ်သတ်တဲ့သေနတ်ဟာ ဝဲပြန်ဌာနမှာဘဲရှိ တယ်"

ဒေါ်ချစ်မျက်လုံးပြူးသွားရသည်။ သူက သာမန်စာတစ်စောင် အောက်မေ့၍ ကောက်ယူလာရခြင်းဖြစ်သည်။ ယခုတော့မှ သူရလာသော စာသည် အမှုနှင့်ပတ်သက်နေသော စာဖြစ်သောကြောင့် ကြောက်ရွံ့စိတ်များ ဖြစ်သွားလေသည်။

"ဒီလိုဆို ဘာလုပ်ရမလဲ ... မောင်ဘလှိုင်"

"ရဲကိုအပ်ရမှာပေါ့"

ကိုဘလှိုင်သည် မောင်ချစ်ထံမှရသော စာကို သနပ်ပင်ရဲဌာနာအုပ် ဦးလွယ်သို့ပေးအပ်လေသည်။ ဦးလွယ်သည် ပေးအပ်သည့်စာကို ရှာဖွေပုံစံ နှင့် သက်သေများရှေ့တွင် သိမ်းဆည်းပြီး ရဲတပ်ဖွဲ့ဝင်များ ခေါ်၍ ကိုဘလှိုင် နှင့်အတူ ဝဲပြန်ရွာသို့ လိုက်လာကြသည်။ ဝဲပြန်ရွာ မှာ သက်သေများထပ်၍ ခေါ်ကြပြီး စာပါအတိုင်း ဘိုးဆယ်ထားခဲ့သည်ဆိုသော သေနတ်ကို ရှာပြင် ထွက်၍ ရှာဖွေကြသည်။

ဝဲပြန်ရွာတောင်ဘက်ရွာနှင့် ၂ ဖာလုံခန့်ဝေးသည့် လယ်ကွင်းထဲတွင် အင်္ဂလိပ်ရိုင်ဖယ်သေနတ်အမှတ် (၃၆၅၅) ကို ယမ်းတောင့် ၁ တောင့်နှင့်အတူ တွေ့ရသဖြင့် ရှာဖွေပုံစံနှင့် သိမ်းဆည်းလေသည်။

ဘိုးဆယ်၏စာကား တစ်နေ့တွင် အမှုအတွက် အရေးကြီးသည့် သက်သေခံ အထောက်အထားတစ်ခုဖြစ်လာနိုင်သည်။ ဘိုးဆယ်သည် ဤစာကို ရေးရသည်မှာ မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးရသည်ကိုလည်း သူရေးထားသည့် စာ၌ပေါ်လွင်သည်။ ဘိုးဆယ်ရေးသားထားခဲ့သော စာကို သူရေးသားသည့် သတ်ပုံအတိုင်းပြန်လည်ဖော်ပြရသော် ....

ဝဲပြန်ကျေးရွာ လူကြီးများသိစေရဲ ကျွန်တော် ရိုသေစွာ စာရေးလိုက်ပါသည်။ ကျွန်တော်သည် ယခုပျစ်သွားသောကိစ္စ သည် သေသူ့အပေါ်တွင် ပါမရန်ညိုမရှိပါ ကျွန်တော်သည် သူတစ်ပါးစီက ငွေကို အာမခံအပြန်နှင့် ငွေ ၉ဒိ ကို သေသူ ကိုသန်းမောင်ကို ယူထားပေးပါသည်။ ၎င်းယူထား ပေးသောငွေကို ၎င်းကောင်း ညံ့နေတွင် လူချင်းတွေ့ဆုံ၍ ကျွန်တော်ခ အကျေး ကို တောင်းပါ သဖြစ် ၎င်းကောင်း ကိုသန်းမောင်က မင်းနဲ့ဘာဆိုင် သလဲ ပြောပါ၍ ကျွန်တော်က ဆိုင်ပါသည်။ ၎င်းငွေကို ခင်ဗျား မဆက်၍ ကျွန်တော် ကျွဲမသားအမိ ၂ ကောင်ကို ပေးလိုက်ရပါ သည်။ မင်းပြစ်စီးပေါလို့ မင်းပေးတာ ငါနဲ့ဘာဆိုင်သလဲ၊ တာဖြစ် ခင်ဗျား မပေးဘူးလားလို့ ကျွန်တော်က မေးတော့ ရှိုးမ … မပေးဘူး လို့ ဆိုပါသည်၊ မင်းပါတတ်နိုင်သလဲ မင်းနိုင်ရာကို သွားစွဲ လို့ဆို ပါသည်၊ မင်းကသေနတ်ကိုင်ထားလို့ လူပါး၀တာလားဆိုတာနှင့် ကျွန်တော်လဲ ဝဲပြန်သူကြီး မောင်လှမောင် ၎င်းညနေဘဲ ကိုဘမော် အိမ်မှာအရက်အတူသောက်ရာမှ မူးမူးနှင့် ၎င်းလှမောင်ရှိတွင် ကျေးအတွက် စကားများရာတွင် ကျွန်တော်လဲ သနတ်ပျစ်ပြီး ထွက်ပျေးပါသည်။ ၎င်း ကိုသန်းမောင် သေသည် ရှင်သည် မသိပါ။ ၎င်း နောက်နေ့မှ သေကျောင်းသိရပါသည်။ ၎င်းသူ မသေလို့ရှိလျှင်၊ ကျွန်တော်သည် သေနတ်နဲ့ပြန်လာ၍ အားဖန်း အုံးမည် ယခုတော့ ကျွန်တော်သည် အာမာတန် ကျောက်၍၊ ကျွန်တော် အသက်ဘေးမှ ကျောက်၍၊ ၎င်းဝဲပြန်သူကြီးများနှင့် လူကျီးများကို၊ ကျွန်တော် ယူဆောင်သော် သေနတ်များကို၊ ဝဲပြန်ကျေးရွာနှင့် မနီးမဝေး ကျွန်တော်ထွက်သော လမ်းတွင် ပျစ်ထားပါသည်၊ သီအတွက် ကျွန်တော်သည် ဝဲပျန် ကျေးရွာကို ယခု ညစာရေး၍၊ ကျွန်တော်ကို တိုင်စာကို ဝဲပျန်ရွာနှင့် မနီးမဝေး စာရေး၍ ဆွဲထားပါသည်။ ၎င်း စာရပါက ၎င်းသိနတ် အားချင်း လိုက်ရှာယူကြပါ၊ ကျွန်တော် အတွက်ကိုတော့ မစိုးရိမ်ကြပါနှင့် ကျွန်တော် ရွာအရှိ ဘက်ကမ်းသို့ ကူးသွားပါပြီ၊ ကျွန်တော်၏

သားမရားကို ကျိရှနိုင်သမျှ ကျိရှကျပါ။

လူကျိုးမျှား စာရေးသူ
ဖိုးဆယ်

ဘိုးဆယ်၏စာမှာသတ်ပုံသတ်ညွှန်း မမှန်သော်လည်း အဓိပ္ပာယ် ကောက်ယူ၍ရပါသည်။ သူကျူးလွန်ခဲ့သော လူသတ်မှုကို သူ့ဘာကြောင့် ကျူးလွန်ရသည်ကိုလည်း ရှင်းပြထားသည့်အပြင်၊ သူ့အတွက်ထက် သူ့သားမယားများအပေါ် စားဝတ်နေရေးကို ပူပင်သောကဖြစ်နေရသည်မှာလည်း ပေါ်လွင်သည်။

တရားခံကား ဝဲပြန်ရွာ အရှေ့ဘက်ကမ်းသို့ ကူးသွားသည်ဟုဆိုသည်။ ဟိုဘက် ကူးသွားလျှင် ဘိုးဆယ်အဖို့ ခြေရာဖျောက်နိုင်ပေမည်။ အမှုစုံစမ်းထောက်လှမ်းရန် ထိုအရပ်ဒေသများသည် ရတ်တရက် လွယ်ကူခြင်းမရှိသောကြောင့် အမှုမှာ မကြန့်ကြာသင့်ဘဲ ကြန့်ကြာနေရလေသည်။

၁၉၅၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအဖြစ် တရားရုံးသို့ စွဲတင်ပို့လေသည်။ ကျင့်ထုံးပုဒ်မ ၅၁၂ မှာ တရားခံသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိနေကြောင်း၊ ၎င်းကို ချက်ချင်း ဖမ်းဆီးမိရန် လက္ခဏာမရှိကြောင်း ထင်ရှားဖြစ်လျှင် ၎င်းအပေါ်၌တိုင်လျှောက်သည့် အပြစ်အတွက် တရားခံ၏ မျက်ကွယ်တွင်၊ တရားလိုပြသက်သေများကို စစ်ဆေးနိုင်ခွင့်ရှိသည်။ ၎င်းသက်သေတို့၏ ကျမ်းကျိန်အစစ်ခံချက် (သစ္စာပြု၍ အစစ်ခံချက်)များကို ရေးမှတ်ထားခွင့်ရှိသည်။ တရားခံကို ဖမ်းဆီးရမိသည့်အခါ ကျမ်းကျိန်အစစ်ခံထားသည့် သက်သေတို့ သေကုန်လျှင်ဖြစ်စေ၊ သက်သေခံရန် မတတ်စွမ်းနိုင်သည့်အခါဖြစ်စေ၊ သက်သေတို့ မလာရောက်နိုင်ခြင်း၊ ရှာဖွေ၍မရသည့်အခါမျိုးတွင် ထိုအစစ်ခံချက်မျိုးကို သက်သေခံအဖြစ် တရားခံပေါ်၌ အသုံးပြုနိုင်ခွင့်ရှိလေသည်။

ဘိုးဆယ်ကား တရားခံပြေးဖြစ်နေလေသည်။

သားတကွဲ မယားတကွဲနှင့် ဒုက္ခကို ရင်ဆိုင်နေရလေပြီ။

(၅)

ရာဇဝတ်ဘေးကား တကယ်တော့ ပြေးမလွတ်ပါ။

တစ်နေ့မဟုတ် တစ်နေ့တွင် သို့မဟုတ် အသက်နှင့်ကိုယ်မြဲနေသရွေ့ သူကျူးလွန်ခဲ့သော ပြစ်မှုအတွက် သူခံရမည်မှာ သေချာသည်။

ရာဇဝတ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးသည် မည်မျှ သတ္တိကောင်းသည် ဆိုစေကာမူ မိမိကျူးလွန်ခဲ့သော ပြစ်မှုအတွက် သူ့ကိုယ်သူမလုံ၊ ဣန္ဒြေမရဖြစ်တတ်သည်။ ကိုယ့်အရိပ်ကိုပင် ကိုယ်ပြန်၍ လန့်သည့်အခါများလည်း ရှိလေသည်။

ဘိုးဆယ်သည် အကြီးမားဆုံး ရင်ဆိုင်နေရသော ပြဿနာမှာ သားမယား ပြဿနာဖြစ်သည်။ သားမယားကို သတိရသည်။ လွမ်းဆွတ်သည်၊ ရက်ရှည်လများ ခွဲခွာနေရသည့်အခါတွင် တွေ့လို မြင်လိုစိတ်များ ဖြစ်ပေါ်လာရသည်။ သို့သော် ရှောင်တိမ်းနေရသော ရာဇဝတ်မှုအတွက် ရွာနားသို့ပင် မကပ်ရဲအောင်ဖြစ်နေရသည်။

သူထွက်ပြေးတိမ်းရှောင်နေရသော အရပ်တွင် မည်သူတစ်ဦး တစ်ယောက်မျှ ပြောမပြ၊ ဘိုးဆယ်အမည်ကိုပင် ပြောင်း၍ အမည်သစ် ဘဝသစ်တည်ဆောက်နေခြင်းဖြစ်သည်။

ဘိုးဆယ်ရှောင်တိမ်းနေသည့်အရပ်မှာ မြစ်ကျိုးရဲဌာနာပိုင် သုံးခွရွာ ဖြစ်သည်။ သုံးခွရွာသူရွာသားများကလည်း ဘိုးဆယ်လူသတ်၍ ထွက်ပြေး တိမ်းရှောင်နေသည့် ဝရမ်းပြေးမှန်းမသိ တစ်ရွာတစ်ကျေးမှ လာ၍ လာရောက် နေထိုင်သူတစ်ယောက်အဖြစ်သာ သိနေကြသည်။

သူ့ကံကြမ္မာက ဖန်လာသည့်အခါ....

၁၉၅၅ ခု၊ အောက်တိုဘာလ ၃ ရက်နေ့ညတွင် သုံးခွရွာ အသုဘ အိမ်၌ ဖဲကစားနေကြသည်။ ထိုဖဲကစားသူများထဲတွင် ဘိုးဆယ်လည်းပါဝင် သည်။ သဲသဲမဲမဲကစားနေသည့် ထိုဖဲသမားများမှာ သုံးခွရွာတစ်ရွာတည်းမှ မဟုတ် ရွာနီးချောက်စပ်မှလည်း ပါလာကြသည်။

"ဟေ့ .... အားလုံး မထနဲ့"

မသာအိမ်ကို ဝိုင်း၍ ပတ်ပတ်လည် အစောင့်များချထားပြီးမှ ခေါင်းဆောင်ဖြစ်သူက ဖဲကစားသူတို့ကို ပြောလိုက်ခြင်းဖြစ်သည်။

ရုတ်တရက်ဖြစ်၍ ဖဲကစားသူများ အငိုက်ခံလိုက်ရသည်။ ဖဲဝိုင်းမှ ကစားကိရိယာများကို သိမ်းသည်၊ စစ်ဆေးသူတို့က ဖဲကစားသူများကို တစ်ဦးချင်းစစ်ဆေးလေသည်။

ဖဲကစားသည့်ပြစ်မှုမှတစ်ပါး အခြားပြစ်မှု တစ်စုံတစ်ရာမရှိသောသူများအဖို့ ထူးထူးခြားခြား မဖြစ်ကြသော်လည်း ဝရမ်းပြေး ဘိုးဆယ်မှာ ဣန္ဒြေမရဖြစ်နေသည်။ လစ်လျှင် လစ်သလို ထွက်သွားရန် ထွက်ပေါက်ချောင်းနေသော်လည်း ပတ်ပတ်လည်တွင် ဝိုင်းရံထားသော လက်နက်ကိုင်များကြောင့် ရှောင်မရ တိမ်းမရဖြစ်ရသည်။

အားလုံးစစ်ဆေးပြီး၍ ဘိုးဆယ်အလှည့်ရောက်သည့်အခါ...

"မင်းနာမည် ဘိုးဆယ်မဟုတ်လား... ဝဲပြန်ရွာကလေ"

ဘိုးဆယ် အံ့အားသင့်နေသည်။ အမေးကို ဘယ်လိုပြန်ဖြေရမှန်းရုတ်တရက် အကြံထွက်မလာသောကြောင့် မေးသည့် ရဲအရာရှိကိုသာ ငေး၍ကြည့်နေမိသည်။

"ပြောကွာ"

"ဟုတ်ပါတယ်"

ဒတ်ထိမေးလိုက်သောကြောင့် ဘိုးဆယ်မှာ ကွယ်ဝှက်၍ပြော ရန်အချိန်မရ၍ ဟုတ်တိုင်း မှန်ရာကိုသာ ပြောလိုက်ရသည်။

ရာဇဝတ်မှုကျူးလွန်သူတို့သည် တစ်နယ်မှ တစ်နယ်သို့ ရှောင်ပြေးလျှင် လွတ်ပြီဟု ထင်ကြသည်။ ထင်တိုင်းသာ ဤအခွင့် အရေးရကြမည်ဆိုလျှင် ရဲအဖွဲ့မှ ဖမ်းဆီးမိကြမည်မဟုတ်ပါ။ ရာဇဝတ်မှုကျူးလွန်သူတို့အနေနှင့်လည်း အတင့်ရဲလာကြရမည် မဟုတ်ပါလော။ တစ်ဖက်က ဤသို့မဟုတ်ပါ။ ရာဇဝတ်မှု ကျူးလွန်သူတစ်ယောက် ထွက်ပြေးရှောင်ရှားလျှင် ရဲအဖွဲ့မှဖမ်းဆီးမမိတော့ဟု မေ့မေ့ပျောက်ပျောက်နေကြခြင်းမဟုတ်၊ ကျင့်ထုံးပုဒ်မ ၅၁၂အရ ဝရမ်းပြေးအဖြစ် အသိအမှတ်ပြုပြီးလျှင် တရားခံဓာတ်ပုံရလျှင် ဓာတ်ပုံနှင့် ကြေညာခြင်း၊ ဓာတ်ပုံမရပါက တရားခံပုံစံနှင့်တကွ ဆွေမျိုးသားချင်းတို့၏ ရာဇဝင်ကိုပါ ဖော်ပြ၍ တစ်ပြည်လုံးရှိ ရဲဌာနအသီးသီးသို့ ပေးပို့အကြောင်းကြားထားသည်။ ထိုအကြောင်းကြားချက်အရ ရဲအဖွဲ့ဝင်များကလည်း စုံစမ်းထောက်လှမ်းကြရသည်။

လွတ်ပြီအထင်နှင့် တိမ်းရှောင်နေသည့် ဘိုးဆယ်ကို အပူတပြင်း ဖြစ်ပွားသည့်နေ့မှစ၍ (၇) ရက်အတွင်း ရဲအဖွဲ့က ဖမ်းဆီးမိခဲ့သည်။ မြစ်ကျိုးရဲဌာနမှ တစ်ဆင့် အောက်တိုဘာလ (၆)ရက်နေ့မှာ ရဲအစောင့်များဖြင့် သနပ်ပင်ရဲဌာနသို့ ပို့အပ်လေသည်။

သနပ်ပင်ရဲဌာနသို့ ဘိုးဆယ်ရောက်လာသည့်အခါ အမှုစစ်အရာရှိအနေနှင့် အရေးတကြီးဆောင်ရွက်ရန် ကိစ္စတစ်ခုဖြစ်လာရသည်။ ထိုကိစ္စမှာ လယ်ကွင်းထဲမှ ဒေါ်ချစ်ကောက်ရသော စာသည် ဘိုးဆယ်အမှန်တကယ်ရေးခဲ့ခြင်း ဟုတ် မဟုတ် ဆိုသောအချက်ဖြစ်သည်။ ထိုအချက်ကို တရားရုံး၌ သက်သေ အထောက်အထားအဖြစ် ထွက်ဆိုနိုင်မည့် ပုဂ္ဂိုလ်မှာ လက်ရေးပါရဂူပင်ဖြစ်သည်။

အမှုစစ်အရာရှိသည် သက်သေလူကြီး ဦးကျန်စွန်နှင့် ဦးဘိုးဆောင်တို့ ရှေ့တွင် ဘိုးဆယ်အား လက်ရေးသုံးမျိုး သုံးစား ရေးခိုင်းလေသည်။ ဘိုးဆယ်ရေးရသော လက်ရေးမှာ "အနေး" "မှန်မှန်" "မြန်မြန်" ဖြစ်သည်။ လယ်ကွင်းထဲမှ ရရှိသော စာနှင့် ဘိုးဆယ် သက်သေ လူကြီးများရှေ့တွင် ရေးသည့်စာများတွဲ၍ အင်းစိန်စုံထောက် ဌာနလက်ရေးပါရဂူထံသို့ ပေးပို့ရသည်။

အခြားလိုအပ်သည့် သက်သေများကို စစ်ဆေးပြီးခြင်း၊ သက်သေပစ္စည်းများ၊ ဆရာဝန်ဆေးစာနှင့် လက်ရေးပါရဂူထံမှ အစီရင်ခံစာ ရရှိသောအခါ အမှုစစ်အရာရှိသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့တွင် ပဲခူးမြို့ အထူးတရားသူကြီး ဦးသက်ဖေရုံးသို့ အစိုးရရှေ့နေကြီးမှ တစ်ဆင့် တရား စွဲတင်ပို့သည်။ အထူးတရားသူကြီး ရုံးအမှုအမှတ်မှာ ရာဇဝတ်ကြီးမှု အမှတ် ၁၃/၅၅ ဖြစ်လေသည်။

(၆)

တရားရုံး၌စစ်ဆေးကြားနာသည့်အခါ ...

မျက်မြင်သက်သေများအဖြစ် မောင်ကျော်လှိုင် (သေသူ၏သား) ဒေါ်သိန်းကြည်(သေသူ၏ဇနီး)မအေးကျော့ (သေသူ၏သမီး)မောင်မြအောင် (သေသူ၏သမက်) တို့က ထွက်ဆိုကြသည်။ မျက်မြင်သက်သေတို့၏

ထွက်ဆိုချက်မှာ အချင်းဖြစ်ပွားစဉ်က မြင်တွေ့ကြရသည့်အတိုင်း ထွက်ဆိုသည်။

လူသတ်မှုဖြစ်ပွားရာ အနီး၌နေထိုင်သူ မနှင်းကြည် (တရား လိုပြသက်သေ)က ထွက်ဆိုသည်မှာ သေနတ်သံကြား၍ ထွက်ကြည့်သည့်အခါ ဘိုးဆယ်ကို မတွေ့ရသော်လည်း ကိုသန်းမောင် သေနတ်ဒဏ်ရာနှင့်လဲကျနေသည်ကို မြင်ရသည်။

သူကြီး ဦးလှမောင် (တရားလိုပြသက်သေ)၏ ထွက်ဆိုချက်ထဲတွင် မအေးကျော့လာခေါ်၍ လိုက်သွားသည့်အခါ ကိုသန်းမောင် မသေသေးဘဲ တွေ့ရသည်။ ဘာဖြစ်သလဲဟု မေးကြည့်ရာ ဘိုးဆယ်က သေနတ်နှင့်ပစ်သွားကြောင်း ပြောသည်ကို ထွက်ဆိုသည်။

ထိုအမှုတွင် အရေးပါအရာရောက်သော သက်သေတစ်ဦးမှာ အင်းစိန်စုံထောက်အဖွဲ့မှ လက်ရေးပါရဂူ ဦးထွန်းမြင့်ပင်ဖြစ်သည်။ ယင်းအမှုတွင် အရေးကြီးသော သက်သေခံချက်တစ်ခုဖြစ်သည့် လယ်ကွင်းထဲမှ ဒေါ်ချစ်ကောက်ရသော စာသည် ဘိုးဆယ်လက်ရေး ဟုတ် မဟုတ်ကို လက်ရေးပါရဂူ၏ ထင်မြင်ချက်က ဤသို့ထွက်ဆိုသည်။

ကျွန်တော် ဤကဲ့သို့ ထင်မြင်ချက်ပေးရခြင်း၏ အကြောင်းရင်းများမှာ အငြင်းပွားလက်ရေးနှင့် မောင်ဘိုးဆယ် ရေးသားသည်ဆိုသော နမူနာလက်ရေးတို့သည် စာလုံးဆက်စပ်ရာတွင် အရွယ်အစားအချိုးကျတူညီခြင်း စာတစ်လုံးနှင့် တစ်လုံး ဆက်စပ်ပုံတူညီခြင်း စာတစ်လုံးနှင့်တစ်လုံး အစိပ်အကျဲတူညီခြင်း၊ သတ်ပုံမှားပုံခြင်း တူညီခြင်း၊ ဥပမာ (များ) ဟု ရေးသားရာတွင် (မျှား)ဟုရေးသားခြင်း (ကြောင်း)ဟု ရေးသားရမည့်အစား (ကျောင်း)ဖြင့် ရေးသားခြင်းနှင့် လက်ရေးရေးသားရာတွင် သဘာဝထူးခြားချက်များ မြောက်မြားစွာ တူညီခြင်းတို့ကြောင့်ဖြစ်ပါသည်။

လက်ရေးပါရဂူ၏ ထင်မြင်ချက်ကို ဤသို့ထွက်ဆိုသည်၊ ဤသို့ဆိုက လယ်ကွင်းထဲမှ ဒေါ်ချစ်ကောက်ရသော စာသည် ကိုဘိုးဆယ် လက်ရေးဖြစ်နေသည်ဆိုသည့်အချက်ကို ထောက်ခံချက်ပေါ်လွင်သည်မှာ စာပါ အရ ဝဲပြန်ရှာ လယ်ကွင်းထဲသို့သက်သေလူကြီးများနှင့် ရှာဖွေသည့်အခါ

ဘိုးဆယ် လူသတ်မှု ကျူးလွန်ရာ၌ အသုံးပြုသည့် ရိုင်ဖယ်သေနတ်ကို ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်လေသည်။

အစွပ်စွဲခံရသူ ဘိုးဆယ်ကမူ ဤအမှုကို ကျူးလွန်ရသည်မှာ တင်ကူး ကြံရွယ်ချက်ဖြင့် မဟုတ်ပါ။ ရုတ်တရက် ရှောင်တခင်ဖြစ်ရသော ပြစ်မှုသာဖြစ်ပါသည်ဟု ထုချေသည်။ သူ့အကြောင်းပြချက်မှာ "သေသူသည် အရက်မူးပြီး သေနတ်ကို လုယူရာမှ နှစ်ယောက်ထွေး လုံးသတ်ပုတ်ကြစဉ် သေနတ်ကျည်ဆန် ထွက်သွားခြင်းသာဖြစ်သည်" ဟု အကြောင်းပြ ထုချေ လေသည်။

တရားလိုပြသက်သေများ တရားခံပြသက်သေများ စစ်ဆေးပြီးနောက် ၁၉၅၆ ခုနှစ် ဧပြီလ (၂၁) ရက်နေ့တွင် အမိန့်စီရင်ချက် ချမှတ်လိုက်လေသည်။

တရားခံဘက်မှ တင်ကူး ကြံရွယ်ချက် မရှိပါဟု ထုချေချက်နှင့် စပ်လျဉ်း၍ တရားသူကြီး စီရင်ချက်တွင် ဤသို့သုံးသပ်ထားသည်ကို တွေ့ရသည်။

သုခမိန်ရှေ့နေကြီး၏ အထက်ပါအကြောင်းပြချက်မှာ တရားခံသည် ပြစ်မှုကျူးလွန်စဉ်က တင်ကူးကြံရွယ်ချက် မရှိဆိုသော ပြဿနာနှင့် အကျုံးဝင်သည်ဟု မယူဆနိုင်၊ အဘယ်ကြောင့်ဆိုသော် တရားခံရေးသားခဲ့သောစာပါအကြောင်းအရာများနှင့် ဆက်စပ်၍ တရားခံသည် ရုံးရှေ့မှောက်မှာ တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်း၊ သက်သေပြခြင်း မရှိခဲ့ပေ။ အကယ်၍ တရားခံသည် အဆိုပါစာ၌ ဖော်ပြထားသော ထုချေချက်အား ရုံးတွင် ဆက်လက်တင်ပြပြီး သက်သေများကပါ ထောက်ခံထွက်သည်ဆိုပါမူ ပညာရှိ ရှေ့နေကြီး၏ လျှောက်လဲချက်အတိုင်း တင်ကူးကြံရွယ်ချက်မရှိဟု ဆိုရပေမည်။

သေသူက သေနတ်လု၍ မတော်တဆ ကျည်ဆန်ထိမှန်ရသည်ဟု တရားခံ၏ထုချေချက်နှင့် ပတ်သက်၍မူ တရားသူကြီးက ဤသို့မြင်သည်။

ငင်း၏စာ၌ ကိုသန်းမောင်အား ကြွေးကိစ္စနှင့် ပတ်သက်

၍ စကားများပြီး ပစ်သတ်ခဲ့ကြောင်း ဖော်ပြထားလေသည်။ ထို့ပြင် တရားခံသည် အခင်းဖြစ်ပွားခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဤရုံး၏ ၁၉၅၉ ခုနှစ် ရာဇဝတ်ကြီး အသေမှု အမှတ် (၁) တွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၂ အရ၊ တရားခံပြေးအဖြစ် အရေးယူခဲ့ရ၏။ ထိုအချက်များကို ထောက်ရှုခြင်းအားဖြင့် သေသူက သေနတ် လုရ၍ မတော်တဆထွက်ပြီး ထိမှန်သွားသည်ဆိုသော တရားခံ၏ ဆင်ခြေမှာ လုံးဝယုတ္တိမရှိ။

တရားခံ၏ရှေ့နေက ၎င်း၏တရားခံသည် တင်ကူးကြံရွယ်ချက်မရှိသောကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) အရသာ အပြစ်ပေးထိုက်ပါသည်ဟု တင်ပြချက်ပေါ် တရားသူကြီး၏အမြင်မှာ ...

မောင်ကျော်လှိုင်(လိုပြ ၁)က တရားခံသည် ဦးဘိုးမြစ် အိမ်ပေါ်မှ သေနတ်ကိုင်ဆင်းလာပြီး ခင်ဗျားတို့မဲနိုင်ပေမယ့် ကျုပ်တို့က လုနိုင်တယ်။ ခင်ဗျား မမိုက်ရင် ကျုပ်မိုက်တယ်ဟု ပြောပြီး ကိုသန်းမောင်အား သေနတ်နှင့်ပစ်သည်ဟု ထွက်ဆိုသွား၏။ ထိုအခင်းမဖြစ်မီ ၁၀ ရက်ခန့်က ဝဲပြန်ရွာ၌ ဦးဘိုးဝေနှင့် ဦးဘိုးမြစ်တို့သည် ကျေးရွာဒေသန္တရလူကြီးအဖြစ်မှ ယှဉ်ပြိုင်အရွေးခံရာ ဦးဘိုးမြစ်မှာရှုံးပြီး၊ ဦးဘိုးဝေအနိုင်ရရှိခဲ့လေသည်။ ထိုရွေးကောက်ပွဲတွင် ဦးဘိုးဝေအား သေသူ ကိုသန်းမောင်က အကူ အညီပေးခဲ့သဖြင့် တရားခံသည်မိမိ၏ ဦးလေးဖြစ်သူ ဦးဘိုးမြစ် ရှုံးသောကိစ္စနှင့်ပတ်သက်၍ သေသူအား အခဲမကျေဖြစ်နေဟန် လက္ခဏာရှိ၏။

တရားခံသည် ကျေးရွာကာကွယ်ရေးသမား တစ်ယောက်ဖြစ်၍ ကင်းစောင့်သောအခါ သေနတ်လက်နက်ကိုင်ဆွဲရမည်ဖြစ်သော်လည်း၊ အခင်းဖြစ်ပွားသောအချိန်မှာ ညနေ ၅ နာရီသာရှိသေး၍ လက်နက်ကိုင်ဆွဲပြီး ကင်းစောင့်ရန် အချိန်လည်း မဟုတ်သေးပါ။ ထို့အပြင် မအေးကျော့ (လိုပြ ၃) ကလည်း တရားခံသည် အရှေ့ဘက်မှ လက်နက်မဲ့ လျှောက်လာပြီး ကိုဘိုးမြစ် အိမ်ပေါ်သို့ တက်ကာ သေနတ်ယူလျက် ဆင်းလာသည် ဟု ထွက်ဆိုသွား၏။

တရားခံသည် အခင်းဖြစ်သောအချိန်က ကင်းဝတ္တရားဆောင်ရွက်ခြင်း မရှိသေးကြောင်း ထင်ရှားနေ၏။ သို့ဖြစ်လေရာ တရားခံသည် သေသူအား တွေ့မြင်ပြီးနောက် ဦးဘိုးမြစ်အိမ်ပေါ်ရှိ သေနတ်ကို တက်ယူကာ 'မဲမနိုင်ပေမယ့် လူနိုင်တယ်၊ ခင်ဗျားမမိုက်ရင် ကျုပ်မိုက်တယ်'ဟု ပြောပြီး ပစ်သတ်ခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့်၊ ၎င်း၏ပြုမှုချက်မှာ တင်ကူးကြံရွယ်ချက်ရှိကြောင်း ထင်ရှားနေလေသည်။

အမှုတွင် ပေါ်ပေါက်လာသည့်အကြောင်းခြင်းရာများ လေ့လာသုံးသပ်ပြီးနောက်၊ တရားသူကြီးက ဦးထွန်းဖေ၏သားတရားခံ ဘိုးဆယ်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)အရ မသေမချင်း ကြိုးပေးသတ်ရန် သေဒဏ်ပေးလိုက်သည်။

မူလရုံးမှ သေဒဏ်ပေးခြင်းခံရသော ဘိုးဆယ်သည် နိုင်ငံတော်တရားလွှတ်တော်မှ ဗီဇိတဒါန အသက်ဘေးမှ ချမ်းသာခွင့်ပေးရန် အယူခံတင်သွင်းလေသည်။ ဘိုးဆယ်၏အယူခံမှုအမှတ်မှာ ၁၄၇၊ ၅၆ ဖြစ်သည်။ မူလတရားရုံးမှာလည်း သေဒဏ်ကို အတည်ပြုရန် တရားလွှတ်တော်သို့ တင်သွင်းရာ စောဒကမှုအမှတ် ၁၁၊၅၆ ဖြစ်သည်။

အယူခံခုံရုံးမှ အယူခံတရားလို တင်ပြချက်များကို ကြားနာပြီး အစိုးရရှေ့နေ၏တင်ပြချက်များကို ကြားနာခဲ့သည်။ အယူခံခုံရုံး၏ အဆုံးအဖြတ်သည် မူလရုံးတွင် တရားခံဘိုးဆယ်၏ရှေ့နေကြီး လျှောက်ထားသည့်အတိုင်း ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) အရသာ အပြစ်ဒဏ်ပေးသင့်သည်ဟု ယူဆပြီး၊ သေဒဏ်အမိန့်ကိုပယ်ဖျက်၍ တစ်သက်တစ်ကျွန်းကျခံစေရန် ပြောင်းလွှဲအမိန့်ချ မှတ်လိုက်လေသည်။

ခုံရုံးမှ ဘိုးဆယ်အား ဗီဇိတဒါနပြုလိုက်သည်ဟုဆိုမလား ဘိုးဆယ်၏ ဆုတောင်းပြည့်ဝသည်ဟုဆိုလေမလား တကယ်အမှန်မှာ ဘိုးဆယ် သေဒဏ်အမိန့်မှ လွတ်ရလေပြီ။

ဘိုးဆယ်မသေ ... တစ်သက်တစ်ကျွန်းဒဏ်သာ ခံရပေသည်။

(၇)

ခြံ၍ကြည့်ကြပါစို့ ... ခြံ၍လေ့လာသုံးသပ်ကြပါစို့။

ယင်းအမှုဖြစ်လာရသည့် အကြောင်းရင်းမှာ ဝဲပြန်ရွာကျေးရွာ အုပ်စု ဒေသန္တရလူကြီး ယှဉ်ပြိုင်အရွေးခံရာမှ အစပျိုးခဲ့သော ရန်ငြိုးဖြစ်သည်ဟု ဆိုရမည်။

ဤနိုင်ငံ၌ ပါလီမန် ရွေးကောက်ပွဲများ၊ မြူလူကြီးရွေးပွဲများ၊ ကျေးရွာ ဒေသန္တရ ရွေးကောက်ပွဲများမှ စ၍ အဖွဲ့အစည်းအသင်းအပင်းများအထိ၊ အများဆန္ဒအရ ရွေးချယ်ရသည့် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ထို ရွေးကောက်ပွဲများထဲမှ ပါလီမန်ရွေးကောက်ပွဲတစ်ခု တင်ပြလိုသည်။

ရွေးကောက်ပွဲကျင်းပရာတွင် အများဆန္ဒဆိုသော စကားကို အဖွဲ့ အစည်းတိုင်း ရေပန်းစားမျှ ပြောဆိုကြသည်။ ပြောသည့်အတိုင်း လိုက်နာ ကျင့်သုံးခြင်းရှိ မရှိကိုမူ ရွေးကောက်ပွဲအခြေအနေများက သက်သေခံထားပြီး ဖြစ်သည်။ ရွေးကောက်ပွဲ တစ်ကြိမ်ကျင်းပလျှင် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရသည်။ လူထုဆန္ဒတောင်းခံသည်ဆိုခြင်းမှာ လက်တွေ့တွင် အသံ ကောင်းဟစ်ခြင်းသာဖြစ်လေသည်။

ဇွန်ခြောက်လောင်းပြိုင်သတ်မှု၊ မင်းလှ လေးလောင်းပြိုင်သတ်မှု များသည် ရွေးကောက်ပွဲ၏ ကြမ်းတမ်းသော လက္ခဏာများသာ ဖြစ်ချေ သည်။ လူထုဆန္ဒကို လူထုယုံကြည်လာအောင် လုပ်ငန်းပြ၍ တောင်းခံရ သည် မဟုတ်ပါလော။ ဤသို့မဟုတ်ဘဲ မဲရရေးအတွက် လက်နက်အား ကိုးပြုမူခြင်းများသည်၊ စည်းရုံးရေးပုံစံမဟုတ်ဘဲ လက်နက်အားကိုးနှင့် အနိုင် ကျင့်ခြင်းသာဖြစ်ပေသည်။

ဝဲပြန်ရွာမှ ကိုဘိုးဆယ်က ကိုသန်းမောင်အား သေနတ်နှင့်ပစ်သတ် ခြင်းမှာလည်း၊ ဤနည်းနှင်နှင်ဖြစ်လေသည်။ ရှုံးသူက မကျေနပ်၊ ဤတစ်ပွဲ ရှုံးလျှင် နောက်တစ်ပွဲတွင် မဲတစ်ပြားကို လူထုက အသည်းကြားမှ ခွဲထုတ် ပေးချင်အောင် စည်းရုံးရမည်ဟု ခေါင်းဆောင် လုပ်သူတို့ကယ်သားတို့ကို သွန်သင်ပြသမပေး၊ ငါတို့ရှုံးရတာ ဒီကောင်ကြောင့်ပဲဆိုသည့် အစွဲအလမ်း ကြီးမားလာ အောင် လှုံ့ဆော်ပေးမှုကသာ ထပ်ကာတလဲ ဖြစ်တန်ရာသည်။

ကိုဘိုးဆယ်သည် ပထမတွင် ဖြစ်ချင်ရာဖြစ်ဆိုသော အယူအဆ၊

သူ့တွင်ရှိ၍သာ ဤအမှုကို ကျူးလွန်တတ်ခြင်းဖြစ်သည်။ ကျူးလွန်ပြီးပါမှ ဤအမှားကို တွေ့မြင်လာခြင်းဖြစ်ပေမည်။

နိဂုံးချုပ်၍ ဤအမှုတွင် တရားခံအစစ်ကို ရှာဖွေဖော်ထုတ်ရသော် အစိမ်းနှင့်အနီ ပင်ဖြစ်သည်။ အစိမ်းအနီပြိုင်ပွဲတွင် နိုင်သူပြုံး၍ ရှုံးသူမဲ့ရသည့် ဤဖြစ်ရပ်ပေါ်တွင် အခဲမကျေဘဲ ကိုဘိုးဆယ်မှာ ကိုသန်းမောင်ကို သေနတ်နှင့် ပစ်သတ်လိုက်ခြင်းဖြစ်၍ နိုင်ငံရေးပယောဂဟု ဆိုရပေမည်။

■

# ချစ်ဆင့်နှင့်မောင်မောင်

(၁)

အမှုတစ်ခုဖြစ်လာလျှင် ဥပဒေအရ အဆင့်ဆင့် မည်သို့ ဆောင်ရွက်ရသနည်း။

ဤအချက်ကို အများပြည်သူတို့ သိသင့်သိအပ်သည်ဟု ယုံကြည်မိသည်။ ယနေ့တည်ဆဲ ဥပဒေများနှင့်အများပြည်သူတို့သည် ရင်းရင်းနှီးနှီး ဆက်ဆံခွင့်မရကြ၊ တည်ဆဲဥပဒေများကို လူနည်းစုမျှသာ တတ်ကျွမ်းနားလည်ခွင့် ရရှိနေကြသည်။

ထိုစနစ်သည် ဗမာပြည်ကို စိုးမိုးအုပ်ချုပ်သွားသော ကိုလိုနီသမားတို့၏ ပရိယာယ်မျှသာ နယ်ချဲ့သမားတို့က အများပြည်သူတို့အပေါ် ချယ်လှယ်ချင်တိုင်း ချယ်လှယ်ခွင့်ရအောင် တမင်ဖန်တီးထားခဲ့ခြင်းဖြစ်သည်။

ဤခေတ် ဤအခါမျိုးတွင် အများပြည်သူတို့အား ဥပဒေနှင့် ရင်းနှီးခွင့်ရအောင် ဆောင်ရွက်ပေးရမည့်အချိန်ဖြစ်သည်။ ထို့ကြောင့် အမှုတစ်ခုဖြစ်လာလျှင် ထိုအမှုဆုံးခန်းတိုင်ရောက်အောင် ဥပဒေအရမည်သို့ဆောင်ရွက်ကြရသည်ကို အများပြည်သူတို့အား အသိပေးလိုသောကြောင့် ရေးသားတင်ပြမည့်အမှုတွင် အမှုဖြစ်ရန် အစပျိုးရသည့် အခြေခံအကြောင်းမှ စ၍ ကျူးလွန်မိပြီးနောက်၊ တရားရုံး အဆင့်ဆင့်က ဆောင်ရွက်သွားသည်များကို ဖွင့်ဟရေးသားရမည်ဖြစ်ပါသည်။

အမှုဖြစ်ရသည်မှာ အကြောင်းမဲ့မဟုတ်၊ အကြောင်းတရားပေါ် အခြေခံ၍ အကျိုးတရားဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထိုအကျိုးတရားသည် ကောင်းသလား၊ ဆိုးသလား၊ မှားသလား၊ မှန်သလားဆိုသည့် အဆုံး အဖြတ်မှာ အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာကသာ အဓိကအချက်ဖြစ်ပေ သည်။

လူ့ဘောင်အဖွဲ့အစည်းထဲတွင် အမှုတွေ အမျိုးမျိုးဖြစ်ကြ၏။ ထိုဖြစ်ခဲ့သော အမှုများသည် လူ့ဘောင်အဖွဲ့အစည်းနှင့် ဆက်စပ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုစသော အကြောင်းတရား များနှင့်လည်း ဆက်သွယ်လျှက်ရှိလေသည်။

ထိုကြောင့် အကယ်ဖြစ်ပျက်ကြသော မှုခင်းများသည် စိတ်ကူး ယဉ်ရေးသားကြသည့် ဝတ္ထုများထက် စိတ်ဝင်စားဖွယ်ရာများ သာဖြစ်ရပေ သည်။ စိတ်ဝင်စားဖွယ်ရာ၊ သင်ခန်းစာယူဖွယ်ရာ၊ ရှောင်ကြဉ်ဖွယ်ရာ၊ လိုက်နာဖွယ်ရာများ အပြည့်အဝပါဝင်သည့် မှုခင်းဖြစ်ရပ်တစ်ခု မလွဲမရှောင် သာ၍ ဖြစ်ခဲ့ရလျှင်၊ ကျူးလွန်မိလျှင် အဆင့်ဆင့်မည်သို့ဆောင်ရွက်ကြ မည်ကို အတတ်နိုင်ဆုံး ပြည့်ပြည့်ဝဝ ဖော်ပြရန် ဆန္ဒရှိသည့်အတိုင်း ဖော်ပြပါ မည်။

(၂)

ကံဇိတရွာသည် အောက်ချင်းတွင်းခရိုင် ကနီမြို့နယ် ဝင်းမုနား ရဲဌာန၏ တောင်ဘက် (၆) မိုင်ကွာတွင် တည်ရှိသည်။ ထိုရွာ၌နေထိုင်ကြ သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်လေ သည်။

ရွာရှိလျှင် လူရှိမည်၊ လူရှိလျှင် ပေါင်းသင်းဆက်ဆံမှုရှိကြမည်၊ ထိုပေါင်းသင်းဆက်ဆံမှုပေါ်အကြောင်းပြု၍ ကောင်းသည်လည်း ရှိသလို၊ မကောင်းသည်လည်း ရှိလေသည်။

၁၉၆၂ ခုနှစ်၊ မတ်လ (၃) ရက်နေ့ နက်နံ (၄) နာရီ။

အရုဏ်တက်ချိန်ဖြစ်၍ လုပ်ငန်းခွင်ဝင်ရန်အတွက် ရွာသူ ရွာသား အချို့ အိပ်ရာမှ နိုးလာကြပြီဖြစ်သည်။

တပို့တွဲလဆုတ် (၁၂) ရက်ဖြစ်သောကြောင့် ညအချိန်၌ မိုးကောင်းကင်ကြယ်ရောင်များသာ တောက်ပနေသည်ကိုမြင်နေရသည်။ ကိုကုလားသည် အိပ်ရာမှထ၍ အိမ်အောက်သို့ဆင်းလာရာ အိမ်ဝိုင်းအပေါက်ဝ၌ လူရိပ်မြင်လိုက်ရသောကြောင့် သတိထား၍ကြည့်လိုက်သည်။ အိမ်ဝိုင်း အပေါက်ဝနားတွင် တွေ့ရသူမှာ တစ်ရွာတည်းနေ မရွှေညွန့်၏သား မောင်ချစ်ဆင့်ဖြစ်နေသည်ကို သဲသဲကွဲကွဲ မြင်ရသည်။

မောင်ချစ်ဆင့်၏ အမူအရာ အကဲခတ်မိသည်မှာ အကြံတစ်ခုခုကြောင့် အိမ်နားလာကပ်သည်ဟု သံသယမကင်းဖြစ်မိ၍ ဆင်းလိုက်သွားသည့်အခါ မောင်ချစ်ဆင့် ရပ်မနေတော့ဘဲ နောက်ကြောင်း ပြန်လှည့်သွားသည်ကို မြင်ရသည်။ မောင်ချစ်ဆင့်က ရှေ့ကသွား၍ ကိုကုလားက အတောင် (၂၀) ခန့်အကွာမှ အရိပ်အကဲကြည့်ရန် လိုက်သွားသည်။

မောင်ချစ်ဆင့်၏ ခြေလှမ်းများမှာ မှန်မှန်လှမ်း၍သွားနေရာမှ ပို၍သွက်လာသည်ကို သတိထားမိသည်။ မောင်ချစ်ဆင့် သူ့အမေအိမ်ဘက်သို့ ပြန်ဝင်သွားသည်အထိ ရပ်ကြည့်ပြီးမှ ကိုကုလားအိမ်ဘက်သို့ပြန်လာသည်။

ဒီကောင်လေး ... အကြောင်းမဲ့တော့ လာမှာ မဟုတ်ဘူး တစ်ခုခုတော့ရှိရမယ် ...

ကိုကုလားလမ်းလျှောက်လာရင်း ဤသို့စဉ်းစားမိပြီး သူ့အိမ်နှင့် လမ်းခြားနေသော ကိုထွန်းခင်အိမ်သို့ဝင်လိုက်သည်။ ကိုထွန်းခင် အိမ်သို့ဝင်သည်မှာ လမ်းပေါ်မှ လှမ်းကြည့်ရာ မီးဖိုထဲမှ မီးမြင်သဖြင့် ဝင်သွားခြင်းဖြစ်သည်။ အခန့်သင့်ပင် ရေနွေးအိုးတည်နေသော ကိုထွန်းခင်ကို တွေ့ရသည်။

"ကိုကုလား ... စောစောစီးစီး ဘယ်ကပြန်လာသလဲ"

သူ့ဘေးတွင်ဝင်ထိုင်မည့် ကိုကုလားကို ထွန်းခင်ကမေးခြင်း ဖြစ်သည်။

"ချစ်ဆင့် ငါ့အိမ်နားလာတာ ငါမသင်္ကာဘူးကွ"

"ဒီကောင်လေးက စောစောစီးစီး ဘာလာလုပ်ရတာလဲ"

"အကြောင်းတော့ရှိမယ် ထွန်းခင်"

ကိုကုလားသည် စကားကိုဆုံးအောင် မပြောနိုင်ဘဲ အိမ်ဘက်သို့ ပြန်လာသည်။ ကိုကုလားအိမ်ပြန်ရောက်သည့်အချိန်တွင် သူ့ဇနီး မချစ်ညွန့်

အိပ်ရာမှ နိုးလာ၍ ချစ်ဆင့်အိမ်နားလာသည့်အကြောင်း ပြောပြသည်။ ကိုကုလားမှာ ဂနာမငြိမ် ချစ်ဆင့်လာသည့်အတွက် သူ့စိတ်ထဲ၌ တစ်ခုခု သံသယဝင်နေသည်။ အိမ်တွင် ဖင်ပူအောင်မထိုင်တော့ဘဲ ....

"ချစ်ညွန့် ... ငါ့ ... ဆေးလိပ်တစ်တို ပေးစမ်း"

မချစ်ညွန့်သည် ညှိပြီးစ ဆေးလိပ်ကိုယူ၍ ပေးလိုက်သည်။ ကိုကုလားတစ်ယောက် ကိုထွန်းခင်အိမ်ဘက်သို့ ပြန်ကူးလာသည်။ ကိုထွန်းခင်အိမ်တွင် ကိုကုလားထိုင်မိရုံရှိသေးသည်။ မချစ်ညွန့် ထပ်ရောက်လာပြန်သည်။

"ဟော့ ... မင်းအိမ်မှာ နေပါလားကွ"

"ကျွန်မလည်း သိချင်တာပေါ့"

"သား ... ပြန်လာပြီလား"

"ပြန်လာပါပြီ"

ကိုကုလား၏သား မောင်မောင်မှာ ရွာကင်းကျ၍ စောင့်ရာမှ ပြန်လာခြင်းဖြစ်သည်။ ကိုကုလားတို့ လင်မယားနှင့် ကိုထွန်းခင်မှာ ချစ်ဆင့်လာ၍ မသင်္ကာသည့်အကြောင်းကို ပြောနေစဉ် ...

"အမေရေ လာပါဗျို့ ... မြန်မြန်လာပါ၊ ချစ်ဆင့် ကျွန်တော့်ကို ဓားနဲ့ထိုးသွားတယ်"

မောင်မောင်၏အော်သံကို ကိုထွန်းခင်အိမ်ရောက်နေကြသည့် ကိုကုလားတို့ လင်မယားနှင့် ကိုထွန်းခင်ပါ သုံးခါခန့်ဆက်၍ အော်လိုက်သံကိုကြားလိုက်ရလျှင် သူတို့သုံးဦးသည် စကားစပြောနေရာမှ မချစ်ညွန့် တစ်ယောက်သာ အိမ်ဘက်သို့ ပြေးဆင်းသွားပြီး၊ ကိုကုလားနှင့် ကိုထွန်းခင် နှစ်ယောက်က ချစ်ဆင့်အိမ်ဘက်သို့ ပြေးလိုက်ကြသည်။

တစ်လမ်းလုံးတွင် ချစ်ဆင့်ကို မတွေ့ရသော်လည်း ချစ်ဆင့်တို့ အိမ်ပေါက်ဝရောက်သည့်အချိန်မှာပင် အိမ်ရှေ့တံစက်မြိတ်အောက်ရှိ ခုံရှည်ပေါ်တွင် ချစ်ဆင့် လှဲအိပ်ချလိုက်သည်ကို မြင်ကြရသည်။

"မရွှေညွန့် ... မရွှေညွန့်"

"ဘယ်သူလဲ"

"ကျုပ်တို့ပါ ထပါဦး ... အရေးကြီးလို့"

မရွှေညွန့်ထလာသည့်အခါ ကိုကုလားက ...

"ခင်ဗျားသား ချစ်ဆင့် .... ကျုပ်သားကို ဓားနဲ့ထိုးသွားတယ်"

မရွှေညွန့်က သူ့သားအိပ်နေသည့် ခုံရှည်ကို လှမ်းကြည့်ပြီးမှ

"သားခုံရှည်ပေါ်မှာ အိပ်ပျော်နေတာပဲ၊ လူမှားလို့ဖြစ်ပါလိမ့်မယ်"

မရွှေညွန့်က သူ့သားမဟုတ်ကြောင်း၊ သူ့သား သူ့အိမ်၌အိပ်နေကြောင်း ပြောလိုက်သည်။

"မောင်ဦးရေ ... ဟေ့ ... မောင်ဦး"

မောင်ဦးဆိုသူမှာ ကာကွယ်ရေးသမားတစ်ယောက်ဖြစ်၍ မရွှေညွန့်အိမ်နှင့် အိမ်ချင်းကပ်လျက်နေသူဖြစ်သည်။ ကိုကုလားခေါ်၍ မောင်ဦးရောက်လာသည့်အခါ သူ့သား မောင်မောင်ကို ချစ်ဆင့်က ဓားနှင့်ထိုးသွားကြောင်းကို တိုင်တန်းသည်။ ထို့နောက် ရွာခေါင်း ဦးဘိုးငြိမ်းအိမ်သွား၍ အိပ်ပျော်နေသောကြောင့် နှိုး၍ တိုင်ကြားပြန်သည်။ အဆင်သင့်သည်မှာ ကိုကုလား၊ ဦးဘိုးငြိမ်းအိမ်သွားရောက်တိုင်တန်းစဉ်တွင် ရဲအုပ် ဦးဘရုံးကိုပါ တွေ့ရှိရသဖြင့် ... ဦးဘရုံးကိုပါ တိုင်ကြားသည်။

"ထွန်းခင် မင်းနဲ့ဘထွန်း ... သူကြီးဦးအုံ့လူ သွားတိုင်ကွာ ... ငါ... ရဲအုပ် ဦးဘရုံးတို့ခေါ်ပြီး အိမ်ပြန်ဦးမယ်"

ကိုကုလား၏ အကူအညီတောင်းသည့်အတိုင်း ထွန်းခင်နှင့်ဘထွန်းတို့သည် သူကြီးဦးအုံ့လူကို တိုင်ကြားရန် ထွက်သွားကြသည်။ ကိုကုလားသည် ဦးဘိုးငြိမ်း၊ ဦးဘရုံးတို့နှင့်အတူ နေအိမ်သို့ပြန်လာခဲ့သည်။

အချိန်မှာ မိုးလင်းနေပြီ၊ ကိုကုလား၏အိမ်၌ အရပ်သူ အရပ် သား ၂၀ ခန့်ရောက်ရှိနေကြသည်။ ဒဏ်ရာရသော ကိုကုလား၏သား မောင်မောင်မှာ အိမ်တောင်ဘက် မီးဖိုလုပ်ထားသည့် တဲအတွင်း ခုတင်ပေါ်၌ရှိသည်။ ရင်ဝတွင်ရရှိသောဒဏ်ရာကြောင့် မောင်မောင်မှာ ညည်းညူလျက်ရှိသည်။ မောင်မောင် အမေ မချစ်ညွန့်မှာ သားနားတွင် တရှုံ့ရှုံ့ဖြင့် ငိုကြွေးလျက်ရှိသည်။ သူကြီး ဦးဘိုးငြိမ်းနှင့်ရဲအုပ် ဦးဘရုံးတို့ အနားသို့တိုး၍ ...

"မောင်မောင် ... မင်းကို ဘယ်သူထိုးတာလဲ"

"ချစ်ဆင့် ထိုးတယ်"

"ချစ်ဆင့်နဲ့ မင်းရန်စရှိသလား"

"ကျွန်တော်က မရှိပေမဲ့ သူကရှိနေမယ်"

မေးသမျှ စကားများကို မောင်မောင်က ဒဏ်ရာနာကျင်သည့် ကြားမှ အားတင်းလျက် ဖြေရှာသည်။ ဒဏ်ရာရထားသော မောင်မောင်ကို အချိန်မီ ဆေးရုံပို့ရန် စီစဉ်ကြသည်။ ရရှိထားသော ရင်ဝမှဒဏ်ရာကို အဝတ်နှင့် စည်းထားရသည်။ မြစ်ဆိပ်အထိ စောင်ကိုပုခက်ပြုလုပ်၍ပို့ပြီးမှ လှေနှင့် တစ်ဆင့် ရွာနှင့် (၆) မိုင်ခန့်ဝေးကွာသည့် ကနီရဲဌာနသို့ ပို့ကြရသည်။

မောင်မောင် ကနီရဲဌာနရောက်သည့်အထိ သတိကောင်းစွာရရှိသည်။ ဌာနတွင် မောင်မောင်ကိုယ်တိုင် သူ့အား မောင်ချစ်ဆင့်က ဓားနှင့် ထိုးပါသည်ဆိုသော တိုင်ချက်ကိုပေးလေသည်။ မောင်မောင် တိုင်ချက်ကား ကိုယ်တိုင်ပေးသည့် ပထမသတင်းပေးချက်ဖြစ်၍ ရဲဌာနမှ တိုင်ချက် စာအုပ် (ပြစ်မှု–၁၅/ ရာဇဝတ် ၄၃) ပုံစံတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၄အရ ပြဋ္ဌာန်းထားသည့်စာအုပ်၌ ပထမသတင်းပေးချက်ကို ရေးမှတ်လေသည်။

(၃)

ဤအမှုတွင် သတိပြုရမည်မှာ မောင်မောင်ကိုယ်တိုင် ပထမ သတင်းပေးချက်အရ၊ အမှုဖွင့်သည်၊ ပထမ ရဲဌာနမှာ ကနီရဲဌာန ဖြစ်၍(ပ) ၂၇/ ၆၂၇၀ ပုဒ်မ ၃၂၆ ဖြစ်သည်။

မောင်မောင်၏သတင်းပေးချက်မှာ ....

မောင်မောင် အသက် ၁၇ နှစ်၊ အဘ ဦးကုလား၊ တောင်သူ၊ ကံဇီတရွာ။

ယခုနှစ်တပို့တွဲလဆုတ် (၁၂) ရက်နေ့ နံနက် (၄) နာရီအချိန်တွင် ရွာနေ ဦးဘချစ်နှင့် ကင်းတာဝန်ကျ၍ တာဝန်ပြီးသဖြင့် နေအိမ်ပြန်လာပြီး၊ အိမ်ရှေ့တဲအတွင်း ခုတင်ပေါ်တွင် ထိုင်နေစဉ် ရွာနေ ချစ်ဆင့်လာ၍ ဘယ် တုန်းဟု ... ကျွန်တော်က မေးရာ၊ ချစ်ဆင့်က ဘာမှမပြောဘဲ၊ လက်တွင် ပါသည့် ဓားချွန်ဟုထင်ရသည့် ဓားနှင့် ကျွန်တော်အား ညာဘက်ဝမ်းဗိုက် ဘေးထိုးပြီး ထွက်ပြေးပါသည်။ ကျွန်တော်က အမေကို ချစ်ဆင့်ဓားနှင့် ထိုးပြီး ပြေးပါတယ်ဟု (၃) ခွန်းလောက်အော်ပါသည်။ ထိုအချိန် အိမ်နီးနားချင်း ကိုသောင်းညွန့်ပြေးလာ၍ ချစ်ဆင့်က ဓားနှင့်ထိုးကြောင်း ပြောပြသည်။

ထိုအကြောင်းကို ရွာခေါင်း ဦးဘိုးငြိမ်းအား ချစ်ဆင့်က ဓားနှင့်ထိုးကြောင်း တိုင်ပြောသည့်အပြင်၊ ဝင်မနား ဌာနမှ ရဲအုပ် ဦးဘရုံးတို့လည်းရှိနေ၍ ၎င်းအားလည်း မောင်ချစ်ဆင့်က ဓားနှင့်ထိုးကြောင်း တိုင်ပြောပါသည်။ ကျွန်တော်နှင့် ချစ်ဆင့်မှာ ရွာနေ ... မနီ ... ပိုးနေရာမှ အပျိုလုဘက်ဖြစ်၍ ရန်ငြိုးထားပြီး ဓားနှင့်ထိုးခြင်းဖြစ်ပါကြောင်း ယခု ကနီရဲဌာနသို့ လာရောက်တိုင်ပြောပါသည်။

| | |
|---|---|
| (ပုံ) ဘသိန်း | (ပုံ) ဇမောင် |
| ၃-၃-၆၂ | ဖတ်ပြောရာ မှန်ကြောင်း |
| ရဲစာရေး | ဝန်ခံပြီး။ |
| သတင်းရေးဖွင့်သူ။ | |

အထက်ပါ သတင်းပေးချက်သည် နောင်အခါ ဤအမှုကို ဆက်လက်တာဝန်ယူရမည့် ကနီရဲဌာနမှ ဌာနာအုပ်သည် အခြေခံဖြစ်သော သတင်းပေးတိုင်ချက်ကို အကြောင်းပြု၍ စစ်ဆေးရပေမည်။

ဒဏ်ရာရသူ မောင်မောင်အား ကနီဆေးရုံသို့ပို့ရမည်ဟု ပြော၍ ထိုနေ့ညနေမှာပင် မုံရွာဆေးရုံကြီးသို့ပို့လိုက်ရသည်။ မုံရွာဆေးရုံ ရောက်ပြီး ၃၊ ၄ ရက်ကြာသည့်အခါ မောင်မောင်မှာ ရရှိထားသော ဒဏ်ရာနှင့်ပင် သေဆုံးသွားလေသည်။ ထို့ကြောင့် ပထမသတင်းချက် ရေးဖွင့်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ ပုဒ်မတတ်ထားသည်မှ ရာဇသတ်ကြီးပုဒ် ၃၀၂ သို့ပြောင်းလဲရလေသည်။

ပထမသတင်းပေးချက်သည် အမှုတစ်ခုတွင် အခြေခံအုတ်မြစ်ဖြစ်ပြီး အရေးကြီးပုံကို အဓိပ္ပာယ်ဖွင့်ဆိုလိုသည်။ ရာဇဝတ်အကျင့်ထုံး ဥပဒေပုဒ်မ ၁၅၄ တွင် ....

> ရဲဌာနာအုပ်ချုပ်သူသည် မိမိထံနှုတ်ဖြင့် တိုင်သော အရေးပိုင်သည့်ပြစ်မှုဖြစ်ပွားကြောင်းနှင့် ပတ်သက်သော သတင်းတိုင်းကို ၎င်းကိုယ်တိုင် ရေးမှတ်ယူရမည်။ သို့မဟုတ် ၎င်းညွှန်ကြားသည့်အတိုင်း ရေးမှတ်ယူစေရမည်။ ရေးမှတ်ယူပြီးနောက် သတင်းပေးသူအား ဖတ်ပြရမည်။ သတင်းကို ရေးသား၍

ပေးသည်ဖြစ်စေ ရေးမှတ်၍ ယူရသည် ဖြစ်စေ၊ သတင်းပေးသူအား လက်မှတ်ရေးထိုးစေရမည်၊ 'သတင်း၏ အကျဉ်းချုပ်ကို အရပ်ရပ် နေ့စဉ်မှတ်တမ်း'တွင် ထည့်သွင်းရမည် (၁၄၁၁)။

သတင်းပေးသူ နားလည်အောင် ဖတ်ပြပြီးလျှင်၊ ၎င်းအား မူရင်းနှင့် မူရင်းခွဲပေါ်ရှိ သတင်းပေးချက်အောက်တွင် လက်မှတ်ရေးထိုးစေရမည်။ စာမတတ်လျှင် ၎င်း၏လက်ဝဲလက်မပုံစံနှိပ်ယူပြီးနောက် သတင်းပေးချက်ကို ရေးမှတ်ယူသော ရဲအရာရှိကလည်း လက်မှတ်ရေးထိုးရမည်။ သတင်းပေးချက်ကို ရေးမှတ်ယူသော ရဲအရာရှိသည် ရဲဌာနအုပ် မဟုတ်ခဲ့သော် ရဲဌာနအုပ်ကလည်း လက်မှတ်ရေးထိုးရမည်။

စာနှင့် တိုင်တန်းသည့် သတင်းပေးချက်ဖြစ်ခဲ့သော် ပထမ သတင်းပေးချက် မှတ်ပုံတင်စာအုပ်တွင် ရေးကူးရမည်။ ရေးကူသည့်အောက်တွင် ထပ်ဆင့်လက်မှတ်ရေးထိုး၍ နေ့စွဲတပ်ရမည်။ အမှုကို စစ်ဆေးရန် တရားရုံးသို့ စွဲတင်ပို့သည့်အခါ ရာဇဝတ်တရားသူကြီးရုံးသို့ ထိုစာဖြင့် ရေးသားတိုင်ကြားသော သတင်းပေးချက်ကို စွဲချက်လွှာနှင့် အတူတွဲ၍ပို့ရမည်။ အမှုကို တရားရုံးသို့ မပို့လျှင် ၎င်းတိုင်စာကို အမှုနောက်ဆုံး အစီရင်ခံစာနှင့် တွဲ၍ ထားရမည်။

သတိပြုရမည်မှာ ရဲအရေးယူနိုင်သော ပြစ်မှုဖြစ်ပွားကြောင်း သတင်းရရှိသည့်အခါ နှောင့်နှေးခြင်းမရှိဘဲ၊ တိုင်ချက်ရေးဖွင့်ရန် အရေးကြီးလေသည်။ ရရှိသော သတင်းပေးချက်သည်။ အမှုအကြောင်း ကိုယ်တိုင် တစ်စုံတစ်ရာ မသိသူကပေးသော တစ်ဆင့်ကြား သတင်းဖြစ်စေ၊ အမှုအကြောင်း အနည်းငယ်မျှသာသိသော လူ၏သတင်းပေးဖြစ်စေ၊ အမှုအကြောင်း အပြည့်အစုံသိသူ၏ သတင်းဖြစ်စေ၊ မည်သည့်သတင်းမျိုးကို မဆို၊ ရာဇဝတ် ကျင့်ထုံး ဥပဒေပုဒ်မ (၁၅၄) တွင် ပြဋ္ဌာန်းချက်များအရ ချက်ချင်း တိုင်ချက် ရေးဖွင့်ရမည်ဆိုသည်။

ရဲတို့ဆောင်ရွက်ရမည့်ဝတ္တရားတွင် သတင်းပေးချက်သည် တစ်ဆင့်ကြားသတင်းဖြစ်၍သော်လည်းကောင်း၊ ကျေနပ်ဖွယ် လက္ခဏာမရှိ၍သော်လည်းကောင်း၊ ပထမသတင်းပေးချက်ကို မှတ်ပုံတင်စာအုပ်၌ ရေးမှတ်ယူခြင်း မပြုသေးဘဲ၊ အချင်းဖြစ်ပွားသည့်အရပ်သို့ သွားရောက်၍ မျက်မြင်

သက်သေ တစ်ယောက်ယောက်ကို စစ်ဆေးပြီးမှ ရေးမှတ်ယူသော အလေ့အကျင့်သည်၊ ဥပဒေနှင့်ဆန့်ကျင်ပါသည်ဟု ဝါရင့်သည့် ရဲအရာရှိကြီးများထံမှ သိရှိရသည်။

ရဲအရာရှိများထံ ထွက်ဆိုချက်များသည် သက်သေခံမဝင်ဟူ၍ ရာဇသတ်ကျင့်ထုံး ဥပဒေပုဒ်မ (၁၆၂) တွင် ပြဋ္ဌာန်းငြားလည်း ရဲအရာရှိထံ ဦးဆုံး ထွက်ဆိုချက်ဖြစ်သော ပထမသတင်းပေးချက်သည်၊ ချို့ယွင်းချက်အနေဖြင့် သက်သေခံ ဥပဒေပုဒ်မ ၈ (ည) (၄)၃၂ (၁)၊ ၃၅၊ ၇၄၊ ၇၇၊၁၄၅၊၁၅၅ (၃)၁၅၀နှင့် ၁၅၈ တို့အရ တရားရုံးတွင် သက်သေခံဝင်သည်။ တရားရုံး၌ သက်သေခံဝင်အောင်လည်း အမှုလိုက်အရာရှိ၊ သို့မဟုတ် အစိုးရရှေ့နေတို့က တင်သွင်းရသည်ဟု ဥပဒေပညာရှင်များထံမှ လေ့လာဆည်းပူးရသည်။

ပထမ သတင်းပေးချက် အရေးကြီးပုံနှင့်ပတ်သက်၍ စီရင်ထုံးတစ်ခုကို အထောက်အထားပြုရသော် (၁၉၄၁ ခုနှစ်ထုတ် ရန်ကုန် စီရင်ထုံးစာမျက်နှာ အမှတ် ၃၄၆ ရှိ) ရွှေပရူးနှင့် ဘုရင်အမှုတွင် ပထမသတင်းပေးသူက ၎င်း၏မိတ်ဆွေ ဓားထိုးခံရကြောင်းကို နံနက် ၁.၀၅ နာရီတွင် ရဲဌာနသို့ တယ်လီဖုန်းဖြင့် တိုင်ကြားရာ နားထောင် သူ ရဲစာရေးက ပထမသတင်းပေးချက်ရေးမဖွင့်ဘဲ၊ ဓားထိုးခံရသူ ကိုယ်တိုင်လာတိုင်နိုင်ရန် လူနာကို ယူဆောင်လာရန်ညွှန်ကြားခဲ့သည်။ လူနာမှာရရှိသာဒဏ်ရာနှင့်ပင်သေဆုံးသွားသောကြောင့် အလောင်းကိုထမ်း၍ ရဲဌာနသို့ ယူလာခဲ့သူ ဒုတိယလူက နံနက် ၂.၁၀ နာရီတွင် တိုင်ချက်ပေးသော်လည်း ရဲစာရေးသည် သတင်း ရေးဖွင့်ခြင်းမပြုဘဲ အလောင်းကို ဆေးရုံသို့ပို့ပြီး နံနက် ၅ နာရီကျမှ ဒုတိယလူထံမှ တိုင်ချက်ရေးယူခဲ့လေသည်။

ရခိုင်တိုင်း စက်ရှင်ရုံးမှ ထိုအမှုတွင် ဒုတိယသတင်းပေးချက်ကို ပထမသတင်းပေးချက်အနေဖြင့် လက်ခံပြီး၊ လူသတ်တရားခံ ရွှေပရူးအားကြိုးမိန့်ပေးခဲ့၍ တရားခံက အယူခံဝင်ရာ တရားဝန်ကြီး (Sir Ernest Goodman Robert Kt. Chief & Mr. Justice Dunkley) တို့သည် လူသတ်တရားခံ အမှန်ဖြစ်သော ရွှေပရူးကို တရားသေလွှတ်ပြီး အောက်ပါအတိုင်း စီရင်ချက် ချမှတ်ခဲ့လေသည်။

တယ်လီဖုန်းဖြင့် ပေးသော သတင်းကို နားထောင်သူ ရဲစာရေးသည် သတင်းပေးသူအဖြစ်ဖြင့် ပထမသတင်း ပေးချက်ကို ရေးဖွင့်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အမှုအကြောင်းကို ကိုယ်တိုင်သိသူမှသာလျှင် ပထမ သတင်းပေးချက်ကို ပေးနိုင်သည်မဟုတ်။ တစ်ဆင့်ကြားရုံမျှဖြင့် ပေးသော သတင်းလည်း ပထမသတင်းပေးချက်ဖြစ်နိုင်သည်။ တယ်လီဖုန်းဖြင့် ပေးသော သတင်းကို မရေးမှတ် ယူခဲ့သော်လည်း နံနက် ၂–၁၀ နာရီအချိန်တွင် ရဲစုံစမ်းစစ်ဆေးခြင်း မစတင်သေး မီသော သတင်းကိုပထမသတင်းပေးချက်အဖြစ်ဖြင့် ရေးဖွင့်နိုင်သည်။ သို့သော် ရဲစုံစမ်းစစ်ဆေးပြုနေစဉ်၊ နံနက် ၅ နာရီမှ ထိုသူ၏ သတင်းပေးချက်ကို ရေးဖွင့်သဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂ အရ ထိုသတင်းပေးချက်သည် သက်သေခံမဝင်တော့သဖြင့် တရားခံအား လွှတ်ရကြောင်း ပါရှိလေသည်။

ဤသို့ဖြစ်ရသည်မှာ ရဲစာရေး၏ လုပ်ငန်းမကျွမ်းကျင်မှုကြောင့်ဟု ဆိုနိုင်သော်လည်း တာဝန်အရှိဆုံး ပုဂ္ဂိုလ်မှာ ရဲဌာနာအုပ်သာဖြစ်လေသည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၄ ၏ စာသားကို သေချာစွာ ဖတ်ရှုလေ့လာလျှင် ရဲဌာနတွင် အကြီးအမှူးဖြစ်သော ရဲဌာနာအုပ်တွင် တာဝန်ရှိကြောင်း ထင်ရှားသည်။ ရဲလက်စွဲ (၃) ၁၀၈၉ တွင်လည်း ထပ်လောင်းဖော်ပြထားသည်ကို တွေ့ရှိရပေမည်။

ကံဇိတရွာမှ လူသတ်မှုအကြောင်းမဆက်သေးဘဲ ပထမသတင်းပေးချက်၏ အရေးကြီးပုံကို ဖော်ပြရခြင်းသည်လေ့လာသူများအတွက် ဖြစ်သည်။ " K. E. U Doulat KunJee (6-CWN.921)" အမှုတွင် မှတ်သားဖွယ်တွေ့ရှိရသည်မှာ ရဲအရေးပိုင်သည့် နာကျင်စေမှုတစ်မှု ဖြစ်ပွားကြောင်း ဆေးရုံအလုပ်သမားတစ်ယောက်က လာရောက်တိုင်ပြောသည်ကို ပထမသတင်းပေးချက်ရေးမဖွင့်ဘဲ အရပ်ရပ်နေ့စဉ် မှတ်တမ်းတွင်သာ ရေးမှတ်ပြီး၊ ရဲဌာနာအုပ်သည် ဆေးရုံသို့သွား၍ ဒဏ်ရာရသူ၏ သေတမ်းစစ်ချက်ကိုယူသည် ၎င်းအစစ်ခံချက်ကိုပင် ပထမ သတင်းပေးချက်အဖြစ်ဖြင့် ရေးဖွင့်သည်။ ထိုအမှုတရားလွှတ်တော်သို့ရောက်လာသည့်အခါ ကြားနာပြီး

စီရင်ချက်ဆုံးဖြတ်ရာတွင် ရဲထံဦးဆုံးလာပေးသော ဆေးရုံအလုပ်သမား၏ တိုင်ချက်သာလျှင် ပထမသတင်းပေးတိုင်ချက်ဖြစ်သည်။ သေတမ်းအစစ်ခံ ချက်သည် အမှုစစ်ဆေးစဉ် ထွက်ဆိုချက်ဖြစ်၍ ကျင့်ထုံးပုဒ်မ ၁၆၂ အရ သက်သေခံ မဝင်တော့ကြောင်း ဆုံးဖြတ်ထားလေသည်။

ထို့ထက်ပို၍ စိတ်ဝင်စားဖွယ်ရာဖြစ်ရသည့် ဖြစ်ပုံတစ်ခုမှာ " Mani Mohan Ghosh V. Emperor (3.8.9.13.12) "အမှုတွင် လူတစ် ယောက်က ၎င်းမယားသည် ရွှေငွေအဖိုးတန်ပစ္စည်းများယူ၍ နေအိမ်မှထွက် သွားကြောင်း တိုင်ပြောသည်။ နောက်တစ်နေ့တွင် ၎င်းလူကပင် ဒုတိယ အကြိမ်လာရောက်၍ ၎င်း၏ မယားအား လိုက်လံရှာဖွေရာ မတွေ့ကြောင်း တိုင်ကြားသည်။ နောက်နေ့တွင် တတိယ အကြိမ်လာရောက်၍ အဆိုပါ မိန်းမမှာ နေအိမ်သို့ပြန်မလာကြောင်း မူနီမိုဟန်ဂိုရှ်ဆိုသူက ၎င်းအား သွေးဆောင်ခေါ်ယူလျက် သတ်ပစ်ပြီး အဖိုးတန်ပစ္စည်းများကို ယူငင်ဟန်ရှိ ကြောင်း ပြောလာပြန်သည်။

ဤအမှုတွင် ပထမနေ့နှင့် ဒုတိယနေ့များတွင်၊ တိုင်ပြောချက် များသည် ရဲအရေးယူနိုင်သည့် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း မပါရှိဘဲ၊ တတိယနေ့ ပြောချက်တွင်သာ ထိုအချက်ပါဝင်သဖြင့် ၎င်းတတိယနေ့ ပြောစကားသာလျှင် ပထမ သတင်းပေးတိုင်ချက် ဖြစ်သည်ဟု လွှတ်တော်မှ ဆုံးဖြတ်ခဲ့လေသည်။

အထက်ပါ ဖြတ်ထုံးများကို လေ့လာခြင်းအားဖြင့်၊ ပထမ သတင်း ပေးတိုင်ချက်သည် အမှုတစ်ခုဖြစ်လာသည့်အခါ မည်မျှအရေးကြီးသည်ကို တွေ့ရှိရပေမည်။

(၄)

ပထမသတင်းပေးချက် ရေးဖွင့်ပြီးနောက်၊ ထိုအမှုကို ကနီရဲဌာနမှ ဌာနာအုပ် ဦးဘရှင်လက်ခံစစ်ဆေးရမည့် အမှုဖြစ်သော်လည်း အခင်းဖြစ်ပွား သည့်နေ့တွင် မုံရွာသို့ ခရီးလွန်နေသောကြောင့် နောက်တစ်နေ့ (၄-၃- ၆၂) ညနေမှ အမှုလက်ခံ၍ စစ်ဆေးရသည်။

ဤအမှုတွင် သေသူမောင်မောင် ၁၇ နှစ်ဖြစ်၍ ဓားနှင့်ထိုးသူဟု

စွပ်စွဲခံရသူ မောင်ချစ်ဆင့်မှာ အသက် ၁၈ နှစ်ဖြစ်သည်။ တစ်နှစ်သာကွာသော်လည်း သူတို့နှစ်ဦး၏ ကာယဗလအနေအထားမှာ အလွန်ကွာခြားခြင်းမရှိပေ။ လူငယ်လူရွယ်တို့၏ သဘာဝကံဇာတရှာမှ ဦးဘဟန်၏သမီး ၁၇ နှစ်ရွယ်ရှိ မနီကို အပြိုင်အဆိုင် ပိုးပန်းကြသည်။

သူတို့နှစ်ဦး အပြိုင်အဆိုင်ပိုးပန်းရာ မနီ၏ ချစ်တုံ့ပြန်မှုမှာ သေသူမောင်မောင်အပေါ်မှာဖြစ်၍ မောင်ချစ်ဆင့် စိတ်ထဲတွင် အခဲမကျေဖြစ်နေဟန်ရှိသည်။ အပျိုကို လူပျိုတွေပိုးကြရာမှာ ကိုယ့်ဘက်မပါလျှင် ကိုယ့်အပေါ်မေတ္တာတုံ့ပြန်မှုမရလျှင် ထိုအမျိုးသမီးကို ရှောင်ကြဉ်ရမည်ဖြစ်သော်လည်း မောင်ချစ်ဆင့်၏စိတ်ထဲတွင် မနီ၏ ချစ်တုံ့ပြန်မှုမရသည်မှာ မောင်မောင်ကြောင့်ဟု အစွဲအလမ်းဖြစ်နေ ဟန်ရှိသည်။ ထို့ကြောင့်လည်း မောင်ချစ်ဆင့်အား ဤအမှုကို ကျူးလွန်ရန် လှုံ့ဆော်တိုက်တွန်းနေခြင်း ဖြစ်တန်ရာသည်။

အမှုစစ်ဆေးရမည့် ရဲဌာနာအုပ် လက်တွင်းသို့ရောက်လာ သည့်အချိန်တွင် တရားခံ မောင်ချစ်ဆင့်အား ရဲအုပ် ဦးဘရှန်းက ဖမ်းဆီးပြီးဖြစ်၍ ဌာနာအုပ်ကိုယ်တိုင် ဖမ်းဆီးခြင်းမပြုပေ။ အမှုစစ်အရာရှိသည် သက်သေမောင်ဘချစ်၊မချစ်ညွန့်၊မောင်ထွန်းခင်၊ဦးဘိုးငြိမ်း၊ ကိုကုလား၊မောင်သာထွန်း၊ မောင်ဒေါင်းညွန့်၊ဦးဘရုံးတို့ကိုစစ်ဆေးသည်။

ထို့ပြင် အမှုနှင့်ပတ်သက်၍ သက်သေခံပစ္စည်းများဖြစ်သော ဓားဦးချွန်၊ ခံရှည်ခေါင်းရင်းတိုင်တွင် သွေးစွန်းသည့်သစ်သားတို့ကို ရဲအုပ်ဦးဘရုံးအပ်ထားခဲ့သော သူကြီး ဦးအံ့လူထံမှ သိမ်းဆည်းလေသည်။ အမှုနှင့်ပတ်သက်၍ ရဲအနေနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ ပြီးဆုံးသည့်အခါ၊ ၁၉၆၂ ခုနှစ် ဧပြီလ၊ ၂ ရက်နေ့တွင် စွဲချက်ပြုလုပ်၍ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် မုံရွာမြို့အထူး တရားသူကြီး ဦးထွန်းဘော ရုံးသို့တရားစွဲတင်ပို့လိုက်လေသည်။

(၅)

မောင်မောင်နှင့် မောင်ချစ်ဆင့် အမှုမှာ မုံရွာမြို့ အထူးတရား သူကြီး (စက်ရှင်) ရုံး ၁၉၆၂ ခု၊ ရာဇဝတ်ကြီးမှု အမှတ် ၈ဖြစ်သည်။ တရားခံ မောင်ချစ်ဆင့်သည် ငင်းအနေနှင့် ရှေ့နေမငှားနိုင်ကြောင်း တင်ပြ၍ အစိုးရ

စရိတ်နှင့် မောင်ချစ်ဆင့်ဘက်မှ ဥပဒေအရ ခုခံကာကွယ်နိုင်မည့် လွှတ်တော်ရှေ့နေကြီး ဦးချစ်အား ငှားပေးလေသည်။

မောင်ကုလား (လိုပြ ၁) အား မေလ ၂၆ ရက်နေ့တွင် စစ်ဆေးသည့် မောင်ကုလား၏ထွက်ချက်များမှာ ဤအမှုဖြစ်ပျက်ရသည့်အကြောင်း ဖော်ပြထားသည့်အတိုင်း ထွက်ဆိုသွားသည်။

ဇွန်လ ၂၈ ရက်နေ့တွင် ကိုထွန်းခင် (လိုပြ–၂) ကိုသာထွန်း (လိုပြ၃)၊ မနီ(လိုပြ ၄) မချစ်ညွန့် (လိုပြ ၅) တို့ကို စစ်ဆေးလေသည်။ သေသူနှင့် တရားခံတို့ အပြိုင်ပိုးပန်းခြင်းခံရသော မနီ၏ထွက်ဆိုချက်မှာ ...

> သေသူ မောင်မောင်ရော၊ တရားခံ မောင်ချစ်ဆင့်ကို ရော ကျွန်မသိပါသည်။ တစ်ရွာတည်းနေ၍ သိပါသည်။ သေသူ မောင်မောင်က၊ ကျွန်မကို ချစ်ကြိုက်နေ၍ ကျွန်မက မိဘများကို ပြောပါဟု မောင်မောင်ကို ပြောထားသည်။ ကျွန်မအား တရားခံ မောင်ချစ်ဆင့်က မပိုးဖူးပါ။

မနီ၏ထွက်ဆိုချက်မှာ အချစ်ရေးနှင့် ပတ်သက်၍ ပြတ်ပြတ်သားသားထွက်ဆိုသွားလေသည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် မောင်ဒေါင်းညွန့် (လိုပြ ၆) ဦးအံ့လူ (လိုပြ ၇)၊ ဦးဘရန်း (လိုပြ ၈)၊ ဦးသန်းမောင် (လိုပြ ၉)၊ ဒေါက်တာဘာတာချာဂျီ (လိုပြ ၁၀)၊ ဒေါက်တာကြည်လင် (လိုပြ ၁၁) မောင်ဘသိန်း (လိုပြ ၁၂)၊ ဦးဘိုးငြိမ်း (လိုပြ ၁၃)၊ ဦးဘရှင် (လိုပြ ၁၄) တို့ကို စစ်ဆေးကြားနာသည်။

ထိုနေ့က စစ်ဆေးသည့် သက်သေများထဲတွင် ဝန်မနားရဲဌာနမှ ရဲအုပ် ဦးဘရန်း (လိုပြ ၈)က၊ တရားခံ မောင်ချစ်ဆင့်အား ဖမ်းဆီးပြီးနောက် သက်သေခံပစ္စည်းများ သိမ်းဆည်းပုံနှင့် ပတ်သက်၍ ဤသို့ ထွက်ဆိုသည်။

> ရွာခေါင်း ဦးဘငြိမ်းကို လွှတ်၍ ချစ်ဆင့်ခေါ်ပြီး ဖမ်းလိုက်သည်။ ထို့နောက် ကျွန်တော် သူကြီး ဦးအံ့လူနှင့် အတူ ချစ်ဆင့်အိမ်သို့သွားပါသည်။ ချစ်ဆင့်အား ငမောင်အိမ်၌ထားခဲ့ပြီး ကျွန်တော်တို့သည် ချစ်ဆင့်အိမ်သို့သွားရှာကြပါသည်။ ပစ္စည်းရှာရာတွင် တရားခံခေါ်သွားရမှန်းမသိ၍ ကျွန်တော် ခေါ်မသွားပါ။

ခုံရှည်မှာ သွေးတွေ့ပါသည်။ ချစ်ဆင့်၏ အိမ်အောက်က ၎င်းခုံရှည်ကိုသိမ်းပါသည်။ ဓားက ထရံထိုးထားရာမှ သိမ်းပါသည်။ သစ်သားစသည် ၎င်းခုံရှည် ခေါင်းရင်းပိုင်း ခြေထောက်အား လွှနှင့်ဖြတ်သိမ်းလာသော သစ်သားစဖြစ်ပါသည်။ ၎င်းသစ်သားစပေါ်တွင် သွေးတွေ့၍ သိမ်းပါသည်။ ရှာဖွေပုံစံများအား နောက်မှလုပ်နိုင်ပါသည်။ သက်သေခံ ခုတင်သစ်သားစနှင့် ဓားဦးချွန်တို့အား သူကြီး ဦးအုံ့လူအားအပ်လိုက်ပါသည်။ ထို့နောက် ပစ္စည်းများအား သူကြီးဦးအုံ့လူအပ်ထားခဲ့၍ ကျွန်တော်သည် တရားခံချစ်ဆင့်အား ဝန်မနား ရဲဌာနသို့ ခေါ်သွားပါသည်။ ဦးဘရုံး၏ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများသိမ်းဆည်းစဉ်က ရှာဖွေပုံစံပါသောကြောင့် မရေးမှတ်နိုင်ကြောင်း ထွက်ဆိုထားသည်။

တရားလိုပြသက်သေများ စစ်ဆေးပြီးဆုံးပြီးနောက် ဩဂုတ် လ (၃၀)ရက်နေ့မှာ အထူးတရားသူကြီးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၀– ၂၂၂– ၂၂၃ ပါ ပြဋ္ဌာန်းချက်များအရ တရားခံ ချစ်ဆင့်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်သည်။ တရားခံ ချစ်ဆင့်က ဤအမှုနှင့်ပတ်သက်၍ ၎င်းအပေါ်အပြစ်မရှိပါဟု ချေပသည်။

၎င်းပြင် တရားလိုပြသက်သေများအား ပြန်လည်ခေါ်ယူစစ်ဆေးခြင်းမပြုလိုကြောင်း ပြောသည်။ အထူးတရားသူကြီးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၄၂ (၁) အား ရှင်းပြသည်၊ တရားခံသည် သက်သေအဖြစ် အစစ်ခံလိုက ခံနိုင်သည်၊ သို့မဟုတ် ရိုးရိုးအစစ်ခံလိုက ခံနိုင်သည်။ မိမိ၏သက်သေအဖြစ်အစစ်ခံလိုပါက အစိုးရရှေ့နေကြီးက ပြန်လှန်မေးခွန်း မေးမြန်းခွင့်ရှိ၍ လိုအပ်ပါက သူ၏ထွက်ချက်အား သူ့အပေါ်တွင် သက်သေခံအဖြစ်ပြန်လည်အသုံးပြုနိုင်ကြောင်း တရားခံ အားရှင်းပြ၍ တရားခံမောင်ချစ်ဆင့်က သက်သေအဖြစ် အစစ်ခံလိုပါသည်ဟု ပြောဆိုသည်။

တရားခံပြသက်သေစာရင်းတင်သွင်းရာတွင် ကံဖိတရွာမှ ကိုဦး၊ မအုံ့ကြည်၊ မောင်ထွန်းရင်၊ မောင်ချစ်လွန်းတို့ဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် မောင်ချစ်ဆင့် (ခံပြ၁) မောင်ဦး (ခံပြ၂)၊ မောင်ထွန်းလှိုင် (ခံပြ ၃)၊ မောင်ချစ်လွန်း (ခံပြ ၄) တို့ကို တစ်ရက်တည်းအပြီး

စစ်ဆေးလေသည်။

မောင်ချစ်ဆင့်၏ ထွက်ဆိုချက်များမှာ သေသူမောင်မောင်ကို သူ မသတ်ရကြောင်းနှင့် အခင်းဖြစ်ချိန်တွင် ၎င်း၏နေအိမ်တန်းလျားတွင် အိပ်နေကြောင်း၊ ဦးကုလားနှင့် သူသည် အခင်းမဖြစ်မီတစ်လခန့်တွင် ဦးကုလားနွားများ သူ့ပဲခင်းဝင်စား၍ ဦးကုလားကို တိုင်ဖူးကြောင်း၊ထိုအတွက် ဦးကုလားက သူ့အပေါ်၌ မုန်းချက်ရှိနေကြောင်း မနီနှင့်ပတ်သက်၍လည်း လူငယ်ချင်းထူးထူးခြားခြား ဆက်ဆံမှုမရှိသည့်အကြောင်းများကို ထွက်ဆို သွားလေသည်။

နောက်ဆုံး ရုံးတော်မှသက်သေအဖြစ် မြေတိုင်းစာရေး မောင်အောင် ရအား ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ စစ်ဆေးပြီးနောက်၊ ဖေဖော် ဝါရီလ ၂၃ ရက်နေ့တွင် နှစ်ဖက်သောရှေ့နေကြီး များ၏ လျှောက်လဲချက်ကို ကြားနာသည်။ ဖေဖော်ဝါရီလ ၂၆ ရက် နေ့တွင် အထူးတရားသူကြီး ဦးထွန်းဘောသည် ၁၉၆၂ ခုနှစ် ရာဇသတ် ကြီးမှုအမှတ် (၈) ကို အမိန့်စီရင် ချက်ချမှတ်လေသည်။

တရားသူကြီးစီရင်ချက်မှာ ...

သေသူ မောင်မောင် (အသက် ၁၇နှစ်) နှင့် တရားခံမောင်ချစ်ဆင့် (အသက် ၁၈) နှစ်တို့သည် လူပျိုကလေးများဖြစ်ကြ၍ ကနီမြို့နယ် ကံဇီတ ရွာ၌နေကြသည်။ တရားခံ မောင်ချစ်ဆင့်၏အိမ်သည် သေသူ မောင်မောင် ၏ အိမ်အနောက်ဘက် ၃ အိမ်ခြား၌ရှိသည်။ တစ်အိမ်နှင့် တစ်အိမ်သည် ၃၁၅ ပေ ဝေးသည်ဟု မြေတိုင်းစာရေး ဦးအောင်ရ (လိုပြ ၁၅) သက်သခံ ချက်တွင် ပါရှိသည်။

သေသူမောင်မောင်သည် လူပျိုကလေးဖြစ်၍ သူ၏အဖေ မောင် ကုလား (လိုပြ ၁) အမေ မချစ်ညွန့် (လိုပြ ၅)တို့နှင့်အတူနေသည်။ တရားခံ မောင်ချစ်ဆင့်သည်လည်း လူပျိုကလေးဖြစ်၍ သူ၏ အမေ မရွှေညွန့်၊ အစ်ကို မောင်ချစ်လွန်း (ခံပြ ၄) တို့နှင့်အတူနေသည်။

သေသူ မောင်မောင်သည် ၎င်းကံဇီတရွာနေ မနီ အသက် ၁၇နှစ် (လိုပြ၄) နှင့် ချစ်ကြိုက်နေ၍ မနီက မောင်မောင်အား သူမ၏ မိဘများကို

ပြောပါဟု ပြောထားလေသည်။ ဤအမှုခင်းမဖြစ်မီ ၃ရက်ခန့်က သေသူ၏ အဖေ မောင်ကုလား (လိုပြ ၁) အား သူ၏ ခယ်မတော်သူ မလှမေက မောင်မောင်နှင့် မနီ ပေးစားရအောင်ဟု ပြောလေသည်။ မနီနှင့် မောင်မောင် ကလေးချင်း ချစ်ကြိုက်နေကြောင်းကို မောင်ကုလားသိ၏။ မောင်ကုလားက မနီ၏အမေ နေမကောင်း ဖြစ်နေသေးတယ်၊ နေကောင်းမှ ပြောမယ်ဟု ပြောထားလေသည်။

ဤအမှုအခင်းဖြစ်သောရက်သည်ကား ၁၃၂၃ ခုနှစ် တပို့တွဲ လဆုတ် ၁၂ ရက် (၃-၃-၆၂) ဖြစ်လေသည်။ ထိုရက်မတိုင်မီ ညနေဝင် ၆နာရီ အချိန်တွင်မှစ၍ အခင်းဖြစ်လေသည်။ နံနက် အရဏ်တက် ချိန်အထိ မောင်မောင် (သေသူ) သည်ရွာ၌ ကင်းဝတ္တရားကျ၍ ကင်းစောင့်သွားရလေသည်။ ထိုအခင်းဖြစ်သည့် ၃-၃-၆၂ နေ့ နံနက်လင်းအားကြီး အရဏ်တက် တုံးခေါက်ချိန်တွင် မောင်ကုလား (လိုပြ ၁) သည် အိပ်ရာမှထ၏။ ထို့နောက် အိမ်အောက်သို့ဆင်းလာသောအခါ သူ၏အိမ်ဝိုင်း အပေါက်ဝနားတွင် ရွာလမ်းပေါ်၌ တရားခံ မောင်ချစ်ဆင့်အား မြင်လိုက်ရသည်။ မောင်ချစ်ဆင့်သည် မောင်ကုလားအား မြင်လိုက်သောအခါ နောက်သို့တုန့်၍ အနောက်ဘက်သို့ ပြန်လှည့်သွားလေသည်။ ထိုကြောင့် မောင်ကုလား (လိုပြ ၁) သည် မောင်ချစ်ဆင့်အား မသင်္ကာသဖြင့် နောက်က အတောင် (၂၀)ခန့် လိုက်၍ကြည့်လေသည်။ မောင်ကုလားသည် ဆက်မလိုက်ဘဲ ပြန်လာ၍ သူ့နေအိမ်နှင့် လှည်းလမ်းသာခြားနေသော မောင်ထွန်းခင် (လိုပြ ၂ ၏) အိမ်သို့ဝင်ရောက်လေသည်။

ထိုအချိန်၌ မောင်ထွန်းခင် (လိုပြ ၂)သည် အရဏ်တက် တုံးခေါက်ပြီဖြစ်၍ တောသို့အလုပ်သွားရန်ရှိသောကြောင့် မီးဖိုချောင်ထဲတွင် ထမင်းစားပြီး ဆေးလိပ်ထိုင်သောက်နေသည်။ မောင်ကုလား (လိုပြ၁)က မောင်ထွန်းခင်အား ပြောသည်မှာ ချစ်ဆင့်ကို မသင်္ကာဘူးဟု ပြောပြသည်။ ထို့နောက် မကြာမီ မောင်ကုလား၏မိန်းမ မချစ်ညွန့် (လိုပြ ၄)သည် မောင်ထွန်းခင်၏ အိမ်ဘက်သို့ကူး၍ ထမင်းချက်ရန် မီးလာယူလေသည်။ ထို့ကြောင့် ထိုနေ့နံနက် လင်းအား ကြီး တုံးခေါက်ချိန်တွင် မောင်ထွန်းခင် (လိုပြ ၂) ၏ အိမ်မီးဖိုချောင်၌ သေသူ၏အဖေနှင့်အမေ၊ မောင်ကုလားနှင့် မချစ်ညွန့်

(လိုပြ ၁-၅) တို့ ရောက်ရှိနေကြလေသည်။

မောင်မောင် သေသူသည် မည်သည့်အချိန်တွင် ကင်းစောင့်ရာမှ အိမ်သို့ပြန်လာလိုက်သည်ကို အဖေနှင့် အမေဖြစ်သူ မောင်ကုလားနှင့် မချစ်ညွှန့်တို့ မသိလိုက်ကြချေ။ ၎င်းတို့သည် အထက်တွင် ဖော်ပြခဲ့သည် အတိုင်း မောင်ထွန်းခင် (လိုပြ ၂) ၏ မီးဖိုခွဲ ထိုင်နေကြစဉ် ၎င်းတို့အိမ်ဘက် မှ သားဖြစ်သူ မောင်မောင်၏အော်သံများကို သုံးခွန်းခန့် ဆက်ကြားလိုက် လေသည်။ မောင်မောင်က 'အမေရေ... လာပါဗျို့ ချစ်ဆင့်က ဓားနဲ့ထိုးခုတ် သွားပါပြီ'ဟု အော်သံကို ကြားရလေသည်။

ထိုကဲ့သို့ အော်သံများ ကြားရသောအခါ မချစ်ညွှန့်သည် သူ၏ အိမ်ဘက်သို့ ပြန်၍ပြေး၏။ မောင်ကုလားနှင့် မောင်ထွန်းခင် (လိုပြ ၁-၂) တို့သည် မောင်ကုလား၏ အိမ်ဘက်သို့မသွားပဲ မောင်ချစ်ဆင့် အိမ်ဘက်သို့ လိုက်ကြလေသည်။ မောင်ကုလား (လိုပြ ၁) ၏ သက်သေခံချက်တွင် အောက်ပါအတိုင်း ဆက်လက်၍ ပါရှိသည်။

ထိုကဲ့သို့သော အသံကြားရသောအခါ ကျွန်တော့် အိမ်ဘက်သို့ ကျွန်တော့် မိန်းမ မချစ်ညွှန့်ပြေးပါသည်။ ကျွန်တော်နှင့် ထွန်းခင်ကတော့ တရားခံ ချစ်ဆင့်အိမ်ဘက်သို့လိုက်ပါသည်။ ချစ်ဆင့်ဒီဘက်ပြေးမှာပဲ ဆိုပြီး တော့ လိုက်ကြပါသည်။ စလိုက်တော့ ချစ်ဆင့်ကို မမြင်ရသေးပါ။ ကျွန်တော် တို့လိုက်ရာ ကျွန်တော်တို့ရှေ့ ချစ်ဆင့်သည် သူ့အိမ်ရှေ့တံစက်မြိတ်အောက် တွင် ခုံရှည်ပေါ်လှဲအိပ်လိုက်တာ ကျွန်တော် မြင်လိုက်ပါသည်။ ကျွန်တော် မြင်သလို ထွန်းခင် မမြင်တယ်၊ မြင်တယ် ကျွန်တော် မသိပါ၊ သူသည် စောင်ကို ခုံရှည်ပေါ်၌ ခေါင်းမြီးခြုံ၍ အိပ်တာမြင်ရပါသည်ဟုပါရှိသည်။

ထိုအချက်နှင့်ပတ်သက်၍ မောင်ထွန်းခင် (လိုပြ-၂) က အောက်ပါ အတိုင်းထွက်ဆိုလေသည်။

ထို့ကြောင့် ကျွန်တော်နှင့် မောင်ကုလားတို့သည် တရားခံ ချစ်ဆင့် အိမ်သို့တန်း၍လိုက်ကြပါသည်။ ကျွန်တော်က နောက်ကဖြစ်ပါသည်။ လမ်း၌ မောင်ချစ်ဆင့်ကို မတွေ့ရပါ။ ချစ်ဆင့်အိမ်ရောက်သောအခါ ကိုကုလားက ချစ်ဆင့်ကို ခုံရှည်ပေါ်မှာ တွေ့တယ်။ သူ့ရှေ့တွင် အိပ်သွား တယ်ဟု ကိုကုလား ပြောပြတာသိရပါသည်။ ချစ်ဆင့် အိမ်ခေါင်းရင်းက

တံစက်မြိတ်အောက်တွင် မြေကြီးပေါ်ရှိ ခုံရှည်ပေါ်တွင် ချစ်ဆင့်အိပ်နေတာ မြင်ခဲ့ပါသည်ဟု ထွက်ဆိုသည်။

မောင်ချစ်ဆင့်၏ အိမ်သည် တစ်ထပ်မြေအိမ်ဖြစ်လေသည်။ ထို့ကြောင့် မောင်ကုလားနှင့် မောင်ထွန်းခင်တို့သည် မောင်ချစ်ဆင့် (တရားခံ) ၏ အမေ မရွှေညွန့်အား နှိုး၍ တိုင်တန်းလိုက်လေသည်။ မောင်ကုလားက မရွှေညွန့်အား 'ခင်ဗျားသား ချစ်ဆင့်က ကျုပ်သားကို ဓားနဲ့ခုတ်သွားတယ်' ဟု တိုင်တန်းလိုက်လေသည်။

ထို့နောက် ရွာခေါင်း ဦးဘိုးငြိမ်းအား သွား၍ နှိုးကြလေသည်။ ထိုစဉ်က ရွာခေါင်း ဦးဘိုးငြိမ်းအိမ်တွင် ရဲအုပ်ဦးဘရုံး (လိုပြ ၈) လည်း အိပ်နေသည်ကို တွေ့၍ နှိုးပြီးလျှင် ရွာခေါင်းနှင့် ရဲအုပ်ဦးဘရုံးတို့အား တိုင်တန်းလိုက်လေသည်။ ချစ်ဆင့်သည် သူ့သားကို ဓားနှင့် ထိုးသွားသည်ဟု မောင်ကုလားက တိုင်တန်းလိုက်၏။ ထို့နောက် ဇီးဖြူကုန်းသူကြီး ဦးအုံ့လူ (လိုပြ ၇) အားလည်း မောင်ချစ်ဆင့်က မောင်မောင်ကို ဓားနှင့်ထိုးသွားလို့ဟု တိုင်တန်းလေသည်။

ရွာခေါင်း ဦးဘိုးငြိမ်း၊ ရဲအုပ်ဦးဘရုန်း (လိုပြ ၈) သူကြီး ဦးအုံ့လူ (လိုပြ ၇)တို့သည်။ မောင်မောင်ရှိသော နေရာသို့လိုက်လာကြလေသည်။

အထက်တွင် ဖော်ပြသည့်အတိုင်း နံနက်လင်းအားကြီး အရုဏ်တက်တုံးခေါက်ချိန်တွင် မောင်မောင်က သူ့အား ချစ်ဆင့်က ဓားနဲ့ထိုးသွားသည်ဟု အိမ်နီးချင်းဖြစ်သူ မောင်သာထွန်း (လိုပြ ၃) မောင်အောင်ညွန့် (လိုပြ၆) တို့သည် အရင်ကြား၍ မောင်မောင်အနီးသို့ ရှေးဦးရောက်လာသောသူများဖြစ်ကြလေသည်။ မောင်မောင်သည် သူ၏အိမ်ရှေ့ရှိ မီးဖိုချောင်လုပ်သော တဲကလေးထဲတွင် ဓားထိုးဒဏ်ရာနှင့် ခုတင်ကလေး တစ်ချပ်ပေါ်တွင် တွေ့ရလေသည်။ ၎င်းမီးဖိုချောင်လုပ်သော တဲကလေး၌အမိုးရှိသည်။ တောင်ဘက်က အကာရှိသည်။ ကျန်သုံးဘက်၌ အကာမရှိ ချေ။ မောင်သာထွန်း (လိုပြ၃) က မောင်မောင်အား 'မင်းကို ဘယ်သူထိုး တာတုန်း'ဟု မေးလေသည်။ မောင်မောင်က မောင်ချစ်ဆင့်ထိုးတယ်' ဟု ပြန်ပြောကြောင်း မောင်သာထွန်း၏ သက်သေခံချက်တွင် တွေ့ရှိရသည်။

သူကြီးဦးအုံ့လူ၊ ရဲအုပ် ဦးဘရုန်းတို့သည် မောင်မောင်အား မေးမြန်း

စစ်ဆေးကြ၏။ ဦးဘရှန်း (လိုပြ ၈) သက်သေခံချက်တွင် ငမောင် စကား ပြောနိုင်ပါသည်။ ကျွန်တော် ငမောင်အား စစ်ဆေးပါသည်။ ငမောင်က ပြောသည်မှာ ကင်းစောင့်က အပြန်တုံးလုံးလှဲနေစဉ် "ချစ်ဆင့်က ဓားနဲ့ ထိုးသွားတယ်"ဟု မောင်မောင်က ပြောသည်။ "သူကြီးဦးအုံ့လူ၊ ရွာခေါင်းနှင့် ရွာသူကြီးများရှိကြပါသည်"ဟု ပါရှိသည်။ ထို့ကြောင့် ဦးဘရှန်းသည် ထိုနေ့နံနက်တွင် တရားခံ မောင်ချစ်ဆင့်အား ဖမ်းဆီးလိုက်လေသည်။ ဖမ်းဆီးပြီးနောက် ချစ်ဆင့်အား မောင်မောင်၏အိမ်သို့ထားခဲ့ပြီးလျှင် ချစ်ဆင့် အိမ်သို့သွား၍ ချစ်ဆင့် အိပ်သည်ဟု ထွက်ဆိုသော ခုံရှည်နှင့် ခေါင်းရင်း ထရံတွင် ထိုးထားသောဓားချွန်၊ (သက်သေခံ အမှတ် ၂ နှင့် ၁) တို့အား သိမ်းဆည်းလိုက်လေသည်။ ရဲအုပ် ဦးဘရှန်း (လိုပြ ၈)သည် တရားခံ မောင်ချစ်ဆင့်အား ဖမ်းဆီးပြီးနောက် ဝင်မနားရဲဌာနသို့ ခေါ်သွားလေသည်။ ၎င်း သိမ်းဆည်းလိုက်သော ဓားချွန်နှင့် ခုံရှည်အား ယူမသွားကြ။ သူကြီး ဦးအုံ့လူထံတွင် အပ်ထားခဲ့၏။ ၎င်းရဲအုပ် ဦးဘရှန်း (လိုပြ ၈) ၏ သက်သေ ခံချက်တွင် "ထို့နောက် ပစ္စည်းများအား သူကြီးဦးအုံ့လူအား အပ်ထားခဲ့၍ ကျွန်တော်တို့သည် တရားခံ ချစ်ဆင့်အား ဝင်မနား ရဲဌာနသို့ခေါ်သွားပါ သည်"ဟု ပါရှိပါသည်။ အဘယ်ကြောင့် သိမ်းဆည်းလိုက်သော ခုံရှည်နှင့် ဓားချွန်တို့အား ယူမသွားဘဲ သူကြီးထံတွင် အပ်ထားခဲ့ကြောင်း အကြောင်းပြ ချက် သက်သေခံချက်တွင် မတွေ့ရချေ။ ဦးဘရှန်းက အောက်ပါအတိုင်း ထွက်ဆိုထားသည်ကို တွေ့ရ၏။

"ချစ်ဆင့်အား ငမောင်အိမ်၌ထားခဲ့ပြီး၊ ကျွန်တော်တို့သည် ချစ်ဆင့် အိမ်သွား၍ ရှာကြပါသည်။ ပစ္စည်းရှာရာတွင် တရားခံကို ခေါ်သွားရမှန်း မသိ၍ ကျွန်တော်ခေါ်မသွားပါ။ ခုံရှည်မှာသွေးတွေ့ပါသည်။ ချစ်ဆင့် အိမ်အောက်က ၎င်းခုံရှည်ကို သိမ်းပါသည်။ ဓားကို ထရံထိုးထားရာမှ သိမ်းပါသည်။ သစ်သားစသည် ၎င်းခုံရှည် ခေါင်းရင်းပိုင်း ခြေထောက်အား လွှနှင့် ဖြတ်သိမ်းလာသော သစ်သားစဖြစ်ပါသည်။ ၎င်းသစ်သားစပေါ်တွင် သွေးစက်တွေ့ရ၍ သိမ်းဆည်းထားပါသည်။ ရှာဖွေပုံစံအား နောက်မှ လုပ်နိုင် ပါသည်။ သက်သေ ခုတင်၊ သစ်သားစနှင့် ဓားဦးချွန်တို့အား သူကြီးဦးအုံ့လူ အားအပ်လိုက်ပါသည်။ ထို့နောက် ပစ္စည်းများအား သူကြီး ဦးအုံ့လူအား

အပ်ထားခဲ့၍ ကျွန်တော်သည် တရားခံ ချစ်ဆင့်အား ဝန်မနား ရဲဌာနသို့ ခေါ်သွားပါသည်”

ကံဇိတရွာသည် ကနီမြို့နှင့် (၆) မိုင်ခန့်ဝေးလေသည်။ မောင်မောင်အား ဗိုက်ပေါ်ရှိ ဓားဒဏ်ရာအား အဝတ်နှင့် စီးပေးကြပြီးနောက် ထမ်းစင်နှင့် တင်၍ ချင်းတွင်းမြစ်ဆိပ်သို့ သယ်ပြီးလျှင် လှေနှင့် ကနီမြို့သို့ စုန်ဆင်းသွားကြလေသည်။ နံနက် ၈း၀၀ နာရီခန့်အချိန်တွင် ကနီမြို့သို့ရောက်၏။ ကနီမြို့သို့ရောက်သောအခါ မောင်မောင်သည် သတိရသည်။ ထို့ကြောင့် ထိုနေ့ (၃–၃–၆၂) နံနက် ၉ နာရီအချိန်ခန့်တွင် ကနီရဲဌာန၌ မောင်မောင်က သက်သေခံအမှတ် (က) ပြထားသောတိုင်ချက်အား တိုင်တန်း၍ မောင်မောင်ကိုယ်တိုင် လက်မှတ်ရေးထိုးသည်ကို ကနီ ရဲစာရေးမောင်ဘသိန်း (လိုပြ ၁၂) က ရေးယူလိုက်လေသည်။ ၎င်းတိုင်တန်းချက်တွင် ....

“ယခုနှစ် တပို့တွဲလဆုတ် ၁၂ ရက်နေ့ နံနက် ၄ နာရီ အချိန်တွင် ရွာနေ ဦးဘချစ်နှင့် ကင်းကျ၍ တာဝန်ပြီးသဖြင့် နေအိမ်ပြန်လာပြီး အိမ်ရှေ့တဲအတွင်း ခုတင်ပေါ်တွင် ထိုင်နေစဉ် ရွာနေ ချစ်ဆင့် လာ၍ ဘယ်တုန်းဟု ကျွန်တော်က မေးရာ ချစ်ဆင့်က ဘာမှမပြောဘဲ လက်တွင်ပါသော ဓားချွန်ဟုထင်ရသည့် ဓားနှင့် ကျွန်တော်အား ညာဘက်ဝမ်းဗိုက်ဘေးတွင် ထိုးပြီး ထွက်ပြေးပါသည် ...” ဟု ပါရှိသည်။

ကနီမြို့ဆေးရုံ၌ မောင်မောင်အား ဆရာဝန် ဘာတာချာရျီ (လိုပြ ၁၀) သည် ကြည့်ရှုပြီး၍ ဒဏ်ရာကြီးသောကြောင့် မုံရွာဆေးရုံကြီးသို့ အပို့ခိုင်းလေသည်။ ထိုနေ့က ကနီမြို့ မြို့နယ်ရာဇဝတ် တရားသူကြီး (မြို့အုပ်) သည် မြို့၌မရှိ၊ တောသွားနေလေသည်။ ထို့ကြောင့် ကနီမြို့မှ မုံရွာမြို့သို့ ပို့ရာ မြစ်နဖူးတွင် မောင်မောင်အား ဒဏ်ရာများပတ်တီးနှင့် စည်းပြီးနောက် လှေဆိပ်၌ထား၏။ ရဲအုပ်ဦးအောင်ဖေ၏ တောင်းပန်ချက်အရ၊ ကနီမြို့ မီးသတ်ဥက္ကဋ္ဌ ဦးသန်းမောင် (လိုပြ ၉) သည် မောင်မောင်အား မေးမြန်းပြီးနောက် မောင်မောင်၏ အစစ်ခံချက်အား သက်သေခံအမှတ် (ဃ)တွင် ရေးမှတ်ယူထားလိုက်လေသည်။ ၎င်းသက်သေခံအမှတ် (ဃ) တွင် ...

“၁၃၂၃ ခု တပို့တွဲလဆုတ် ၁၂ ရက်နေ့ နံနက် ၄ နာရီအချိန် ကျွန်တော်၏ နေအိမ်တောင်ဘက်မီးဖိုနှင့်ဆက်လျက် ခုတင်ပေါ်၌ ထိုင်နေစဉ်

တစ်ရွာတည်းနေ မောင်ချစ်ဆင့်သည် ကျွန်တော်၏ နေအိမ် တောင်ဘက် တံခါးပေါက်မှ ဝင်လာပြီး ဘာမှပြောဆိုခြင်း မရှိဘဲ၊ ၎င်းယူဆောင်လာသော ဓားဖြင့် ကျွန်တော်၏ လက်ယာဘက် နံစောင်းတွင် တစ်ချက်ထိုး၍ လာလမ်း အတိုင်း ပြန်ထွက်ပြေးပါသည်။ ဓားဖြင့် ထိုးလျှင်ထိုးချခြင်း ကျွန်တော်က မောင်ချစ်ဆင့် ဓားနှင့် ထိုးပါပြီဟု ... (၃) ခွန်းလောက် အော်သောအခါ အမိ မချစ်ညွှန့်နှင့် အိမ်နီးချင်း မောင်ဒေါင်းညွှန့်တို့လာရောက်ပြီး မကြာမီ ရွာခေါင်း ဦးဘိုးငြိမ်းနှင့် ရဲအုပ်ဦးဘရုံးသို့ ရောက်ရှိလာ၍ သူကြီးအားခေါ်ယူ တိုင်တန်းခဲ့ပြီး ကနီသို့ ဆေးရုံတက်ရန်နှင့် ရဲဌာနသို့တိုင်တန်းရန် စေလွှတ် ပို့၍ တိုင်ပြောရပါသည်" ဟု ပါရှိသည်။

မောင်မောင်သည် မုံရွာမြို့ဆေးရုံသို့လည်းကောင်း ၃–၄–၆၂ ညနေ ၅ နာရီခွဲအချိန်ခန့်တွင်ရောက်ရှိလာလေသည်။ ရောက်ရှိသောအခါ မောင်မောင်၏အခြေအနေသည် ဆိုးနေ၍ ကိုယ်အပူရှိန်သည် အားကြီးနေ လေပြီ။ နောက်တစ်ရက်တွင် သွေးရူးသွေးတန်းဖြစ် လာသည်။ ထို့ကြောင့် မုံရွာမြို့၌ မောင်မောင်၏အစစ်ခံချက်အား ရေးမှတ်ယူရန် တရားသူကြီး တစ်ဦးအား အကြောင်းမကြားနိုင်ချေ။

ဆရာဝန် ဦးကြည်လင်း (လိုပြ ၁၁) ၏ သက်သေခံချက်အရ မောင်မောင်၏ကိုယ်ပေါ်တွင် ဗိုက်၏ညာဘက် နံရိုးများ၏အောက် ၂ လက်မခန့်တွင် ဓားထိုးဒဏ်ရာ တစ်ချက်ပါလာသည်။ ၎င်းဒဏ်ရာသည် ၃ လက်မရှည်လျား၍ လက်မဝက်ကျယ်ပြန့်သည်။ ၎င်းဒဏ်ရာသည် ဗိုက်ခေါင်းအား ဖောက်ဝင်ပြီးအထဲရှိ အူသိမ်ကလေးများအား ထိပြီး ဒဏ်ရာ အပေါက်မှ အူသိမ်ကလေးများအပြင်ပသို့ ထွက်လာစေသော ဒဏ်ရာဖြစ် သည်၊ ၎င်းဒဏ်ရာသည် ဓားမြောင်ကဲ့သို့ချွန်ထက်သော လက်နက်နှင့်ထိုးက ဖြစ်နိုင်သည် ဖြစ်တတ်သော သဘာဝသဘောတရားအရ၊ သေစေသော ဒဏ်ရာဖြစ်လေသည်ဟု ဆရာဝန်၏သက်သေခံချက်တွင်တွေ့ရသည်။

ဤအမှုအား အခင်းဖြစ်ပြီးနောက် (၃) ရက်ခန့်ရှိသောအခါ ရွာခေါင်းဦးဘိုးငြိမ်းထံမှ သက်သေခံပစ္စည်းများအား ရဲဌာနပိုင် ဦးဘရှင် (လိုပြ ၁၃)က သိမ်းယူရာသွားလေသည်။ ဦးဘငြိမ်း (လိုပြ) က "ပစ္စည်း သိမ်း"ရာတွင် ကျွန်တော်မပါ၊ ရဲအုပ် ဦးဘရန်းက ကျွန်တော့်ထံသို့ ပစ္စည်း

သိမ်းယူပြီးနောက် သက်သေခံ ခုံတန်းလျားနှင့် ဓားကိုအပ်ထားပါသည်။ နောက် (၃) ရက်လောက်နေတော့ ဌာနာပိုင် ဦးဘရှင် လာ၍ ယူသွားပါသည်"ဟု ထွက်ဆိုသည်။ အဘယ်ကြောင့် ၎င်းပစ္စည်းများ ရွာခေါင်းလက်တွင် သိမ်းပြီးနောက် (၃) ရက်ခန့်ထားရသည်တို့ကို သက်သေခံချက်တွင် အကြောင်းပြချက် မပေါ်ပေါက်ချေ။

သက်သေခံ ဓားချွန်နှင့် သွေးစွန်းပါသည်ဆိုသော သက်သေခံ ခုံရှည်၏ ခေါင်းရင်းတိုင်အားဖြတ်ပြီး၊ ဓာတုဗေဒဝန်မင်းရုံးသို့ပို့လိုက် သည်။ ဓာတုဗေဒအစီရင်ခံစာသည် သက်သေခံအမှတ် (င)ဖြစ်၏။ ၎င်း အစီရင်ခံစာအရ ဓားချွန်နှင့် ခုံရှည်မှဖြတ်၍ပို့သော သစ်သားစပေါ်တွင် သွေးစွန်း သွေးစ မတွေ့ရချေ။

အထက်ပါ သက်သေခံချက်အား ထောက်ထား၍ တရားခံ မောင်ချစ်ဆင့်အား ရာဇသတ်ပုဒ်မ ၃၀၂ (၁)(ခ) အရစွဲချက်တင်လိုက်သည်။ မောင်ချစ်ဆင့်က သူ၏သက်သေအဖြစ်အစစ်ခံ၍ သက်သေမောင်ဦး၊ မောင်ထွန်းရင်နှင့် ၎င်း၏အစ်ကို မောင်ချစ်လွန်း (ခံပြ၂–၃–၄) တို့ အား စစ်ဆေးသည်။ မောင်ချစ်ဆင့်က အခင်းဖြစ်ပွားသည့်အချိန်က သူသည် သူ၏တစ်ထပ်အိမ်ထဲ၌ သက်သေခံတန်းလျားပေါ်တွင် အိပ်နေပါသည်။ အိမ်ထဲ၌ သူ၏အမေ မရွှေညွန့်နှင့်အတူ မောင်ချစ်လွန်း (ခံပြ ၄) တို့လည်း အိပ်နေလျှက်ရှိပါသည်ဟု ထွက်ဆိုသည်။ အမေဖြစ်သူ မရွှေညွန့်အား သက်သေစာရင်းတွင် မပါပါ။ မကျန်းမာ၍ သက်သေမပြဟု အကြောင်းပြသည်။ မရွှေညွန့် မကျန်းမာပါဟု မောင်ချစ်လွန်း (ခံပြ ၄) ၏ သက်သေခံချက် တွင်တွေ့ရသည်။ သို့သော် အခြားသက်သေများ၏ ထွက်ဆိုချက်တွင် ဤကဲ့သို့မပါချေ။ ကျင်ဟုတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁) တို့၏ စီရင်ထုံးအား လေ့လာကြည့်ပါသည်။ ဤအမှုတွင်ဖြစ်ပျက်သော အဖြစ်အပျက်များ နှင့် ကျင်ဟုတ်အမှုတွင်ဖြစ်ပျက်သော အဖြစ်အပျက်များ မတူကြချေ။ ဤအမှုတွင် သေသူနှင့်တရားခံတို့သည် တစ်ရွာတည်းနေ အိမ်နီးနားချင်းဖြစ်ကြသည်။ အခင်းဖြစ်ချိန်သည် နံနက် အရုဏ်တက်တုံးခေါက်ချိန်ဖြစ်သဖြင့် အလင်းရောင်ရှိသည်။ ထို့ကြောင့်အိမ်နီးနားချင်း ဖြစ်သူ တရားခံ ချစ်ဆင့်အား သေသူ မောင်မောင်သည် ကောင်းစွာ မြင်နိုင်သည်။ ထို့ပြင်

မောင်မောင်နှင့် မောင်ချစ်ဆင့်တို့ အရင်အထက် က ရန်ညှိုးရန်စရှိကြောင်း မပေါ်ပေါက်ချေ။ ထို့ကြောင့် မောင်မောင်သည် မောင်ချစ်ဆင့်အား မဟုတ်မတရား စွပ်စွဲရန် အကြောင်းမရှိ။

မောင်ကုလားနှင့် မောင်ထွန်းခင် (လိုပြ ၁–၂)တို့၏ သက်သေခံများအား မယုံနိုင်စရာ အကြောင်းမရှိချေ။ မောင်ကုလားနှင့် မောင်ထွန်းခင်တို့သည် မောင်မောင်၏အသံကိုကြားလျှင်ကြားခြင်း မောင်ချစ်ဆင့်အိမ်ဘက်သို့ တစ်ခါတည်းစွတ်၍လိုက်သွားခြင်းသည် အခင်းဖြစ်သည့်အကြိမ်မဟုတ်သော ပထမအကြိမ်က မောင်ကုလားသည် သူ့အိမ်အနီးသို့ ချစ်ဆင့်လာသည်ကို မြင်ရသောအခါ ချစ်ဆင့်သည် နောက်သို့တုန့်ပြန်ပြီး၊ အနောက်ဘက်ရှိ သူ့အိမ်ကိုလှည့်ပြန် ပြေးသည်ကို ပထမတွေ့လိုက်ရသောကြောင့် စွတ်၍ ချက်ချင်းတောက် လျှောက်လိုက်သွားခြင်းဖြစ်သည်ဟု ယူဆရန် အကြောင်းရှိသည်။

မြေတိုင်းစာရေး၏ သက်သေခံချက်အရ၊ ချစ်ဆင့်၏အိမ်နှင့် မောင်မောင်၏အိမ်တို့သည် ၃၁၅ ပေသာ ကွာလေသည်။ (ဤအမှုတွင် ချစ်ဆင့် အိမ်နှင့် မောင်မောင်၏အိမ် အကွာအဝေးအရေးကြီးသည်။ ထို့ကြောင့် ၎င်းအကွာအဝေးအား သိလို၍ မြေပုံကြည့်သောအခါ မြေပုံသက်သေခံ ပါမလာ၍ မြေတိုင်းစာရေးအား မြေပုံပြုလုပ်ရန် သက်သေများအားလုံးစစ်ပြီးမှ ခိုင်းရသည်။ ဤအမှုတွဲ၏ နေ့စဉ်မှတ်တမ်း၊ရက်စွဲ၊ ၂၈–၁၁–၆၂ တွင် ဖော်ပြထားပါသည်။)

မြေတိုင်း စာရေးသည် မြေပုံတင်ပြသောအခါ ၎င်းတင်ပြသောပုံ (သက်သေခံ အမှတ် (စ)တွင် ရုံးကသိလိုသော နေရာတရားခံ ချစ်ဆင့်၏ အိမ်ဖော်ပြထားခြင်း မတွေ့ရချေ။ မောင်ကုလားသည် ရုံးတွင်သက်သေခံပြီးမှ မြေတိုင်းစာရေးသွား၍ မြေပုံပြုလုပ်ခြင်းဖြစ်သည်။ မြေတိုင်းစာရေး ဦးအောင်ရ (လိုပြ ၁၅) ၏ သက်သေခံချက်တွင် ချစ်ဆင့်၏အိမ်သားမောင်ကုလားက လိုက်မပြဟုသော်လည်းကောင်း၊ မည်သူမျှလိုက်မပြဟုသော်လည်းကောင်း ထွက်ဆိုသည်မှာယုတ္တိမရှိပါ။အဘယ်ကြောင့်ဆိုသော်၎င်း၏သက်သေခံချက်တွင် ဦးကုလားအိမ်နှင့် တရားခံချစ်ဆင့်၏အိမ်ကို ပေကြိုးဆွဲကြည့်ပါသည်။ ပေ ၃၁၅ ပေ ဝေးသည် ဟု မှတ်မိပါသည်ဟု ပါရှိသောကြောင့်ဖြစ်လေသည်။

ဤအမှုတွင် တရားခံပညာရှိ လွှတ်တော်ရှေ့နေကြီးလျှောက်လဲ *သကဲ့သို့ (Mistaken Identity) ခေါ် လူမှား၍ တရားခံအား ဓားနှင့်* ထိုးသူဟု စွပ်စွဲခြင်းဖြစ်သလားဟူသော ပြဿနာအား ပြောဆိုရန်အထက် တွင်ဖော်ပြခဲ့သောသက်သေခံချက်များအရလူမှားသည်ဟုယူဆရန်အကြောင်း မပေါ်ပေါက်ချေ။ သေသူ မောင်မောင်အား အခင်းဖြစ်သည့် နံနက်အရဏ် တက်တုံးခေါက်ချိန်တွင် မောင်မောင်သည် ကင်းဝတ္တရားမှ ပြန်လာပြီးနောက် သူ၏အိမ်ရှေ့ရှိ မီးဖိုပြုလုပ်သော တဲကလေး၏ တစ်ဖက်တွင် မောင်မောင် အား ဓားနှင့်ဝင်ထိုး သူသည်၊ တရားခံ မောင်ချစ်ဆင့်ဖြစ်ကြောင်း လုံလောက် သော သက်သေခံချက်ရှိသည်ဟု ဤရုံးက ယူဆပါသည်။

## အပြစ်ထင်ရှား စီရင်ချက်နှင့်ပြစ်ဒဏ်

ဦးတက်ရာ၏သား မောင်ချစ်ဆင့်သည် ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ခ)အရ လူသတ်မှု ကျူးလွန်သည့် မောင်ချစ်ဆင့်သည် သေဒဏ်ခံစေ အမိန့် ချမှတ်လိုက်သည်။

သေဒဏ်အမိန့်စီရင်ချက် ချမှတ်သည့်အချိန်မှာပင် ထိုအပြစ်ဒဏ် ကို ယူရမည့် တရားခံ မောင်ချစ်ဆင့်အား ၎င်း၏အဆုံးအဖြတ်ကို မကျေနပ် က တရားရုံးချုပ်သို့ (၇) ရက်အတွင်း အယူခံဝင်နိုင်ကြောင်းကိုလည်း အသိ ပေးပြောကြားလေသည်။ မောင်ချစ်ဆင့်၏အသက်မှာ ၁၈ နှစ်သာရှိသေး သောကြောင့် စီရင်ချက် မိတ္တူတစ်စောင်ကို တရားရေးဌာနအတွင်းဝန်ထံသို့ ပို့ရန်နှင့် သေဒဏ်အတည်ပြုရန် စောဒကမှုအတွက် အမှုတွဲအား ရန်ကုန်မြို့ တရားရုံးချုပ် အယူခံဘက်ဆိုင်ရာ အတွင်းဝန်ထံ တစ်စောင်ပို့ရန်ကိုပါ ညွှန်ကြားလေသည်။

သေဒဏ်အမိန့်ချမှတ်ခြင်းခံရသော မောင်ချစ်ဆင့်ကိုလည်း မုံရွာ အချုပ်ထောင်မှတစ်ဆင့် မြင်းခြံ အကျဉ်းထောင်သို့အချိန်မီပို့ပေးရန် ညွှန်ကြား လိုက်ရသည်။

ဤသို့ဖြင့် မူလရုံး အထူးတရားသူကြီး အခန်းကဏ္ဍသည် ပြီးဆုံး ခဲ့ရသည်။

(၆)

အကျဉ်းထောင်များတွင် အယူခံလွှာရေးပေးသည့် အကျဉ်းထောင်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက တာဝန်ယူရသည်။ အယူခံလွှာ တင်သွင်းရန် အပြစ်ဒဏ်ကျခံသူတို့က တောင်းဆိုလာသည့်အခါ ထိုတာဝန်ယူထားရသူ အရာရှိသည်၊ စီရင်ချက်တွင် ဖော်ပြထားသည့် အမှုကြောင်းခြင်းရာများကို ဖတ်ရှုလေ့လာရသည်။ ထိုအမိန့်စီရင်ချက်တွင် ပျော့ကွက်များ ဟာကွက်များကို လေ့လာပြီးနောက် အပြစ်ဒဏ်ကျခံရသူနှင့် တွေ့ဆုံ၍ အမှုအခြေအနေကို ၎င်းတရားရုံး၌ စစ်ဆေးသည့်အချိန်အခါက တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များတွင် မည်သို့သော အခြေအနေရှိသည်ကို ဆွေးနွေးရသည်။ ထိုသို့ ဆွေးနွေးပြီးမှ အယူခံလွှာရေးသည်။

သေဒဏ်ကျခံရန် အမိန့်ချမှတ်ခြင်းခံရသော တရားခံ၏ အယူခံလွှာကို အကျဉ်းထောင်ပိုင်ဝန်မှ တစ်ဆင့် တင်သွင်းသည့်အခါကာလ စည်းကမ်းသတ်အတွင်းကျရောက်ခြင်း၊ ၁၉၆၄ ခုနှစ်၊ အထူးတရားသူကြီးများ အက်ဥပဒေ ပုဒ်မ ၆ (၂) အရ ဝင်ခွင့်ရှိသည်။ မောင်ချစ်ဆင့် မြင်းခြံအကျဉ်းထောင်မှတစ်ဆင့် တင်သွင်းခွင့်ပြုသော အယူခံလွှာသည် တရားရုံးချုပ်မှ စည်းကမ်းနှင့် ညီညွတ်၍ လက်ခံပြီးဖြစ်သောကြောင့် အယူခံမှု အမှတ်မှာ ၉၁၊ ၆၃ ဖြစ်လေသည်။

၁၉၄၆ ခုနှစ်၊ အထူးတရားသူကြီးများ အက်ဥပဒေပုဒ်မ ၆ (၁)နှင့် ပူးတွဲ၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၇၄ အရ အတည်ပြုရန် တင်သွင်းသည့် စာဒကမှု အမှတ်မှာ ၇၊ ၆၃ ဖြစ်လေသည်။

အကျဉ်းထောင်မှတစ်ဆင့် မောင်ချစ်ဆင့်တင်သွင်းသည့် အယူခံလွှာ၌ ဖော်ပြထားသည့် ချေပချက်များနှင့် အယူခံလွှာပုံစံမှာ။ ထောင်ပုံစံ အမှတ် ၈၉။

အကျဉ်းသား အယူခံလွှာ၊

မြန်မာနိုင်ငံတရားရုံးချုပ် ရန်ကုန်မြို့။

၁၉၆၃ ခု၊ ရာဇဝတ် အယူခံအမှတ်၁၊၆ ၃။

သေဒဏ်အကျဉ်းသားအမှတ် ၅၃၁၄/စီ။ မောင်ချစ်ဆင့် (ဘ) ဦးတက်ရန်၊ မြင်းခြံမြို့။

| | | |
|---|---|---|
| ဗဟိုအကျဉ်းထောင် | ... | အယူခံတရားလို။ |
| မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ | ... | အယူခံတရားခံ |
| အပြစ်ပေးရုံး | ... | အထူးတရားသူကြီး<br>မုံရွာမြို့။ |
| အမှုအမှတ် | ... | ၈/၆၅ |
| အပြစ်ပေးနေ့စွဲ | ... | ၂၆-၂-၆၃ |
| ပုဒ်မ | ... | ရာဇသတ် ၃၀၂(၁)(ခ) |
| အပြစ်ဒဏ် | ... | သေဒဏ် |

(၁) ကျွန်တော်သည် မုံရွာခရိုင်၊ ကနီမြို့နယ်၊ ကံဇီတရွာမှ ဦးတက်ရန်၊ ဒေါ်ရွှေညွန့်တို့၏သားဖြစ်ပါသည်။

(၂) ကျွန်တော်၏ အမှုသွား အမှုလာကို ပညာရှိမင်းများ စဉ်းစားဝေဖန်ဆုံးဖြတ်နိုင်ရန် အစီရင်ခံရသော်၊ ကျွန်တော်သည် ၁၃၂၃ ခုနှစ် တပို့တွဲလဆုတ် ၁၁ ရက်နေ့ညတွင် ကျွန်တော်အိမ်၌ အိပ်နေပါသည်။ ၎င်းနေ့ည နံနက်ပိုင်းလင်းအားကြီးအချိန်တွင် ကျွန်တော်ထံသို့ ကျွန်တော်တို့ရွာမှ ကာလသားခေါင်း မောင်ဦးအဖွဲ့နှင့် ရဲသား မောင်သိန်းအောင်တို့ လာရောက်၍ မောင်မောင်အား ဓားနှင့်ထိုးသည်ဟုပြောပြီး ဖမ်းဆီးကြပါသည်။ ကျွန်တော့်အား ဖမ်းဆီးစဉ် သက်သေခံ ပစ္စည်းတစ်စုံတစ်ရာမျှ တွေ့ရှိသိမ်းဆည်းနိုင်ခြင်းမရှိပါ။

(၃) ကျွန်တော်သည် မောင်မောင်အား ယခုကဲ့သို့ ရက်စက်စွာ သတ်နိုင်လောက်အောင် မည်သည့်ရန်ငြိုး တစ်စုံတစ်ရာမျှမရှိခဲ့ပါ။ မောင်မောင်သည် တစ်ရွာတည်းနေ မနီနှင့် သမီးရည်းစားဖြစ်နေသည် ဟု သိရပါသည်။ ၎င်းအား သတ်ခြင်းသည် ရည်းစားအတွက်နှင့် သတ်ခြင်းဟု ထင်မြင်ယူဆကြရာ၊ ကျွန်တော်နှင့် မနီမှာ လူငယ်ချင်း ဘာဝ ချစ်ကြိုက်ခြင်း မရှိသည့်အပြင်၊ ရပ်ရွာသူ ရွာသားအနေဖြင့် တစ်ယောက်နှင့်တစ်ယောက် သိရုံမျှသာရှိပါသည်။ သက်သေဖြစ်သူ မနီကလည်း ရုံးတော်တွင် တရားခံဖြစ်သူ ကျွန်တော်နှင့် ရင်းနှီးစွာ ဆက်ဆံဖူးခြင်းမရှိဘဲ၊ ရပ်သူရွာသား အနေနှင့် သိရုံမျှသာသိရှိပါသည်ဟု ထွက်ဆိုသွားသဖြင့် ရည်းစားအတွက်ကြောင့်

သတ်ခြင်းဟု ထင်မြင်ယူဆရန် ခဲယဉ်းလှပါသည်။

(၄) ကိုကုလား၏ထွက်ဆိုချက်ကို ကြည့်ရှုမည်ဆိုပါက နံနက်ကြီး တုံးခေါက်ချိန်တွင် ၎င်းတို့၏ အိမ်ဝိုင်းအနီးသို့ ကျွန်တော်လာသည်ကို မြင်ကြောင်း ထွက်ဆိုထားသည့်အပြင် ကျွန်တော်က ၎င်းကိုမြင်၍ နောက်သို့ဆုတ်သွားကြောင်း မြင်ပါသည်ဟု ထွက်ဆိုပါသည်။ ယခုကဲ့သို့ မြင်ပြီးနောက် ကိုကုလားသည် ကိုထွန်းခင်၏ အိမ်သို့သွားရောက်ကြောင်း ထွက်ဆိုရာ ကျွန်တော်အား အကယ်၍ မယုံသင်္ကာရှိပါက မိမိအိမ်ကို ပစ်ထားခဲ့ပြီး၊ သူတစ်ပါးအိမ်သို့သွားရောက်မနေသင့်ပါ။ ယခုကိစ္စတွင် ကျွန်တော့်အပေါ် အမှုဆင်ခြင်းမှာ ထင်ရှားလှပါသည်။ ၎င်းပြင် ကျွန်တော်အား ၎င်းတို့အိမ်အနီး ရွာလမ်းမပေါ်တွင် မြင်ရသည်ဟု ထွက်ဆိုရာ၊ မြင်ရသောအချိန်ကို ကြည့်မည်ဆိုပါက လင်းအားကြီး တုံးခေါက်ချိန်ဟု ပါရှိရာ၊ တုံးခေါက်ချိန်သည် နံနက် (၄) နာရီမှာသာ တုံးခေါက်သဖြင့် တပို့တွဲလဆုတ် (၁၁) ရက် နေ့ညအချိန်တွင် လရောင်များရှိသောအချိန် မဟုတ်သဖြင့် မည်သူမည်ဝါဟူ၍ ခွဲခြားသိရှိနိုင်မည်မဟုတ်ပါ။

(၅) သေသူကိုယ်တိုင်ပင် ခွဲခြား၍ မြင်နိုင်လောက်သော အချိန်မဟုတ်သဖြင့် ကျွန်တော်က ၎င်းအား ဓားနှင့်ထိုးသည်ဟု ထွက်ဆိုနိုင်ခြင်းမှာ ယုတ္တိမရှိပါ။ ကျွန်တော်က ၎င်းအား ဓားနှင့်ထိုးကြောင်း အော်သံကြားသည်ဟုတွက်ဆိုသော တရားလိုပြသက်သေများကို ကြည့်ရှုမည်ဆိုပါက၊ ကိုကုလား – မချစ်ညွန့်သည် သေသူ၏မိဘများဖြစ်၍ ကိုသာထွန်းသည် ၎င်း၏ဦးကြီးဖြစ်ပြီး၊ ကိုထွန်းခင်သည် ၎င်း၏ဦးလေးတော်စပ်၍ မောင်ဒေါင်းညွန့်မှာ အစ်ကိုတော်ပါသည်။ ၎င်းတို့အိမ်နှင့် နီးကပ်စွာရှိသော၊ ၎င်းတို့နှင့် ဆွေမျိုးမတော်သော အိမ်နီးနားချင်းများရှိရာ ထိုအိမ်နီးနားချင်းများက သေသူ၏ အော်သံမကြားရခြင်းမှာ ထူးခြားချက်တစ်ရပ်ဟု ယူဆသင့်ပါသည်။

(၆) သေသူသည် ဒဏ်ရာကြီးကျယ်ခြင်းမရှိဘဲ၊ ဆေးရုံသို့ အလျင်အမြန်မရောက်သဖြင့် မသေသင့်ဘဲနှင့် သေရခြင်းဖြစ်ပါသည်။ ၎င်းအား ဓားထိုးခံရသော်လည်း မသေခင်တစ်ချိန်လုံး သတိကောင်းစွာရထားသူ ဖြစ်၍ မိဘများ၊ ဦးလေးကြီးများ၏ သင်ပြထားသော စကားများကိုသာ ထွက်ဆိုခြင်းဖြစ်ပါသည်။

(၇) ကျွန်တော့်အိမ်မှ သိမ်းဆည်းသွားသော ပစ္စည်းများကို ဓာတုဗေဒရုံးသို့ တင်ရာ ၎င်းမှသွေးစသွေးနများ မတွေ့ကြောင်းပြန် ကြားပါသည်။ ထို့အတွက် ယခုအမှုတွင် သက်သေခံ အထောက်အထား ခိုင်လုံစွာ မရှိပါသဖြင့် သံသယ၏အကျိုးကျေးဇူးကို ခံစားပေးသနားသင့်ပါသည်။

(၈) ကျွန်တော်၏ နောက်မှ တစ်ပါတည်းကပ်လိုက်လာကြသော ကိုထွန်းခင်နှင့် ကိုကုလားတို့သည် အတူတကွလိုက်လာကြသည်ဟု ထွက်ဆိုသူများဖြစ်ပါ၍ ကိုကုလားသာ ကျွန်တော့်ကို မြင်ပြီး ကိုထွန်းခင်က ကျွန်တော်ကို မမြင်ရခြင်းမှာ ဆီလျော်ခြင်း မရှိလှပါသဖြင့် ကျွန်တော့်အား တမင်သက်သက် ဆင်သောအမှုဖြစ်နေပါသောကြောင့် ပညာရှိသော အရှင်ဘုရားသည် ယခု အမှုအားစဉ်းစား ဝေဖန်ထောက်ရှု၍ အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားအသနားခံအပ်ပါသည်။

အထက်ပါ မောင်ချစ်ဆင့်၏ အယူခံလွှာကို ၁၉၆၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် မြင်းခြံ အကျဉ်းထောင်ထောင်ပိုင်ဝန်ရှေ့၌ လက်မှတ်ရေးထိုးပြီး မောင်ချစ်ဆင့်အား သေဒဏ်အမိန့်ချမှတ်ခဲ့သော မူလအထူး တရားသူကြီးရုံးသို့ ထိုနေ့မှာပင် အယူခံလွှာတင်သွင်းကြောင်း အကြောင်းကြားသည်။

မောင်ချစ်ဆင့်က ၎င်းအပေါ် ချမှတ်ထားသော အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တင်သွင်းသည့် အယူခံလွှာတွင် ၎င်း အပေါ်စွဲဆိုသောအမှုမှာ တမင်လည်ဆယ်၍ စွဲဆိုခြင်းသာဖြစ်ကြောင်း ထုချေထားသည်ကို တွေ့ရှိရပေသည်။

တရားရုံးချုပ်သို့ အယူခံရောက်ရှိလာသည့်အခါ အယူခံဘက်ဆိုင်ရာ အတွင်းဝန်က ကာလစည်းကမ်းသတ်အတွင်း၊ ကျရောက်ခြင်း ရှိမရှိ စစ်ဆေးပြီး ကာလစည်းကမ်းသတ် အတွင်းကျရောက်၍ အယူခံဝင်ခွင့်အတွက် အဆုံးအဖြတ် ခံယူရန် တရားသူကြီးတစ်ဦးထံ တင်ပြရလေသည်။ မောင်ချစ်ဆင့် အယူခံလွှာမှာ ကာလစည်းကမ်းသတ် အတွင်းကျရောက်၍ တရားသူကြီးထံ တင်ပြရာ အယူခံဝင်ခွင့်ပြုပြီး ရုံးတော်များလက်စွဲ စာပိုဒ် ၄၅၇ (၅) အရ အယူခံတရားသို့ မောင်ချစ်ဆင့်အတွက် အစိုးရစရိတ်နှင့် လွှတ်တော်ရှေ့နေတစ်ဦးငှားပေးရန် ညွှန်ကြားသည်။

မောင်ချစ်ဆင့်၏ အယူခံမှုကို တရားသူကြီး ဦးစောဘသိန်းနှင့် ဦးထွန်းတင်တို့ နှစ်ဦးထိုင်သည့် အယူခံခုံရုံးမှ ကြားနာသည်။ အယူခံတရားလို မောင်ချစ်ဆင့်အတွက် လွှတ်တော်ရှေ့နေကြီး ဦးမွန်စံလှိုင်က လိုက်ပါဆောင်ရွက်၍ အစိုးရရှေ့နေကြီးအဖြစ် ဦးဘဖေက လိုက်ပါဆောင်ရွက်သည်။ ရှေ့နေကြီးနှစ်ဦးသည် အမှုတွင်ပေါ်ပေါက်လာသည့် အကြောင်းခြင်းရာများအပေါ် ဝေဖန်သုံးသပ်၍ ဥပဒေ အကိုးအကားပြ၍ လျှောက်လဲချက်များပေးကြသည်။ နှစ်ဖက် ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာပြီး ၁၉၆၃ ခုနှစ်၊ မေလ ၂၅ရက်နေ့ တွင် အယူခံခုံရုံးမှ အယူခံတရားလို မောင်ချစ်ဆင့် အယူခံတရားခံ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမှုကို အမိန့်စီရင်ချက်ချမှတ်လေသည်။

အယူခံခုံရုံး၏ စီရင်ချက်မှာ –

ဤအမှုတွင် သေသူမောင်မောင်က မသေမီ ရဲဌာနသို့ ကိုယ်တိုင်တိုင်ကြားသဖြင့် အယူခံတရားလို မောင်ချစ်ဆင့်သည် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ (၁)အရ ဤအမှုမှ လုံး၀ လွတ်ငြိမ်းချမ်းသာခွင့်မရနိုင်၊ ဤအမှုတွင်ပေါ်လွင်သည့် သက်သေ အစစ်ခံချက်တို့ကို ဖတ်ရှုသည့်အခါ သေသူမောင်မောင်က မသေမီ ၎င်းအား အယူခံတရားလို မောင်ချစ်ဆင့်က ဓားဖြင့်ထိုးသည်ဟု ပြောကြောင်း သက်သေခံချက်များရှိသည်ကို တွေ့ရ၏။ သေသူမောင်မောင်၏ ဖခင်ဖြစ်သူ မောင်ကုလား (လိုပြ ၁)သည် မောင်မောင် အော်သံကို မကြားမီ အယူခံတရားလို မောင်ချစ်ဆင့်သည် ၎င်းအိမ်သို့ လာသည်ကို တွေ့ရသဖြင့် လိုက်ကြည့်သည့်အခါ အယူခံတရားလိုသည် ၎င်း၏ အိမ်ဘက်သို့ ပြန်သွားသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ၎င်းသည် မောင်ထွန်းခင်၏ မီးဖိုဌ စကားပြောနေကြစဉ် မောင်မောင်၏ အော်သံကြား၍ လိုက်သည့်အခါ ၎င်းက အယူခံတရားလိုသည် သူ့အိမ်ရှေ့ တံစက်မြိတ်အောက်တွင်ရှိသော ခုံပေါ်သို့ လှဲအိပ်လိုက်သည်ကိုမြင် လိုက်၏။ ထို့နောက် ၎င်းသည် အယူခံတရားလို၏ မိခင်ကို ခေါ်၍ ၎င်း၏သား မောင်ချစ်ဆင့်သည် မောင်မောင်ကို ဓားဖြင့်ထိုးကြောင်း တိုင်ကြားလိုက်၏။

မောင်ထွန်းခင် (လိုပြ – ၂) ကလည်း သေသူမောင်မောင်က

၎င်းအား မောင်ချစ်ဆင့် ဓားနှင့်ထိုးကြောင်း အော်သည်ကို ကြားလိုက်ရသည် ဟုထွက်ဆို၏။ ထို့နောက် ၎င်းက မောင်ကုလားနောက်သို့ ပြေးလိုက်ရာ မောင်ချစ်ဆင့်သည် မိမိအိမ်ရှေ့ခုံရှည်ပေါ်တွင် အိပ်နေသည်ကို မြင်လိုက်၏။ ထို့နောက် မောင်ကုလားသည် မောင်ချစ်ဆင့်၏ မိခင်အား ၎င်း၏သား မောင်ချစ်ဆင့်သည် မောင်မောင်အား ဓားနှင့်ထိုးသွားကြောင့် တိုင်တန်း သည်ဟုထွက်ဆို၏။ ထိုကြောင့် မောင်မောင်အား အယူခံတရားလို မောင်ချစ်ဆင့်က ဓားနှင့်ထိုး၍ ထွက်ပြေးသွားသည်မှာ မှန်ကန်သည်ဟု ယူဆရန်ဖြစ်၏။

ထိုအချိန်သည် နံနက် ၄ နာရီ ၅ နာရီအချိန်ဖြစ်၍ လနှင့် ကြယ်အလင်းရောင်ရှိသဖြင့် မောင်မောင်သည် ၎င်းအားဓားဖြင့် ထိုးသောသူကို မြင်နိုင်မည်ဖြစ်၏။ အယူခံ တရားလို ပညာရှိ ရှေ့နေကြီးက ဆရာဝန်၏ အစစ်ခံချက်ကို အကြောင်းပြု၍ မောင်မောင်သည် ၎င်းအားဓားဖြင့်ထိုးသော သူကို မမြင်နိုင်ဟု လျှောက်လဲ၏။ သို့သော် မောင်မောင်၏ ဖခင် မောင်ကုလားက အယူခံတရားလိုသည် ခုံရှည်ပေါ်တွင် လှဲ၍ အိပ်လိုက်သည်ကို တွေ့ရသည်ဟု ထွက်ဆိုသဖြင့် အယူခံတရားလိုသည် မောင်မောင် အား ဓားဖြင့်ထိုးခြင်း မပြုဟု ယူဆရန် မဖြစ်နိုင်ချေ။

အထူးသဖြင့် သေသူ မောင်မောင်နှင့် ၎င်း၏ဖခင်တို့ သည် အယူခံတရားလိုပေါ် မဟုတ်မမှန် ကြံဖန်လီဆယ်၍ ဤမျှ လောက် ကြီးလေးသောပြစ်မှုဖြင့် စွပ်ဆိုရန် အကြောင်းမရှိသော ကြောင့်ဖြစ်၏။ ၎င်းက သေသူအား ဓားဖြင့်မထိုးဟု ထုချေ၏။ သက်သေပြသော်လည်း ၎င်း၏ ထုချေချက်၏ ခိုင်လုံခြင်းမရှိ သဖြင့် ပယ်ရန်သာဖြစ်၏။ သို့ဖြစ်သောကြောင့် ၎င်း၏အယူခံကို ပယ်ရချေမည်။ သို့သော် ၎င်းသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၁ (၃) အရ အပြစ်ဒဏ်လျှော့ပေါ့သော အကျိုးကျေးဇူးကို ခံစားခွင့်ရှိသဖြင့်၊ ၎င်းအပေါ် အောက်ရုံးမှချမှတ်သော သေဒဏ် အပြစ်ကိုပယ်ဖျက်ပြီး ၎င်းအပြစ်ဒဏ်အစား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ်ကို ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

မောင်ချစ်ဆင့်မှာ အယူခံလွှာ အပယ်ခံရသော်လည်း၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အပြစ်ဒဏ်လျှော့ပေါ့သည့် အကျိုးကျေးဇူးကို ခံစားခွင့်ရရှိခြင်းဖြစ်ပေသည်။ မောင်ချစ်ဆင့်၏ တရားရုံးအဆင့်ဆင့်တက်ရောက်ခဲ့သော လမ်းမှာ ဤတွင် ပြီးဆုံးရလေသည်။

သေမင်းကိုတော့ ရှောင်ကွင်းနိုင်သည်။ ထောင်ဒဏ် (၁၀) နှစ်ကိုတော့ သူခံရပေသည်။

အမှုတစ်ခုဖြစ်လာလျှင် မည်သို့ဆောင်ရွက်သည်ဆိုသော အချက်ကို ခြုံ၍ ကြည့်ကြဦးစို့။ မောင်ချစ်ဆင့်က မောင်မောင်အား ဓားနှင့်ထိုး၍ သေဆုံးမှုဖြစ်ခဲ့သည်။

ထိုအမှုကို တရားရုံးစွဲတင်ပို့နိုင်ရန်၊ ရဲအဖွဲ့မှ ပထမတာဝန်ယူဆောင်ရွက်ရသည်။

ဒုတိယအပိုင်းမှာ ရဲအဖွဲ့မှ တရားစွဲတင်ပို့သော တရားရုံးမှ တရားလိုသက်သေ၊တရားခံပြသက်သေနှင့်အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာကို ကြားနာပြီး အပြစ်ပေးသင့် မပေးသင့်၊ ပေးလျှင် မည်သည့်အပြစ်ပေးသည်၊ မခိုင်လုံ၍ လွှတ်လျှင် မည်သည့်အကြောင်းများကြောင့်လွှတ်သည် ဆိုခြင်းကို ဆုံးဖြတ်ရသည်။

တတိယပိုင်းမှာ သေဒဏ်ချမှတ်ခံရသော မောင်ချစ်ဆင့်က မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရောက်၍ အယူခံခုံရုံးမှာ ကြားနာပြီးဆုံးဖြတ်ခဲ့သဖြင့် ဤအမှုကို အဆုံးသတ်ခဲ့လေသည်။

မောင်မောင်ကို ဓားနှင့်ထိုးသတ်ခဲ့သော မောင်ချစ်ဆင့်၏ အမှုမှာ ဤတွင်အပြီးသတ်ခဲ့လေပြီ။ ဤအမှုကို ပြန်လည်ပေါင်းရုံးကြည့်လျှင် ဤအမှုဖြစ်ရသည်မှာ အပျို လူပျိုတို့ သဘာဝ ရည်းစားလုကြရာမှဖြစ်သည်ဟု ဆိုရချေမည်။ ကာမတဏှာကို အကြောင်းပြု၍ ဖြစ်ရသော အမှုများသည် ဤနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီး၌ လည်းဖြစ်ကြလေသည်။ ကာမဘီလူးများ ဝင်ကပ်လာသည့်အခါတွင် အမှန်ကို မမြင် လမ်းမှားကို ပို့ဆောင်ရန်သာ တိုက်တွန်းနှိုးဆော်သည်။ ဤလိုပြစ်မှုမျိုး မဖြစ်ရလေအောင် ကြိုတင်တားဆီးသင့်ကြပေသည်။

ကာမတဏှာအကြောင်းရင်းခံ၍ဖြစ်ရသော ပြစ်မှုမျိုး ကျူးလွန်မိကြ

သူများသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် လူယဉ်ကျေးတို့ လက်ခံကျင့်သုံးကြသည့် အိမ်ထောင်မှုစနစ်ကို နားမလည်ခြင်းပင်ဖြစ်သည်။ လူရယ်လို့ဖြစ်ပေါ်လာပုံ မ, ဆက်ဆံရေးကို မလွန်ဆန်နိုင်ကြသူများသည် အိမ်ထောင်ဘက်ကိုရှာကြသည်။ မိမိရှာဖွေတွေ့ခဲ့သော အမျိုးသမီးက မိမိ၏အချစ်ကို လက်မခံသည့်အခါ ထိုအမျိုးသမီးကို ရှောင်၍ အခြားတစ်ဦး ရှာဖွေရမည့်အစား၊ မရမနေ ကြိုးစားမည်။ နောက်ဆုံး မရမက အချစ်အန္တရာယ်ပေးသည်အထိ စဉ်းစားလာကြသည်။ ဤစိတ်မျိုး မွေးမြူလာခြင်းသည် အခြားသူတစ်ယောက်၏ ကိုယ်ပိုင်အခွင့်အရေးကို ထိပါးရုံမက မိမိဘဝကိုလည်း ထိခိုက်ပျက်စီးစေသည်။

ဤပြစ်မှုမျိုးမဖြစ်ရန် တားဆီးရန်မှာ ထိုသူ၏ပတ်ဝန်းကျင်ပင်ဖြစ်သည်။ ဤလိုပြစ်မှုမျိုး ကျူးလွန်ရန်အကြောင်းပေါ်ပေါက်နေသည်ကို သိလျှင် ထိုသူ၏အိမ်ထောင်စုက အမှန်ကိုဖြစ်ရန် ဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်သည်။ ထိုသူလွဲမှားစွာ ယူဆနေသော အယူအဆကို အခြားနည်းလမ်းတစ်ခုဖြင့် အာရုံပြောင်းလွဲပစ်နိုင်ရမည်။ ကာမစိတ်မွှန်နေသူကလည်း မိမိပေါင်းသင်းဆက်ဆံနေသည့် အပေါင်းအသင်း ပတ်ဝန်းကျင်ကို သတိထား၍ပေါင်းသင်းရမည်။ မြှောက်ထိုးပင့်ကော်ပြုလုပ်ပေးမည့် အပေါင်းအသင်းကို ဝေးဝေးမှရှောင်ကြဉ်၍ နည်းလမ်းကောင်းကို ညွှန်ပြသော အပေါင်းအသင်းကို ပေါင်းသင်းရန် အထူးသတိပြုရမည်။ မကောင်းမှုဘက်သို့ ယိမ်းယိုင်နေသည့်အခါ မိမိချစ်ကြောက်ကြည်ညိုနေသူထံသို့ ချဉ်းကပ်ရမည်။ ထိုသူ၏ဩဝါဒကို နာယူရမည်။

ပတ်ဝန်းကျင်ကလည်းထိန်း၊ မိမိကိုယ်ကလည်း သတိတရားထား၍ ဆင်ခြင်ခြင်းဖြင့် ဤလိုပြစ်မှုမျိုးမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ရေးသားသတိပေးရပါသည်။

■

# မောင်လွန်းဖေနှင့် ဖြောင့်ချက်

(၁)

ရာဇဝတ်မှုကြီးများဖြစ်လာရသည့်အခါ အထူးသဖြင့် အမှုစစ်ရဲ့အရာရှိသည် တရားခံဟု စွပ်စွဲသူထံမှ ဖြောင့်ချက်ကို တရားဥပဒေနှင့်အညီ ရယူကြသည်။ ယင်းတရာခံပေးသည့် ဖြောင့်ချက်ကို ဥပဒေနှင့်အညီ ယူနိုင်သူမှာလည်း ရာဇဝတ်တရားသူကြီးများသာဖြစ်သည်ဟု ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆၃ နှင့် ၃၆၄ အရ ပေါ်လွင်လေသည်။

ဤနေရာတွင် ရာဇဝတ်တရားသူကြီးမဟုတ်သော လူကြီး ၂ ဦးရှေ့တွင် တရားခံဟု စွပ်စွဲခံရသူက ဥပဒေနှင့်အညီ ဖြောင့်ချက်ပေးပါက သက်သေခံဝင်သည်ဆိုသော ဥပဒေမျိုးလည်းရှိခဲ့ဖူးလေသည်။ ထိုဥပဒေမှာ ၁၉၅၈ ခု ပြင်ဆင်ချက် ဥပဒေ–၂၁။ ပုဒ်မ ၂ ဖြစ်သည်။ ယခုအခါ ထိုဥပဒေ ပြင်ဆင်ချက်ကို ဖျက်သိမ်းပြီးပြီဟု သိရလေသည်။ ထိုဥပဒေတည်ဆဲ ကာလအတွင်းက အင်းစိန်ခရိုင် ထောက်ကြံ့ ကိုယ်ရေပြားရောဂါကုဆေးရုံမှ တရုတ်လူမျိုး ကိုကျင်ငါးသတ်မှုတွင် ရဲဌာနအတွင်း၌ တရားခံမောင်တင်ကြည်နှင့် မောင်ကြည် (ကိုယ်ရေပြားရောဂါသည်) တို့က လူကြီးနှစ်ဦးရှေ့တွင် ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုနှင့် စပ်လျဉ်း၍ မည်သို့ကျူးလွန်ခဲ့သည်ကို ဖြောင့်ချက်ပေးကြသည်။ ရုံးရှေ့သို့ရောက်သည့်အခါ ရဲက နှိပ်စက်ညှဉ်းပန်း၍ပေးရပါသည်ဟု ထွက်ဆို၍ ဖြောင့်ချက်ကို ရုပ်သိမ်းကြသော်လည်း၊

၎င်းတို့ပေးသော ဖြောင့်ချက်ပါအချက်များကို အထောက်အထားပြုထားသည့်၊ ထွက်ချက်များရှိနေသောကြောင့် အင်းစိန်မြို့ အထူးတရားသူကြီး (စက်ရှင်)ရုံးမှ ရာဇသတ်ကြီးပုဒ်မ ၃၉၆(က)အရ သေဒဏ်ပေးခဲ့ဖူးလေသည်။

ဖြောင့်ချက်သည် ပြစ်မှုတစ်ခုတွင် အရေးကြီးသော သက်သေခံချက်တစ်ခုဖြစ်လေသည်။ တရားခံဟု စွပ်စွဲခံရသူမှာ ၎င်းပေးသည့် ဖြောင့်ချက်ပါ အချက်အလက်များနှင့်ပင် ၎င်းအမှုတွင် အသုံးပြုနိုင်သည်။ ဖြောင့်ချက်ပေးသည်ဆိုခြင်းကို ဥပမာတင်စား၍ပြောရသော် 'ကိုယ့်လည်းပင်ကိုယ်ကြိုးကွင်းစွပ်ခြင်း' ပင်ဖြစ်သည်ဟုဆိုရမည်။ ဖြောင့်ချက်ကြောင့် တရားခံအဖို့ ကောင်းကျိုးထက် ဆိုးကျိုးက ပိုလာနိုင်သည်။

ပြစ်မှုတစ်ခုဖြစ်လာလျှင် ထိုပြစ်မှုကို ကျူးလွန်မိသူက ဤပြစ်မှုကို ကျွန်တော် ဘယ်ပုံဘယ်နည်း ကျူးလွန်မိပါသည်ဟု ထုတ်ဖော် ဝန်ခံခြင်းမျိုးသည် စဉ်းစားဖွယ်ရာဖြစ်ပေသည်။ ဖြောင့်ချက်ပေးခြင်းနှင့်ပတ်သက်၍ သတိထားမိသည်မှာ မိမိပေးသောဖြောင့်ချက်သည် မိမိအပေါ်၌ သက်သေခံအဖြစ် အသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။

တရားရုံးများ၌ တွေ့ကြုံရသော ဗဟုသုတအရဆိုလျှင် ပြစ်မှုတစ်ခုတွင် တရားခံဟု စွပ်စွဲခံရသူက တရားသူကြီးထံတွင် ဖြောင့်ချက်ပေးထားခဲ့သော်လည်း အမှုကြားနာစစ်ဆေးသည့် တရားရုံးသို့ရောက်လာသည့်အခါ ထိုဖြောင့်ချက်ပေးရသည်မှာ ရဲက နှိပ်စက်ညှဉ်းပန်းသောကြောင့် ပေးရပါသည်။ သင်ပေးသည့်အတိုင်း ပြောရပါသည်။ ဖြောင့်ချက်မပေးလျှင် ရဲက ထပ်မံနှိပ်စက်ညှဉ်းပန်းဦးမည်ကို ကြောက်ရွံ့သောကြောင့် ပေးရပါသည် စသည်ဖြင့် ပေးပြီးသော ဖြောင့်ချက်များကို ပြန်လည်ရုပ်သိမ်းကြသည်။

သို့သော် တရားရုံးမှ တရားခံက ပြန်လည်ရုပ်သိမ်းသော်လည်း ၎င်းကိုယ်တိုင်ပေးခဲ့သော ဖြောင့်ချက်ထဲတွင်ပါရှိသော ထွက်ဆိုချက်ထဲများထဲမှ၊ အခြားထောက်ခံထွက်ဆိုထားသည့် သက်သေခံချက်များ သက်သေခံအထောက်အထားများကို စဉ်းစားဆင်ခြင်သုံးသပ်၍ အဆုံးအဖြတ်ပြုကြသည်ကို လေ့လာတွေ့ရှိရလေသည်။

ဖြောင့်ချက်ပေးခြင်းနှင့် ပတ်သက်၍ ဆက်လက်တင်ပြလိုသည်မှာ

ဖြောင့်ချက်ပေးသည့်အချိန်တွင် တရားခံမှာ ရဲလက်တွင်း၌ပင် ရှိသေးသည်။ အကျဉ်းထောင်သို့မရောက်သေး၊ ရဲမှတစ်ဆင့်သာ တရားရုံးပို့၍ တရားခံက ဖြောင့်ချက်ပေးလိုပါသည်ဟု တရားသူကြီးအား တင်ပြမှ တရားသူကြီးက သက်သေများရှေ့တွင် ဥပဒေနှင့်အညီတရားခံအား ဖြောင့်ချက်ပေးရန် ရဲကနှိပ်စက်ညှဉ်းပန်းခြင်း ရှိ မရှိ ဖြောင့်ချက်ပေးသူ ကိုယ်တွင် ဒဏ်ရာ ဒဏ်ချက်ရှိမရှိ တရားခံအားဖြောင့်ချက်ပေးလိုမှ ပေးနိုင်ကြောင်း ခြိမ်းခြောက်ခြင်း သက်သာစေမည်ဟု အကျိုးပြ၍ ပေးခိုင်းခြင်း စသောအချက်များကို မေးမြန်းပြီး တရားခံအား စဉ်းစားရန်အချိန်ပေးထားသေးသည်။ စဉ်းစားချိန်ပြည့်၍ ပြန်လည်ခေါ်၍ မေးမြန်းသည့်အခါ တရားခံက မိမိအလို အလျောက် ဖြောင့်ချက်ပေးလိုပါသည်ဟု ပြောမှ ဖြောင့်ချက်ကို ဥပဒေနှင့် အညီ ရေးမှတ်ယူခြင်းဖြစ်သည်။

ဤနေရာတွင် တစ်ချက် စဉ်းစားဖွယ်ရှိသည်မှာ တရားခံ ဖြောင့်ချက်ပေးပြီးနောက် ရဲလက်မှလွတ်ရာ အကျဉ်းထောင်သို့တန်းပို့သည်လည်း ရှိသလို ရဲလက်သို့ပြန်ရောက်သွားသည်များလည်းရှိလေသည်။

ဗမာပြည် ရဲအဖွဲ့မှ ရိုက်နှက်သည်၊ ရေလောင်းစစ်သည်၊ ကျင်စက်တို့ စစ်သည်၊ မြင်းလုံးနှင့် ဒူးရိုးပေါ်တွင် ဒဏ်ရာမပေါ်အောင် ရိုက်၍စစ်သည်၊ အဝတ်ပါးပါး ရေဆွတ်၍ မျက်နှာပေါ်အုပ်ချပြီး အပေါ်မှ ရေစက်ချပေးပြီး အသက်ရှူမရဘဲ မောပန်းလာသည့်အခါမှ စစ်ဆေးခြင်း၊ သဲအိတ်နှင့် ရိုက်၍ စစ်ဆေးခြင်းစသော သတင်းများသည် အားလုံးကြားဖူးနေကြသည့် သတင်းများဖြစ်ပေသည်။

ဤသို့ဆိုလျှင် ရဲထံတွင် ရှိနေခိုက် တရားခံဟု စွပ်စွဲခံရသူအား တရားသူကြီးထံတွင် ဖြောင့်ချက်ပေးရန် ရဲကိုယ်တိုင်က ခေါ်သွား၍ ပေးအပ်ပြီးခါမှ လွတ်ရာသို့ ရှောင်တိမ်းနေရစဉ် တရားခံဟု စွပ်စွဲခံရသူက ဖြောင့်ချက်ပေးခြင်းသည် စဉ်းစားဖွယ်ရာဖြစ်သည်ဟု ဆိုရချေမည်။

တည်ဆဲ ဥပဒေများအရ ဥပဒေတာဝန်ထမ်းဆောင်သူတို့က ဥပဒေနှင့်အညီဆောင်ရွက်ကြခြင်းဖြစ်၍ ပြောရန်အကြောင်းမပေါ်ပေါက်ပါ။ သို့သော် ယနေ့တရားစီရင်ရေး နယ်ပယ်တွင် တရားခံတို့ပေးသော ဖြောင့်ချက်နှင့် ပတ်သက်၍ အမှုစစ်ဆေးသည့်အခါ ဖြောင့်ချက်ပေးသူတို့၏

တင်ပြချက်နှင့် တရားရုံးမှ အဆုံးအဖြတ်ပေးပုံတို့ကို လေ့လာနိုင်ရန်အတွက်သာ ဖြစ်ပေသည်။ ဆက်လက်တင်ပြမည့် ဤမှုခင်း၌ပင် တရားခံဖြောင့်ဆိုချက်များနှင့် တရားရုံး၏အဆုံးအဖြတ်ကို လေ့လာနိုင်မည်ဖြစ်ပါသည်။

(၂)

ဤအမှုစတင်ဖြစ်ပွားခဲ့သည်မှာ ၁၉၅၉ ခု၊ မတ်လ ၃၀ ရက်နေ့ဖြစ်သည်။ ကော့မပျင်းရွာသည် မြိတ်ခရိုင် တနင်္သာရီမြို့၏ အရှေ့မြောက်မိုင် (၄၀) ခန့်အကွာတည်ရှိသည်။

မမြတင်နေမကောင်း၍ မိခင်မစိန်မှာ သမီးနားမှ ခွာမရအောင်ဖြစ်နေသည်။ သမီးငယ်ကလည်း မိခင်ကိုသာ တွယ်ကပ်နေ၍ ထမင်းချက်ချိန်ကျရောက်နေသော်လည်း ထမရအောင်ဖြစ်နေသဖြင့် မွေးစားသမီး မနီကိုခေါ်ကာ ...

"သမီးရေ ... ဆန်ဆေးပြီး ထမင်းအိုး တည်လိုက်ပါလား"

မိခင်၏ ခိုင်းစေချက်အရ မနီက ထမင်းအိုးတည်ရန် ဆန်ကိုစကောထဲထည့်၍ ပြာနေစဉ်၊ မစိန်၏ဖအေတူမအေကွဲ မောင်တော်စပ်သူလွန်းဖေရောက်လာပြီး ....

"ကလေးနေမကောင်းလို့ဆို မယ်စိန်"

"အေး ... ဟုတ်တယ်"

လွန်းဖေသည် အစ်မနားတွင် ဝင်ထိုင်၍ တူမ မမြတင်ကိုယ်ကိုစမ်းသပ်ကြည့်သည်။ မနီဆန်ပြာပြီး၍ ထမင်းအိုးတည်ရန် မီးမွှေးနေသည်။

"ပျောက်သွားမှာပါ၊ အခုတစ်လော နေကပူတော့ ကလေးတွေဖျားကြတယ်"

" မင်းတူမက အဖြစ်သည်းပါတယ်"

လွန်းဖေသည် အစ်မ မစိန်အိမ်၌ ကွမ်းတစ်ရာညက်ခန့် ထိုင်ပြီးနောက် ....

"ကျွန်တော် ကျောင်းခဏပြန်ဦးမယ်"

"အေး ... အေး ကျောင်းက ဆေးရှိရင် တောင်းခဲ့ပါလား"

"ဟုတ်ကဲ့ ... ကျွန်တော်မေးပြီး တောင်းခဲ့မယ်"

လွန်းဖေ ထပြန်သွားသည်။ မနီထမင်းအိုးလည်း မီးဖိုပေါ်သို့ ရောက်နေပြီဖြစ်သည်။

"ကျွန်မ ငရုတ်သီးကောက်သွားဦးမယ်"

"ထမင်းအိုးကျတော့ သွားပေါ့သမီးရယ် ... ခဏနေလိုက်ပါဦး"

မစိန်နှင့် မွေးစားသမီး မနီတို့ စကားပြောနေစဉ်မှာ လွန်းဖေပြန် ရောက်လာပြန်သည်။ လွန်းဖေရောက်ပြီးလို့ မကြာမီ အချိန်၌ပင် မဲရွှေနှင့် ကြီးရွှေတို့ရောက်လာကြသည်။ အိမ်ခေါင်းရင်းဘက်တွင်ရှိသော ပတ္တလားကို မဲရွှေနှင့် ကြီးရွှေတို့နှစ်ယောက်တီးပြီးမှ ထပြန်သွားကြလေသည်။ ၎င်းတို့ နှစ်ယောက်နှင့် မရှေးမနှောင်းဆိုသလိုပင် လွန်းဖေလည်း ထပြန်သွားလေ သည်။

"ထမင်းအိုးလည်းကျပြီ ... ငရုတ်သီးကောက်သွားမယ်"

မနီက ငရုတ်သီးကောက်သွားရန် ဆွဲခြင်းကို ဆွဲ၍ အိမ်ပေါ်မှ ဆင်းရန် ဟန်ပြင်နေစဉ် ...

"ဟဲ့ .... ကောင်မလေး လုံချည်ရင်ရှားကြီးနဲ့သွားမလို့လား"

"ငရုတ်သီးကောက်သွားတာပဲ"

မနီမှာ ပြောပြောဆိုဆို လုံချည်ရင်ရှားနှင့်ပင် ငရုတ်သီးကောက် ရန် ဆင်းသွားတော့သည်။ မနီငရုတ်သီးကောက်ရန်ဆင်းသွားချိန်မှာ နံနက် ၈ နာရီခန့်ရှိသည်။

မွေးစားသမီး မနီ ငရုတ်သီးကောက်ဆင်းသွားပြီးနောက် မစိန် တစ်ယောက်တည်း ချက်ပြုတ်နေသည်မှာ နံနက် ၁၀ နာရီခန့်ဖြစ်လာလေ သည်။

"မစိန် ... ထမင်းကျက်ပြီလားဟေ့"

ကော့မပျင်းရွာ အနောက်ဘက်ကမ်းတွင် တောခုတ်သွားရာမှ ပြန် ရောက်လာသည့် မစိန်ယောကျ်ား ကိုဘမော်က ခရီးရောက်မဆိုက် မေးလိုက် ခြင်းဖြစ်သည်။ ထမင်းနှင့်ဟင်းက အဆင်သင့်ကျက်ပြီးဖြစ်၍ မစိန်က ခူးခပ် ကျွေးလိုက်သည်။ ကိုဘမော် ထမင်းစားနေစဉ် ...

"မနီတစ်ယောက် မနက် ၈ နာရီလောက်တည်းက ငရုတ်သီး ကောက်သွားတာ အခုထိ ပြန်မရောက်သေးဘူး"

"ဒီကောင်မလေး ... ဘယ်များသွားနေသလဲ မသိဘူး ... အလကား လွှတ်တယ်ကွာ"

"သူက သွားချင်နေတာ"

ကိုဘမော်က ဆက်မပြောဘဲ ထမင်းကို ပြီးအောင်စားလိုက် သည်။ ကိုဘမော်ထမင်းစားပြီးချိန်၌ ဦးဘိုးတူးရောက်လာပြီး ....

"အတော်ပဲကွာ၊ ငါ့ ဆံပင်ညှပ်ပေးပါဦး"

ကိုဘမော်က ဦးဘိုးတူးဆံပင် ညှပ်ပေးနေစဉ် ဘုန်းကြီးကျောင်းသား ဘိုးကြည်ရောက်လာပြန်သည်။ ဘိုးကြည်ရောက်လာသည့်အကြောင်းမှာ အကြောင်းတစ်ခုခုကို မေးရန်နှင့်ပြောရန်အတွက် ဖြစ်သည်။ ဘိုးကြည်သည် မစိန်နားသို့သွား၍ ....

"မကြီး ... မနီအိမ်မှာရှိရဲ့လား"

"မရှိဘူးဟ ... ငရုတ်သီးကောက်သွားတာ အခုထိ ပြန်မလာသေးဘူး"

"ဒါဖြင့် ကျွန်တော် ကိုင်းတောထဲမှာ လဲနေတာ မြင်ခဲ့တာ မနီနဲ့တူတယ်"

ဘိုးကြည်၏စကားကြောင့် မစိန်နှင့်ကိုဘမော်၊ ဦးဘိုးတူးတို့ အံ့အားသင့်သွားကြသည်။

"မင်းသေသေချာချာ မြင်ခဲ့တာလား"

"ဟုတ်တယ် ... လုံချည်ရင်ရှားကြီးနဲ့"

မစိန်၏ပါးစပ်မှ ....

"ဟုတ်ပါပြီ ... အိမ်ကထွက်သွားထဲက လုံချည်ရင်ရှားနဲ့ ထွက်သွားတာ ကိုဘမော်"

ဘုန်းကြီးကျောင်းသား ဘိုးကြည်၏ သတင်းပေးချက်အရ ကိုဘမော်သည်၊ အဖော်များဖြစ်ကြသော ကိုဘိုးတူး၊ ကိုရွှေသွင်၊ ကိုဘထွန်းတို့နှင့်အတူ ကိုင်းတောသို့လိုက်သွားကြသည်။ ဘိုးကြည် တွေ့ခဲ့သည်ဆိုသော ကိုင်းတောမှာ ဘုန်းကြီးကျောင်းအလွန်တွင်ဖြစ်သည်။

"ဟုတ်တယ် ... ဦးဘိုးတူး၊ ဘယ်လိုဖြစ်ရတယ်တော့ မသိဘူး"

မနီ၏အလောင်းကိုတွေ့ရသည်။ မနီ၏လည်ပင်း၌ ဓားထိုးခံထား

ရသလား၊ သို့မဟုတ် ဓားနှင့် အခုတ်ခံထားရသလားဟု အတပ်မပြောနိုင်သည့်ဒဏ်ရာမှ သွေးများသည် ကိုယ်ပေါ်တွင်မက အောက်သို့ယိုစီးကျလျက်ရှိသည်။ ငယ်စဉ်ကပင် မွေးစားခဲ့သော်လည်း သမီးရင်းနှင့် မခြား ချစ်ခင်သည့်သမီး၏လည်ပင်း၌ မြင်မကောင်းသည့် ဒဏ်ရာဖြင့် သေဆုံးနေသည်ကို မြင်ရသော ကိုဘမော်မှာ ယူကျုံးမရဖြစ်သွားရလေသည်။

"ဘယ်လိုဖြစ်ရတာလဲ ... မနီရယ်"

ကိုဘမော်က ရင်နာလှသည့် လေသံနှင့်ပြောလိုက်သည်။

"ဒီအတိုင်းကြည့်နေလို့ ပြီးမှာ မဟုတ်ဘူး ဘမော်"

"ဘယ်လိုလုပ်ရမလဲ၊ ကြည့်လုပ်ကြပါဦး"

"ငါဒီကစောင့်နေမယ် ... မင်းသူကြီးကို သွားတိုင်"

ကိုဘမော်သည် သူကြီးကိုတိုင်ရန်ထွက်ခဲ့သည်။ မနီ၏ အလောင်းနား၌ ကိုဘိုးတူးတို့ လူစုသာ ကျန်ရစ်ခဲ့လေသည်။ သူကြီးထံ တိုင်ကြားသည့်အချိန်တွင်၊ မနီတစ်ယောက် ဓားဒဏ်ရာနှင့် ကိုင်းတောထဲမှာ သေနေသည်ဆိုသောသတင်းသည် တစ်ရွာလုံး သတင်းပျံ့သွားလေသည်။ ရွာသားများလည်း သူကြီးဦးစံနှင့်အတူ အလောင်းရှိရာသို့ရောက်လာကြသည်။

"ဟေ့ ... ဝိုင်းကြည့်နေလို့ ပြီးမှာ မဟုတ်ဘူး ... ဒီအနီးအနား လှေကြည့်စမ်း"

အဆင်သင့်ပင် မြစ်ချောင်းထဲ၌ လှေတစ်စီးဆိုက်ကပ်ထား သည်ကို တွေ့ရသောကြောင့် မနီ၏အလောင်းကို လှေပေါ်သို့တင် လိုက်ကြသည်။ မြစ်နှင့် ငရုတ်စိုက်ခင်းမှာ အလံ (၅၀) ခန့်ကွာဝေးလေသည်။

"ဒီကိစ္စသိတဲ့လူတစ်ယောက်ယောက်တော့ ရှိရမယ်။ ဟေ့ ဘယ်သူသိလဲကွ၊ သိတဲ့လူက ပြောစမ်းကွာ"

ဦးကြီး ဦးစံမေးသည့်အခါ မစိန်အိမ်မှ ပတ္တလားတီးပြီးပြန်သွားကြသည့် မဲရွှေနှင့်ကြီးရွှေတို့က သူတို့မြင်လိုက်ရကြောင်း ပြောပြကြသည်။

"မင်းတို့ဘယ်လိုမြင်တာလဲ၊ သေသေချာချာ မြင်မှပြောနော်"

"မြင်လို့ပြောတာပါ၊ မနက် (၈) နာရီလောက်က ကျွန်တော် အိမ်နဲ့ကျောင်းကြားမှာ လွှန်းဖေက ရှေ့က မနီကနောက်က သွားနေတာမြင်ရတယ်။ အဲဒီတုန်းက လွှန်းဖေလက်ထဲမှာ ဓားမြှောင်တစ်ချောင်းကိုင်ထားပြီး၊

မနီလက်ထဲမှာ ဆွဲခြင်းတစ်ခု ဆွဲထားတာတွေ့ရတယ်"

သူတို့နှစ်ဦးပြောချက်အရ သူကြီးဦးစဲသည်အသင့်ရှိနေသော လွန်းဖေကို ဖမ်းလိုက်သည်။ မနီအလောင်းနှင့် ဖမ်းထားသော လွန်းဖေကို လှေနှင့်တနင်္သာရီရဲဌာနသို့ သွားပို့ကြသည်မှာ အခင်းဖြစ်ပွားပြီး နောက်တစ်နေ့ နေ့လယ် (၁) နာရီခန့်မှာ တနင်္သာရီဆိပ်ကမ်းသို့ရောက်ကြလေသည်။ မနီအလောင်းနှင့် လွန်းဖေကိုလည်း တနင်္သာရီရဲဌာနသို့ပို့အပ်ရာ ကိုဘမော်က တရားလိုပြုလုပ်၍ ပထမ သတင်းပေးတိုင်တန်းချက်ပေးသည်။ ပထမသတင်းပေးတိုက်ချက်မှာ (ပ) ၁၉/ ၅၉ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြစ်သည်။

(၃)

လွန်းဖေသည် ဤလူသတ်မှုကို သူတကယ်ကျူးလွန်သည်၊ မကျူးလွန်သည်ကို စုံစမ်းရန် အမှုစစ်ဆေးရသည့် ရဲဌာနာအုပ်၏ တာဝန်ဖြစ်သည်။ မနီကို လွန်းဖေ သတ်ပါသည်ဆိုသော်လည်း သတ်ရာတွင် အသုံးပြုသည့် လက်နက်တစ်စုံတစ်ရာကို သူကြီးတို့ ရှာဖွေပေးအပ်ခြင်းမရှိ၊ တရားခံဟု စွပ်စွဲခံရသူနှင့် အလောင်းကိုသာ ရဲဌာနသို့ ပို့အပ်ခြင်းဖြစ်သည်။

ယင်းအမှုကို ပထမတွင် ဌာနာအုပ်ကိုယ်တိုင် စစ်ဆေးသော်လည်း နောက်ပိုင်းတွင် ဌာနာအုပ်ပြောင်းရွှေ့သွားရသောကြောင့် ခေတ္တယာယီ ဌာနာအုပ် ဦးတင်လှက ဆက်လက်၍ တာဝန်ယူဆောင်ရွက်ရသည်။ အမှုစစ်အရာရှိက သက်သေများအား စစ်ဆေးသည့်အခါ မနီကို လွန်းဖေသတ်သည်ဟုဆိုသော်လည်း၊ သတ်နေချိန်တွင် မျက်မြင်သက်သေ တစ်ဦးတစ်ယောက်မျှ မရှိကြ။ မနီနှင့် လွန်းဖေ အတူသွားသည်ကို မြင်လိုက်ကြသည်ဆိုသော် သက်သေသာရှိသည်။ သို့သော် စစ်ဆေးရာတွင် ပေါ်လာသည့် အချက်မှာ လွန်းဖေသတ်နိုင်သည်ဆိုသော အထောက်အထားများဖြစ်လေသည်။

သက်သေတို့၏ထွက်ချက်သည် ယင်းအမှု၌ လွန်းဖေတရားသူကြီးထံတွင် ပေးခဲ့သော ဖြောင့်ဆိုချက်ပါ အချက်များ ပေါင်းစပ်ရာတွင် အထောက်အကူဖြစ်သည်ဟု အမှုစစ်အရာရှိ၏ စစ်ဆေးမေးမြန်းချက်များတွင် ပေါ်လွင်လာပေသည်။

ဤအမှု၌ စဉ်းစားဝေဖန်ရန်အချက်သည် တရားခံဟု စွပ်စွဲခံရသော လွန်းဖေ၏ တရားသူကြီးထံပေးခဲ့သော ဖြောင့်ချက်ပင်ဖြစ်သည်။ လွန်းဖေ၏ ဖြောင့်ချက်သည် မနီအား သူဘာကြောင့် သတ်ရသည်ကို အစီအစဉ်အတိုင်း သို့မဟုတ် သူပြုမူခဲ့သည့်အတိုင်း ထွက်ဆိုထားခြင်းဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်ကို တရားခွင်၌စစ်ဆေးသည့်အခါ ပို၍ စိတ်ကို အလုပ်ပေးစရာဖြစ်လာရသည်။

အမှုစစ်အရာရှိ ဦးတင်လှသည် ဤအမှုတွင် လိုအပ်သော သက်သေများဖြစ်ကြသည့် ကော့မပျင်းရွာမှ (၁) မောင်ဘမော်၊ (၂) မစိန်၊ (၃) မောင်ဘိုးကြည်၊ (၄) မောင်မဲရွှေ၊ (၅) မောင်ကြီးရွှေ၊ (၆)ဦးစံ၊ (၇) မောင်ဘိုးတူး၊ (၈) မောင်ရွှေသင်း၊ (၉) မောင်ဘထွန်း၊ (၁၀) ဦးထွန်းအိ၊ ရဲဌာနာအုပ် တနသ်ာရီရဲဌာန၊ (၁၁) ဦးတင်လှရဲအုပ်၊ ခေတ္တရဲဌာနာအုပ် တနသ်ာရီတို့အား သက်သေစာရင်းတွင် ထည့်သွင်းပြီး စွဲချက်ပုံစံပြုလုပ်၍ ၁၉၅၉ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် မြိတ်မြို့ ပထမအထူးတရားသူကြီး (စက်ရှင်) ရုံးသို့ တရားစွဲတင်ပို့လေသည်။ ပထမ အထူးတရားသူကြီးထံမှ တစ်ဆင့်အမှုကို ဒုတိယအထူးတရားသူကြီး ဦးစိန်ထွန်းအား ယင်းအမှုကို လက်ခံစစ်ဆေးရန် လွှဲပြောင်းပေးသောကြောင့် ဒုတိယအထူးတရား တရားကြီးရုံးသို့ရောက်ရှိသည်။ ထိုအမှုမှာ မြိတ်မြို့ ဒုတိယတရားသူကြီးရုံး ၁၉၅၉ခု ရာဇသတ်ကြီးမှုအမှတ် (၉) ဖြစ်၍ တရားလို ကိုဘမော်နှင့် တရားခံ မောင်လွန်းဖေတို့ဖြစ်ကြသည်။

အမှုစွဲတင်ပို့သောနေ့တွင် တရားခံလွန်းဖေမှာ ကူးစက်တတ်သော ရောဂါဝေဒနာ စွဲကပ်နေသောကြောင့် ရုံးရှေ့သို့ခေါ်မလာနိုင်ပေ။ တရားခံလွန်းဖေမှာ ဖြောင့်ချက်ပေးထားသော တရားခံဖြစ်သော ၎င်းအား သီးခြားချုပ်ထားရန် တရားသူကြီးက ရမန်ပေးလိုက်သည်။

ကိုဘမော်နှင့် မောင်လွန်းဖေတို့ အမှုတွင်သက်သေတစ်ဦးဖြစ်သော မစိန် (ကိုဘမော်၏ဇနီး သေသူ မနီ၏ မွေးစားမိခင် တရားခံ လွန်းဖေနှင့် ဖအေတူ မအေကွဲ မောင်နှမ) သည် တရားလိုပြသက်သေစာရင်း၌ပါရှိသော်လည်း အမှုစစ်ဆေးသည့်အခါ တရားလိုသက်သေမဟုတ်ဘဲ၊ တရားခံပြသက်သေအဖြစ် အစစ်ခံသွားသည်ကို ဤအမှု၌ တွေ့ရှိရသည်။

ဤအမှု၌ အဓိကအရေးကြီးသော အချက်မှာ လွန်းဖေ၏ ဖြောင့်ချက်ပင်ဖြစ်သည်။ လွန်းဖေသည် အခင်းဖြစ်သည့်နောက်တစ်နေ့တွင် တနင်္သာရီရဲဌာနသို့ရောက်ရှိသွားသည်။ ရဲဌာနသို့ရောက်ပြီး၊ ဌာန၌ တရားခံအား (၂) ရက် ချုပ်ထားပြီးမှ ဧပြီလ ၂ ရက်နေ့တွင် ဖြောင့်ချက်ယူရန် မြို့နယ်ရာဇဝတ် တရားသူကြီးရုံးသို့ပေးပို့သည်။ တရားသူကြီးက ၁၉၂၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၈က ပြင်ဆင်ထားသည့်အတိုင်း ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ အရ ဖြောင့်ချက်ပေးမည့် တရားခံအား ဥပဒေနှင့်အညီဖြစ်စေရန် စစ်ဆေးကြည့်ရှုခြင်း၊ ဖြောင့်ဆိုချက်ပြုစေရန် ဖြားယောင်းသွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိထားခြင်း ပြုမပြုသိစေရန် မေးခွန်းများ မေးမြန်းပြီးနောက်၊ တရားခံသည် ၎င်းပေးလိုသည့် ဖြောင့်ချက်ကို အလိုအလျောက်ပေးသည်ဟု ယုံကြည်သောကြောင့် ရေးမှတ်ယူလေသည်။

မောင်လွန်းဖေ၏ ဖြောင့်ဆိုချက်မှာ ....

မေး – မင်းဖြောင့်ဆိုချက်ပေးပါ။

ဖြေ– လွန်ခဲ့သော ၂ နှစ်ခန့်က ကျွန်တော်နှင့် သေသူမနီတို့ သိကျွမ်း၍၊ မိတ်ဆွေဖြစ်ပါသည်။ ထို ၂ နှစ်အတွင်းမှပင် ကျွန်တော်က မနီအား ချစ်ကြိုက်ရန် မေတ္တာစာပေးပါသည်။ ကျွန်တော့်အား ကြိုက်ကြောင်း စာပြန်ပါသည်။

မေး – နောက်ကော ....

ဖြေ – နောက်တော့ ကွန်မြူနစ် မောင်စံခင်ဆိုသူနှင့် သမီးရည်းစားဖြစ်ကြောင်းသိရပါသည်။ ယခု ၁၃၂၀ ခုနှစ်၊ တပေါင်းလဆုတ် (၇) ရက်နေ့တွင် နံနက် (၈) နာရီအချိန်တွင် မနီကို ကော့မပျင်းရွာ ဘုန်းကြီးကျောင်းအနီးတွင် တွေ့ရှိ၍ ၎င်းထံသို့ ဘုန်းကြီးကျောင်းပေါ်မှ ဆင်းလိုက်သွားပါသည်။ ၎င်းအား "နင့်ပေးတဲ့စာ ဘယ်မှာ ထားသလဲ"ဟု မေးရာ ၎င်းက "ငါဆုတ်ပစ်ကုန်ပြီ"ဟု ပြောပါသည်။ ကျွန်တော်က နင်ငါ့စာကို ဆုတ်ပစ်တော့ နင်ငါ့ကိုမေတ္တာမရှိပြီလား ဟု မေးရာ ၎င်းက "မေတ္တာနည်းသွားပြီ၊ နင့်လိုလူမျိုး ငါရည်းစားထားမိတာမှားသွားတယ်" ဟု ပြောပါသည်။ ၎င်းက ဆက်လက်

၍ ၎င်းထံတွင် ရည်းစားရှိနေပြီ ကျွန်တော်က တခြားရည်းစားရှာယူတော့ ဟုပြောပါသည်။

မေး – နောက်ကော ...

ဖြေ – နောက် ကျွန်တော်က ၎င်းထံတွင် စံခင်ပေးထားသောစာရှိ သည်ဟု သိရ၍ စာကိုလိုက်လုရာ ကျွန်တော့် လက်တွင် ၎င်း၏ ချွေးခံ အင်္ကျီအတွင်းမှ စာပိုင်းဆုတ်ပြီး ပါလာပါသည်။ ၎င်းထံတွင် ကျန်ရစ်ခဲ့သော စာရွက် တစ်ပိုင်းကို ၎င်းက ပါးစပ်တွင် ဝါးချေလိုက်ပါသည်။

မေး – နောက်ကော ...

ဖြေ – ကျွန်တော့်လက်တွင် ပါလာသော စာရွက်စာပိုင်းကို ဆက် နေစဉ် မနီက အမှတ်တမဲ့ စာရွက်ကို လိုက်လုရာ စာရွက် ၂ ပိုင်းပြတ်သွားပြီး ၎င်းလက်တွင်ပါသွားပါသည်။ ၎င်းစာတွင် မောင်စံခင်က ၎င်းသည် တပေါင်းလတွင် ၎င်းသည်မရောက်လာရင် တန်ခူးလကုန်လောက်တွင် ရောက်လာမည်ဟု ဖတ်ရှုရပါသည်။ ၎င်းစာထဲတွင် "နင့်ရည်းစားက နင့်ကို ပစ်ထားပြီး မပစ်ပယ်လို့ရှိရင် နောက်တစ်ခါ ငါလာရင် နှစ်ယောက်စလုံး ဒုက္ခရောက်မည်"ဟု ဖတ်ရှုရပါသည်။ ကျွန်တော်က မနီအား "နင့်ငါ့ အပေါ်တွင် ချစ်မေတ္တာမရှိတော့ပြီလား" ဟု မေးရာ မနီကား နင့်အပေါ်တွင် ချစ်မေတ္တာမရှိပြီ၊ နင့်လိုလူမျိုးလည်း ငါ မလိုပြီ၊ နင့်ကို ငါယူသည်ကား ခွေးကို အမြီးဖြတ်ယူတာပဲ ကောင်းသေးတယ်'ဟု ပြောသဖြင့် ကျွန်တော် သည် စိတ်နာပြီး ၎င်း၏ လက်ကို ဆွဲလွဲရာ ၎င်းက ရုန်းကန်ပါသည်။ ရုန်းကန်သောအခါ ကျွန်တော့်တွင် ပါလာသော ဓားမြှောင် (အသွားအရှည် ၆ လက်မ) ဖြင့် မနီအား တအားစိုက်လိုက်ရာ ၎င်းလည်မျိုတွင် ထိပြီး လဲကျသွားပါသည်။

မေး – နောက်တော့ ...

ဖြေ – မနီလဲသွားသောအခါတွင် ဓားမြှောင်ကို ဆွဲထုတ်ပြီး ကိုင်းတော အတွင်းသို့ တအားလွှဲပစ်လိုက်ပါသည်။ လမ်းတွင် လက်တွင်သွေးပေနေ

သည်ကို ရေဖြင့်ဆေးပြီး ဘုန်းကြီးကျောင်းတွင် ပြန်လာပြီး ဆွမ်းချက်နေပါသည်။

မေး – နောက်တော့ ...
ဖြေ – ကျွန်တော့်အား အခင်းဖြစ်သည့်နေ့ (၆) နာရီအချိန် ကာကွယ်ရေးတပ်သားများက မယ်စိန်အိမ်တွင် ဖမ်းဆီးပြီး သူကြီး ဦးစဲအား အပ်ပေးပါသည်။ ဦးစဲက တနင်္သာရီ ရဲဌာနတွင် ၁–၄–၅၉ နေ့တွင် အပ်ပေးပါသည်။

မေး – နောက်ကော ဘယ်လိုပြောသေးသလဲ။
ဖြေ – နောက်ထပ် ဘာမျှမပြောလိုပါ။

လွန်းဖေ၏ဖြောင့်ချက်အရ ဆိုပါမူ မနီကို လွန်းဖေသတ်သည်မှာ အငြင်းပွားစရာမလို မနီကိုသာ ဘာကြောင့် သတ်ရသည်ဆိုခြင်းမှာ သူ၏ဖြောင့်ချက်၌ပင် ပေါ်လွင်ပြီးဖြစ်ပေသည်။ ထိုဖြောင့်ချက်ကို တရားလိုဘက်မှ တရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းလေသည်။

အမှုနှင့် စပ်ဆိုင်သည့် သက်သေများကို ဒုတိယအထူး တရားသူကြီးရုံးမှ စစ်ဆေးသည့်အခါ တရားလိုပြသက်သေအမှတ် (၁) ဖြစ်သော ကိုဘမောင်၏ ထွက်ချက်မှာ တောခုတ်ပြီး တစ်ဖက်ကမ်းမှ ပြန်လာ၍ ထမင်းစားသည်။ ထို့နောက် ဦးဘိုးတူးကို ဆံပင်ညှပ်ပေးနေစဉ် ဘုန်းကြီးကျောင်းသား မောင်ဘိုးကြည်ရောက်လာပြီး ကိုင်းတောထဲ၌ မနီအလောင်းတွေ့ခဲ့ရကြောင်း ပြော၍ ဦးဘိုးတူးအပြင် အခြားအဖော်များနှင့်အတူ ၎င်း၎ရုတ်ပင်များကို စိုက်ထားသည့် ကိုင်းတောသို့သွားကြည့်သည့်အခါ မနီအလောင်းကို တွေ့ရပုံနှင့် သူကြီး ဦးစဲ တိုင်၍ အလောင်းကို လှေနှင့်တင်ကာ တနင်္သာရီ မြို့သို့ပို့အပ်သည်။ ၎င်း ကိုယ်တိုင် တိုင်ချက်ပေးပုံများကို ထွက်ဆိုသွားလေသည်။

ဦးဂွမ်းရွှေ (လိုပြ –၂) မြို့နယ်ရာဇဝတ် တရားသူကြီး၏ ထွက်ချက်မှာ သူ့အထင် တရားခံလွန်းဖေသည် အလိုအလျောက် ဖြောင့်ချက်ပေးချင်သော ဆန္ဒအရ ဖြောင့်ချက်ပေးသည်ဟု ယုံကြည်သော ဖြောင့်ချက်ယူခဲ့သည်ဟု ထွက်ဆိုလေသည်။ ဦးထွန်းအိ (လိုပြ –၃) တနင်္သာရီ ရဲဌာနမှ ဌာနာအုပ်

၏ထွက်ဆိုချက်တွင် တရားခံလွန်းဖေ အားဖြောင့်ချက်ယူရန် တရားသူကြီး ထံသို့ နှစ်ကြိမ်ပို့ရသည့်အကြောင်း တစ်ကြိမ်ပို့၍ ဖြောင့်ချက်ယူခဲ့သည်ကို ထွက်ဆိုသည်။

မနီသေသည်ကို ရှေးဦးစွာ မြင်သည်ဆိုသော ဘုန်းကြီး ကျောင်း သား မောင်ဘိုးကြည်၏ထွက်ဆိုချက်တွင် ထိုနေ့နံနက် ၁၁ နာရီအချိန်တွင် ငှက်ပစ်ရန် မြစ်ဆိပ်သို့သွား၍ ကျောက်ခဲသွားကောက်ပြီး အပြန်တွင် ကိုင်းတောသို့ဝင်ပါသည်။ ငရုတ်ပင်နားတွင် မနီလဲ ကျနေသည်ကိုတွေ့၍ ပထမ ရွှေသွင်ကို ပြောပြသည်။ ထို့နောက် မစိန်အိမ်သို့သွားရောက်ပြောပြ သည့်အကြောင်း ထွက်ဆိုချက်သာရှိသည်။

မောင်ခဲရွှေ (လိုပြ– ၅) မောင်ကြီးရွှေ (လိုပြ – ၆) တို့၏ ထွက်ဆိုချက်မှာလည်း နံနက်ပိုင်းတွင် မနီနှင့်လွန်းဖေကို ဘုန်းကြီးကျောင်း နား၌ တွေ့လိုက်ရသည်။ လွန်းဖေ ခါးကြား၌ ဓားမြှောင်တွေ့သည်ဟု ထွက်ဆိုလေသည်။ အခြားသက်သေများ၏ ထွက်ချက်များမှာ လွန်းဖေက မနီကိုသတ်သည်ကို သည်လို မြင်တွေ့ရပါသည် ဆိုသော ထွက်ဆိုချက်များ မဟုတ်ဘဲ မနီ သေပြီးနောက်မှ သိရသော အကြောင်းများသာဖြစ်သည်။

တရားလိုပြသက်သေများ စစ်ဆေးပြီးနောက် ၁၉၅၉ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် အထူးတရားသူကြီးက လွန်းဖေအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ စွဲချက်တင်သည်။ တရားခံလွန်းဖေက မနီသေဆုံးမှုတွင် ၎င်း၌ အပြစ်မရှိကြောင်း ငြင်းဆိုသည်။ ၎င်းကိုယ်တိုင်လည်း တရားခံပြသက်သေ အဖြစ် ကျမ်းကျိန်အစစ်ခံမည်ဟု တင်ပြ၍ အခြားတရားခံပြ သက်သေများ အဖြစ် မစိန်၊ မောင်ညာဏ်ဦးသာ အေးကျင်တို့ကို တင်သွင်းလိုက်သည်။ တရားခံသက်သေ အမှတ်(၁) အဖြစ် အစစ်ခံသည့် လွန်းဖေ၏ အစစ်ခံချက် မှာ တရားသူကြီးထံတွင် သူပေးခဲ့သောဖြောင့်ချက်ကို ဤသို့ ငြင်းဆိုလေ သည်။

လွန်းဖေထွက်ဆိုချက်မှာ ...

၁၃၂၀ ခုနှစ်၊ တပေါင်းလဆုတ် (၇) ရက်နေ့က ကျွန်တော် အဖမ်းခံ ရပါသည်။ ကျွန်တော်တို့ရွာက မနီသေဆုံးသည့်အမှုနှင့် ပတ်သက်၍ အဖမ်းခံရခြင်းဖြစ်ပါသည်။ မနီသေဆုံးသော နံနက် (၆)နာရီလောက်မှ

ကျွန်တော်၊ ကျွန်တော်အစ်မ၊ မစိန်၏သမီး မမြတင် နေမကောင်းတာကို မေးရန် မစိန်တို့အိမ်သို့သွားပါသည်။ မစိန်တို့အိမ်တွင် ခဏနေပြီးတော့ ကျွန်တော် ဘုန်းကြီးကျောင်းသို့ ပြန်လာပါသည်။ ထို့နောက် ကျွန်တော် ကျောင်းမှာပဲ စာဖတ်နေပါသည်။ မစိန်တို့အိမ်တွင် ကြီးရွှေနှင့် မဲရွှေဆိုသော ကောင်ကလေးနှစ်ယောက်တွေ့ရပါသည်။ သူတို့က မစိန်အိမ်ကို အရင် ရောက်နေပါသည်။ နောက်များမကြာမီ ဦးသာအေးကျင် ရောက်လာပါသည်။ ကျွန်တော် ပြန်လာတော့ ဦးသာအေးကျင်သည် မစိန်အိမ်မှာနေရစ်ခဲ့ပါသည်။ မစိန်အိမ်သွားစဉ်အခါက ကျွန်တော့်မှာ ဆေးတံတစ်ချောင်း ပါပါသေးသည်။ (၇) နာရီခွဲလောက်တွင် ကျွန်တော် လက်ရေးကျင့်ပါသည်။ (၈) နာရီအထိုးတွင် ကျွန်တော် ဆွမ်းချက်ပါသည်။ ကျွန်တော် ဆွမ်းချက်နေစဉ် မောင်ညွှန့်က အနားက ကူညီ လုပ်ကိုင်ပေးနေပါသည်။ ကျွန်တော် ဆွမ်းချက်နေတုန်း ဦးသာအေးကျင်လည်း ကျောင်းကိုရောက်လာပါသည်။ ဦးသာအေးကျင်က ဘုန်းကြီးနှင့်သွား၍ စကားပြောပါသည်။ ဦးသာအေးကျင်၊ နောက်ကျွန်တော့်ဆီလာပြီး ကျွန်တော်နှင့် စကားပြောနေပါသည်။ ကျွန်တော် ဘုန်းကြီးဆွမ်းကပ်ပြီးမှ ဦးသာအေးကျင် ပြန်သွားပါသည်။ သူပြန်သွားတော့ (၁၁)နာရီ ထိုးပြီးပါပြီ၊ ဦးသာအေးကျင် ပြန်သွားသည့် အချိန်ထိ ကျွန်တော် ကျောင်းမှာပဲရှိနေပါသည်။ (၁၂) နာရီလောက်မှာ ကျွန်တော် အိပ်နေပါသည်။ အိပ်ပျော်နေစဉ် မနီတစ်ယောက်လဲနေတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အား လာနှိုးပြီးပြောပါသည်။ ထိုအခါကျမှ မနီ၏အကြောင်းကို ကျွန်တော် ကြားရပါသည်။ ကျွန်တော်သည် မနီ၏အလောင်းကိုသွားကြည့်ပါသည်။ ထိုအခါ လူအများကြီးရှိပါသည်။ ကျွန်တော်အလောင်းကို သစ်ရွက်တွေဖြတ်ပြီး ဖုံးပေးလိုက်ပါသည်။ ထိုနေ့ ညနေတွင် ကျွန်တော့်အား သူကြီးကဖမ်းပါသည်။ ကျွန်တော့်ကို ဖမ်းပြီး မစိန်အိမ်မှာပဲထားပါသည်။ နောက်သူကြီးက မဲရွှေနှင့် ကြီးရွှေတို့ကို ကျွန်တော့်ရှေ့မှာပဲ ခေါ်စစ်ပြီး မင်းတို့ ဒီလို ... ဒီလိုထွက်ဟု ကျွန်တော့် ရှေ့မှာပဲပြောပါသည်။ ဒီလို မထွက်ရင် မင်းတို့ကို ရိုက်မယ်ဟုပြောပါသည်။ နောက်နေ့တွင် ကျွန်တော့်ကို တနင်္သာရီသို့ ပို့လိုက်ပါသည်။ လမ်းမှာ တစ်ညအိပ်ရပါသည်။ တနင်္သာရီသို့ မနက် ၉ နာရီခွဲလောက်မှရောက်ပါသည်။ တနင်္သာရီရဲဌာနတွင် အရာရှိများက

ကျွန်တော့်အား ဖြောင့်ချက်ပေးရန် ပြောရာ ကျွန်တော်က ငြင်းဆန်သည့်အတွက် ကျွန်တော့်မျက်နှာကို အဝတ်နှင့်အုပ်ပြီး ရေလောင်းပါသည်။ ခြေသလုံးကိုလည်း တုတ်တိုတစ်ချောင်းနှင့် ကြိတ်ပါသည်။

ထို့နောက် ကျွန်တော့်ကို ရုံးသို့ခေါ်သွားပါသည်။ နောက်နေ့ နံနက်တွင် တရားသူကြီးဆီသို့ ကျွန်တော့်အား ဖြောင့်ချက်ပေးရန် ခေါ်သွားပါသည်။ ပထမနေ့က ရုံးကို နှစ်ခါခေါ်ခြင်းဖြစ်ပါသည်။ နှစ်ခါစလုံး ကျွန်တော်က ဖြောင့်ချက်မပေးလိုဟု ပြောသည့်အတွက် တရားသူကြီးက ဖြောင့်ချက်ကို ရေးမှတ်မယူပါ။ နောက်နေ့တွင်တော့ ဖြောင့်ချက်ကို ပေးလိုက်ပါသည်။ ဖြောင့်ချက်ပေးရခြင်းမှာ ရဲများက ကျွန်တော့်ကို စောစောက ရိုက်ထားသည့်အတွက် နောက်ထပ် အရိုက်ခံရမှာ ကြောက်ပြီး ပေးရခြင်းဖြစ်ပါသည်။ ထိုနေ့က ဖြောင့်ချက်ပေးပြီးနောက် ဂါတ်မှာ ပြန်အိပ်ရပါသည်။ နောက်နေ့ နံနက် (၈) နာရီတွင် မော်တော်ဘုတ်နှင့် မြိတ်မြို့သို့လာခဲ့ပါသည်။ နေ့လယ် ၁၂ နာရီလောက် မြိတ်မြို့သို့ရောက်လာပါသည်။ မြိတ်မြို့တွင် မြို့မ ရဲဌာနတွင် ကျွန်တော့်ကို ချုပ်ထားပါသည်။ မြိတ်ရဲဌာနတွင် ၈ ရက်၊ ၉ ရက်လောက်နေသည်ဟု ထင်ပါသည်။ နောက်မှ ကျွန်တော့်ကို ထောင်သို့ပို့လိုက်ပါသည်။ မနီနှင့် ကျွန်တော် ချစ်ကြိုက်နေကြသည်ဆိုတာ မဟုတ်ပါ။ မနီကို ကျွန်တော် သတ်တယ်ဆိုတာ မဟုတ်ပါ။

အစိုးရရှေ့နေ ပြန်လှန်မေး

ကျွန်တော် မစိန်အိမ်သို့ အမြဲသွားနေပါသည်။ ကျွန်တော့်မှာ သားမယားမရှိပါ။ မစိန်အိမ်မှ မနီနေတာ သုံးနှစ်လောက်ရှိပြီဟု ထင်ရပါသည်။ မနီမှာ လင်ယောကျ်ားမရှိပါ။ အပျိုပဲဖြစ်ပါသည်။ မနီမှာလည်း ရည်းစားမရှိပါ။ ကျွန်တော် မဲရွှေ၊ ကြီးရွှေတို့နှင့် စကား မပြောလိုက်ရပါ။ လွန်ခဲ့သောတစ်နှစ်လောက်က သူကြီး၏သား ဘုန်းကြီးကျောင်းမှာ လာထားတာ၊ ကျောင်းပြေးလို့ ကျွန်တော်လိုက် ရိုက်ဖူးပါသည်။ မဲရွှေနှင့် ကြီးရွှေတို့ကိုလည်း ကျောင်းပြေး၍ ကျွန်တော် လိုက်ရိုက်ဖူးသည့်အတွက် ၎င်းတို့က ကျွန်တော့်အပေါ် ရန်ငြိုးထားပါသည်။

တရားသူကြီးဆီ ခေါ်သွားတော့ ကျွန်တော်က တရားသူကြီးအား

ရဲအရာရှိများက ရိုက်သည့်အကြောင်း ပြောဆိုပြပါသည်။ သို့အတွက် ကျွန်တော်၏ ဖြောင့်ချက်ကို တရားသူကြီးက ပထမအကြိမ်တွက် မယူခြင်း ဖြစ်ပါသည်။ သူကြီးက ကြီးရွှေနှင့် မဲရွှေတို့ကို ဒီလိုထွက်ရမည်ဟု သင်ပေးစဉ်အခါက မစိန်အိမ်တွင် ကာကွယ်ရေး သမားများရှိကြပါသည်။ ၎င်းတို့မှာ ဦးပုတု၊ မောင်ထွန်း၊ ကြူးခင်တို့ ရှိကြပါသည်။ ရဲကရိုက်လို့ ခြေသလုံးတွင် တုတ်နှင့်လိုမ့်သော ဒဏ်ရာရပါသည်။ ထိုဒဏ်ရာကို ကျွန်တော်တရားသူကြီးအား ပြသော်လည်း တရားသူကြီးက ဘာမျှ မပြောပါ။

လွန်းဖေ အစစ်ခံချက်တွင် ပေါ်လွင်သည်မှာ မနီကို သူမသတ်ရကြောင်း၊ ဖြောင့်ချက်ပေးရသည်မှာ ရဲကနှိပ်စက် ညှဉ်းပန်းသောကြောင့်ပေးရသည်ဆို၍ ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်းပင်ဖြစ်သည်။ လွန်းဖေ ဖြောင့်ချက် ပြန်လည် ရုပ်သိမ်းလိုသည့် ထွက်ဆိုချက်ပေါ်တွင် တရားသူကြီး၏ ရှုမြင်သုံးသပ်ချက်သည်၊ တရားသူကြီး၏ စီရင်ချက်၌ ပေါ်လွင်ရမည်ဖြစ်ပေသည်။

မစိန် (ခံပြ ၂) ၏ ထွက်ဆိုချက်မှာ ထိုနေ့က သမီးမပြတင်နေမကောင်း၍ လွန်းဖေ သတင်းမေးရောက်လာပါသည်။ ခဏနေပြီး ပြန်သွားသည်။ နောက်ပြန်ရောက်လာသည်။ လွန်းဖေလာစဉ်က ဆေးတံသောက်လာသည်ကို မြင်သည်။ သူ့ထံ၌ ဓားမြှောင်မတွေ့ပါဟု ထွက်ဆိုသည်။ ဦးသာအေးကျင် (ခံပြ ၄) ၏ ထွက်ဆိုချက်၌ နံနက် ၈ နာရီခန့် ဘုန်းကြီးကျောင်းရောက်သွားသည်။ ဘုန်းကြီးကျောင်းတွင် လွန်းဖေ ထမင်းချက်နေရာမှ ကပ္ပ (ရဲတင်း) အသွားပုံနေသည်ကို ပြင်ခိုင်း၍ ဘုန်းကြီးကျောင်းတွင် ခဏနေပြီး ကပ္ပ (ရဲတင်း) ယူ၍ ပြန်လာသည်။ ဘုန်းကြီးကျောင်းတွင် ထမင်းမစားကြောင်းထွက် ဆိုသည်။

တရားလို တရားခံသက်သေများ စစ်ဆေးပြီးနောက် နှစ်ဖက်ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာလေသည်။ ထို့နောက် ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပထမ အထူးတရားသူကြီးက ဤသို့စီရင်ချက် ချမှတ်လေသည်။

စီရင်ချက် –

ဤအမှုတွင် တနင်္သာရီရဲဌာနမှ တရားခံမောင်လွန်းဖေအား ကော့မပျင်းရွာ အနီးအနားတွင် မနီကို ဓားမြှောင်နှင့်ထိုးသတ်သည်ဟု ဆိုကာ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ၊ တရားစွဲဆိုတင်ပို့ခဲ့လေသည်။ အခင်းဖြစ်သည့် ၃၀–၃–၅၉ နံနက် စောစောအချိန်တွင် ကော့မပျင်း ရွာရှိ သေသူမနီ၏ မွေးစား မိဘများဖြစ်ကြသော ဦးဘမော် (လိုပြ ၁)နှင့် မစိန် (ခံပြ ၃) တို့၏အိမ်သို့ မစိန်၏အဖေတူ အမေကွဲ မောင်နှမတော်သူ တရားခံ လွန်းဖေ လာရောက်လည်ပတ်လေသည်။ ထိုအခါက လွန်းဖေနှင့်အတူ ဘုန်းကြီးကျောင်းတွင် စာသင်နေသော မဲရွှေ (လိုပြ ၅)နှင့် ကြီးရွှေ (လိုပြ ၆) တို့လည်း ရောက်ရှိလာကြသည်။ ထို့နောက် များမကြာမီ မစိန်၏ မွေးစားသမီး မနီသည် လက်ဆွဲခြင်းတစ်ခုကိုကိုင်၍ ဟင်းရွက်ခူးရန် အိမ်မှ ထွက်သွားလေသည်။ လွန်းဖေလည်း ထိုအိမ်မှပြန်ခဲ့လေသည်။ ထိုနေ့ နံနက်၁၁–၀၀ နာရီ အချိန်ခန့်တွင် ငှက်ပစ်ရန် ထွက်လာခဲ့သော ဘုန်းကြီး ကျောင်းသား မောင်ဘိုးကြည် (လိုပြ ၄)သည် ကျောင်းနှင့် မနီးမဝေး ကိုင်းတောဘက်သို့ ထွက်လာရာတွင် ငရုတ်ခင်းအနီး၌ မနီကို ဓားဒဏ်ရာနှင့် လဲလျက်နေသည်ကို တွေ့ရလေသည်။

ထိုသို့တွေ့ရကြောင်းကို မောင်ဘိုးကြည်က မနီ၏မိဘများကို အကြောင်းကြားပြီးသည့်နောက် လူအများပင် သွားရောက်ကြည့်ကြရာ မနီကို လည်ပင်းတွင် ဓားဒဏ်ရာနှင့် သေဆုံးနေသည်ကိုတွေ့ရလေသည်။ သူကြီးဦးမဲ (လိုပြ ၇) က သတင်းအရ ကြီးရွှေနှင့် မဲရွှေတို့အား ခေါ်ယူမေးမြန်းရာ လွန်းဖေကို နံနက် ၈ နာရီအချိန်ခန့်က မနီနှင့်အတူ ငရုတ်ခင်းနား တစ်ဝိုက်တွင်တွေ့လိုက်ရကြောင်း၊ ထိုနေ့က လွန်းဖေ၏ထံတွင် ဓားမြှောင်တစ်ချောင်းလည်း တွေ့ရကြောင်း၊ အစရှိသည်ဖြင့် ပေါ်ပေါက်လာသည့်အတွက် သူကြီးက လွန်းဖေအား ဖမ်းဆီးပြီးလျှင် တနင်္သာရီ ရဲဌာနသို့ ပို့လိုက်လေသည်။ မနီ၏အလောင်းကိုမူ ခြိတ်ဆေးရုံသို့ ပို့လိုက်ကြလေသည်။ တနင်္သာရီ ရဲဌာနတွင် မနီ၏ မွေးစား ဖခင် ဦးဘမော်က (က) အမှတ်ပြတိုင်ချက်ကို ရေးဖွင့်လိုက်လေသည်။ မနီ အလောင်းကို ခြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆရာဝန် ဒေါက်တာ အိ(ဒ်) (လိုပြ – ႀ) က ကြည့်ရှုစစ်ဆေးရာတွင် လည်ပင်း၌

အလျား ၅ လက်မ၊ အနံ ၂ လက်မရှိ၍ ကြွက်သားပေါက်သွားသော ဒဏ်ရာတစ်ခုတွေ့ရလေသည်။ ဆရာဝန်၏ အယူအဆအရ ဓားကဲ့သို့ ထက်မြက်သော အရာဝတ္ထုတစ်ခုဖြင့် ထိုဒဏ်ရာကို ရစေရာ၌ အတော်အတန် အင်အားကို အသုံးပြုမှုရနိုင်မည်ဟု ပေါ်ပေါက်ခဲ့စေသည်။ ထို့ပြင် ဒဏ်ရာသည် မုချသေစေလောက်သော ဒဏ်ရာဖြစ်ကြောင်း ဆရာဝန် ယူဆလေသည်။ သို့ဖြစ်သည့်အတွက် မနီအား ထိုကဲ့သို့သော ဒဏ်ရာဖြင့် သေစေအောင်ပြုမူသူသည် သေစေရန် အကြံအစည်ဖြင့်ပြုမူကြောင်း ယုံမှားဖွယ်မရှိပေ။

တရားခံ လွန်းဖေအား တနင်္သာရီရဲဌာနသို့ ပို့ပြီးသည့်နောက် ၂–၉–၅၉ နေ့တွင် ၎င်းက တနင်္သာရီမြို့ ရာဇဝတ်တရားသူကြီး (လိုပြ–သက်သေ အမှတ် ၂ ဦးဝွမ်ရွှေ) ၏ ရှေ့မှောက်တွင် ဖြောင့် ချက်တစ်ခုပေးလိုက်လေသည်။ အဆိုပါ ဖြောင့်ချက် (သက်သေခံ အမှတ်ခ) တွင် လွန်းဖေက မိမိနှင့်မနီသည်၊ သမီးရည်းစားဖြစ်ကြောင်း။

ထို့နောက် မနီက ကွန်မြူနစ် စံခင်နှင့်ဆိုသူနှင့် ရည်းစားထားကြောင်း ....

ထိုကိစ္စနှင့် စပ်လျဉ်း၍ မိမိက မနီနှင့် အချင်းဖြစ်သည့်နေ့က ဘုန်းကြီးကျောင်းနားတွင်တွေ့၍ အကျိုးအကြောင်းမေးမြန်းရာ မနီက မိမိအား မချစ်တော့ပြီဟုပြောကြောင်း။ ထို့အတွက် မိမိက မနီအား ဓားမြှောင်ဖြင့် လည်မျိုသို့ ထိုးလိုက်ကြောင်း အစရှိသဖြင့် ထုတ်ဖော် ပြောဆိုခဲ့လေသည်။

ဤအမှုတွင် တရားခံလွန်းဖေ၏ ဖြောင့်ချက်တွင် မနီအား မိမိက သတ်ကြောင်း ဝန်ခံထားသည့်အချက်အပြင် အချင်းဖြစ်သည့် နေ့နံနက် ဘုန်းကြီးကျောင်းတစ်ဝိုက်တွင် လွန်းဖေနှင့်မနီတို့ကို မဲရွှေနှင့် ကြီးရွှေတို့က မြင်လိုက်ရကြောင်းဟူသော သက်သေခံချက်လည်း ရှိပေသေးသည်။ ထိုသို့သော အစစ်ခံချက်မှတစ်ပါး အခြားသက်သေခံချက်များ မရှိပေ။ သို့ဖြစ်သည့်အတွက် တရားခံလွန်းဖေအား ၎င်း၏ဖြောင့်ချက်ကို အထူးသဖြင့် မူတည်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ အရ စွဲချက်တင်ခဲ့ပေသည်။ လွန်းဖေက စွဲချက်နှင့် စပ်လျဉ်း၍ အပြစ်မရှိပါဟု ထုချေပြီးနောက် ဖြောင့်ချက်ပေးရာ၌ ရဲဌာနတွင် ရဲအရာရှိများက မျက်နှာကို အဝတ်နှင့်အုပ်ပြီး ရေနှင့်လောင်းသောကြောင့်လည်းကောင်း၊ ခြေသလုံးကို တုတ်တစ်ချောင်းနှင့်

လိုမ့်သော ကြောင့်လည်းကောင်း၊ ဖြောင့်ချက်ပေးရခြင်းဖြစ်ပါသည်ဟု ဖြောင့်ချက်ကို ရုပ်သိမ်းသော သက်သေခံချက်ပေးခဲ့လေသည်။ အဆိုပါ သက်သေခံချက်တွင် လွန်းဖေကိုယ်တိုင်ထွက်ဆိုသော စကားရပ်များမှ တစ်ပါး အခြားထောက်ခံသော သက်သေခံချက်မရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ ရုပ်သိမ်းလိုက်ပြီးဖြစ်သော ဖြောင့်ချက်အပေါ်တွင် မူတည်၍ အပြစ်ပေးရန် စဉ်းစားရာ၌ တရားဥပဒေသဘောတွင် အပြစ်မပေးရဟု မဆိုသော်လည်း တရားခံအား အပြစ်ပေးနိုင်ရေးအတွက် ထိုဖြောင့် ချက်ကို တစ်နည်းတစ်ဖုံ ထောက်ခံသော သက်သေခံချက်ရှိမှသာလျှင် အပြစ်ပေးရန် စဉ်းစားရာသည်ဟု ဆင်ခြင်သင့်ကြောင်း ထုံးဖွဲ့ထားသည့် စီရင်ထုံးများရှိပေသည်။ (လှမောင်၏စီရင်ထုံး ၁ ကို ကြည့်) သို့ဖြစ်သည့်အတွက် ဤအမှုတွင် လွန်းဖေ၏ ဖြောင့်ချက်ပါ စကားရပ်ကို တစ်နည်းတစ်ဖုံ ထောက်ခံသော သက်သေခံချက် ရှိ မရှိ စိစစ်ရာ၌ အချင်းဖြစ်သော နံနက်ပိုင်းတွင် အစရှိသည်ဖြင့် ထွက်ဆိုသော မဲရွှေနှင့် ကြီးရွှေတို့၏ အစစ်ခံချက်များကို တွေ့ရလေသည်။

လွန်းဖေအား သေသူ မနီနှင့်အတူ ဘုန်းကြီးကျောင်းနား တစ်ပိုက်တွင် တွေ့ရှိလိုက်ရကြောင်း၊ ထိုအခါက လွန်းဖေတွင် ဓားမြှောင်ပါကြောင်း၊ ထိုနေ့က ဒီထက် စောစောပိုင်းတွင် လွန်းဖေအား မစိန်၏အိမ်တွင် ဓားမြှောင်တစ်ခု လက်ဝယ်ထားရှိလျက် တွေ့ရကြောင်း၊ ထို့ပြင် လွန်းဖေက မနီ၏ လည်မျိုကို ဓားမြှောင်နှင့် ထိုးကြောင်း ထုတ်ဖော်ပြောဆိုရာ၌ ဆရာဝန်၏ ထွက်ချက်အရ မနီရရှိသော ဒဏ်ရာအနေအထားနှင့်လည်း ကိုက်ညီသည်ကို တွေ့ရပေသည်။ ဤအချက်များသည်ပင်လျှင် လွန်းဖေပါ တစ်နည်းတစ်ဖုံအားဖြင့် ပြင်ပသက်သေခံချက်များက ထောက်ခံရာရောက်သည်ဟု ကျွန်ုပ် ယူဆလိုပေသည်။

လွန်းဖေက တင်ပြခဲ့သော တရားခံပြ သက်သေခံချက်များတွင် မိမိသည် အချင်းဖြစ်ပွားသည့်အချိန်က ဘုန်းကြီးကျောင်း၌ပင်လျှင် ဆွမ်းချက်၍နေကြောင်း ပြောဆိုသော်လည်း မနီအား ဓားမြှောင်နှင့် ထိုးသတ်ရသည့်ကိစ္စမှာ များစွာ အချိန်ယူ၍ပြုလုပ်ရသော ကိစ္စမဟုတ်သည့်အတွက် ဘုန်းကြီးကျောင်းမှ ခဏတာလေးမျှ ထွက်ခွာလာခဲ့ပြီး၊ ပြုလုပ်လျှင်လည်း ရနိုင်သည်ဖြစ်သောကြောင့် စင်စစ်အားဖြင့် လွန်းဖေသည် ထိုနေ့ နံနက်ပိုင်း

က ဘုန်းကြီးကျောင်းတွင် အမြဲတစေရှိနေပါသည်ဟုသော သက်သေခံချက် မရှိသမျှ ကာလပတ်လုံး ယခုအမှုတွင် တင်ပြခဲ့သော သက်သေခံချက်ကို လက်ခံယုံကြည်ရန် အကြောင်းမရှိချေ။

ဖော်ပြပါ အကြောင်းများကြောင့် လွန်းဖေက မိမိအား ရဲက နှိပ်စက်ညှဉ်းပန်းသောကြောင့် တရားသူကြီးထံသို့ ပထမနေ့ ခေါ်ဆောင်သွားခဲ့သော်လည်း မိမိက ဖြောင့်ချက်ပေးခြင်းမရှိခဲ့ကြောင်း၊ အစရှိသဖြင့် ထွက်ဆိုရာ၌ ထိုအချက်နှင့်စပ်လျဉ်း၍ ဖြောင့်ချက်ယူသူ တရားသူကြီးအား မည်သို့မျှ ပြန်လှန်မေးခွန်းထုတ်ခြင်းမရှိခဲ့သည်ကိုထောက်၍ လွန်းဖေ၏ ထွက်ဆိုချက်မှာ မိမိလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ဆိုခြင်း ဖြစ်သည်ဟု ယူဆရန်မှတစ်ပါး အခြားအကြောင်းမရှိသည်ကို တွေ့ရလေသည်။ လွန်းဖေက ကျမ်းကျိန် အစစ်ခံရာ၌ ဖြောင့်ချက်ပေးရန် စကားရပ်များကို မိမိအား ရဲအရာရှိများက သွန်သင်ပေးသည်ဟု စွပ်စွဲခဲ့ခြင်းမရှိပေ။ ထိုအချက်နှင့် စပ်လျဉ်း၍ လွန်းဖေ၏ ပညာရှိအမိန့်တော်ရ မင်းက ဖြောင့်ချက်ပါ စကားရပ်များသည် အတော်အတန် စုံစုံလင်လင်ပါရှိသည့်အတွက် ထိုဖြောင့်ချက်ပါ စကားရပ်များကို တမင်ထည့်သွင်း၍ ပြောခြင်းမဟုတ်ဘဲ၊ အမှန်အဖြစ်အပျက်ကို ပြောခြင်းဖြစ်သည်ဟု ယူဆရန် မသင့်ကြောင်း၊ အစရှိသည်ဖြင့် လျှောက်လဲ၍ မူတူးဆာမိနှင့် မဒရပ်ပြည်နယ် (၂)တို့၏အမှုတွင် အိန္ဒိယပြည် တရားလွှတ်တော်ချုပ်က ထုံးဖွဲ့ထားခဲ့သည့် အောက်ဖော်ပြပါစီရင်ထုံးကို ကိုးကားလေသည်။

"A confession should not be accepted merely because it contains a wealth of detail which could not have been invented. Unless the main feature of the story are shown to be true, it is unsasfe to regard mere wealth of uncorroborated detail as a safeguard of truth."

ထိုစီရင်ထုံးပါ စကားရပ်များကို လက်ခံရပေမည်။ ဤအမှုတွင် ကျွန်ုပ်ယူဆလိုသည်မှာ တရားခံ၏ ဖြောင့်ချက်သည် အဖြစ်အပျက် ပြည့်ပြည့်စုံစုံ ဖော်ပြသည့်အတွက် မှန်သည်ဟု ယူဆခြင်း မဟုတ်ဘဲ၊ ထိုဖြောင့်ချက်ပါ စကားရပ်များကို ထောက်ခံသော ပြင်ပ သက်သေခံများနှင့် ကိုက်ညီသည့်

အတွက် မှန်သည်ဟူ၍သာ ကောက်ယူလိုခြင်းဖြစ်သောကြောင့် စင်စစ် တရားခံရှေ့နေတင်ပြသော စီရင်ထုံးနှင့်ကား များစွာသက်ဆိုင်လှသည် မဟုတ်ချေ။

ဤအမှု၌ ဖြောင့်ချက်ယူသော တရားသူကြီးကို ရုံးတွင် စစ်ဆေးခဲ့ ပေရာ ဖြောင့်ချက်မပေးမီ အရင်ရက်များက တရားသူကြီးထံသို့ လွန်းဖေအား ဖြောင့်ချက် မပေးလိုသည့်အတွက် ရဲဌာနသို့ပြန်ခေါ်သွားရကြောင်း၊ အစရှိ သော တရားခံ၏ ထုချေချက်များနှင့် စပ်လျဉ်း၍ မည်သို့မျှ ပြန်လှန်မေးခွန်း မေးမြန်းခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ တရားခံက မိမိ၏ ဖြောင့်ချက်အား ရုပ်သိမ်း ရန်အတွက် ထွက်ဆိုသော အစစ်ခံချက်များသည် စင်စစ်အားဖြင့် မိမိလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ဆိုသော အစစ်ခံချက်များဖြစ်သည်ဟုသာလျှင် ယူဆရန်ရှိလေသည်။

ဖော်ပြပါအကြောင်းခြင်းရာအားလုံးကို ခြုံ၍စဉ်းစားလျှင် တရားခံ လွန်းဖေသည် မိမိဖြောင့်ဆိုထားသည့်အတိုင်း၊ မနီအား ဓားမြှောင်ဖြင့် ထိုးသတ်သည်ဟူသောအချက်ဖြင့် စပ်လျဉ်း၍ သက်သေခံထင်ရှားသည်ဟု ကျွန်ုပ်ကောက်ယူလိုပေသည်။

ဖော်ပြပါ အကြောင်းများကြောင့် တရားခံလွန်းဖေအား ကျွန်ုပ် စွပ်စွဲချက်တင်ခဲ့သည့်အတိုင်းပင် ရာဇသတ်ကြီးပုဒ်မ ၃၀၂အရ၊ ပြစ်မှုကျူး လွန်ခဲ့သည်ဟူ၍ ကောက်ယူဆုံးဖြတ်သည်။ တရားခံသည် ပြစ်မှုကျူးလွန် သည့် အချိန်အတွင်း အသက် ၁၉ နှစ်အောက်ဖြစ်သော်လည်း ယခုအချိန်တွင် ၁၉ နှစ်ကျော်လွန်ပြီ။

အခုအချိန်တွင် ၁၉ နှစ်ကျော်လွန်ပြီးဖြစ်၍ အသက် ၂၀ နှစ်အတွင်း သို့ရောက်နေပေပြီ။ တရားခံ၏အသက်ကို ဆရာဝန်နှင့် စစ်ဆေးပြီးနောက် ကျွန်ုပ်၏အရင်ကဆောင်ရွက်သော တရားသူကြီးက တရားခံ၏ မွေးသက္ကရာဇ် ကို ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ ၂၆-၁၀-၅၉ နေ့စွဲပါ အမှုနေ့စဉ် မှတ်တမ်းအရ၊ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ တရားခံသည် အသက် (၁၉)နှစ် ပြည့်မြောက်ပြီး ငယ်ရွယ်သူ တစ်ယောက်ပင် ဖြစ်သော်လည်း၊ ၎င်းကျူးလွန် သော ပြစ်မှုမှာ လွန်စွာ အရေးကြီးလှသော ပြစ်မှုဖြစ်ပေသည်။ ၎င်းကျူးလွန် သည့် ပြစ်မှုတွင် သေဒဏ်မှ တစ်ပါး အခြား အပြစ်ဒဏ် စီရင်နိုင်ခြင်းမရှိသည့်

အတွက် သေဒဏ်ကိုသာစီရင်ရပေသည်။ သို့ဖြစ်သည့်အတွက် တရားခံလွန်းဖေအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ အရ၊ ပြစ်မှုကျူးလွန်သောကြောင့် သေဒဏ်ထိုက်သင့်စေရန် အမိန့်ချမှတ်လိုက်သည်။

ပုံ စောလွင်
၁၅–၁၂–၆၀
ပထမအထူးတရားသူကြီး
မြိတ်မြို့
၁၅–၁၂–၆၀

မူလရုံး၏ စီရင်ဆုံးဖြတ်မှုသည် ဤတွင် တစ်ခန်းရပ်ခဲ့ပေပြီ၊ အထူးတရားသူကြီး၏ စီရင်ချက်တွင် ဖြောင့်ချက်ပေါ်တွင် ဖြတ်ထုံးများဖြင့် ကိုးကားဖော်ပြထားသည်ကို ကြည့်ခြင်းအားဖြင့် တရားခံအတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးသည် မူလတရားရုံး၌ စစ်ဆေးစဉ်က မေးမြန်းသင့်သည့် မေးခွန်းများကျန်ရှိခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ဤချို့ယွင်းချက်ဖြစ်ရသည်မှာ တရားခံကိုယ်တိုင်က မိမိ၏ရှေ့နေအား ထိုအကြောင်းကို ပြောမပြ၍သော်လည်းကောင်း၊ သို့မဟုတ် ပြောပြလျက်နှင့် ရှေ့နေက ပြန်လှန်မေးခွန်း မထုတ်မိခြင်းကားဆိုသည်မှာ ကာယကံရှင်သို့သာ အသိဆုံးဖြစ်ရပေမည်။

အမှုကိုအောက်ခြေမှစ၍ ပြင်ဆင်မှုကောင်းမှသာလျှင် အယူခံ၌ မျှော်လင့်ချက်ရှိသည်မှာ ဝါရင့်ဥပဒေပညာရှင်ကြီးများ အသိဆုံးဖြစ်ပေသည်။

လွန်းဖေသည် ၎င်းအားမူလ အထူးတရားသူကြီးရုံးမှ သေဒဏ်အမိန့်ချမှတ်သည်ကို မကျေနပ်၍ ရန်ကုန်မြို့ တရားလွှတ်တော်သို့ မြိတ်မြို့အကျဉ်းထောင်ပိုင်မှတစ်ဆင့် သွင်းလေသည်။ ၎င်း၏ အယူခံလွှာနှင့် ၎င်းလက်တွင်း၌ ဓားမြှောင်တွေ့သည်ဟု အစစ်ခံခြင်းမှာ ရဲနှင့် ကာကွယ်ရေးတို့က ခြိမ်းခြောက်ခိုင်းစေသောကြောင့် ပြောကြခြင်းဖြစ်ပါသည်။ သူကြီး ဦးစံဓားမြှောင်မြင်သည်ဟု ထွက်ဆိုသော မဲရွှေနှင့်ကြီးရွှေတို့သည်၎င်း၊ ထိုမုန်းတီးကြသောကြောင့် ပြောဆိုခြင်းဖြစ်သည်။ ဆရာဝန် ထွက်ချက်တွင် သေသူ

ရရှိသောဒဏ်ရာမှာ အရှည် ငါးလက်မ၊ အနံ ၂ လက်မဟု ဆိုထားသည်။ ဓားမြှောင်ထုဏ် မျက်နှာမှာ ၂ လက်မထက်မကြီးနိုင်ပါ။ ငါးလက်မရှည်ခြင်းမှာ ခုတ်သောဒဏ်ရာဖြစ်နိုင်ပါသည်။ သံသယဖြစ်ဖွယ်ရာ အကြောင်းများကို ထောက်ထား၍ သေဒဏ်မှ ချမ်းသာစေရန် အယူခံလွှာ၌ ဖော်ပြထားပေသည်။

တရားလွှတ်တော်တရားဝန်ကြီး ဦးစံမောင်နှင့် ဦးသောင်းစိန် ပါဝင်သည့် အယူခံခုံရုံးမှာ တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော လွှတ်တော်ရှေ့နေကြီး ဦးချောင်ဖို၊ အစိုးရရှေ့နေကြီး မစ္စတာဂန်ဂူလီတို့၏ လျှောက်လဲချက်တို့ကို ကြားနာပြီး ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက်နေ့တွင် ရာဇယူခံမှု အမှတ်၁၁၊ ၆၁ နှင့် စေမှုဒကအမှု အမှတ် ၂၊၆၁ တို့ကို တစ်ပေါင်းတည်း အမိန့်ချမှတ်သည်။


မူလတရားရုံးမှ သေဒဏ်ပေးခဲ့သော လွှန်းဖေအား မူလရုံး၏ အမိန့်ကို ပယ်ဖျက်၍ ပုဒ်မ ၃၀၄ အရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်တစ်ကျွန်းသို့ ကျခံစေရန် အမိန့်ချမှတ်လိုက်လေသည်။

ရာဇသတ်ကြီးပုဒ်မ ၃၀၄ မှာ

> မည်သူမဆို လူသတ်မှု မမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကိုကျူးလွန်လျှင်၊ ထိုမှုကိုတစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးကိုဖြစ်စေ၊ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ရာဇသတ်ကြီးပုဒ်မ ၃၀၄ ၏ အင်္ဂါရပ်များကို သိရှိခြင်းဖြင့် တရားလွှတ်တော် အယူခံခုံရုံးမှ လွှန်းဖေအမှုပေါ်တွင် မည်သို့တွေ့မြင် သည်ဆိုခြင်းမှာ ထင်ရှားသည်။ ဤအမှုကို ဖတ်ရှုခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးမှာ ဖြောင့်ချက်သည် မည်မျှအရေးကြီးသည်ဆိုသော အချက်ပင်ဖြစ်သည်။

■




သတင်းထောက်ဝင်းမြင့်ကြီး

မြန်မာပြည်မှုခင်းများ(၁)

# တရားခွင်မှ ကြိုးမိန့်များ

wmk0001
2300.00 Ks